# မြန်မာနိုင်ငံအတွင်း သဘောကွဲလွဲမှုဖြစ်ပွားရာဒေသများရှိ တိုင်းရင်းသားပဋိပက္ခများနှင့် အခြေခံလူမှုဝန်ဆောင်မှုများ







ကင်မ်ဂျိုလီဖ်

ဇွန် ၂၀၁၄

The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံအတွင်း သဘောကွဲလွဲမှုဖြစ်ပွားရာဒေသများရှိ တိုင်းရင်းသားပဋိပက္ခများနှင့် အခြေခံလူမှုဝန်ဆောင်မှုများ

ကင်မ်ဂျိုလီဖ်

The Asia Foundation

ဇွန် ၂၀၁၄

**ကင်မ်ဂျိုလီဖ်**သည် မြန်မာနိုင်ငံ၏လုံခြုံရေး၊ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ကိစ္စရပ် များကို အထူးပြုလေ့လာခဲ့သော သုတေသီတစ်ဦးဖြစ်သည်။ ဤသုတေသနလေ့လာမှုတွင် ပါဝင်ကူညီခဲ့ကြ သူအားလုံး၊ အထူးသဖြင့် ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနနှင့် လုပ်ဖော်ကိုင်ဖက်များ၊ မွန်အမျိုးသား ပညာရေးကော်မတီနှင့် မွန်အမျိုးသားပညာရေးဌာနတို့ကို စာရေးသူမှ အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်း တင်လိုပါသည်။

**အာရှဖောင်ဒေးရှင်း**သည် သက်ဝင် လှုပ်ရှားနေသော ဖွံ့ဖြိုးဆဲအာရှဒေသရှိ လူထုဘဝများကို မြှင့်တင်ပေးရန် ရည်ရွယ်သည့် အမြတ်အစွန်းကို ပဓာနမထားသော နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ဖောင်ဒေးရှင်းသည် အာရှတိုက်တွင် ဆယ်စုနှစ်ခြောက်ခုကြာ အလုပ်လုပ်ခဲ့ရာမှရရှိလာသော အတွေ့အကြုံများ နှင့် ဒေသန္တရကျွမ်းကျင်မှုများကို အခြေခံပြီး ဒေသတွင်းနိုင်ငံ ၁၈ နိုင်ငံတွင် ရုံးများ ဖွင့်လှစ်ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ၂၁ ရာစုအတွင်းတွင် အာရှဒေသ၏ အဓိကစိန်ခေါ်မှုများဖြစ်သည့် အုပ်ချုပ်မှုစနစ်နှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီးများ၏ အရေးပါမှု အခန်းကဏ္ဍမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်အရေးနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးစသော အရေးကိစ္စများကို ကိုင်တွယ် ဆောင်ရွက်နေပါသည်။

## စကားချီး

ဗြိတိသျှကိုလိုနီများထံမှ လွတ်လပ်ရေးရပြီးသည့် ၁၉၄၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ရှုပ်ထွေးနက်နဲလှသော တိုင်းရင်းသားပဋိပက္ခများသည် ပုံစံအမျိုးမျိုး၊ ပြင်းအားအမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့သည်။ မြောက်မြားလှစွာသော လက်နက်ကိုင်အုပ်စုငယ်များသည် နယ်စပ်အစွန်အဖျားဒေသများတွင် လှုပ်ရှားနေဆဲဖြစ်ပြီး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နှစ်ဆယ်ကျော်က နိုင်ငံ၏အစွန်အဖျားနှင့် ဝေလံခေါင်ဖျားသော ဒေသများကို ထိန်းချုပ်ထား ကြသည်။ ၂၀၁၁ တွင် အာဏာရရှိလာသော အရပ်သားတစ်ပိုင်းအစိုးရသည် တိုင်းရင်းသားပဋိပက္ခများ အဆုံးသတ်ရေးအတွက် ပြီးပြည့်စုံသော အဖြေတစ်ခုရရှိစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းခဲ့ပြီး လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့နှင့် နှစ်ဦးနှစ်ဘက် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ယခုလတ်တလောဆောင်ရွက်ရမည့် အရေးတကြီးကိစ္စမှာ ၂၀၁၄ ခုနှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ တစ်ပြည်လုံး အပစ်ရပ်ပြီးမှသာ စစ်မှန်သော ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဖြေရှင်းရန် လိုအပ်သော အကြောင်းအရာများအားလုံးပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲများပေါ်ပေါက်နိုင်မည်ဖြစ်သည်။ မည်သည့် ငြိမ်းချမ်းရေးသဘောတူညီချက်မဆို စစ်မှန်ပြီးထာဝရတည်တံ့စေရန်အတွက် အာဏာနှင့် အရင်းအမြစ်များကို မည်သို့မျှဝေသုံးစွဲကြမည်ဟူသော အခြေခံအကျဆုံး ပြဿနာရပ် များကို ဖြေရှင်းနိုင်ရမည်ဖြစ်သည်။ သို့ရာတွင် ပဋိပက္ခ၏ ဆန့်ကျင်ဘက် တစ်ဖက်တချက်တွင်ရှိနေကြသူများ အားလုံးအတွက် အားလုံးလက်ခံနိုင်မည့် အဖြေကိုရှာဖွေခြင်း၊ ညှိနှိုင်းခြင်းနှင့် အပေးအယူလုပ်ခြင်းတို့မှာ အလွန် အမင်းခက်ခဲလွန်းသော ကိစ္စရပ်များဖြစ်နေသည်။ ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများမှာ အရေးအပါဆုံးအဆင့်သို့ ရောက်ရှိနေချိန်ဖြစ်သဖြင့် လက်ရှိအချိန်သည် မြန်မာနိုင်ငံအတွက် အခက်ခဲဆုံးသော စမ်းသပ်ခံကာလတစ်ခုပင်ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ စသည့် အဓိကကျသောအဖွဲ့အစည်းများ အားလုံးပါဝင်နေသည်။ ထို့အပြင် လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာ မည်သို့မျှမဖြစ်နိုင်ခဲ့သော အာဏာနှင့်အရင်းအမြစ်များ မျှဝေရေးကဲ့သို့သော ကိစ္စရပ်များကို ဆွေးနွေးနေကြပြီဖြစ်သဖြင့် ရှေ့ဆက်နိုင်ရန်အတွက် လုံလောက်သော ယုံကြည်မှုတော့ရှိနေသည်ဟု ဆိုနိုင်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံတွင် တိုင်းရင်းသားပဋိပက္ခများကို ဖြေရှင်းနိုင်မည့် ထာဝရတည်တံ့သော အဖြေတစ်ခုရှာဖွေနေကြခြင်းကို အကြီးအကျယ် ထောက်ခံအားပေးလျက်ရှိသည်။ ပဋိပက္ခများ၏ သက်ရောက်မှုခံနေရသောဒေသများတွင် နိုင်ငံတကာဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် ဆောင်ရွက်နေသော စီမံကိန်းများအများအပြားရှိနေပြီးချိန်တွင် နိုင်ငံတော်အင်စတီကျူးရှင်းများ၊ လုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုများသည် ထိုဒေသတွင်းရှိနေပြီးသော ဝန်ဆောင်မှုစနစ်များနှင့် မည်သို့ပေါင်းဆုံသွားသည်ကို လေ့လာဖို့ အရေးကြီးသည်။ သို့မှသာ အပြန်အလှန်ယုံကြည်မှုနှင့် ဒေသတွင်းစွမ်းဆောင်ရည် မြင့်မားရေးတို့ မှတစ်ဆင့် ဒေသတွင်းပြည်သူများ၏လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ နိုင်ငံတွင်းရှိ အချို့အစိတ်အပိုင်းများတွင် ကာလရှည်ကြာ တိုင်းရင်းသားပဋိပက္ခများ ဖြစ်ပွားနေခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလည်း တည်ရှိနေခြင်းကြောင့် နိုင်ငံတော်အစိုးရထံမှမဟုတ်ပဲ သက်ဆိုင်ရာ တိုင်းရင်းသား နိုင်ငံရေးအဖွဲ့များ၊ ဆက်စပ်ကွန်ရက်များ၊ ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများမှ ပေးအပ်နေသော အုပ်ချုပ်ရေးနှင့် လူမှုဝန်ဆောင်မှုများ ကာလကြာမြင့်စွာကတည်းက တည်ရှိခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အလွန်အကဲဆတ်သော ကာလသို့ရောက်ရှိနေချိန်တွင် အထက်ပါအချက်များကို အပြည့်အဝ ထည့်သွင်းစဉ်းစားထားခြင်းမရှိပါက ရည်ရွယ်ချက်ကောင်းဖြင့်ဆောင်ရွက်သော ထောက်ပံ့ရေးအစီအစဉ် တစ်ခုသည် မရည်ရွယ်ပဲ ပဋိပက္ခကို မီးထိုးလှုံ့ဆော်ပေးသလိုဖြစ်သွားနိုင်သည်။

ဤအခြေအနေများအောက်တွင် အာရှဖောင်ဒေးရှင်းသည် သဘောကွဲလွဲမှုဖြစ်ပွားနေသောဒေသများ အတွင်းရှိ လူမှုဝန်ဆောင်မှုများပေးအပ်နေသည့်စနစ်များ မည်ကဲ့သို့အလုပ်လုပ်နေသည်ကို လေ့လာဆန်းစစ်မည့်

သုတေသနတစ်ခုကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။ ရည်ရွယ်ချက်မှာ ပြင်ပထောက်ပံ့ကူညီမှုများသည် သက်ဆိုင်ရာဒေသများအတွင်းရှိ အစိုးရဝန်ဆောင်မှုများနှင့် တိုင်းရင်းသားနိုင်ငံရေးအဖွဲ့များ တည်ထောင်ထားသော ဝန်ဆောင်မှုများအကြား ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရန်နှင့် ငြိမ်းချမ်းရေးတည်မြဲရန်အတွက် မရှိမဖြစ် လိုအပ်သော တရားဝင်ပြီး လူတိုင်းပါဝင်ခွင့်ရှိသည့် ခိုင်မာသောအဖွဲ့အစည်းများဖြစ်ထွန်းလာရေးကို အထောက်အကူပြုနိုင်စေရန်ဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် ထည့်သွင်းဆွေးနွေး အဖြေရှာရမည့် ရှုပ်ထွေးနက်နဲသော အကြောင်းအရာများနှင့်ပတ်သက်ပြီး ဆန်းစစ်လေ့လာသည့် သုတေသနများ အများအပြား ပြုလုပ်ရန် လိုအပ်လျက်ရှိရာ ယခု သုတေသနာစာတမ်းအပါအဝင် ဖောင်ဒေးရှင်းမှ ဆောင်ရွက်ရန်စီစဉ်ထားသည့် သုတေသနများကို ထိုကွက်လပ်ကိုဖြည့်ရန်အတွက် အသုံးဝင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ယခုသုတေသနစာတမ်းကို မြန်မာနိုင်ငံနှင့်ပတ်သက်သည့် လုံခြုံရေး၊ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားရေး ကိစ္စရပ်များကို အထူးပြုလေ့လာခဲ့သူ သုတေသီ ကင်မ်ဂျိုလိဖ်က ရေးသားပြုစုခဲ့ခြင်း ဖြစ်သည်။ သုတေသနအတွက်ရန်ပုံငွေထောက်ပံ့ပေးသောအဖွဲ့အစည်းမှာ ဗြိတိန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဌာန (DFID) ဖြစ်ပါသည်။ ယခုစာတမ်းတွင် ဖော်ပြထားသော အယူအဆများသည် စာရေးသူသုတေသီ၏ အယူအဆများသာ ဖြစ်ပြီး DFID နှင့် အာရှဖောင်ဒေးရှင်းတို့၏ အယူအဆများဖြစ်သည်ဟု မမှတ်ယူနိုင်ကြောင်းကိုလည်း အထူး ဖော်ပြလိုပါသည်။

ဒေါက်တာ ကင်မ်နင်းန်

မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်

အာရှဖောင်ဒေးရှင်း

## မာတိကာ


**အတိုကောက် ဝေါဟာရများ** .... i

**အစီရင်ခံစာ အကျဉ်းချုပ်** .... v

**အပိုင်း ၁။ ။ နိဒါန်း** .... 1

**အပိုင်း ၂။ ။ မြန်မာနိုင်ငံအတွင်းရှိ အခြေခံလူမှုဝန်ဆောင်မှုများ၊ နိုင်ငံရေးနှင့် ပဋိပက္ခ** .... 6

၂.၁ အုပ်ချုပ်ခွင့်အတွက် တိုက်ပွဲဝင်ခြင်း .... 6

၂.၂ အခြေခံလူမှုဝန်ဆောင်မှုများ၏ အခန်းကဏ္ဍ .... 9

၂.၃ ပြည်သူ့ဝန်ဆောင်မှုများနှင့် မြန်မာနိုင်ငံအတွင်းရှိ တရားဝင်မှုဘက်ပြိုင်ဆိုင်ခြင်း .... 9

၂.၄ အမှီအခိုကင်းရေးအတွက် ရုန်းကန်ကြိုးပမ်းမှုများ .... 11

၂.၅ အုပ်ချုပ်ရေးတွင် ပါဝင်နိုင်ရန်အတွက် စေ့စပ်ညှိနှိုင်းခြင်း .... 12

**အပိုင်း ၃။ ။ တိုင်းရင်းသားဒေသများတွင် နယ်နိမိတ်များနှင့် လက်ရှိဝန်ဆောင်မှုများကို လေ့လာခြင်း** .... 14

၃.၁ ရှုပ်ထွေးသော ပထဝီဒေသအခြေအနေများ .... 14

၃.၂ ဒေသခံလူမှုဝန်ဆောင်မှုလုပ်ငန်းများကို ခြုံငုံသုံးသပ်ခြင်း .... 16

ချင်း .... 20

ကချင် .... 20

ကရင် (မြန်မာနိုင်ငံအရှေ့တောင်ပိုင်း) .... 22

ကရင်နီနှင့် ကယန်း .... 25

မွန် .... 26

ရှမ်း .... 27

၄.၁ မြန်မာနိုင်ငံ၏ နိုင်ငံတကာထောက်ပံ့ရေးမြင်ကွင်းသစ် .... 29

၄.၂ ပဋိပက္ခထောက်ပံ့မှုလော၊ ငြိမ်းချမ်းရေးထောက်ပံ့မှုလော .... 32

၄.၃ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည်မှုကို ခြိမ်းခြောက်နေသည့်အကြောင်းများ .... 33

၄.၄ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း- အပစ်အခတ်ရပ်စဲရေးတွင် ယုံကြည်မှု တည်ဆောက်ခြင်း .... 37

၄.၅ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း- အင်စတီကျူးရှင်းအရ ပြောင်းလဲဖြစ်ထွန်းခြင်း .... 39

**အပိုင်း ၅။ ။ လက်တွေ့သင်ခန်းစာများ** .... 41

၅.၁ ဖြစ်ရပ်တစ်- မွန်အမျိုးသားပညာရေး .... 41

နောက်ခံအကြောင်း .... 42

စစ်ကာလနှင့် ငြိမ်းချမ်းရေးကာလအတွင်း.....43
၂၀၁၂ မှ လက်ရှိအချိန်အထိ- အခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုအသစ်များ.....44
သီးခြားလွတ်လပ်သော ပညာရေးစနစ်များဆက်လက်ဆောင်ရွက်နိုင်ရေး.....46
၅.၂ အငြင်းပွားမှုဖြစ်ပွားနေသော ကရင်လူမျိုးများနေထိုင်ရာဒေသတွင်း ကျန်းမာရေးစောင့် ရှောက်မှု.....47
ပေါင်းစပ်ညှိနှိုင်းမှုပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ.....48
ဆက်ဆံရေးများတိုးတက်ကောင်းမွန်စေရေးတွင် ကြုံနေရသည့် စိန်ခေါ်မှုများ.....53
အပိုင်း ၆။ ။ သင်ခန်းစာများနှင့် လက်တွေ့အသုံးချစရာများ.....56
၆.၁ ပြည်တွင်းဝန်ဆောင်မှုအဖွဲ့များ ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ.....56
၆.၂ ထောက်ပံ့ကူညီရေးအဖွဲ့အစည်းများအတွက် လမ်းညွှန်.....61
ကျမ်းကိုးစာရင်း.....67

# အတိုကောက် ဝေါဟာရများ

| | |
|---|---|
| **BGF** | Tatmadaw Border Guard Force Battalion(s) (နယ်စပ်လုံခြုံရေးတပ် (များ)) |
| **BMA** | Burma Medical Association (မြန်မာနိုင်ငံကျန်းမာရေးအသင်း) |
| **BPHWT** | Backpack Health Worker Team (ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအဖွဲ့) |
| **CNF/CAN** | Chin National Front/Chin National Army (ချင်းအမျိုးသားတပ်ဦး/ချင်းအမျိုးသားတပ်မတော်) |
| **EAOs** | Ethnic armed organisations (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ) |
| **HBP** | Health as a Bridge for Peace (ကျန်းမာရေးသည်ငြိမ်းချမ်းရေးအတွက်ပေါင်းကူးတံတား) |
| **HCCG** | Health Core Convergence Group (ကျန်းမာရေးစနစ်များဆိုင်ရာပေါင်းစည်းရေးဗဟိုအဖွဲ့) |
| **IDP** | Internally-displaced person (ပြည်တွင်းဒုက္ခသည်) |
| **INGO** | International non-governmental organisation (နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ) |
| **IRC** | International Rescue Committee (အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေးကော်မတီ) |
| **Kachin KBC** | Kachin Baptist Convention (ကချင်နှစ်ခြင်းခရစ်ယာန်အသင်း) |
| **KDHW** | Karen Department of Health and Welfare (ကရင်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန) |
| **KECD** | Karen Education and Cultural Department (ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာဌာန) |
| **KHS** | Karen Health Services (ကရင်ကျန်းမာရေးဝန်ဆောင်မှု) |
| **KIO/KIA** | Kachin Independence Organisation/Kachin Independence Army (ကချင်ပြည်လွတ်လပ်ရေးအဖွဲ့/ကချင်ပြည်လွတ်လပ်ရေးတပ်မတော်) |
| **KIO-ED** | Kachin Independence Organisation – Education Department (ကေအိုင်အိုပညာရေးဌာန) |
| **KKO/DKBA** | Khlohtoobaw Karen Organisation/Democratic Karen Benevolent Army (ကလိုထူးဖောကရင်အဖွဲ့/မွန်မြတ်သောဒီမိုကရက်တစ်ကရင်တပ်မတော်) |
| **KMSS** | Karuna Myanmar Social Services (ကရုဏာမြန်မာလူမှုဝန်ဆောင်မှု) |
| **KnED** | Karenni National Education Department (ကရင်နီအမျိုးသားပညာရေးဌာန) |

| | |
|---|---|
| **KNG** | Kayan National Guard (ကယန်းအမျိုးသားအစောင့်တပ်) |
| **KNGY** | Kayan New Generation Youth (ကယန်းမျိုးဆက်သစ်လူငယ်) |
| **KnHD** | Karenni National Health Department (ကရင်နီအမျိုးသားကျန်းမာရေးဌာန) |
| **KNLP** | Kayan New Land Party (ကယန်းပြည်သစ်ပါတီ) |
| **KnMHC** | Karenni National Mobile Health Committee (ကရင်နီအမျိုးသားရွှေ့လျားကျန်းမာရေးဝန်ဆောင်မှုဌာန) |
| **KNPDP** | Karenni National Peace and Development Party (ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ) |
| **KNPLF** | Karenni Nationalities' People's Liberation Front (ကရင်နီပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦး) |
| **KNPP/KA** | Karenni National Progressive Party/Karenni Army (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ/ကရင်နီတပ်မတော်) |
| **KNSO** | Karenni National Solidarity Organisation (ကရင်နီအမျိုးသားသွေးစည်းညီညွတ်ရေးအစည်းအရုံး) |
| **KNU/KNLA** | Karen National Union/Karen National Liberation Army (ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်) |
| **KNU/KNLA-PC** | KNU/KNLA-Peace Council (ကေအင်န်ယူ/ကေအင်န်အယ်အေ-ငြိမ်းချမ်းရေးကောင်စီ) |
| **KSEAG** | Karen State Education Assistance Group (ကရင်ပြည်နယ်ပညာရေးထောက်ပံ့မှုအဖွဲ့) |
| **KTWG** | Karen Teacher Working Group (ကရင်ဆရာများလုပ်ငန်းအဖွဲ့) |
| **KWA** | Kachin Women's Association (ကချင်အမျိုးသမီးများအသင်း) |
| **KWAT** | Kachin Women's Association of Thailand (ထိုင်းနိုင်ငံရောက်ကချင်အမျိုးသမီးများအသင်း) |
| **MMK** | Myanmar Kyat (မြန်မာကျပ်ငွေ) |
| **MNE** | Mon National Education (မွန်အမျိုးသားပညာရေး) |
| **MNEC** | Mon National Education Committee (မွန်အမျိုးသားပညာရေးကော်မတီ) |
| **MNED** | Mon National Education Department (မွန်အမျိုးသားပညာရေးဌာန) |
| **NMSP/MNLA** | New Mon State Party/Mon National Liberation Army (မွန်ပြည်သစ်ပါတီ/မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်) |
| **NSAG** | Non-state armed group (အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့) |

| | |
|---|---|
| **OECD DAC** | Organisation for Economic Cooperation and Development- Development Assistance Committee (စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့- ဖွံ့ဖြိုးမှုထောက်ပံ့ရေးကော်မတီ) |
| **PSLF/TNLA** | Palaung State Liberation Front/Ta'ang National Liberation Army (ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/တအောင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်) |
| **RCSS/SSA** | Restoration Council of Shan State/Shan State Army (ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်) |
| **SAZ/SAD** | Special Administered Zone/Special Administered Division (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း) |
| **SSDF** | Shan State Development Foundation (ရှမ်းပြည်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း) |
| **SSPP/SSA** | Shan State Progressive Party / Shan State Army (ရှမ်းပြည်ဖွံ့ဖြိုးတိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်) |
| **UCH** | Myanmar University of Community Health (မြန်မာနိုင်ငံကျေးလက်ကျန်းမာရေးတက္ကသိုလ်) |
| **UNDP** | United Nations Development Programme (ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်) |
| **UNHCR** | United Nations High Commissioner for Refugees (ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး) |
| **$US** | United States Dollars (အမေရိကန်ဒေါ်လာ) |
| **UWSP/UWSA** | United Wa State Party /United Wa State Army (ဝပြည်သွေးစည်းညီညွတ်ရေးပါတီ/ ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်) |
| **VTHC** | Village Tract Health Centre (ကျေးရွာအုပ်စုကျန်းမာရေးဌာန) |
| **WHO** | World Health Organization (ကမ္ဘာ့ကျန်းမာရေးအဖွဲ့) |

**မှတ်ချက်။** **။ ဝေါဟာရများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ အနီးစပ်ဆုံး ပြန်ဆိုထားခြင်းသာဖြစ်ပါသည်။**

## ဝေါဟာရများ

| | |
|---|---|
| **တပ်မတော်** | မြန်မာနိုင်ငံလက်နက်ကိုင်တပ်ဖွဲ့ |
| **ပြည်သူ့စစ်** | တပ်မတော်မှကျောထောက်နောက်ခံပေးထားသော ပြည်သူ့စစ်အဖွဲ့ |
| **ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ်** | ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏<br>အမြင့်ဆုံးအုပ်ချုပ်ရေးအာဏာပိုင် |
| **ပြည်ထောင်စုအစိုးရ** | မြန်မာနိုင်ငံ၏ ဗဟိုအစိုးရ |

## အစီရင်ခံစာ အကျဉ်းချုပ်

နိုင်ငံတကာ ထောက်ပံ့ကူညီမှုများ နိုင်ငံအတွင်း အားကောင်းလာသည်နှင့်အမျှ မြန်မာနိုင်ငံတွင် ကျန်းမာရေး၊ ပညာရေးနှင့် အခြားအခြေခံလူမှုဝန်ဆောင်မှုများ ပေးအပ်ခြင်းတွင် သိသိသာသာ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများလည်း မြင့်မားစွာရှိနေပါသည်။ နိုင်ငံတကာ ထောက်ပံ့ကူညီရေးအဖွဲ့ အစည်းများအနေဖြင့် အစိုးရကအဓိကတာဝန်ယူဆောင်ရွက်သော ဝန်ဆောင်မှုများကို အားဖြည့်ပံ့ပိုးကူညီ ပေးရာတွင် ကောင်းစွာအသားကျပြီးဖြစ်ပါသည်။ သို့သော် ယင်းဝန်ဆောင်မှုများကို တိုင်းရင်းသားနိုင်ငံရေး အဖွဲ့အစည်းများနှင့် ၎င်းတို့နှင့် ဆက်စပ်သော ကွန်ရက်များက ဆယ်စုနှစ်ပေါင်းများစွာ တာဝန်ယူဆောင်ရွက် ပေးနေသည့် ပဋိပက္ခဒဏ်ခံဒေသအချို့တွင်မူ နိုင်ငံတကာထောက်ပံ့ကူညီမှုများက ရှုပ်ထွေးမှုများ ပေါ်ပေါက် စေနိုင်သည်ကို သတိပြုရမည်။

လူမှုရေးကဏ္ဍများတွင် အထောက်အပံ့အကူအညီများပေးခြင်းက ငြိမ်းချမ်းရေးဖြစ်စဉ်များကို အပြုသဘောအကျိုး ဖြစ်စေနိုင်သည့် အလားအလာလည်း များစွာရှိသည်။ အထူးသဖြင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ ဝန်ဆောင်မှုဌာနများအချင်းချင်း ချိတ်ဆက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများသည် ဝန်ဆောင်မှုများ၏ အရည် အသွေးကို တိုးတက်ကောင်းမွန်စေမည်သာမက စစ်အခြေအနေမှ ငြိမ်းချမ်းရေးသို့ ကူးပြောင်းခြင်းဖြစ်စဉ်ကိုလည်း အထောက်အပံ့ပေးနိုင်သည်။ ထိုသို့ဝန်ဆောင်မှုစနစ် နှစ်ခုပေါင်းစပ်ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို သိသိ သာသာ အထောက်အပံ့ပေးနိုင်ပါသည်။ ယင်းအခြေအနေတွင် နိုင်ငံတကာဖွံ့ဖြိုးရေးအစီအစဉ်များ ဝင်ရောက်ပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစီမံချက်များ အကောင်အထည်ဖော်မှုခြင်းအားဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို တနည်းတဖုံ အထောက်အကူဖြစ်စေပါသည်။

မြန်မာနိုင်ငံဟူ၍ စတင်ထူထောင်ချိန်ကတည်းကစပြီး ဗမာမဟုတ်သော တိုင်းရင်းသားများအများဆုံးနေထိုင် ကြသည့် နယ်စပ်ပြည်နယ်များနှင့်ပတ်သက်ပြီး သဘောကွဲလွဲမှုများစွာရှိခဲ့သည်။ အထူးသဖြင့် လူများစုဗမာများ ကဖွဲ့စည်းသော အစိုးရများ၏တရားဝင်မှု ကြီးကြီးမားမားပြဿနာရှိနေသော အချိန်များတွင် ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ၏နောက်ကွယ်တွင် ဗမာမဟုတ်သောတိုင်းရင်းသားများကို လက်ဝေခံများအဖြစ် သတ်မှတ်ပြီးဆက်ဆံလိုခြင်းက အခြေခံအကြောင်းတရားအဖြစ်တည်ရှိသည်။ ထို့ကြောင့် ပဋိပက္ခကို အဓိက မောင်းနှင်သည့်အချက်များမှာ လက်နက်ကိုင်အင်အားစုများ၏ အုပ်ချုပ်ရေးတွင် ပါဝင်ပတ်သက်မှုအတိုင်းအတာ ပင်ဖြစ်သည်။ ထို့ကြောင့် ထိုဒေသများအတွင်း အခြေခံဝန်ဆောင်မှုများပေးခြင်းလုပ်ငန်းများသည် နိုင်ငံရေး အကျိုးဆက်များရှိလေ့ရှိပြီး တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်ပဋိပက္ခများ၏နောက်တွင် အမြိုင်အဆိုင်ရှိနေ ကြသော နိုင်ငံတည်ထောင်ရေး ယုံကြည်ချက်လမ်းစဉ်များနှင့်လည်း ဆက်နွယ်ပတ်သက်နေသည်။

ထိရှလွယ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ လက်ရှိအချိန် (၂၀၁၄ နှစ်လယ်) အထိရှေ့ဆက်လျက်ရှိပြီး နိုင်ငံရေး အရအပြီးသတ် ဖြေရှင်းအောင်မြင်နိုင်မည့် ဖြစ်နိုင်ချေများလည်း အကန့်အသတ်နှင့် ရှိနေသည်။ တပြိုင်နက်တည်း မှာပင် မြန်မာအစိုးရနှင့် နိုင်ငံတကာအလှူရှင်နိုင်ငံအစိုးရများအကြား ပုံမှန်ဆက်ဆံရေးများပြန်လည်ထူထောင် လာနိုင်သည်နှင့်အမျှ နိုင်ငံတကာထောက်ပံ့ကူညီရေးကဏ္ဍတွင်လည်း သိသိသာသာ တိုးတက်ပြောင်းလဲမှုများ ရှိလာခဲ့သည်။

အချို့သော ပဋိပက္ခဒေသများတွင် အစိုးရနှင့် နိုင်ငံတကာအန်ဂျီအိုများ၏ဆောင်ရွက်သော ဝန်ဆောင်မှုများနှင့် စီမံချက်များအကောင်အထည်ဖော်ရာတွင် ပဋိပက္ခအခြေအနေအပေါ်နားလည်မှုအားနည်းခြင်းကြောင့် သက်ဆိုင် ရာလူထု၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်ယုံကြည်မှုကို ဆိုးဆိုးရွားရွားထိခိုက်ပျက်ဆီးသွားစေသော အခြေ အနေများကိုလည်း တွေ့နေရသည်။ တပြိုင်နက်တည်းမှာပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ

ပေးနေသော ပြည်သူ့ဝန်ဆောင်မှုများသည်လည်း အကြီးအကျယ်ရန်ပုံငွေလျော့ချဖြတ်တောက်မှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ အဓိကအကြောင်းမှာ အလှူရှင်များ၏ ဦးစားပေးအစီအစဉ်များပြောင်းသွားသောကြောင့်ဖြစ် သည်။

သို့ရာတွင် စိတ်အားတက်စရာများလည်း ရှိပါသေးသည်။ အစိုးရနှင့်တိုင်းရင်းသားအဖွဲ့အစည်း၏ ပြည်သူ့ဝန်ဆောင်မှုနှစ်ခုကို ပေါင်းစပ်ရေးဆောင်ရွက်ချက်များသည် နှစ်ဘက်စလုံးအတွက် ဘုံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်အများအပြားကို လမ်းဖွင့်ပေးသလို ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလည်း ကြီးမားစွာအထောက်အပံ့ဖြစ်စေ သည်။ ပြည်သူ့ဝန်ဆောင်မှုများ လက်လှမ်းမီရေးကိစ္စတွင် ပဋိပက္ခဘက်ပြိုင်နေသူများအကြား မြင်သာသော တိုးတက်မှုများကိုဖန်တီးနိုင်ခြင်းသည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကိုတိုးတက်စေပြီး ပဋိပက္ခဒဏ်ခံလူထုများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများကြုံတွေ့နေရသည့် နစ်နာဆုံးရှုံးမှုများနှင့် ဒဏ်ရာများကိုလည်း ကုစားဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ နှစ်ဘက်ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လာခြင်းကြောင့် ရေရှည်တွင် ငြိမ်းချမ်းရေးကို ပံ့ပိုးကူညီပေးနိုင်သည့် ခိုင်မာသောအဖွဲ့အစည်းများ လူ့အဖွဲ့အစည်းအတွင်း ပေါ်ထွန်းလာစေရေးကိုလည်း အထောက်အပံ့ပေးသည်။

ယခုသုတေသနလေ့လာမှုသည် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်မှုကို မည်သို့အထောက်အပံ့ဖြစ်စေသည်ကို လေ့လာဖော်ထုတ်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများအနေဖြင့်လည်း ပဋိပက္ခများကို ပိုမိုဆိုးရွားအောင်ဖန်တီးပေးမိခြင်းမျိုးကို ရှောင်ရှားပြီး ငြိမ်းချမ်းရေးကိုအထောက်အကူဖြစ်သည့် ပံ့ပိုးကူညီမှုများဖြစ်စေရန်အတွက် လိုက်နာဆောင်ရွက်သင့်သော ယေဘုယျလမ်းညွှန်ချက်များကိုလည်း ဖော်ထုတ်သွားမည်ဖြစ်သည်။

**အပိုင်း ၁။ ။ နိဒါန်း**

နိုင်ငံစတင်တည်ထောင်သည့် အချိန်ကတည်းက ဗမာမဟုတ်သည့် တိုင်းရင်းသားအများစုနေထိုင်သော ဒေသ များတွင် အချုပ်အခြာအာဏာနှင့်ပတ်သက်သည့် သဘောကွဲလွဲမှုများ အကြီးအကျယ်ရှိခဲ့သည်။ အထူးသဖြင့် လူများ စုဗမာများဖွဲ့စည်းသော အစိုးရများ၏တရားဝင်မှုအကျပ်အတည်းများကြီးမားချိန်တွင် ထိုသဘောကွဲလွဲမှု များမှာ ပိုမိုသိသာထင်ရှားသည်။ အဆိုပါဒေသများတွင် မြန်မာအစိုးရ၏ ဝန်ဆောင်မှုများ ရှိမနေသည်ကို အကြောင်းပြုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံတကာအကူအညီများကို အသုံးပြုကာ ပညာရေး၊ ကျန်းမာရေးနှင့် အခြားအခြေခံလူမှုဖူလုံရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခဲ့ကြသည်။[1] ထိုသို့ ဆောင်ရွက်ခြင်းဖြင့် လုံခြုံရေးကဏ္ဍတွင်သာမကပဲ ယင်းအဖွဲ့အစည်းများ၏ အခြေခံခိုင်မာမှုနှင့် အရေးပါမှုကို လူ့အဖွဲ့အစည်းအတွင်း အခိုင်အမာတည်ဆောက်ထားနိုင်ခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရခြင်း၏ အဓိကနောက်ခံအကြောင်းမှာ တိုင်းပြည်အုပ်ချုပ်ခွင့် ဆိုင်ရာ သဘောကွဲလွဲမှုကြောင့်ဖြစ်သည်။[2] ပြည်သူလူထုအပေါ် အုပ်ချုပ်နိုင်မည့် အာဏာနှင့် တရားဝင်မှုတို့နှင့် ပတ်သက်သည့် သဘောကွဲလွဲမှုတို့သည့် လက်နက်ကိုင်ပဋိပက္ခများ၏နောက်ကွယ်မှ မောင်းနှင်အားများပင်ဖြစ် သည်။ အကျိုးရလာဒ်အနေဖြင့် ပဋိပက္ခဒေသများတွင် ပြည်သူ့ဝန်ဆောင်မှုများထောက်ပံ့ရေးသည် နိုင်ငံရေးနှင့် ဒွေးရောယှက်တင်ဖြစ်နေသည်။ နိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုးစုပဋိပက္ခများ၏ အဓိကလက်သည်ဖြစ်သော မတူညီပဲ အချင်းချင်းဆန့်ကျင်နေသည့် နိုင်ငံတော်တည်ထောင်ရေးစီမံကိန်းများနှင့်လည်း နီးနီးကပ်ကပ်ချိတ် ဆက်နေပြန်သည်။

၂၀၁၁ ခုနှစ်တွင် လက်ရှိသမ္မတဦးသိန်းစိန် အာဏာရရှိလာပြီးနောက် မြန်မာနိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲ မှုများကို စတင်သည်။ တရားဝင်မှုပိုမြင့်မားပြီး ပြည်သူတို့၏လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရန် စတင်ကြိုးပမ်းခဲ့သည်။ ထိုကြိုးပမ်းမှုများကို အနောက်အင်အားကြီးနိုင်ငံများ နှင့် ဒေသတွင်းမဟာမိတ်များကလည်း အားတက်သရောထောက်ခံအားပေးခဲ့သည်။ ထိုဖြစ်စဉ်များကြောင့် နိုင်ငံတွင်းသို့စီးဝင်သော နိုင်ငံတကာအထောက်အပံ့များ၏ပမာဏ သိသိသာသာ တိုးတက်များပြားခဲ့ပြီး အလှူရှင် များနှင့် အစိုးရအကြားဆက်ဆံရေးကိုလည်း ပုံမှန်အခြေအနေသို့ပြန်ရောက်အောင် ဆောင်ရွက်ခဲ့ကြသည်။ အကျိုးဆက်အနေနှင့် နိုင်ငံတကာသဘောတူစာချုပ်များတွင် ပြဌာန်းထားသည့်အတိုင်း နိုင်ငံတကာမှ အထောက်အပံ့အကူအညီများသည် အစိုးရ၏ဦးစားပေးအစီအစဉ်များနှင့် လိုက်လျောညီထွေ ချိတ်ဆက်ရမည်ဆို သောအချက်မှာ ပိုမိုပံ့ပေါ်လာခဲ့သည်။ [3] တပြိုင်နက်တည်းမှာပင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ချိတ်ဆက် ထားသည့် ဝန်ဆောင်မှုပေးသူ များရရှိနိုင်သည့် အကူအညီများမှာ တဖြည်းဖြည်းခန်းခြောက်လာခဲ့သည်။ အထူးသဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံအခြေစိုက် ထောက်ပံ့ကူညီရေးအဖွဲ့များအတွက် ရန်ပုံငွေပြတ်လပ်မှု ပြဿနာ များကြုံတွေ့လာရသည်။

နေပြည်တော်အစိုးရကလည်း သဘောကွဲလွဲမှုဖြစ်နေသော ဒေသများအားလုံးကို ဗဟိုအစိုးရအုပ်ချုပ်မှု လက် အောက်သို့ပြန်လည်စုစည်းရန်အတွက် ရည်ရွယ်ချက်ကြီးမားစွာဖြင့်ဆောင်ရွက်လာနေသည်ကို တွေ့ရသည်။ အထင်ရှား ဆုံးအချက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပေါင်း ၂၀ ကျော်ကို ငြိမ်းချမ်းရေး ဆွေးနွေးပွဲ စားပွဲဝိုင်းဆီသို့ခေါ်ဆောင်လာနိုင်သော တပြည်လုံးအတိုင်းအတာနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြီးပင်ဖြစ်သည်။ [4] တချိန်တည်းမှာပင် မြန်မာ့တပ်မတော်ကလည်း အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် တပ်စွဲမှုများ ပိုမိုပြုလုပ်လာသည်။ အချို့ဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်များကို နှိမ်နင်းရန်ရည်ရွယ်သည့် စစ်ဆင်ရေးများကို ဆောင်ရွက်ပြီး အစိုးရကလည်း ယခင်ကဗဟိုအစိုးရအာဏာစက် အောက်တွင်မရှိခဲ့သော ဒေသများကို အစိုးရ အုပ်ချုပ်မှုအောက်သွတ် သွင်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတည်ဆဲဖြစ်သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရ စစ်တပ်သည် တိုင်းပြည်အုပ်ချုပ်ရေးတွင် ပါဝင်ခွင့်ရသည် သာမက နိုင်ငံတော်၏ အုပ်ချုပ်မှု အာဏာကို လည်း ဗဟိုမှတင်းတင်းကျပ် ကျပ်ဆုပ်ကိုင်သောစနစ်ကိုကျင့်သုံးထားသည်။ ထို့ကြောင့် သဘောကွဲလွဲမှုနှင့်

ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အစိုးရနှင့်စင်ပြိုင် နိုင်ငံရေးအာဏာရှိ အဖွဲ့အစည်းများ ပေါ်ပေါက်လာရန် လမ်းစမရှိသလောက်နည်းပါးသည်။

သို့ရာတွင် တပ်မတော်နှင့် အစိုးရနှစ်ဦးစလုံးတို့သည် ဖက်ဒရယ်စနစ်တည်ထောင်ရေးကို ဦးတည်သော တိုင်းရင်းသားအဖွဲ့အစည်းများ ကာလကြာရှည်ကတည်းကတောင်းဆိုခဲ့ကြသည့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန်ကို မူအားဖြင့် သဘောတူညီထားခဲ့ကြသည်။ ထို့အပြင် စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းတွင်လည်း ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားဆောင်ရွက်လိုသည့် အရိပ်အယောင်အချို့လည်း ပြသခဲ့သည်။ [5] တပြိုင်နက်တည်းမှာပင် အပစ်အခတ်ရပ်စဲထားသော ဒေသများ၌ တပ်မတော်စစ်သားများ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့ကျသွားခြင်းနှင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်များ ရရှိလာခြင်းတို့ကြောင့် ဒေသခံပြည်သူများ၏ ဘဝသာယာဝပြောရေးအခြေအနေများ တိုးတက်လာခဲ့သည်။ [6] တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်အချို့ကြားတွင်လည်း ယုံကြည်မှုများမြင့်မားလာသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံအတွင်းကျယ်ပြန့်သော ပြုပြင်ပြောင်းလဲရေးများ ဖြစ်ပေါ်နေခြင်းနှင့် ယခင်အစိုးရဟောင်းလက်ထက်အာဏာရှိခဲ့သူ အများစုပါဝင်သော အစိုးရအဖွဲ့အတွင်း အပြောင်းအလဲ တည်ဆောက်ရန် ကြိုးစားနေကြသော သမ္မတဦးသိန်းစိန်နှင့် အရေးပါသောဝန်ကြီးအချို့အပေါ် ယုံကြည်မှု တိုးတက်လာသောကြောင့်လည်း ဖြစ်ပါသည်။

ထိုအခြေအနေများကြောင့် အစိုးရဌာနများနှင့် တိုင်းရင်းသားအဖွဲ့အစည်းကျောထောက်နောက်ခံ ဝန်ဆောင်မှုအဖွဲ့အစည်းများအကြားတွင် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိစေရန် အတွက် အပြန်အလှန်တွေ့ဆုံဆွေးနွေးနိုင်သည့် အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာခဲ့သည်။ ပဋိပက္ခဖြစ်ပွားနေစဉ် ကာလကတည်းကရှိခဲ့သော ပူးပေါင်းဆောင်ရွက်မှုအခြေခံများ အပေါ်မူတည်ပြီးလည်း နှစ်ဖက်အဖွဲ့အစည်းများအကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ကြသည်။ များသောအားဖြင့် သက်ဆိုင်ရာဝန်ဆောင်မှုနယ်ပယ်ရှိ အစိုးရကဏ္ဍတာဝန်ရှိသူများကို စတင်ထိစပ်ပြီး မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ကြသူများမှာ တိုင်းရင်းသားလက်နက်ကိုင် ကျောထောက်နောက်ခံ ဝန်ဆောင်မှုဌာနများ ဖြစ်တတ်သည်။ ယင်းသို့ဆောင်ရွက်ရန် နိုင်ငံတကာအဖွဲ့များကလည်း ပံ့ပိုးပေးကြသည်။ ထိုကြိုးပမ်းမှုများကို ပေါင်းစည်းရေးဆောင်ရွက်မှုများဟု ခေါ်နိုင်သော်လည်း ထိုစကားလုံးကို သက်ဆိုင်ပတ်သက်သူများအားလုံးက တူညီစွာအဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိသောကြောင့် ထိုစကားလုံးကို ယခုစာတမ်းတွင် ဘုံအဓိပ္ပါယ်ဖွင့်ဆိုချက် ရှိသော စကားလုံးအဖြစ်သတ်မှတ်သုံးစွဲမည်မဟုတ်ပါ။[7]

လက်ရှိပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ အလွန်ထိရှလွယ်သောအနေအထားကို ထည့်သွင်းစဉ်းစားထားမည်ဆိုပါက လူမှုထောက်ပံ့ရေးကဏ္ဍတွင် ထောက်ပံ့ငွေပမာဏအများအပြားအသုံးပြုခြင်းသည် တိုင်းပြည်၏နိုင်ငံရေးအကြောင်းအရာများအပေါ်တွင်လည်း သက်ရောက်မှုကြီးမည်ဖြစ်သည်။ ထို့ကြောင့် ထောက်ပံ့ငွေများသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကို ပံ့ပိုးခြင်းလည်းဖြစ်နိုင်သလို ပဋိပက္ခများကို မီးထိုးပေးခြင်းလည်း ဖြစ်သွားနိုင် သည်။[8]

### သုတေသန၏ ရည်ရွယ်ချက်များ

ယခုသုတေသနလေ့လာမှုသည် အကြောင်းအရာအပေါ် ဖွင့်ဆိုရှင်းပြနိုင်ကြိုးပမ်းမှုတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ အတွင်းရှိ နိုင်ငံရေးအရသဘောကွဲလွဲမှုဖြစ်နေသည့်ဒေသများတွင်အခြေခံလူမှုဝန်ဆောင်မှုများက ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတို့အပေါ် အကျိုးသက်ရောက်မှုကို လေ့လာဖော်ထုတ်ရန်ဖြစ်သည်။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ပိုမိုကျယ်ပြန့်သည့် လေ့လာဆွေးနွေးမှုများကို အစပြုပေးနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်း လည်းဖြစ်ပါသည်။ ယခုကနဦးလေ့လာမှု၏ ရည်ရွယ်ချက်များမှာအောက်ပါတို့ဖြစ်ကြပါသည်။

- မြန်မာနိုင်ငံအတွင်းရှိ သဘောကွဲလွဲမှုဖြစ်ပွားနေသော ဒေသများတွင် ပဋိပက္ခနောက်ခံအကြောင်း များနှင့် အခြေခံပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအကြား မည်သို့ချိတ်ဆက်ပတ်သက်နေသည်ကို ပိုမိုနားလည်သဘောပေါက်စေရန်
- သဘောကွဲလွဲမှုဖြစ်ပွားရာဒေသများရှိ တိုင်းရင်းသားနိုင်ငံရေးအဖွဲ့များ၏ နယ်မြေအုပ်ချုပ်မှုနှင့် ပိုင်နက်နယ်မြေသတ်မှတ်မှုဆိုင်ရာ တောင်းဆိုချက်များကို အကြမ်းဖျင်းလေ့လာဖော်ထုတ်ရန်
- သဘောကွဲလွဲမှုဒေသများတွင် တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများက ဆောင်ရွက်ပေးနေသော အခြေခံလူမှုဝန်ဆောင်မှုများအကြောင်း သိနားလည်ရန်
- ထောက်ပံ့ကူညီမှုများက ပဋိပက္ခများဖြစ်ပွားရခြင်းအကြောင်းကို မည်သို့အကျိုးသက်ရောက်စေသည်၊ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်ကိုးစားမှုနှင့် ခိုင်မာသောအဖွဲ့အစည်းများ (အင်စတီကျူးရှင်းများ) တည်ဆောက်ရေးကို မည်သို့သက်ရောက်မှုရှိသည်ကို လေ့လာဆန်းစစ်ရန်
- မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တို့ဖက်မှ ပြည်သူ့ဝန်ဆောင်မှုပေးသည့် ဌာနများအချင်း ချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်နှင့် ချိတ်ဆက်၊ ပူးပေါင်းဆောင်ရွက်ခြင်းများပိုမိုကောင်းမွန် အောင် မည်သို့ဆောင်ရွက်ကြသည်ဆိုသည်ကိုလေ့လာဆန်းစစ်ခြင်းနှင့် ဥပမာများရွေးထုတ်ခြင်း
- လက်ရှိဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်စေရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကို အထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပြည်သူ့ဝန်ဆောင်မှုဌာနများ အချင်းချင်းဆက်ဆံရေးကောင်းမွန်အောင် မည်သို့ဆောင်ရွက်သင့်သည်ဟူသော ယေဘုယျလမ်းညွှန်ချက်များကို ဖော်ပြရန်
- နိုင်ငံတကာထောက်ပံ့ကူညီရေးလုပ်ငန်းများအနေနှင့်လည်း သဘောကွဲလွဲမှုဖြစ်ပွားရာဒေသများတွင် လူမှုကူညီရေးများ ဝင်ရောက်ဆောင်ရွက်ခြင်းဖြင့် တည်ဆဲပဋိပက္ခများပိုဆိုးအောင် မီးထိုးပေးမိခြင်းများ ကို ရှောင်ရှားရန်နှင့် ဝန်ဆောင်မှုပေးသူများအကြား ချိတ်ဆက်/ပူးပေါင်းဆောင်ရွက်မှု ပိုကောင်းအောင် မည်သို့ပံ့ပိုးကူညီသင့်သည်ကို ယေဘုယျလမ်းညွှန်ချက်များအဖြစ် ဖော်ပြရန်

**အစီရင်ခံစာအပေါ် ခြုံငုံသုံးသပ်ချက်**

အခုသုတေသနကို မြန်မာနိုင်ငံအတွင်း လူမှုဝန်ဆောင်မှုများနှင့် ပဋိပက္ခများဖြစ်ပွားရခြင်းအကြောင်းတို့ ဆက်နွယ်ပတ်သက်နေပုံကို လေ့လာခြင်း (**အပိုင်း-၂**) ဖြင့် စတင်ပါသည်။ ပထမဦးဆုံးအနေနှင့် အုပ်ထိန်းသူ-အုပ်ထိန်းခံဆက်ဆံရေးနှင့် တိုင်းရင်းသားလူမျိုးစုများဖြစ်ခြင်းတို့က ပဋိပက္ခများကို မည်သို့ပေါက်ဖွားစေသည်ကို စတင်လေ့လာဆန်းစစ်ပါသည်။ ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသခံလူထုအကြားတွင် အခြေခံလူမှုဝန်ဆောင်မှုများ မည်ကဲ့သို့ စတင်ပေါ်ပေါက်လာသည်ကို ဆက်လက် လေ့လာပါသည်။ လက်ရှိပြည်တွင်းစစ်ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းမှာ တိုင်းရင်းသားပြည်သူလူထုအပေါ် အုပ်ချုပ်စီမံခွင့်နှင့်ပတ်သက်ပြီးဖြစ်ပွားခြင်းဖြစ်ပြီး လူများစုဗမာအစိုးရ၏ တိုင်းရင်းသားလူ့အဖွဲ့အစည်းများအပေါ် အုပ်ထိန်းသူပုံစံဆက်ဆံရန်ကြိုးစားခြင်းကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ပေါ်ပေါက်လာခဲ့ခြင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများတွင် အပြီးသတ်သဘောတူညီမှု မရသေးချိန်၌ အလွန်ထိရှအကဲဆတ်လွန်းသေးသော အငြင်းပွားရာဒေသများ၌ အစိုးရဝန်ဆောင်မှုများကိုတိုးချဲ့ပြီး မြန်မာအစိုးရအုပ်ချုပ်ရေး၏ တရားဝင်မှုကို ထူထောင်ရန်ကြိုးပမ်းခြင်းသည် တည်ဆဲပဋိပက္ခများကို ပိုဆိုးအောင်လုပ်သလိုဖြစ်သွားနိုင်သည်။

မြန်မာနိုင်ငံအတွင်း လုပ်ငန်းများဆောင်ရွက်ရန်ရောက်ရှိလာကြသော နိုင်ငံတကာထောက်ပံ့ကူညီရေးအဖွဲ့အစည်းများအနေနှင့်လည်း အငြင်းပွားရာဒေသများတွင် ပဋိပက္ခများနှင့် လူမှုဝန်ဆောင်မှုများမည်သို့အဆက်အစပ်ရှိသည်ဟူသော ချိတ်ဆက်ပုံကို နားလည်ရန်ခက်ခဲပေလိမ့်မည်။ **အပိုင်း-၃** တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ပထဝီနယ်နိမိတ်စိုးပိုင်ခြင်းကို သက်သေပြသည့်အနေဖြင့်အသုံးပြုသောအဓိကနည်းလမ်းခြောက်မျိုးကို အုပ်စုခွဲ၍ လေ့လာသုံးသပ်ပြထားသည်။ မြန်မာနိုင်ငံတွင် အဓိကကျသော တိုင်းရင်းသား

သဘောကွဲလွဲမှုဒေသများတွင် လုပ်ကိုင်နေသည့် တိုင်းရင်းသားလူမှုဝန်ဆောင်မှုဌာနများအကြောင်းကိုလည်း အကျဉ်းသုံးသပ်တင်ပြသွားမည်ဖြစ်ပါသည်။

**အပိုင်း-၄** တွင် တနေ့တခြားတိုးပွားရရှိနေသော နိုင်ငံတကာအထောက်အပံ့အကူအညီများက လက်ရှိမြန်မာ နိုင်ငံ၏ တိုင်းရင်းသားလူမျိုးရေးပဋိပက္ခများအပေါ် မည်သို့အကျိုးသက်ရောက်နိုင်ချေရှိသည်ကို သုံးသပ်ဆွေးနွေး ထားပါသည်။ ပထမဦးဆုံးနိုင်ငံအတွင်းသို့ အလုံးအရင်းနှင့်စီးဝင်လာနေသော နိုင်ငံတကာအကူအညီများ၏ သဘောသဘာဝကို ဦးစွာသုံးသပ်ပါသည်။ ထို့နောက် နိုင်ငံတကာအထောက်အပံ့များသည် ငြိမ်းချမ်းရေးဖြစ်စဉ် အပေါ်ယုံကြည်မှုတိုးတက်တည်ဆောက်ခြင်းနှင့် ခိုင်မာသောအဖွဲ့အစည်းများတည်ထောင်ခြင်းတို့မှတစ်ဆင့် ပဋိပက္ခ အခြေအနေများအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို ဆွေးနွေးပါသည်။ ထို့အပြင် သဘောကွဲလွဲမှု ဒေသများတွင် လက်ရှိဆောင်ရွက်ခဲ့သော အကူအညီစီမံကိန်းအချို့ကြောင့် အထက်ပါကိစ္စရပ် နှစ်ခုစလုံးအပေါ် ဆိုးကျိုးသက် ရောက်စေခဲ့သော ဥပမာများကိုလည်း ရှာဖွေဖော်ထုတ်ပါသည်။ အပိုင်း-၃ ကို နိဂုံးချုပ်သည့်အနေ နှင့် နိုင်ငံတကာ ထောက်ပံ့ရေးအစီအစဉ်များအနေဖြင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ဝန်ဆောင်မှု ဌာနများ အချင်းချင်း ချိတ်ဆက်/ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရန် ကူညီပံ့ပိုးပေးခြင်းအားဖြင့် ငြိမ်းချမ်းရေး တည်ဆောက်မှုကို မည်သို့ပံ့ပိုးပေးနိုင်ကြောင်း အခြေခံလမ်းညွှန်ချက်ကိုဖော်ပြထားပါသည်။

**အပိုင်း-၅** တွင် မြန်မာအစိုးရနှင့် အဓိကကျသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကြီးနှစ်ခုအကြားတွင် ပြည်သူ့ဝန်ဆောင်မှုဌာနများနှင့်ပတ်သက်ပြီး မည်သို့ပူးပေါင်း/ချိတ်ဆက်ဆောင်ရွက်မှုများရှိနေသည်ကို လေ့လာ ပါသည်။ ၎င်းတို့မှာ မွန်အမျိုးသားပညာရေးစနစ်နှင့် ကရင်ပြည်နယ်အတွင်းရှိ သဘောကွဲလွဲမှုဒေသများရှိ အခြေခံ ကျန်းမာရေးဝန်ဆောင်မှုကွန်ရက်တို့ဖြစ်သည်။ ထိုဒေသနှစ်ခုကို လေ့လာခြင်းအားဖြင့် ပဋိပက္ခများ ဖြစ်ပွားနေစဉ် အတောအတွင်းမှာပင် လူထုဝန်ဆောင်မှုများအတွက် ပူးပေါင်းဆောင်ရွက်နိုင်စရာ အခင်းအကျင်း အချို့ရှိနေ ကြောင်းသိရှိနိုင်ပါသည်။ တကယ့်လက်တွေ့တွင် အောက်ခြေအဆင့်၌ လူမှုဝန်ဆောင်မှုများ အချင်းချင်းထပ်နေပြီး တစ်ဖွဲ့နှင့်တဖွဲ့ အနှောင့်အယှက်ပေးမည့်အစား ဝန်ဆောင်မှုပိုကောင်းအောင် အပြန် အလှန်အထောက်အကူ ပေးခြင်းမျိုးကိုပင် မြင်တွေ့နိုင်ပါသည်။ ထိုသို့သော အောက်ခြေအဆင့် အခင်းအကျင်း များအပေါ်အခြေခံကာ ဝန်ဆောင်မှုပေးသူများက ရည်ရွယ်ချက်ရှိရှိဖြင့် ပူးတွဲဆောင်ရွက်ရေးအတွက်အခြေခံများ ပိုမိုခိုင်မာလာအောင် ဆောင်ရွက်ပေးနိုင်ပါသည်။

**အပိုင်း-၆** တွင် အပိုင်း-၅ တွင်ရှာဖွေဖော်ထုတ်ခဲ့သော တွေ့ရှိချက်များ၏ အကျိုးသက်ရောက်မှုကို လေ့လာကာ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ ပြည်သူ့ဝန်ဆောင်မှုဌာနများအနေနှင့် ဝန်ဆောင်မှုများကို ပိုမို တိုးတက်စေရန်နှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်စေရန်အတွက် မည်သို့ဆောင်ရွက်သင့်သည်ဟူသော လမ်းညွှန်အကြံပြုချက်များကို ဖော်ပြထားပါသည်။ ထို့အပြင် နိုင်ငံတကာထောက်ပံ့ကူညီရေးအဖွဲ့များအနေနှင့် လည်း သက်ဆိုင်ရာကဏ္ဍအလိုက် အစီအစဉ်များအကောင်အထည်ဖော်ခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုကို ဦးတည်သော သီးသန့်ရည်မှန်းချက်များချမှတ်ထားခြင်းတို့ကို ဆောင်ရွက်နိုင်စေရန် အကြံပြုလမ်းညွှန်ချက်များ ကို ဖော်ပြထားပါသည်။

**သုတေသနနည်းနာ**

အင်တာဗျူးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှုများကို ၂၀၁၄ ခုနှစ်အစောပိုင်းတွင် ယခုစာရေးသူသုတေသီက မြန်မာနှင့်ထိုင်းနိုင်ငံများအတွင်း ပြုလုပ်ခဲ့သည်။ သုတေသနအတွက်ပါဝင်ဖြေဆိုကြသူများထဲတွင် တိုင်းရင်းသား အဖွဲ့များဘက်မှ အန်ဂျီအိုများ၊ အရပ်ဘက်အဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ် သောဝန်ဆောင်မှုဌာနများမှ ကိုယ်စားလှယ် ၂၈ ဦး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့်ဖွံ့ဖြိုးမှုအဖွဲ့မှ ဖွံ့ဖြိုး ရေးထောက်ကူပြုကော်မတီဝင်လေးဦး အပါအဝင် နိုင်ငံတကာ ကူညီထောက်ပံ့ရေးဝန်ထမ်း ၁၃ ဦး၊ တိုင်းရင်း

သားလက်နက်ကိုင်အဖွဲ့နှစ်ခုမှ နိုင်ငံရေးတာဝန်ရှိသူများ၊ ပြည်တွင်းနှင့်နိုင်ငံတကာပညာရှင်နှင့် သုတေသီ ခြောက်ဦးတို့ပါဝင်သည်။

ထိုအင်တာဗျူးများမှ ရရှိလာသော အချက်အလက်များကို ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် ဤစာတမ်း ရေးသူ ၂၀၁၃ မေမှ ၂၀၁၄ ဖေဖော်ဝါရီအတွင်းမေးမြန်းခဲ့သော အင်တာဗျူးများကိုအခြေခံသည့် သုတေသနကိုလည်းအသုံးပြုပါသည်။ ထိုသုတေသနတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ဆက်စပ်သော ဝန်ဆောင်မှုဌာနများနှင့် တိုင်းရင်းသားအရပ်ဘက်အဖွဲ့များမှအဖွဲ့ဝင် ၅၀ ကျော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခြောက်ဖွဲ့မှ နိုင်ငံရေးတာဝန် ရှိသူများ၊ တိုင်းရင်းသားအဖွဲ့သုံးဖွဲ့မှ စစ်ရေးခေါင်းဆောင်များ၊ ကရင်၊ ကချင်နှင့် မွန်ပြည်နယ်များမှ ပဋိပက္ခဒဏ်ခံပြည်သူများ [9]၊ နိုင်ငံတကာအန်ဂျီအိုဝန်ထမ်း ၄၀၊ မြန်မာအစိုးရအရာရှိနှစ်ဦးနှင့် မြန်မာအစိုးရလူထုဝန်ဆောင်မှု ဌာနများမှ တာဝန်ရှိသူသုံးဦးတို့ကို တွေ့ဆုံမေးမြန်းထားခဲ့ပါသည်။ ထို့အပြင် ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော နိုင်ငံတကာအန်ဂျီအိုတစ်ခုမှ မြန်မာဝန်ထမ်းများကို အခြေခံ ဆာဗေးပုံစံဖြင့် မေးမြန်းထားခြင်းလည်း ပါဝင်သည်။

ထို့ကြောင့် ယခုသုတေသနစာတမ်းတွင်အသုံးပြုထားသော ချဉ်းကပ်ပုံသည် မြန်မာနိုင်ငံအတွင်းရှိ လူနည်းစုတိုင်းရင်းသားများ၊ ယင်းတို့နှင့်ဆက်စပ်သည့် နိုင်ငံရေးနှင့် အရပ်ဘက်အဖွဲ့အစည်းနယ်ပယ်မှ ပုဂ္ဂိုလ်များ၏ အတွေ့အကြုံများနှင့် ထင်မြင်ယူဆချက်များကို နှံ့နှံ့စပ်စပ်ဖော်ပြနိုင်သော်လည်း မြန်မာအစိုးရဘက်မှ တာဝန်ရှိသူများကိုမူ ထိရောက်စွာ ချဉ်းကပ်မေးမြန်းနိုင်ခြင်းမရှိပါ။ မြန်မာအစိုးရဘက်မှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခွင့်ရရန် ကြိုးပမ်းခဲ့သော်လည်း ဗျူရိုကရေစီ၏အဟန့်အတားများကြောင့် မအောင်မြင်ခဲ့သည်ကများသည်။ ထို့ကြောင့် နောက်တစ်ဆင့်အနေနှင့် ယခုကဲ့သို့ သိမ်မွေ့နက်နဲပြီး အလွန်ထိရှလွယ်သည့် ပြဿနာရပ်များ အပေါ်မြန်မာအစိုးရတာဝန်ရှိသူများ၏ ရှုမြင်သုံးသပ်ပုံကို ကောင်းစွာနားလည်နိုင်စေမည့် သုတေသန တစ်ခု ထပ်မံပြုလုပ်သင့်ပါသည်။ သို့မှသာ လူမှုဝန်ဆောင်မှုကဏ္ဍမှ ထောက်ပံ့ကူညီမှုများသည် ပဋိပက္ခအခြေအနေများအပေါ် မည်သို့အကျိုးသက်ရောက်စေသည်ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ပြီး ငြိမ်းချမ်းရေးအတွက်အထောက်အကူဖြစ်စေသော ကူညီမှုများဖြစ်စေရန် မည်သို့ထိရောက်စွာ ဆောင်ရွက်နိုင် မည်ကို ပိုမိုသိရှိနိုင်မည်ဖြစ်သည်။

## ရှင်းလင်းချက်

ယခုလေ့လာမှုသည် ဝန်ဆောင်မှုများပေးရာတွင် နိုင်ငံရေးနှင့် ပဋိပက္ခအပေါ် သက်ရောက်နိုင်သော အစိတ်အပိုင်းများကိုအဓိကလေ့လာနေခြင်းဖြစ်ပြီး ယင်းဝန်ဆောင်မှုများ၏ လူသားချင်းစာနာထောက်ထားရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာရည်မှန်းချက်ပန်းတိုင်များနှင့် အညွှန်းကိန်းများကို အဓိကထားလေ့လာနေခြင်းမဟုတ်ကြောင်းဖော်ပြလိုပါသည်။ သို့ရာတွင် ယခုသုတေသနအတွက် ဆွေးနွေးမေးမြန်းထားသော ဝန်ဆောင်မှုပေးသူများသည် နိုင်ငံရေးအစီအစဉ်တစ်ခုခုကို တာဝန်ယူအကောင်အထည်ဖော်နေကြသော နိုင်ငံရေးသမား ဝါ အေးဂျင့်များလုံးဝမဟုတ် ကြပါ။ ဝန်ဆောင်မှုပေးသူများအားလုံး၏ဆောင်ရွက်ချက်များသည် အန္တိမအနေနှင့်ဆိုရလျှင် လူသားချင်းစာနာထောက်ထားရေးနှင့် ဖွံ့ဖြိုးရေးအတွက်ရည်ရွယ်ပြီး ဆောင်ရွက်နေကြခြင်းသာဖြစ်သည်။ ယခုလေ့လာမှုသည် လူမှုဝန်ဆောင်မှုလုပ်ငန်းများကို ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တည်းဟူသော နောက်ခံပိတ်ကားပေါ်တွင်တင်ပြီး ရှုမြင်လေ့လာခြင်းဖြစ်ပါသည်။ ငြိမ်းချမ်းရေးသည် အခြေခံအားဖြင့် နိုင်ငံရေးနယ်ပယ်မှ ကိစ္စရပ်တစ်ခုဖြစ်သည့်အပြင် ဤသုတေသနတွင်ပါဝင်သော လူမှုဝန်ဆောင်မှုအဖွဲ့များသည် ငြိမ်းချမ်းရေးအတွက် အဓိက ဦးတည်ပြီး တည်ထောင်လုပ်ဆောင်ခဲ့ကြခြင်း မဟုတ်ကြောင်းကိုလည်း ရှင်းလင်းတင်ပြထားလိုပါသည်။

## အပိုင်း ၂။ ။ မြန်မာနိုင်ငံအတွင်းရှိ အခြေခံလူမှုဝန်ဆောင်မှုများ၊ နိုင်ငံရေးနှင့် ပဋိပက္ခ

မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်တိုင်းရင်းသားပဋိပက္ခများကို ဖြစ်ပွားစေသော နောက်ခံအကြောင်းရင်းများ၏ သဘောသဘာဝကြောင့် အခြေခံလူမှုဝန်ဆောင်မှုများ ထောက်ပံ့ရေးသည် အစဉ်အလာကိုဆန့်ကျင်ပြီး နိုင်ငံရေး အရအလွန်ထိရှလွယ်သည့် အကြောင်းအရာတစ်ခုဖြစ်နေခဲ့သည်။ ယခုအပိုင်းတွင် ပဋိပက္ခများကိုရေရှည်တည်မြဲ စေခဲ့သော အကြောင်းရင်းများဖြစ်သည့် လူမှုဗေဒနောက်ခံအကြောင်းများနှင့် သမိုင်းဆိုင်ရာဖြစ်ထွန်းမှုများကို လေ့လာဆန်းစစ်သွားမည်ဖြစ်ပြီး ယင်းအချက်များက အခြေခံလူမှုဝန်ဆောင်မှုများထောက်ပံ့ခြင်းနှင့် မည်သို့ ဆက်စပ်နေသည်ကို လေ့လာမည်ဖြစ်သည်။ နောက်ဆုံးတွင် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ယင်းကိစ္စရပ် များက မည်သို့မည်ပုံနေရာယူခြယ်လှယ်နိုင်သည်ကို လေ့လာသုံးသပ်သွားပါမည်။

### ၂.၁ အုပ်ချုပ်ခွင့်အတွက် တိုက်ပွဲဝင်ခြင်း

အရှေ့တောင်အာရှဒေသတစ်ခွင်တွင် ဖြစ်ပွားသော ပြည်တွင်းပဋိပက္ခများမှာ အစိုးရစွမ်းဆောင်ရည်ညံ့ဖျင်းခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုအလွန်နှေးကွေးခြင်းနှင့် ဖွံ့ဖြိုးမှုနိမ့်ကျခြင်းတို့ကဲ့သို့သော အကြောင်းရင်းများကြောင့် ဖြစ်ပွားရ ခြင်းမဟုတ်ပါ။ ယင်းပဋိပက္ခများသည် နိုင်ငံရေးသဘောဆောင်ကြသည်။ များသောအားဖြင့် အစိုးရ (လွှမ်းမိုးသူ လူစု) နှင့် ယင်းအစိုးရ၏ဗဟိုထိန်းချုပ်မှုကို ဆန့်ကျင်ခုခံကြသော ဒေသဆိုင်ရာအုပ်စုများအကြားဖြစ်ပွားသည့် ဘက်ပြိုင်မှုများဖြစ်သည်။ (Parks, Colletta, and Oppenheim 2013: 37)

မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုပဋိပက္ခများသည်လည်း အခြားဒေသတွင်းနိုင်ငံများကဲ့သို့ပင် နိုင်ငံကို ခွဲဝေ အုပ်ချုပ်ရေးနှင့်အဓိကပတ်သက်၍ ပေါ်လာခြင်းဖြစ်သည်။ ပဋိပက္ခကို အဓိကမောင်းနှင်သောအချက်မှာ သက် ဆိုင်ရာလူထုအပေါ်အုပ်ချုပ်နိုင်သည့် အာဏာနှင့် အာဏာ၏တရားဝင်မှုတို့နှင့် ဆက်စပ်နေသည်။ အလားတူပင် နယ်မြေနှင့် အရင်းအမြစ်များကို ပိုင်ဆိုင်ထိန်းချုပ်မှုနှင့် ဆိုင်သောကိစ္စများကလည်း အာဏာပြီးလျှင် ဒုတိယ အရေးအကြီးဆုံး သဘောကွဲလွဲမှုများဖြစ်လာသည်။ ထိုအကြောင်းကြောင့်ပင် လူမှုဝန်ဆောင်မှုများ ဝင်ရောက် ဆောင်ရွက်ခြင်းသည် နိုင်ငံရေးအရ ထိရှလွယ်သော ကိစ္စတစ်ခုဖြစ်နေသလို ငြိမ်းချမ်းရေးတည်ဆောက်မှု အတွက်လည်း အလွန်အဓိကကျသော ကိစ္စရပ်များဖြစ်နေပြန်သည်။

မြန်မာနိုင်ငံအတွင်းရှိ လူ့အဖွဲ့အစည်းများ၏ ထင်ရှားသော ဝိသေသလက္ခဏာမှာ လူမှုသိပ္ပံပညာရှင်များ၏အဆို အရ "အုပ်ထိန်းသူ-အုပ်ထိန်းခံ ဆက်ဆံရေး"ပင်ဖြစ်သည်။ ယင်းသို့သောဆက်ဆံရေးများတွင် အုပ်ထိန်းသူများ သည် ဆက်ဆံရေးတွင် တစ်ဆင့်မြင့်သူများဖြစ်ပြီး အုပ်ထိန်းခံများသည် တစ်ဆင့်နိမ့်သူများဖြစ်သည်။ အုပ်ထိန်း သူများသည် အုပ်ထိန်းခံများကို ကာကွယ်စောင့်ရှောက်ရေး၊ ထောက်ပံ့ကူညီရေးနှင့် အုပ်ထိန်းခံများ၏ကံကြမ္မာ ကိုအဆုံးအဖြတ်ပေးမည့် ဆုံးဖြတ်ချက်များချမှတ်ရေး စသည်တို့အတွက် တာဝန်ရှိသည်ဟု ယူဆကြသည်။ အပြန်အလှန်အားဖြင့် အုပ်ထိန်းခံများကလည်း အုပ်ထိန်းသူအပေါ်သစ္စာစောင့်သိမှုပေးရကာ အကြွင်းမဲ့နီးပါးနာခံ ဖို့လိုသည်။ ဆုံးဖြတ်ချက်ချမှတ်ရန်တာဝန်ရှိမှုနှင့် လိုအပ်ပါက ထောက်ပံ့ကူညီမှုများပေးရန်တာဝန်ရှိမှုသည် တစ် ဆင့်မြင့်သည်ဟူသော စီနီယာဖြစ်မှု၏ သင်္ကေတပင်ဖြစ်ပြီး အုပ်ထိန်းသူများအတွက် ဝန်ထုပ်ဝန်ပိုးများလည်းဖြစ် စေသည်။ သို့ရာတွင် အုပ်ထိန်းခံအနေဖြင့်လည်း ထိုသို့အုပ်ထိန်းမှုအပေါ်အမြဲတမ်းကျေးဇူးသစ္စာစောင့်သိရမည့် အပြင် မိမိတို့ကိုယ်ပိုင်မျှော်မှန်းချက်များနှင့် ကိုယ်ပိုင်ခံယူချက်များဖော်ထုတ်ခြင်းကိုမူ ရှောင်ရှားရမည်။

ထိုသို့သော ဆက်ဆံမှုပုံစံများသည် မိသားစုအဆင့်မှစ၍ ရပ်ရွာအတွင်းနှင့် နိုင်ငံရေးအာဏာရှိသူများအချင်းချင်း ကြားရှိ ဆက်ဆံမှုများကိုပါ ပြဌာန်းသည်။ အလားတူဆက်ဆံရေးမျိုးသည် နိုင်ငံရေးနှင့် လက်နက်ကိုင်အဖွဲ့ အစည်းများ၏ လောကတွင်လည်းရှိသည်။ ထို့အပြင် သက်ဆိုင်ရာပြည်သူလူထုနှင့် နိုင်ငံရေးအဖွဲ့များ/ လက်နက်ကိုင်အဖွဲ့များကြားတွင်လည်းရှိနေသည်။ မလုံခြုံသောအခြေအနေများတွင်မူ အုပ်ထိန်းသူ၏ တာဝန်မှာ

လုံခြုံရေးကိုအာမခံပေးရန်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်သို့မဟုတ် အလားတူခိုင်မာသောအဖွဲ့အစည်း မျိုးမှ တာဝန်ယူဆောင်ရွက်ပေးသော လူတိုင်းအကျုံးဝင်သည့် လုံခြုံရေးစနစ်မျိုးများရှိမနေသော အခြေအနေတွင် အရပ်သူအရပ်သားများအနေဖြင့် ဖော်ပြပါဆက်ဆံရေးအခြေအနေမျိုးကို ပိုပြီးအမှီသဟဲပြုနေကြရသည်။ သစ္စာခံ မှု၊ အုပ်ထိန်းခံမှုတို့နှင့်ပတ်သက်ပြီး လိုက်လျောညီထွေဖြစ်လျင် အုပ်ထိန်းသူ-အုပ်ထိန်းခံဆက်ဆံရေးကောင်းတစ်ခုဖြစ်ထွန်းပြီး လိုက်လျောညီထွေမဖြစ်ပါက လက်နက်ကိုင်ပဋိပက္ခအပါအဝင် ပဋိပက္ခများဖြစ်ပွားသည်။

မြန်မာနိုင်ငံအတွင်းတွင် တိုင်းရင်းသားလူမျိုးစုတစ်ခုအတွင်းနှင့် လူမျိုးစုများအချင်းချင်းအကြားတွင် အုပ်ထိန်းသူ-အုပ်ထိန်းခံဆက်ဆံရေးအပေါ် ရှုမြင်သောအမြင်များအချင်းချင်း သဟဇာတမဖြစ်တော့သောအခါ ဘက်ပြိုင်မှုများဖြစ်ပေါ်လာပြီး ယင်းဘက်ပြိုင်မှုများက ခေတ်ပြိုက်လက်နက်ကိုင်ပဋိပက္ခများကို ဖြစ်ပွားစေခြင်းဖြစ်သည်။ လုံခြုံရေးနှင့် လူမှုဗေဒဆက်ဆံရေး များအတွက် မြန်မာနိုင်ငံအတွင်းရှိ လူအများစုမှီခိုအားထားနေရသော အုပ်ထိန်းသူ-အုပ်ထိန်းခံဆက်ဆံရေးသည် လူမျိုးစုနှင့် ဘာသာဗေဒဆိုင်ရာ ဆက်သွယ်မှုများနှင့်လည်း နီးနီးကပ်ကပ်ဆက်စပ်နေခဲ့သည်။ ထိုသို့ဖြစ်နေခဲ့သည်မှာ ကိုလိုနီခေတ်နှောင်းပိုင်း အမျိုးသားရေးဝါဒလှုပ်ရှားမှုများမပေါ်ပေါက်ခင်ကတည်းကပင်ဖြစ်သည်။ ဝေါလ်တန် (၂၀၀၈း ၄) ကရေးခဲ့သလိုပင် တိုင်းရင်းသားလူမျိုးစုအမှတ်လက္ခဏာများသည် ရာစုနှစ်ပေါင်းများစွာအကြာတွင် တဖြည်းဖြည်းတည်ဆောက်ပုံဖော်လာခဲ့ပြီး သက်ဆိုင်ရာလူမျိုးစုဝင်များအတွက် လူ့အဖွဲ့အစည်းအတွင်း ၎င်းတို့၏နေရာကို သတ်မှတ်ရန်နှင့် ၎င်းတို့၏ ဘဝသာယာဝပြောမှုကို အာမခံပေးရန်အတွက် အခြေခံအချက်များဖြစ်လာကြသည်ဟု ဆိုရမည်။

လွတ်လပ်ရေးရချိန်တွင်မူ ကိုလိုနီအုပ်စိုးမှုအောက်မှလွတ်မြောက်ရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးပမ်းခဲ့ကြ သော တိုင်းရင်းသားလွတ်လပ်ရေးလှုပ်ရှားမှု သမိုင်းအသီးသီးက သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးစုကြီးများအားလုံး၏ဖြစ်တည်မှုကို ကိုယ်စားပြုဖော်ပြလာသည်။ လွတ်လပ်ရေးရပြီး နှစ်များစွာမကြာမြင့်မီမှာပင် ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ထောင်ရေး မျှော်လင့်ချက်များ လုံးဝဆိတ်သုဉ်းသွားပြီးနောက်တွင် မြန်မာအစိုးရက တိုင်းရင်းသားလူမျိုးစုများအားလုံးကို ဗမာများလွှမ်းမိုးပြီး ဗဟိုကထိန်းချုပ်သော မြန်မာနိုင်ငံတော်အောက်သို့ သွတ်သွင်းရန်ကြိုးပမ်းလာခဲ့သည်။ အကျိုးဆက်အနေနှင့် ကိုယ်ပိုင်အမျိုးသားရေးအမြင်များရှိကြသော ဗမာမဟုတ်သည့် တိုင်းရင်းသားခေါင်းဆောင်များသည် လက်နက်စွဲကိုင်ပြီး ၎င်းတို့၏သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများကို မိမိတို့ဖာသာအုပ်ချုပ်ခွင့်အတွက် တိုက်ပွဲဝင်ခဲ့ကြသည်။

အထူးသဖြင့် ဗမာများကဦးဆောင်သော ဗဟိုအစိုးရက အစိုးရနှင့် တိုင်းရင်းသားလူမျိုးစုများအကြားတွင် အုပ်ထိန်းသူ-အုပ်ထိန်းခံဆက်ဆံရေးများထူထောင်ရန်စတင်ကြိုးစားလာချိန်တွင် သက်ဆိုင်ရာတိုင်းရင်းသား လူမျိုးစုများအတွင်းရှိ အစဉ်အလာခေါင်းဆောင်များက ၎င်းတို့အစဉ်အဆက်ကျင့်သုံးခဲ့သည့် အုပ်ထိန်းမှုစနစ်ကို ဆက်လက်ကိုင်စွဲကျင့်သုံးခွင့်ရှိကြောင်း အခိုင်အမာရပ်ခံလာကြခြင်းဖြစ်သည်။

အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြားတွင် ဂိုဏ်းကွဲများကို ဖြစ်ပေါ်စေခြင်းနည်းဗျူဟာကို အစဉ်အဆက်ကျင့်သုံးသည်။ အထူးသဖြင့် အဖွဲ့အစည်း၏အောက်ခြေအမာခံများအကြားတွင် ခေါင်းဆောင်ပိုင်း အပေါ် သစ္စာမခံတော့သူများ ပေါ်ပေါက်လာအောင်ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ထိုခွဲထွက်ရေးသမားများ သည် အမျိုးသားရေးအခြေခံလူမျိုးစုကြီးတစ်ခုအတွင်းမှ လူနည်းစုလူမျိုးစုငယ်များ၊ သို့မဟုတ် ဘာသာရေးအရ လူနည်းစုဖြစ်နေသူများ ဆိုပါက ယင်းတို့အတွက် ဗဟိုအစိုးရသည် ပိုမိုသင့်လျော်သော အုပ်ထိန်းသူဖြစ်သည် ဟူသော အမြင်ကို ဖန်တီးပေးသည်။ ထိုအချက်က သစ္စာခံမှုကို ပုံစံအမျိုးမျိုးနှင့် ဝယ်ယူရန်ကြိုးပမ်းမှုများကို မီးမောင်းထိုးပြနေသည်။ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်း၊ နယ်မြေ၊ ဒေသတွင်း နိုင်ငံရေးအခွင့်အလမ်းများနှင့် စီးပွားရေးလုပ်ပိုင်ခွင့်များကို ပုံစံအမျိုးမျိုးပေါင်းစပ်ကမ်းလှမ်းပြီး သစ္စာခံမှုကို ဝယ်ယူရန်ကြိုးပမ်းလေ့ရှိသည်။ ထိုသို့သွေးခွဲခြင်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ အချို့သောတပ်မှူးများနှင့် နောက်လိုက်တပ်သားများကို ခွဲထွက်စေရုံသက်သက်မဟုတ်ပဲ ယင်းတို့၏ အုပ်ထိန်းမှု ကို လက်ခံသော

ပြည်သူလူထုအတွင်းမှ အစိတ်အပိုင်းများ (အထူးသဖြင့် ခွဲထွက်သမားများနှင့် ဆက်ဆံရေးရှိ သောအစိတ်အပိုင်းများ) ကိုလည်း ဆုံးရှုံးသွားစေသည်။

မူလသက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစုများ၏ နိုင်ငံရေးလှုပ်ရှားမှုအောက်မှခွဲထွက်ကာ မြန်မာ့တပ်မတော်လက် အောက်သို့ခိုဝင်ကြသော အုပ်စုများကလည်း မြန်မာအစိုးရ၏ အုပ်ထိန်းခံဘဝကို လက်ခံကြပြီး အပြန်အလှန်အား ဖြင့် ယင်းတို့၏သက်ဆိုင်ရာနယ်မြေများ၌ အုပ်ထိန်းသူဘဝကိုလည်း အသိအမှတ်ပြုအာမခံပေးရန်တောင်းဆိုကြ သည်။ တပြိုင်နက်တည်းလိုလိုမှာပင် ဒါဇင်နှင့်ချီသော တိုင်းရင်းသားလက်နက်ကိုင်လှုပ်ရှားမှုများသည်လည်း ထောင်သောင်းချီသော တိုက်ခိုက်ရေးသမားများကို စည်းရုံးလှုပ်ရှားပြီး စစ်ရေးအရရှင်သန်ရပ်တည်ကာ သက်ဆိုင်ရာဒေသများတွင် အုပ်ချုပ်ရေးများတည်ထောင်ခြင်း၊ ပြည်ထောင်စုအဆင့်နိုင်ငံရေးတွင် အခန်းကဏ္ဍ တစ်ခုကိုရယူထားခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ဤနည်းအားဖြင့် အုပ်ထိန်းခံများအဖြစ်နေရန်အ တွက် မြန်မာအစိုးရ၏တောင်းဆိုဖိအားပေးမှုကို ဆန့်ကျင်ရပ်တည်ထားနိုင်ကြသည်။

သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် ဒေသခံများအကြားရှိ အုပ်ထိန်းသူ-အုပ်ထိန်းခံဆက်ဆံရေး ကလည်း ပဋိပက္ခများကို တနည်းတဖုံ ပုံဖော်နေပြန်သည်။ အဘယ့်ကြောင့်ဆိုသော် စစ်ပွဲများဖြစ်ပွားရန်အတွက် လူထုကလည်း အခရာကျနေပြန်သောကြောင့်ဖြစ်သည်။ စစ်ပွဲများဖြစ်ပွားချိန်တွင် (တိုင်းရင်းသားလက်နက် ကိုင်များအတွက်) အဓိကအထောက်အပံ့မှာ ဒေသခံလူထုထံမှ လာခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် များသောအားဖြင့် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးစုများအတွက် အုပ်ထိန်းသူရာထူးကို အလိုအလျောက်ရရှိလေ့ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ခေါင်းဆောင်ပိုင်းမှာ ပညာတတ်ပြီးလေးစားထိုက် သော အမျိုးသားရေးခေါင်းဆောင်များဖြစ်ကြသည့်အပြင် ကျေးလက်နေ ဗမာမဟုတ်သော တိုင်းရင်းသားလူထု အတွက် လုံခြုံရေးနှင့် ထောက်ပံ့ကူညီပေးရေးများကို အဓိကဆောင်ရွက်ပေးနေကြသူများဖြစ်သောကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ခိုင်မာ သော ဆက်ဆံရေးများကို တည်ဆောက်နိုင်ခဲ့ကြပြီး ရေရှည်တည်တံ့အောင်လည်း ထိန်းထားနိုင်လေ့ရှိသည်။ အထူးသဖြင့် မည်သည့်နိုင်ငံရေးဝါဒလက်ကိုင်ထားသည်ဖြစ်စေ ဒေသခံတိုင်းရင်းသားများ၏ လုံခြုံရေးနှင့် ထောက်ပံ့ရေးကို အာမခံပေးနိုင်နေသရွေ့ သစ္စာခံမှုလည်း တည်မြဲနေမည်ဖြစ်သည်။

ထိုအခြေအနေကို လက်မခံနိုင်သော တပ်မတော်ကလည်း ၁၉၆၂ အာဏာသိမ်းပြီးပြီးချင်းတွင် လူထုကိုအခြေပြု ပြီး တိုင်းရင်းသားလက်နက်ကိုင်များကို ချေမှုန်းမည့် ဖြတ်လေးဖြတ် မဟာဗျူဟာကို ကျင့်သုံးခဲ့သည်။ ထိုမဟာဗျူ ဟာအရ တိုင်းရင်းသားလက်နက်ကိုင်များနှင့် လူထုကိုအဆက်ဖြတ်ရန်အတွက် မြေလှန်စစ်ပွဲများ၊ လူထုကို အတင်းအကျပ်နေရာပြောင်းခိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့နေရာရွှေ့ပြောင်းခံရသော်လည်း တပ်မတော်၏အကြံအစည်အတိုင်း အတိအကျရွှေ့ပြောင်းခြင်းမပြုသော လူထုသည် တိုင်းရင်းသား လက်နက် ကိုင်များ၏ အမာခံစခန်းများနှင့် အိမ်နီးချင်းပြည်ပနိုင်ငံများသို့ ထွက်ပြေးလွတ်မြောက်လာခဲ့ကြသည်။ ယင်းတို့ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက လုံခြုံရေးနှင့် ထောက်ပံ့ကူညီရေးများဆောင်ရွက်ပေး ရပြန် သည်။ ဤနည်းအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်တို့၏နယ်မြေများ ပိုမိုကျဉ်းမြောင်းသွားသော်လည်း ဒေသခံ များနှင့် ယင်းတို့အကြားတွင် ဆက်ဆံရေးများ ပိုမိုတိုးတက်ခိုင်မာလာခဲ့သည်။

လက်နက်ကိုင်အင်အားစုများအကြားတွင် ဖြစ်ပွားသော ရန်ဘက်ဖက်ပြိုင်ပဋိပက္ခများသည် အုပ်ထိန်းသူ-အုပ် ထိန်းခံ ဆက်ဆံရေးများ အပြိုင်အဆိုင်တည်ဆောက်ရာမှ ဖြစ်ပွားသော ပဋိပက္ခပုံစံအမျိုးမျိုးပင်ဖြစ်သည်။ ၂၀၀၀ ပြည့်လွန်နောက်ပိုင်းတွင် အချို့သော လက်နက်ကိုင်ပဋိပက္ခများသည် စီးပွားရေးအရင်းအမြစ်များကို ပိုင်ဆိုင်ခွင့် အတွက် အပြိုင်အဆိုင်ပြုကြရာမှဖြစ်ပွားခြင်းဖြစ်သော်လည်း လူထုအပေါ် စီမံအုပ်ချုပ်ခွင့်နှင့်ပတ်သက်သော သဘောကွဲလွဲမှုသည်သာလျှင် ပြည်တွင်းပဋိပက္ခများ၏ အဓိကရေသောက်မြစ်ဖြစ်သဖြင့် ငြိမ်းချမ်းရေးပြန်လည် တည်ဆောက်သောအခါတွင်လည်း အခြေခံကျသော အချက်တစ်ခုဖြစ်နေဆဲဖြစ်သည်။

## ၂.၂ အခြေခံလူမှုဝန်ဆောင်မှုများ၏ အခန်းကဏ္ဍ

အခြေခံလူမှုဝန်ဆောင်မှုများဆောင်ရွက်ပေးခြင်းသည် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ၏ အုပ်ချုပ်ရေးကြိုးပမ်းဆောင်ရွက်မှုများတွင် အဓိကကျပြီး၊ ယင်းတို့၏ လူမျိုးစုဝင်တိုင်းရင်းသားလူထုနှင့်ဆက်ဆံရေးတွင်လည်း အခြေခံကျသော အစိတ်အပိုင်းဖြစ်နေသည်။ ယခုသုတေသနတွင် တွေ့ဆုံမေးမြန်းခဲ့သော တိုင်းရင်းသာလက်နက်ကိုင်ခေါင်းဆောင်များအားလုံးက ကိုယ့်လူထုအတွက် ဝန်ဆောင်မှုများဆောင်ရွက်ပေးခြင်းသည် ၎င်းတို့၏ အဓိကတာဝန်ဝတ္တရားဖြစ်သည်ဟု ခံယူကြကြောင်းဖြေဆိုကြသည်။[10]

အချို့သောအဖွဲ့အစည်းများသည် လက်နက်ကိုင်တော်လှန်ရေးစတင်ပြီးများမကြာမီတွင်ပင် ဝန်ဆောင်မှုဌာန များကို စတင်ဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့ကြသည်။ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ဝန်ဆောင်မှု ကွန်ရက်အများစုမှာမူ စစ်ကြောင့် ရွှေ့ပြောင်းဒုက္ခသည်အများအပြားပေါ်ထွက်လာပြီးနောက်ပိုင်းတွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ ဥပမာအားဖြင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ကချင်၊ ရှမ်း၊ မွန်၊ ကရင်စသော ဒေသများတွင်ဖြစ်ပွားသော စစ်ပွဲများကြောင့် ထောင်နှင့်ချီသော စစ်ရှောင်ဒုက္ခသည်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသော နယ်မြေများသို့လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့များက ဒုက္ခသည်စခန်းများတွင် အထောက်အပံ့များ ရစေရန် ညှိနှိုင်းစီစဉ်ပေးနိုင်သော အိမ်နီးချင်းနိုင်ငံများသို့ လည်းကောင်း ပြေးဝင်ခိုလှုံခဲ့ကြသည်။[11]

လူသားချင်းစာနာရေးကိုရည်ရွယ်သော ထိုဆောင်ရွက်မှုများမှတစ်ဆင့် တိုင်းရင်းသားလူမျိုးစုအခြေခံ လူမှုဝန်ဆောင်မှုဌာနများသည် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အစိတ်အပိုင်းအဖြစ်လည်းကောင်း၊ ဆက်စပ်နေသော သီးခြားအဖွဲ့အစည်းများအဖြစ်လည်းကောင်း စတင်ပေါ်ပေါက်လာကြသည်။ များသောအားဖြင့် ထိုသို့ကြိုးပမ်းဆောင်ရွက်ခြင်းများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တိုင်းရင်းသား လူထုများ၏ မျှော်လင့်လိုလားချက်ဖြစ်သော ကိုယ်ကြံမှာကိုယ်ဖန်တီးခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များနှင့်လည်း ယှက်နွယ်ယှဉ်တွဲနေကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက်လည်း လူမှုဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်းသည် ဒေသခံလူထုနှင့် အုပ်ထိန်းသူ/ခံဆက်ဆံရေးမျိုးကို တည်ထောင်ခြင်းဖြစ်ပြီး ဤနည်းဖြင့် အဖွဲ့၏တရားဝင်မှုကို အားဖြည့်တည်ဆောက်ခြင်းဖြစ်သည်။

ပိုမိုကျယ်ပြန့်စွာဆက်စပ်ရလျှင် လူမှုဝန်ဆောင်မှုများကို နိုင်ငံတည်ထောင်ခြင်း၏ အခြေခံအဖြစ်ရှုမြင်ကြသည်ဟု ဆိုရမည်။ ရာစုနှစ်ပေါင်းများစွာကပင် မြန်မာလူ့အဖွဲ့အစည်းအတွင်း၌ ပြည်သူ့ဝန်ဆောင်မှုများပေးခြင်းသည် တန်ခိုးအာဏာ၊ လုပ်ပိုင်ခွင့်နှင့် တရားဝင်မှုတို့ကို ဖော်ပြခြင်းဖြစ်သည်ဟူသော အယူအဆအတွေးအမြင်ကြောင့် ယင်းသည် တိုင်းရင်းသားလူမျိုးစုများ၏ အမျိုးသားရေးလှုပ်ရှားမှုများနှင့် တိုက်ရိုက်ဆက်စပ်နေရခြင်းဖြစ်သည်။

## ၂.၃ ပြည်သူ့ဝန်ဆောင်မှုများနှင့် မြန်မာနိုင်ငံအတွင်းရှိ တရားဝင်မှုဘက်ပြိုင်ဆိုင်ခြင်း

တိုင်းရင်းသားလက်နက်ကိုင်ပုန်ကန်မှုများကို အစိုးရကဆယ်စုနှစ်များစွာ နှိမ်နင်းရင်းဖြင့် နိုင်ငံတော်၏ လူဦးရေ နှင့် နယ်မြေအများစုသည် ဗဟိုအစိုးရ၏ထိန်းချုပ်မှုအောက်သို့ ပြန်လည်ရောက်ရှိလာခဲ့ရသည်။ အစိုးရ၏ အုပ်ချုပ်ရေးဌာနများသည် နယ်စွန်နယ်ဖျားဒေသများအပါအဝင် တစ်နိုင်ငံလုံးနီးပါးကို လက်လှမ်းမီအုပ်ချုပ်နိုင်ခဲ့ကြသည်။ အလားတူပင် တပ်မတော်မရောက်ပေါက်နိုင်သော ဒေသဟူ၍လည်း အနည်းငယ်သာကျန်ရှိတော့ သည်။ သို့ရာတွင် နိုင်ငံတော်အစိုးရ၏ တရားဝင်မှုသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆုတ်ယုတ်ကျဆင်းခဲ့ရ သည်။ အထူးသဖြင့် အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲအောင်ပွဲကြောင့် လည်း အစိုးရ၏ တရားဝင်မှုဆက်လက်ကျဆင်းခဲ့သည် (ရောင်ဝေ ၂၀၁၄း ၄၄)။ ဗမာမဟုတ်သော လူမျိုးစုများ နေထိုင်သော

ဒေသများအတွက်မူ မြန်မာအုပ်စိုးမှုအပေါ် စိတ်ပျက်လက်ပျက်ဖြစ်နေချိန်တွင် ကာလရှည်တည် တံ့ခဲ့သော အုပ်ထိန်းသူ/ခံစနစ်ကြောင့် တိုင်းရင်းသားများကို ၎င်းတို့နှင့်မျိုးနွယ်တူ ခေါင်းဆောင်များနှင့် ပိုပြီးနီး ကပ်သော ဆက်ဆံရေးများကို ဖြစ်ထွန်းလာစေသည်။

မြန်မာနိုင်ငံ အာဏာရအစိုး၏ အထက်မှအောက်သို့ဆင်းသက်သော ပြုပြင်ပြောင်းလဲရေးများသည် ပြည်တွင်းနှင့် နိုင်ငံတကာတွင် အစိုးရ၏တရားဝင်မှုကို မြှင့်တင်လို၍ဖြစ်ကြောင်းသိသာထင်ရှားသော်လည်း တပ်မတော်နှင့် တပ်မတော်နှင့်နီးစပ်သောသူများသည် တိုင်းပြည်ကို အုပ်ထိန်းကာကွယ်သောအခန်းကဏ္ဍကို ဆက်လက်ရယူ ထားသည် (အီဂရီဒူးနှင့်ဂျာဂင်၊ ၂၀၁၃)။ [12] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်ကနိုင်ငံရေးတွင် ဆက် လက်ပါဝင်ပတ်သက်နေမည်ဖြစ်ပြီး အစိုးရအာဏာအများစုကိုလည်း ဗဟိုချုပ်ကိုင်မှုအောက်တွင်ဆက်လက်ထား ရှိသည် (နစ်ဇင်နှင့်အခြား၊ ၂၀၁၃)။ သို့ရာတွင် အာဏာနှင့် တရားဝင်ဖြစ်မှုကို ချိန်ညှိပြီးတစ်ပြိုင်နက်တည်း ဆုပ်ကိုင်ထား ရန်ဆိုသည်မှာ ဗမာမဟုတ်သော တိုင်းရင်းသားဒေသများတွင် အထူးသဖြင့် ခက်ခဲလှသည်။ ထို့ကြောင့် အဆို ပါဒေသများတွင် အစိုးရဝန်ဆောင်မှုဌာနများအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ တိုင်းရင်းသားနိုင်ငံရေး ပါတီနှင့် အရပ်ဘက်အဖွဲ့အစည်းများစသော အစိုးရမဟုတ်သော အခြားအာဏာစနစ်များ နှင့် ယှဉ်တွဲပါ အုပ်ထိန်းသူ-အုပ်ထိန်းခံဆက်ဆံရေးမျိုးကိုပါ လက်ခံပေါင်းစည်းပေးနိုင်မည့် အလားအလာရှိလာ သည်။

ပဋိပက္ခများကို ထိန်းချုပ်နိုင်ပြီးနောက်တွင် သက်ဆိုင်ရာနိုင်ငံများသည် ခိုင်မာသောအဖွဲ့အစည်းများကို ပြန်လည် တည်ထောင်ရေးနှင့် လူမှုစည်းနှောင်မှုကို ပြန်လည်ဖန်တီးရေးအပါအဝင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး ကိုဖြစ်စေသော အရာများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှု အကြောင်းရေးသားသော စာအုပ်စာတမ်းများတွင် ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်မှုကာလအတွင်း၌ ထိလွယ်ရှလွယ်သော ဒေသများအတွင်း အခြေခံပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို လက်ဆုပ်လက်ကိုင် ပြနိုင်သော ငြိမ်းချမ်းရေး၏ အသီးအပွင့်များအဖြစ် ဝန်ဆောင်ပံ့ပိုးပေးဖို့လိုသည်ဟု ဖော်ပြသည်။ ထိုသို့ဝန်ဆောင် ပေးရာတွင်လည်း အစိုးရ၏ နောက်၌နိုင်ငံတကာအဖွဲ့အစည်းများကျောထောက်နောက်ခံရှိနေရန်လိုအပ်သည်။ [13] ယင်းသို့ဆောင်ရွက်ခြင်းသည် ပြည်သူများ၏အမြင်တွင် တရားဝင်သောအစိုးရပြန်ဖြစ်လာအောင် တည်ဆောက် ခြင်းတစ်မျိုးပင်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း ပံ့ပိုးကူညီရာရောက်အောင် ဆောင်ရွက်ရသည်။ ထို့အပြင်နိုင်ငံတော်အနေ နှင့် ပြည်သူလူထုကိုကောင်းစွာထိတွေ့ဆက်ဆံပြီး အုပ်ချုပ်နိုင်သောစွမ်းရည်ကို တိုးတက်စေခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရည်မှန်းချက်ကိုလည်း ပံ့ပိုးကူညီပေးနိုင်သည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်နှင့် ပြည်သူများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာသည်ဟုဆိုသော အထောက်အထားများမှာ အမြင့်ဆုံးအဆင့်တွင်ပင် တစ်စိတ်တပိုင်းသာမှန်သော အထောက်အထားများ ဖြစ်နေ တတ်သည်။ [14] ထို့အပြင် နိုင်ငံတော်အာဏာစက် ကောင်းစွာမသက်ရောက်သောဒေသများသည် အမှန်တကယ် တွင်လည်း အာဏာစက် ဖြန့်ကျက်စရာမလိုလောက်အောင် ခေါင်ခိုက်သောဒေသများဖြစ်တတ်သည်ဟူသော အဆိုမှာလည်း မှားယွင်းသောအယူအဆအဖြစ် သတ်မှတ်နိုင်သည် (ချက်စတာမင်းနှင့်အခြား၊ ၂၀၀၄)။[15]

မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲရာဒေသများတွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာစက်နှင့် တရားဝင်မှုတို့သည် မည်သည့်အခါမှ ခြေကုပ်မြဲခဲ့သည်မရှိရာ တိုင်းရင်းသားလူမျိုးတူများအချင်းချင်းကြားတွင် ကာလရှည်ကြာခိုင်မာ လာခဲ့သော သစ္စာစောင့်သိမှုနှင့် ထက်အောက်ဆက်ဆံရေးတို့ကို အပေါ်ယံဟန်ပြသာသာဆောင်ရွက်သော အစိုးရဝန်ဆောင်မှုလုပ်ငန်းများဖြင့် အစားထိုးဖယ်ရှားနိုင်မည်လည်းမဟုတ်ချေ။ အထူးသဖြင့် အစိုးရ၏ ဒေသခံ လူထုနှင့်ပထမဦးဆုံးထိတွေ့ဆက်ဆံမှုမှာ ထိုးစစ်ဖြစ်ပြီး ထိုးစစ်ကိုဦးဆောင်သူများမှာလည်း မြန်မာတိုင်းရင်းသား စစ်သားများဖြစ်ခဲ့ကြသောဒေသများတွင် ပိုမိုခက်ခဲမည်ဖြစ်သည်။

နိုင်ငံတော်က မိမိ၏နိုင်ငံသားများအပေါ်ဆက်ဆံရေးနှင့် ပဋိပက္ခဘက်အသီးသီးမှသူများနှင့် ဆက်ဆံရေးကို ဘက်စုံကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်းမရှိပါပဲနှင့် ပဋိပက္ခဒေသများသို့ နိုင်ငံတော်အာဏာစက်ကို ချဲ့ထွင် ခြင်းသည် သက်ဆိုင်ရာလူထု၏ နိုင်ငံရေးဘဝကို နှောက်ယှက်ဖျက်ဆီးခြင်းဖြစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေးအပေါ်

ကြီးစွာသောခြိမ်းခြောက်မှုလည်းဖြစ်စေသည်။ စေ့စပ်ဆွေးနွေးမှုများဆောင်ရွက်ရန်အတွက် လက်နက်ကိုင်အပစ်အခတ်ကို ခေတ္တရပ်စဲပေးထားချိန်တွင် ဒေသခံပြည်သူများကမလိုလားပဲ နိုင်ငံတော်အာဏာစက်ကိုဖြန့်ကျက်ရန် ကြိုးစားခြင်းသည် အောက်ခြေတွင် တင်းမာမှုများကိုဖြစ်ပွားစေသည်သာမကပဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လည်း အနှောက်အယှက်ဖြစ်စေနိုင်ပါသည်။

## ၂.၄ အမှီအခိုကင်းရေးအတွက် ရုန်းကန်ကြိုးပမ်းမှုများ

တိုင်းရင်းသားလူမျိုးစုဒေသများတွင် အမှီအခိုကင်းရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်တို့သည် လူ့အဖွဲ့အစည်း၏ အလွှာတိုင်းကတန်ဖိုးထားကြသော အချက်များဖြစ်သည်။ ပညာတတ်တိုင်းရင်းသားခေါင်းဆောင်များက ယင်းအချက်များကို ဖက်ဒရယ်နှင့် အမျိုးသားရေးဝါဒများဖြင့် ချိတ်ဆက်ကြပြီး ယင်းတို့ကိုမရရှိခြင်းသည် ပဋိပက္ခများ ၏ အဓိကမောင်းနှင်အားဖြစ်သော ဆုံးရှုံးနစ်နာမှုများကိုဖြစ်စေသည်ဟု ဆိုကြသည်။ ပဋိပက္ခဒေသများအတွင်းရှိ ရပ်ရွာလူထုသည်လည်း ရပ်ရွာအဆင့်တွင် လူမှုဝန်ဆောင်မှုများထောက်ပံ့ပေးမည့် စနစ်များကို ပိုင်းဝန်းတည်ထောင်ရန်အတွက် အမြိတမ်းအဆင်သင့်ဖြစ်နေတတ်ကြကြောင်းကိုလည်း တွေ့ရသည်။[16]

ထို့ကြောင့် ဗဟိုအစိုးရကပေးသော (သို့မဟုတ်) အစိုးရက တာဝန်ယူဖြန့်ချိပေးသော ဝန်ဆောင်မှုများကို လက်ခံရခြင်းသည် တိုင်းရင်းသားများကို အုပ်ထိန်းခံ၊ လက်ဝေခံဆိုသော ခံစားမှုများကိုဖြစ်စေပြီး၊ အထက်အောက်ဆက်ဆံရေးပုံစံမျိုးကို ဖြစ်စေသည်ဟု ယူဆကြသည်။ တိုင်းရင်းသားလူမျိုးစုဒေသများရှိ နိုင်ငံရေးခေါင်းဆောင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများက ပြည်သူ့ဝန်ဆောင်မှုများကို ဒေသတွင်းအစီအစဉ်များဖြင့်ဆောင်ရွက်ခြင်းကို နိုင်ငံတကာကထောက်ပံ့ကူညီပေးပါရန် အစဉ်အဆက်တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။[17]

ကရင်တိုင်းရင်းသားကျေးရွာကျောင်းဆရာတစ်ဦးက အောက်ပါအတိုင်းရိုးရှင်းစွာရှင်းပြသည်။

> *လူတိုင်းက ကိုယ့်ဖွံ့ဖြိုးရေးကို ကိုယ်တိုင်ဦးဆောင်ချင်ကြတာပဲ။ (ကျွန်တော်တို့ဒေသက) လူတွေဟာ အပြင်ကလာတဲ့ဖွံ့ဖြိုးရေးအစီအစဉ်တွေ မြန်မြန်ဆန်ဆန်ကြီးရောက်လာမှာကို ကြောက်နေကြတယ်။ အခုကျွန် တော်တို့မှာ အပစ်အခတ်ရပ်စဲရေးရှိနေပြီဆိုတော့ ဖွံ့ဖြိုးရေးကို ကိုယ့်ဖာသာလုပ်နိုင်ရမှာပေါ့။ ဒီလိုလုပ်နိုင်ဖို့ ခွင့်ပြုပေးတာမျိုးကို အားလုံးကလိုလားနေကြပါတယ်။*[18]

ဖာပွန်မြို့နယ်မှ ကရင်ရွှေ့ပြောင်းဒုက္ခသည်တစ်ဦးကလည်း *ဗမာတွေက ကျွန်တော်တို့ကို သူငယ်နှပ်စားတွေလို ဆက်ဆံကြတယ်။ သူတို့က ကျွန်တော်တို့ကို မလုပ်တတ်မကိုင်တတ်တွေလို့ ထင်နေကြတယ်လေ* ဟုထုတ်ဖော်ပြောကြားခဲ့သည်။ [19] အလားတူသုံးသပ်မှုမျိုးကို ၂၀၁၃ ခုနှစ်ကတည်းက အစိုးရနှင့် ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်ခဲ့သည့် ကရင်ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးကလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ *အစိုးရက ကျွန်တော်တို့ကိုယ့်ဖာသာဝန်ဆောင်မှုလုပ်ငန်းတွေလည်ပတ်လုပ်ကိုင်နိုင်တယ်ဆိုတာကို လျှော့တွက်တယ်လေ။ ဒါပေမယ့် သူတို့ကိုယ်တိုင်ကလည်း ကျွန်တော်တို့ရဲ့ ကျန်းမာရေးကိစ္စ၊ လုံခြုံရေးကိစ္စတွေကို ပကတိအရှိအတိုင်း နားလည်တယ်ဆိုတာ ကျွန်တော်တို့ယုံအောင် မပြနိုင်ပြန်ဘူး။*[20]

ပညာရေးမူဝါဒများကို မည်သူကထိန်းချုပ်နိုင်သည်ဆိုသော အချက်သည်လည်း အလွန်ထိရှလွယ်သော အငြင်းအခုံနေရာတစ်ခုဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် ပညာရေးသည် နိုင်ငံတည်ထောင်ရေးနှင့် ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးတွင် အရေးပါသော အခန်းကဏ္ဍတွင်ရှိသောကြောင့်ဖြစ်သည်။ သမိုင်းတလျှောက် တွင် ဗမာခေါင်းဆောင်များသည် တိုင်းရင်းသားလူမျိုးစုဒေသများ၌ ဗမာဘာသာစကားကို မိခင်ဘာသာစကား အဖြစ်သုံးစွဲစေရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ [21] သို့ရာတွင် ဗမာမဟုတ်သောတိုင်းရင်းသားခေါင်းဆောင်များ ကလည်း မိမိတို့၏မိခင်ဘာသာစကားနှင့် စာတတ်မြောက်မှုကို ပညာရေးနည်းလမ်းများဖြင့် တည်မြဲအောင်

ထိန်းသိမ်းခဲ့ကြရုံသာမက သမိုင်း၊ အမျိုးသားသီချင်း၊ အမျိုးသားအမှတ်လက္ခဏာများနှင့် အခြားသော ယဉ်ကျေးမှုဆိုင်ရာ အမှတ်အသားများကိုပါထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြသည်။

ပြီးခဲ့သောနှစ်များအတွင်းက အစိုးရသည်အချို့သောတိုင်းရင်းသားဒေသများတွင် မိခင်ဘာသာစကားဖြင့် ပညာသင်ကြားခွင့်နှင့်ပတ်သက်သော အနည်းငယ်မျှသောဆောင်ရွက်ချက်များကို အစိုးရပညာရေးစနစ်ဘောင်အတွင်း မှ စတင်ပြုလုပ်ခဲ့သည်။ သို့ရာတွင် ယင်းတို့မှာသင်ရိုးပြင်ပအပိုသင်ခန်းစာများအနေဖြင့်သာသင်စေခြင်းဖြစ်ပြီး အခြေခံအရေးအဖတ်ထက်ပို၍ တတ်မြောက်နားလည်နိုင်မည့်အလားအလာမရှိကြောင်းကိုလည်း တွေ့ရသည်။ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုဆိုင်ရာ ဥပမိအမှတ်အသားများကို နိုင်ငံတော်အင်စတီကျူးရှင်းများက ကာကွယ်စောင့်ရှောက်ပေးရန်အာမခံချက်မရှိသေးသရွေ့ တိုင်းရင်းသားလူမျိုးစုများအနေနှင့် မြန်မာနိုင်ငံတော်နှင့်အပြည့်အဝပေါင်းစည်းရေးကို ဆန့်ကျင်ခုခံနေကြဦးမည်သာဖြစ်သည်။

## ၂.၅ အုပ်ချုပ်ရေးတွင် ပါဝင်နိုင်ရန်အတွက် စေ့စပ်ညှိနှိုင်းခြင်း

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးအတွက် ယင်းကိစ္စရပ်များအားလုံးသည် ပိုမိုကျယ်ပြန့်သော နစ်နာဆုံးရှုံးမှုကြီး၏ အရေးပါသောအစိတ်အပိုင်းများ ဖြစ်နေသည်။ ကိုယ့်ဒေသကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်ခွင့်၊ နိုင်ငံရေးအရတန်းတူညီမျှမှုနှင့် ကိုယ့်ကြမ္မာကိုယ်ပြဌာန်းနိုင်ခွင့်တို့ ဆုံးရှုံးခြင်းသည် ကျယ်ပြန့်သောနစ်နာဆုံးရှုံးမှုကြီးများဖြစ်ပြီး လက်နက်ကိုင်ပုန်ကန်မှုများ၏ မူလရေသောက်မြစ်လည်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း သမနိရှည်ကြာသောပဋိပက္ခများကိုရှင်းပြနိုင်ရန် နိုင်ငံရေး၊ စီးပွားရေးနှင့် တရားမျှတမှုဆိုင်ရာ ပြဿနာရပ်များကို ထောက်ပြနိုင်သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အမြင်၌မူ ဗမာလူမျိုးကြီးဝါဒကိုကျင့် သုံးပြီး တိုင်းရင်းသားများ၏ အမျိုးသားရေးလှုပ်ရှားမှုများကို ဖိနှိပ်ပိတ်ပင်ခြင်း၊ ဗမာခေါင်းဆောင်များသည် အခြားတိုင်းရင်းသားခေါင်းဆောင်များထက် ကြီးမြတ်သည်ဟူသော အယူအဆကို ခိုင်မာအောင်တည်ဆောက်နေသော ကြောင့်ဖြစ်ရခြင်းသာဖြစ်သည်။

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအုပ်ချုပ်မှု၊ လုံခြုံရေး၊ စီးပွားရေးစသော အရေးအရာများနှင့်ပတ်သက်လျှင်လုပ်ပိုင်ခွင့်အားလုံးနီးပါးကို ဗဟိုအစိုးရနှင့်တပ်မတော်တို့၏ လက်တွင်းမှာပင်ထားရှိသည်။ အခြေခံပြည်သူ့ဝန်ဆောင်မှုများနှင့် ဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်လာလျှင်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသည် လုပ်ပိုင်ခွင့်မဆိုစလောက်သာ ရရှိထားခြင်းဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများတွင် လူမှုရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များအတွက် ပြည်နယ်အဆင့်ဝန်ကြီးများရှိသော်လည်း ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှု တို့ကဲ့သို့သော ကိစ္စရပ်များသည် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒေသဆိုင်ရာရုံးခွဲများ၏ စီမံခန့်ခွဲမှုအောက်တွင်သာရှိနေသေးသည်။ ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများကို သက်ဆိုင်ရာပြည်နယ်/တိုင်းဝန်ကြီးချုပ်ကရွေးချယ် ပြီး ဝန်ကြီးချုပ်ကိုမူ နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်ထားခြင်းဖြစ်သည် (နစ်ဆင်နှင့်အခြား၊ ၂၀၁၃း ၁၃-၁၄)။ နစ်ဆင်(၂၀၁၃း ၆၉) ၏အဆိုအရ ပြည်နယ်ဝန်ကြီးများသည် ဝန်ကြီးဌာနပင်မရှိကြသောကြောင့် မယ်မယ်ရရအာဏာမရှိကြသူ များဖြစ်နေကြသည်။

လက်ရှိငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက နိုင်ငံတော်တည်ထောင်ရေးလုပ်ငန်းစဉ်တွင် ၎င်းတို့အခန်းကဏ္ဍ ပါဝင်ရေးအတွက် ကြိုးပမ်းနေကြပြီး ဗဟိုချုပ်ကိုင်မှုလျော့ချသောနိုင်ငံ တော်တစ်ခုဖြစ်လာရေးအတွက် လမ်းပြဆောင်ရွက်နေကြသည်။ အလားတူပင် အစိုးရနှင့် တပ်မတော်အသိုင်းအဝိုင်း၏ အချို့သောအစိတ်အပိုင်းများအတွင်း၌လည်း အလားတူနားလည်မှုမျိုး စတင်ဖြစ်ပေါ်လာနေသည်။ (သို့သော်ကနဦးအဆင့်နားလည်မှုမျိုးသာဖြစ်သည်။) ၂၀၁၄ မေ ၂၃ ရက်နေ့က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များက ကြေညာရာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် တိုင်းရင်းသားအချင်းချင်းတန်းတူညီ မျှမှုနှင့် ဒီမိုကရေစီကိုအာမခံချက်ပေးနိုင်သော ဖက်ဒရယ်စနစ်တစ်ခု တည်ထောင်ရေးကို အတိအလင်း ဦးတည် ဆွေးနွေးခြင်းဖြစ်သည်ဟူသော အချက်ကို တပ်မတော်ကိုယ်စား

လုပ်ယ်များကလည်း လက်ခံသည်ဟုဖော်ပြထားသည်။ [22] အခက်အခဲအတားအဆီးများစွာ ကျန်ရှိနေသေးသည် မှန်သော်လည်း လက်ရှိဖြစ်ပေါ်တိုးတက်မှုများသည် ပဋိပက္ခများကို ချုပ်ငြိမ်းနိုင်စေမည့် နိုင်ငံရေးသဘော တူညီချက်ရရှိရေးအတွက် ဆယ်စုနှစ်ပေါင်းများစွာ အတွင်း အကြီးမားဆုံးဖြစ်ပေါ်တိုးတက်မှုများဖြစ်သည်ဟု ဆိုနိုင်သည်။

ကာလတိုအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများသည် လက်နက်ကိုင်ပဋိပက္ခဖြစ်နိုင်ချေများကို လျော့ချပြီး ယုံကြည်မှုတိုးချဲ့တည်ဆောက်ခြင်းနှင့် ပိုမိုနက်ရှိုင်းသော ဆွေးနွေးမှုများပြုလုပ်နိုင်စေရန်အတွက် ရည်ရွယ်လျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်ရှိရယူထားသော အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုအခန်း ကဏ္ဍများကို ညှိနှိုင်းဆွေးနွေးမှုများ မလွဲမသွေပါဝင်ရမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များဘက်မှ တင်ပြသောအဆိုပြုချက်တွင် နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်နေစဉ်အတွင်း သီးခြားလွတ် လပ်သော အခြေခံဝန်ဆောင်မှုများကို ဆက်လက်ထောက်ပံ့ပေးသွားနိုင်ရန်ရည်ရွယ်သည့် ကြားကာလအစီအမံ များအကြောင်းပါဝင်သည်။ အကယ်၍ အစိုးရနှင့်တပ်မတော်တို့ဘက်မှ အဆိုပါအဆိုပြုချက်များကို လက်မခံ သည့်တိုင်အောင် တိုင်းရင်းသားအဖွဲ့အစည်းများ၏ဝန်ဆောင်မှုစနစ်များမှာ အနာဂတ်တစ်ချိန်အထိ တည်မြဲနေ မည်မှာတော့ သေချာသည်။

ရေရှည်တွင်မူ နိုင်ငံရေးသဘောတူညီမှုတစ်ခုကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရေးအတွက် တစ်နိုင်ငံလုံးကို အုပ်ချုပ်သည့်အစိုးရတစ်ဖွဲ့နှင့် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကြားဆက်ဆံရေးကို ပုံမှန်ပြန်ဖြစ် အောင်လုပ်ခြင်းတို့လိုအပ်မည်ဖြစ်သည်။ ပြည်သူ့ဝန်ဆောင်မှုများကို နိုင်ငံတွင်းရှိပြည်သူများအားလုံးအတွက် နိုင်ငံတော်မှတာဝန်ခံဆောင်ရွက်ပေးသော စနစ်မျိုးလည်း ရှိဖို့လိုလာမည်။ ယင်းတွင် နိုင်ငံရေးခေါင်းဆောင် များအကြား ဘက်ပြိုင်မှုများကိုလျော့ချနိုင်စေမည့် ခိုင်မာသောအဖွဲ့အစည်းများ လူ့အဖွဲ့အစည်းအတွင်းတည် ထောင်ပြီး ပဋိပက္ခကိုအဓိဖြစ်ပွားစေသော ထိခိုက်နာကျင်မှုများကို ကိုင်တွယ်ဖြေရှင်းပေးရမည်ဖြစ်သည်။ တိုင်းရင်းသား အဖွဲ့များက ထိုသို့သောစနစ်တစ်ခုသည် ဗဟိုချုပ်ကိုင်မှုကိုပါ ပိုမိုလျော့ချပြီး ဖက်ဒရယ်အခြေခံရှိဖို့ လိုအပ်သည် ဟု မြင်ကြသည်။ ဒေသတွင်း မိမိဖာသာရွေးချယ်ဆုံးဖြတ်ခွင့်နှင့် လူမျိုးနှင့် ယဉ်ကျေးမှု အမျိုးမျိုး စုံလင်ကွဲပြားခြင်းကို လေးစားတန်ဖိုးထားသော အခြေခံမှုများလည်းရှိဖို့လိုသည်ဟုဆိုသည်။ [23] အချို့က နိုင်ငံတော်အနေနှင့် ဖော်ပြပါအခြေအနေမျိုးအတိုင်းဆောင်ရွက်နိုင်ခြင်းမရှိပါက တိုင်းရင်းသားလူမျိုးများ အနေဖြင့် မိမိတို့ဖာသာသီးခြား လွတ်လပ်သောစနစ်များဖြင့်ဆက်သွားခြင်းကသာ ပိုကောင်းမည်ဟု ယူဆ ကြသည်။[24]

ထိုရေတိုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများသည် ယင်းကဏ္ဍသို့ထောက်ပံ့ကူညီမှုများ ဝင်ရောက်သည့်ပုံစံပေါ်တွင် လည်း များစွာမှီတည်နေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ တရားဝင်မှုကို ချဲ့ထွင်မြှင့်တင်ချင်ရုံသက်သက် ဖြင့် အငြင်းပွားနေသော တိုင်းရင်းသားဒေသများတွင် အစိုးရ၏ပြည်သူ့ဝန်ဆောင်မှုများကို ချဲ့ထွင်ခြင်းသည် စေ့စပ်ဆွေးနွေးရေးစားပွဲဝိုင်းတွင် ရရှိထားသော အောင်မြင်မှုများကို ထိခိုက်စေရုံသာမက ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး တစ်ခုလုံးအပေါ် ယုံကြည်မှုကိုပါ ကျဆင်းစေမည်ဖြစ်သည်။ အလားတူပင် အစိုးရနှင့် တိုင်းရင်းသားလက်နက် ကိုင် လူမှုဝန်ဆောင်မှုဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းမှုအလေ့အကျင့်ကောင်းများရလာခြင်း သည်လည်း ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကို တစ်ဘက်တလမ်းအထောက်အကူပြုပြန်သည်။

ထိုသို့သောတိုးတက်မှုများသည် အခြေခံလူမှုဝန်ဆောင်မှုများထောက်ပံ့ခြင်းကို ပိုမိုတိုးတက်ကောင်းမွန်စေရုံသာ မက လတ်တလောကာလအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည်မှုကိုပါတိုးတက်စေသည်။ ထို့အတူပင် ရေရှည်တွင်လည်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ပံ့ပိုးကူညီပေးနိုင်သည့် ထိရောက်စွမ်းဆောင်နိုင် သော ခိုင်မာသောအဖွဲ့အစည်းများဖြစ်ထွန်းလာရေးကို အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

## အပိုင်း ၃။ ။ တိုင်းရင်းသားဒေသများတွင် နယ်နိမိတ်များနှင့် လက်ရှိဝန်ဆောင်မှုများကို လေ့လာခြင်း

မြန်မာနိုင်ငံအတွင်းရှိ ထောက်ပံ့ကူညီရေးအဖွဲ့အစည်းများအတွက် သဘောကွဲလွဲမှုဒေသများရှိ ပဋိပက္ခစက်ဝန်း နှင့် အခြေခံလူမှုဝန်ဆောင်မှုများအကြားမှ အဆက်အစပ်သည် နားလည်ရခက်ခဲနိုင်သည်။ နယ်မြေပိုင်ဆိုင်မှု အတွက် တိုင်းရင်းသားလူမျိုးစုအသီးသီးမှ ပုံစံအမျိုးမျိုးဖြင့်တောင်းဆိုကြပြီး ဆယ်စုနှစ်များစွာကြာမြင့်သော ပဋိပက္ခများ ကလည်း ထိုပိုင်ဆိုင်မှုဆိုင်ရာ သဘောကွဲလွဲမှုများကို ပုံဖော်တတ်သည်။ ယခုအခန်းတွင် နယ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက် သည့်တောင်းဆိုမှုပုံစံအမျိုးမျိုးကို ခွဲခြားဖော်ပြထားပြီး သဘောကွဲလွဲမှုအများဆုံး ဒေသများရှိ အခြေခံဝန်ဆောင်မှုများ ကိုဆောင်ရွက်ပေးသော ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများ အကြောင်းကို ခြုံငုံသုံးသပ်ဖော်ပြပါမည်။

### ၃.၁ ရှုပ်ထွေးသော ပထဝီဒေသအခြေအနေများ

အပိုင်းနှစ်တွင် ဆွေးနွေးထားသော ပဋိပက္ခများဖြစ်ပွားရခြင်း အကြောင်းများသည် သဘောကွဲလွဲမှုဒေသများရှိ ပထဝီ ဆိုင်ရာအချက်အလက်များကြောင့် အများဆုံးပုံပေါ်လာခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ရှုပ်ထွေးသော ပထဝီ ဒေသအချက်အလက်များကြောင့် ရှုပ်ထွေးသိမ်မွေ့သော နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ တောင်းဆိုမှုများ ပေါ်ပေါက်လာပြီး ယင်းဒေသများတွင် ဝင်ရောက်ဆောင်ရွက်လိုသော ပြင်ပပုဂ္ဂိုလ်များအတွက် ရှုပ်ထွေးနက်နဲမှု များကို မွေးဖွားပေးသည်။

၁၉ ရာစုမတိုင်ခင်အထိ နိုင်ငံတော်တည်ဆောက်ခြင်းဆိုသည်မှာ ဒေသခံပြည်သူများနှင့် အုပ်ထိန်းသူ/အုပ်ထိန်းခံ ဆက်ဆံရေးမျိုးထူထောင်ခြင်းကိုသာ ဆိုလိုသည်။ ထို့ကြောင့်အရှေ့တောင်အာရှတွင် တည်နေရာအကျယ် အဝန်းဆိုင်ရာ ပထဝီနှင့်ပတ်သက်သည့်အစွဲအလမ်းသည် အနောက်တိုင်းလောက်မကြီးဟု ဆိုသည်။ (ဝီနီချာကူ၊ ၁၉၉၄)။ ထို့ကြောင့်နိုင်ငံရေးအဆောက်အအုံ (နိုင်ငံတော်များ)သည် နယ်မြေအစွန်အဖျားတွင် ရှင်းလင်းသော နယ်နိမိတ်မျဉ်းများရှိမထော့ပဲ အစွန်အဖျားနေလူမျိုးစုများအဖို့လည်း သက်ဦးဆံပိုင်အုပ်ချုပ်သူများထံသို့ အခွန် ပဏ္ဏာတော်များ ဆက်သရခြင်း၊ သစ္စာခံရခြင်းနှင့် ကျေးကျွန်နှင့် စစ်သည်ရဲမက်များ ထောက်ပံ့ရခြင်းတို့ ဖြစ်ပွား လေ့ရှိသည်။

ထိုအစဉ်အလာသည် မျက်မှောက်ခေတ်သို့တိုင်အောင် ဆင်းသက်တည်မြဲလျက်ရှိသည်။ မရေမတွက်နိုင်သော လက်နက်ကိုင်ပုန်ကန်မှုများကလည်း နယ်မြေပိုင်ဆိုင်မှုကို ပုံစံအမျိုးမျိုးနှင့်တောင်းဆိုကြရာ ယင်းတို့၏တောင်းဆို ချက်များမှာလည်း တစ်ခုနှစ်တခု ပဋိပက္ခပြု၊ ဆန့်ကျင်ဘက်ဖြစ်နေကြသည်သာများသည်။ ဒေသခံများအပေါ် အုပ်ထိန်းသူအခန်းကဏ္ဍမှ ဆက်ဆံရေးနှင့် နယ်မြေ/သယံဇာတများကို ထိန်းချုပ်စီမံခန့်ခွဲရေးတို့ကို တောင်းဆို ကြသော တောင်းဆိုချက်များမှာ အချင်းချင်းသဟဇာတဖြစ်မနေကြပါ။ ထို့အပြင် တိုင်းရင်းသားလူမျိုးများအခြေချ နေထိုင်မှုအပေါ်အခြေခံသော အစိုးရ၏ တန်ပြန်ချေမှုန်းရေးစစ်ပွဲများနှင့် ကျေးလက်အခြေခံလူတန်းစားများကို အခြေခံသော ပြောက်ကျားတော်လှန်ရေးစစ်ပွဲတို့ သမနိုင်ကြာရှည်လာသည်နှင့်အမျှ ဒေသတွင်းရှိ ပထဝီနိုင်ငံရေး ပကတိတရားများမှာလည်း ပိုမိုရှုပ်ထွေးနက်ရှိုင်းလာခဲ့သည်။ နောက်ထပ်ရှုပ်ထွေးမှုကို မြှင့်တင်ပေးသော အချက် မှာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များတွင် အမြဲတမ်းလိုလို အဖွဲ့ခွဲများကွဲထွက်နေခြင်းနှင့် ယင်းတို့အားလုံး သည်လည်း အစိုးရနှင့် တသမတ်တည်းဆက်ဆံရေးမရှိဘဲ အမျိုးမျိုးပြောင်းလဲနေခြင်းတို့ပင်ဖြစ်သည်။

ယနေ့အချိန်တွင် ဗမာမဟုတ်သော တိုင်းရင်းသားများနေထိုင်ရာ ဒေသများအတွင်း၌ ဒေသခံများ၊ အနိမ့်ဆုံး အဆင့် ဒေသခံလူဦးရေ၏ အစိတ်အပိုင်းအချို့ကို ထိန်းချုပ်စီမံခွင့်ရှိကြောင်း အခိုင်အမာ တောင်းဆိုနေသော အောက်ပါအဖွဲ့များရှိနေသည်။

- တပ်ဖွဲ့ဝင်အင်အား ဒါဇင်အနည်းငယ်မှ သုံးသောင်းအထိရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အမျိုးမျိုး ၂၀ ကျော်
- တပ်မတော်မှဖွဲ့စည်းပေးထားသော နယ်ခြားစောင့်တပ်ဖွဲ့ BGF အဖွဲ့ ၂၃ ဖွဲ့။ ယင်းအဖွဲ့များမှာ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမှ ပေါက်ဖွားလာခြင်းဖြစ်သော်လည်း တပ်မတော်၏ အမိန့်နှင့် ထောက်ပံ့မှုများအောက်တွင်ရှိသည်။ ယင်းတို့ကို အဖွဲ့အမှတ် ၁၀၀၁ မှ ၁၀၂၃ အထိ အမှတ်စဉ်တပ် ပေးထားသည်
- တရားဝင်ဖွဲ့စည်းထားသောပြည်သူ့စစ်အဖွဲ့ရှစ်ဖွဲ့ (နယ်ခြားစောင့်တပ်ဖွဲ့များနှင့် ဖွဲ့စည်းပုံတူသော် လည်း တင်းကျပ်စွာထိန်းချုပ်ထားခြင်းမရှိ)
- ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတည်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသ/တိုင်း ဦးစီးအဖွဲ့ များ။ ယင်းအဖွဲ့အများစုသည် ပြည်သူ့စစ်အဖွဲ့များနှင့်နယ်ခြားစောင့်တပ်ဖွဲ့များနှင့် နီးနီးစပ်စပ် ဆက်နွှယ်နေလေ့ရှိသည်
- တရားဝင်မှု အဆင့်အမျိုးမျိုးရှိနေသော အစိုးရနှင့် ချိတ်ဆက်နေသည့် လက်နက်ကိုင်အဖွဲ့ငယ်ပေါင်းစုံ
- အရည်အတွက်အနည်းငယ်ရှိသော လက်နက်ကိုင်ရာဇဝတ်ဂိုဏ်းများ (များသောအားဖြင့် အခြားအဖွဲ့ များမှ ကွဲထွက်လာသော ဂိုဏ်းခွဲများဖြစ်သည်

များသောအားဖြင့် ဒေသခံများအပေါ် အုပ်ချုပ်ပိုင်ခွင့်တောင်းဆိုခြင်းသည် နယ်မြေပိုင်ဆိုင်ခွင့်နှင့် အရင်းအမြစ် များကိုပိုင်ဆိုင်ခွင့်တို့နှင့် ချိတ်ဆက်နေတတ်သည်။ သို့ရာတွင် တိုင်းရင်းသားလက်နက်ကိုင်များအကြား တရားဝင် နယ်နိမိတ်ခွဲခြားကန့်သတ်ထားခြင်းမျိုးမရှိပေ။ တပ်မတော်အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးက လည်း ပဋိပက္ခဒေသများအတွင်း နေထိုင်နေကြသော ပြည်သူလူထုကို လက်လှမ်းမီသလောက်ထိတွေ့ဆက်ဆံဖို့ ကြိုးစားလေ့ရှိကြရာ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ မည်သည့်အဖွဲ့အစည်းက မည်သည့်နယ်မြေကို ပိုင်ဆိုင်သည်ဆိုသည်နှင့်ပတ်သက်ပြီး အကြမ်းဖျဉ်းယေဘုယျ လက်ခံနားလည်နေမှုမျိုး ဖြစ်ပေါ်လာခဲ့သည်။ ထို့အပြင် လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ခွဲများကွဲထွက်သွားသောအခါ ဒေသခံပြည်သူများအနေဖြင့် တစ်ဦး ထက်ပိုသော အာဏာပိုင်များ၏ အုပ်ချုပ်ခြင်းကို ခံကြရတော့သည်။ ထိုဖြစ်စဉ်များကြောင့် အစိုးရနှင့် လက်နက် ကိုင်အဖွဲ့အစည်းများအကြား နယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် ခွဲဝေမှုပုံစံကွဲအမျိုးမျိုးပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ပုံစံကွဲများထဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေထဲ၌ အတိအလင်းထည့်သွင်းပြဌာန်းထားသော ပုံစံများမှ စပြီး သက်ဆိုင်ရာဒေသအတွင်း အစိုးရနှင့် နားလည်မှုယူထားသော အစီအစဉ်များနှင့် စစ်ရေးအရခွဲခြား သတ်မှတ်ထားသော အစီအစဉ်များအထိ အကျုံးဝင်သည်။ ထိုသို့ မှုကွဲများစွာရှိသော အုပ်ချုပ်မှုစနစ်များကြောင့် ပြည်သူ့ဝန်ဆောင်မှုစနစ် များလည်း အများအပြားပေါ်ထွက်လာခြင်းဖြစ်သည်။ ဒေသခံပြည်သူလူထုနှင့် အုပ်ထိန်းသူ-အုပ်ထိန်းခံဆက်ဆံရေး ထူထောင်ရာတွင် အဖွဲ့အစည်းတစ်ခုနှစ်တစ်ခုအကြား နယ်မြေထပ်နေ သလို ပြည်သူ့ဝန်ဆောင်မှုစနစ်များမှာလည်း နယ်မြေခြင်းထပ်လျက်ရှိသည်။ ထိုစနစ်များအချင်းချင်းကြားမှ ဆက်ဆံရေးအခြေအနေအမျိုးမျိုးသည် ပဋိပက္ခ၏ ကြောင်းကျိုးဆက်စပ်မှုယန္တရားများဖြစ်လာကြသည်။

မြန်မာနိုင်ငံရှိ ပဋိပက္ခဒေသများကို လေ့လာသူများသည် ထိုဒေသများကို အမဲရောင်နယ်မြေ၊ အညိုရောင်နယ်မြေ နှင့် အဖြူရောင်နယ်မြေဟူ၍ ခွဲခြားသတ်မှတ်ခေါ်ဆိုကြလေ့ရှိသည်။ ထိုအခေါ်အဝေါ်များသည် တပ်မတော်မှ ကျင့်သုံးသော ဖြတ်လေးဖြတ်မဟာဗျူဟာမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုမဟာဗျူဟာအရ အခြားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသော ‘အမည်းရောင်နယ်မြေ’ အတွင်းမှ ဒေသခံအရပ်သားများကို စစ်တပ်ထိန်းချုပ်မှု အောက်၌ရှိနေသော ဒေသများသို့အတင်းအကျပ်ရွှေ့ပြောင်းခိုင်းခဲ့သည်။ နှစ်ပေါင်းများစွာအတွင်း ပြောင်းရွှေ့ နေရာချထားမှုများ ရာနှင့်ချီ၍ဆောင်ရွက်ခဲ့ပြီး အများအားဖြင့် တပ်မတော်မှ ထိန်းချုပ်ထားသော ရှေ့တန်းနေရာ

များတွင်ဖြစ်သည်။ သို့သော်အချို့သော ရွှေ့ပြောင်းအခြေချနေရာများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ အခြေစိုက်တပ်စွဲထားနိုင်သော နေရာများအတွင်းတွင်လည်း ရှိနေသည်။ ထိုသို့သော ရေနောနေရာများကို နိုင်ငံတော်မှ ကောင်းစွာထိန်းချုပ်ပေါင်းစည်းခြင်းမပြုနိုင်မီ အညိုရောင်နယ်မြေအဖြစ်သတ်မှတ်သည်။ နိုင်ငံတော်မှအပြည့်အဝထိန်းချုပ်သွားနိုင်ပါက အဖြူရောင်နယ်မြေအဖြစ်သတ်မှတ်သည် (မောင်အောင်မျိုး၊ ၂၀၀၉း ၂၅-၂၆။ ဆာလ်သ်၊ ၂၀၀၁း ၉၁-၂၊ ၉၉၊ ၁၆၃-၄။ ဆောက်သ်၊ ၂၀၀၈း ၃၄၊ ၈၆-၇)။ သို့ရာတွင် ယင်းခေါ်ဝေါ်သတ်မှတ် မှုများမှာ ပကတိအခြေအနေ၏ ရှုပ်ထွေးနက်နဲမှုကို ထင်ဟပ်နိုင်ခြင်းမရှိပဲ ယင်းဒေသများတွင် ဝင်ရောက်ဆောင် ရွက်လိုသော အဖွဲ့အစည်းများအတွက် အကန့်အသတ်ဖြင့်သာ အသုံးတည့်နိုင်သည်။

အောက်တွင်ဆက်လက်ဖော်ပြသွားမည့် ပထဝီဒေသဆိုင်ရာ လေ့လာသုံးသပ်ချက်များတွင် တိုင်းရင်းသားအဖွဲ့ အစည်းအမျိုးမျိုးမှ ထိန်းချုပ်ထားသော နယ်မြေအသီးသီးအကြောင်းကို ပိုမိုအသေးစိတ်ကျကျသုံးသပ်ထားချက် များပါဝင်သည်။ ယခုဖော်ပြမည့်ပုံစံများမှာ ပထဝီနယ်မြေများကို စံပြုပုံစံအနေဖြင့် ခွဲခြားပြထားခြင်းဖြစ်ပြီး လက်တွေ့တွင်မူ ပုံစံတစ်ခုနှင့်တစ်ခု ထပ်တူကျနေသော အစိတ်အပိုင်းများရှိနေခြင်းနှင့် အခြေအနေများ အမြဲ တမ်းပြောင်းလဲနေခြင်းတို့ကို ကြုံရမည်ဖြစ်သည်။

## ၃.၂ ဒေသခံလူမှုဝန်ဆောင်မှုလုပ်ငန်းများကို ခြုံငုံသုံးသပ်ခြင်း

ယခုစာတမ်းသည် အဓိကအားဖြင့် ပုံစံ ၃၊ ၄ နှင့် ၅ အဖွဲ့အစည်းများကို လေ့လာသုံးသပ်ခြင်းဖြစ်သည်။ ယင်း အဖွဲ့အစည်းများသည် အစိုးရဆန့်ကျင်သည့်အနေအထားကို ဆက်လက်ရယူထားပြီး သီးခြားအုပ်ချုပ်မှုနှင့် ဒေသတွင်းလူမှုဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် စနစ်များရှိကြသည်။ အထူးသဖြင့် ယင်းအဖွဲ့များသည် အုပ်ချုပ်ပိုင်ခွင့်နှင့်ပတ်သက်ပြီး ပြိုင်ဆိုင်ငြင်းခုံနေကြသော အဖွဲ့များလည်း ဖြစ်သည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ ငန်းစဉ်တွင်ပါဝင်နေသောအဖွဲ့များကို အထူးအလေးထားလေ့လာလိုသဖြင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို)၊ ကရင်အမျိုးသားအစည်းအရုံး (ကေအင်န်ယူ)၊ ရှမ်းပြည်ပြန်လည်ပေါင်းစည်းရေးကော်မတီ (အာစီ အက်စ်အက်စ်)၊ တိုးတက်သောရှမ်းပြည်ပါတီ (အက်စ်အက်စ်ပီပီ)၊ မွန်ပြည်သစ်ပါတီ၊ ချင်းအမျိုးသားတပ်ဦးနှင့် ကရင်နီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ကေအင်န်ပီပီ) စသောအဖွဲ့များကို အထူးပြုလေ့လာမည်ဖြစ်ပါသည်။ ယခုအခန်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်လှုပ်ရှားမှု အဖွဲ့ များနှင့် ဆက်နွယ်နေသော လူမှုဝန်ဆောင်မှုများနှင့် လူမှုဝန်ဆောင်မှုအဖွဲ့အစည်းများ အကြောင်းကို ခြုံငုံလေ့လာသွားမည် ဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သီးခြားလွတ်လပ်စွာရှိနေသော တိုင်းရင်းသား အရပ်ဘက်အဖွဲ့အစည်းများအကြောင်းကိုလည်း လေ့လာသုံးသပ်သွားမည်ဖြစ်ပါသည်။ သို့ရာတွင် ဗမာမဟုတ်သော တိုင်းရင်းသားဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ထိန်းချုပ်ထားသော ဒေသများရှိ အရပ်ဘက်အဖွဲ့အစည်းများအားလုံးအကြောင်းကို အပြည့်အစုံခြုံငုံသုံးသပ်နိုင်မည်တော့ မဟုတ်ပါ။

ယခုလေ့လာမှုတွင် ထည့်သွင်းခြင်းမပြုသောအဖွဲ့များမှာ ပုံစံ ၁ နှင့် ပုံစံ ၂ နယ်မြေများကို ထိန်းချုပ်ထားကြသူ များဖြစ်သဖြင့် လေ့လာမှုနှင့် သက်ဆိုင်ခြင်းမရှိပေ။ အလားတူပင် ပုံစံ ၃၊ ၄ နှင့် ၅ တွင် အကျုံးဝင်သော်လည်း အဖွဲ့အရွယ်အစားသေးငယ်ပြီး အရွယ်အစားသေးငယ်သော လူဦးရေအပေါ်သာ အုပ်ချုပ်နိုင်သော အဖွဲ့များကို လည်း ယခုလေ့လာမှုတွင် ချန်လှပ်ထားခဲ့ပါသည်။ ဤနေရာတွင် သိသာထင်ရှားသော ချန်လှပ်ထားမှုမှာ သွေး စည်းညီညွတ်သော ဝပြည်ပါတီ (ယူဒဗလျူအက်စ်ပီ) ဖြစ်သည်။ ယင်းအဖွဲ့အစည်း၏ လက်နက်ကိုင်တော်လှန် ရေးသမိုင်းမှာ အခြားသော တိုင်ရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် များစွာကွဲပြားခြားနားသည့်အပြင် ယင်းအဖွဲ့၏ပိုင်နက်ဒေသအတွင်း ခိုင်မာသောအချက်အလက်များကောက်ခံရန်အတွက် ဝင်ရောက်ရန်လည်း ခက်ခဲသောကြောင့်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သီးခြားကင်းလွတ်စွာဆောင်ရွက်နေကြ သော ဝန်ဆောင်မှုအဖွဲ့အစည်းများကိုလည်း ထည့်သွင်းလေ့လာထားပါသည်။ ထိုအဖွဲ့အစည်းများသည် များ သောအားဖြင့် တိုင်းရင်းသားလူမျိုးများကို အခြေခံ၍ဖွဲ့စည်းထားသော၊ အမည်မည့်ခေါ်ထားသော အဖွဲ့များဖြစ် သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုင်စွဲသော တန်ဖိုးနှုန်းစံများနှင့် ဆင်တူသည့် တန်ဖိုးများ ကို ကိုင်စွဲကြပြီး၊

သက်ဆိုင်ရာဒေသများတွင် ဝန်ဆောင်မှုများဆောင်ရွက်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ရှိသည်။ ယင်းအဖွဲ့အစည်းများသည်ဒေသတွင်းမှပင် ပေါက်ဖွားလာကြသော အဖွဲ့အစည်းများဖြစ်သည်။ ထို့ကြောင့် ယင်းတို့သည် သက်ဆိုင်ရာလူ့အဖွဲ့အစည်း၏ ကိုယ့်အားကိုယ်ကိုးရေးနှင့် ကိုယ့်ကြံဖန်ကိုယ်ဖန်တီးရေး လှုပ်ရှားရုန်းကန်မှုများတွင် အဓိကကျသော အဖွဲ့အစည်းများဖြစ်နေသည်။ ယင်းအဖွဲ့များသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးရည်မှန်းချက်များ ထပ်တူမကျနိုင်သော်လည်း ယခုလေ့လာမှုတွင် သုံးသပ်ထားသည့် ပဋိပက္ခကို သိမြင်နားလည်နိုင်စွမ်းတွင် ယင်းအဖွဲ့များသည်လည်း အကျုံးဝင်နေပါသည်။

| ပုံစံ | | အုပ်ချုပ်သော အဖွဲ့အစည်းများ | ဇွန် ၂၀၁၄ အထိ ရရှိသော ဥပမာများ (စာရင်း အပြည့်အစုံမဟုတ်ပါ) | ပိုင်နက်နယ်မြေခွဲခြားသတ်မှတ်မှု |
|---|---|---|---|---|
| ပုံစံ ၁။ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ အထူးဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း | | ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်မှ ခန့်အပ်သည့် ကိုယ်စားလှယ်များ၊ ထိုဒေသအတွင်းရှိနေကြသည့် အခြားတိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်များနှင့် ဦးစီးအဖွဲ့မှ ခန့်အပ်သော အခြား အဖွဲ့ဝင်များပါဝင်သည်။ အချို့သော လွှတ်တော်ကိုယ်စားလှယ် များသည် နယ်ခြားစောင့်တပ်ဖွဲ့များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တိုက်ရိုက် ချိတ်ဆက်လျက်ရှိသည်။ အချို့သော ဒေသများတွင်မူ တရားဝင်ဖွဲ့စည်းပုံတွင် မပါဝင်သော အခြားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း သြဇာ လွှမ်းမိုးမှုရှိနေသည်။[25] | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသ ငါးခုမှာ နာဂ၊ ဓနု၊ လားဟူ၊ ပအိုဝ်နှင့် ကိုးကန့် တိုင်းရင်းသားများအတွက် သတ်မှတ်ပေးထားပြီး ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း အဖြစ် ဝဒေသကို သတ်မှတ် ပေးထားသည်။ | ပိုင်နက်ခွဲဝေသတ်မှတ်မှု အတိအကျရှိသည်၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မြို့နယ် များကို ဖွဲ့စည်းထားသည်။ |
| ပုံစံ ၂။ အစိုးရက သီးခြား အမိန့်ထုတ်ပြန်၍ဖွဲ့စည်းပေး ထားသော ဒေသများ (ယခင်ဖွဲ့စည်းထားခဲ့ပြီး လက်ရှိအချိန်၌ အသက်ဝင် ခြင်းမရှိတော့သော အထူး ဒေသများ ပါဝင်သည်) | | တပ်မတော်၏ ထိန်းချုပ်မှုအောက်၌ရှိသော နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်နှင့် အခြား လက်နက်ကိုင်အဖွဲ့ငယ်များ (အချို့အဖွဲ့များတွင် လွှတ်တော်အမတ်များပါဝင် သို့မဟုတ် ဆက်စပ်နေသည်) တပ်မတော်၏ ထိန်းချုပ်မှု အောက်သို့ အပြည့်အဝမရောက်သေးသော အပစ်ရပ်အဖွဲ့အများအပြားပါဝင်သည်။ | နယ်ခြားစောင့်တပ်ဖွဲ့ ၁၀၀၁ မှ ၁၀၀၃ (ကချင်)၊ ၁၀၀၄ မှ ၁၀၀၅ (ကရင်နီ)၊ ၁၀၁၁ မှ ၁၀၂၃ (ကရင်)၊ ကချင် ကာကွယ်ရေးတပ်မတော် (ကေဒီအေ)၊ ပန်ဆေးလက်နက်ကိုင်အဖွဲ့၊ ရှမ်းပြည် တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (တပ်မဟာ ၃ နှင့် ၇)၊ မုန်းဟားလက်နက် ကိုင်အဖွဲ့ | မရှိပါ။ ယင်းဒေသအများစုသည် ကနဦးက အပစ်ရပ်ဒေသများအဖြစ် သတ်မှတ်ထားခဲ့သော်လည်း လက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် ထိုဒေသများကို ထိန်းချုပ်ရန် ပျက်ကွက်ခြင်း၊ သို့မဟုတ် လက်လွှတ်ရန် ဆုံးဖြတ်ခဲ့ကြခြင်းတို့ကြောင့် လက်ရှိအချိန် တွင် တပ်မတော်မှ ဒေသန္တရ အုပ်ချုပ်မှုပုံစံ အချို့ကို စတင်ကျင့်သုံးနေသည်။ စစ်ဆေးရေးဂိတ်များထားရှိခြင်း၊ အချို့သော ဒေသများကို ကင်းလှည့်ခြင်း၊ ထောက်ပံ့ရေး လမ်းကြောင်းများကို ထိန်းသိမ်းခြင်းနှင့် ရံဖန်ရံခါတွင် အုပ်ချုပ်ရေးကဏ္ဍ၌ ကြီးကြပ်ခြင်းများကို ဆောင်ရွက်သည်။ |
| ပုံစံ ၃။ အပစ်ရပ် ဒေသများ (ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ အထူး ဒေသများလည်း ပါဝင်သည်) | သက်ဝင်လှုပ်ရှား | ၁၉၈၀ နှင့် ၉၀ ပြည့်လွန်နှစ်များတွင် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ သည် လက်နက်ကို ဆက်လက်ကိုင်စွဲထားဆဲ ဖြစ်ပြီး သက်ဆိုင်ရာတိုင်းရင်းဒေသများတွင် အစိုးရအုပ်ချုပ်မှုကို ဆက်လက်ဆန့်ကျင် လျက်ရှိသည်။ | မွန်ပြည်သစ်ပါတီ/မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ကချင်လွတ်မြောက်ရေးအဖွဲ့/ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အို/ကေအိုင် အေ) (၂၀၁၁ မတိုင်ခင် အထိ) [1] ၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (အက်စ်အက်ပီ/အက်စ်အက်စ်အေ) (တပ်မဟာ ၁) ကေအန်ယူ/ကေအန်အယ်အေ ငြိမ်းချမ်းရေးကော်မတီ၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်ပေါင်းစု(အင်န်ဒီအေအေ)၊ယူဒဗလျူအက်စ်ပီ /ယူဒဗလျူအက်စ်အေ (မြောက်ပိုင်းစစ်ဌာနချုပ်)[2] | နယ်နိမိတ်ခွဲခြားမှု ရှင်းလင်းပြတ်သား သော်လည်း အချို့သော နေရာများတွင်မူ နယ်နိမိတ်များ ခိုင်မာမှုလျော့နည်းလာခြင်းကိုလည်း အချိန်နှင့်အမျှတွေ့လာရသည်။ အစိုးရတပ်ဖွဲ့များက ထိုနယ်နိမိတ်မျဉ်းများကို မည်မျှလေးစားသည်ဆိုသော အချက်မှာ ဒေသတွင်း ဆက်ဆံရေးအနေအထားများ အပေါ်မူတည်သည်။ |
| | မှေးမှိန်ပျောက်ကွယ် | ၁၉၈၀ နှင့် ၉၀ ပြည့်လွန်နှစ်များတွင် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ သည် များသောအားဖြင့် အဖွဲ့အနေနှင့် မှေးမှိန် အားနည်းသွားပြီး အာဏာကို ဆက်လက်ချုပ်ကိုင်ထားခြင်းမရှိတော့ပဲ စစ်ဆေးရေးဂိတ်နှင့် လုပ်ပိုင်ခွင့်အချို့သာကျန်ရှိတော့သည်။ | UWSP/UWSA တောင်ပိုင်းစစ်ဌာနချုပ် နယ်မြေ၊ ကရင်ပြည်သစ်ပါတီ (ကေ အင်န်အန်ပီ)၊ ကယန်းအမျိုးသား အစောင့်တပ်မတော် (ကေအင်န်ဂျီ) | ပိုင်နက်နယ်မြေ ပိုင်းခြားသတ်မှတ်မှုများသည် အချိန်နှင့်အမျှ မှေးမှိန်ပျောက်ပျယ် လာခဲ့သည်။ အချို့သောဒေသများတွင် လက်နက်ကိုင်အဖွဲ့များသည် အခြေစိုက်စခန်းများ၊ စစ်ဆေးရေးဂိတ်များကို ဆက်လက်ထားရှိရေးအတွက် တရားသဘော တူညီမှု သို့မဟုတ် နားလည်မှုကို ရယူနိုင်ခဲ့ကြသော်လည်း အချို့သော ဒေသများကိုမူ လက်လွှတ်ခံခဲ့ကြရသည်။ |
| ပုံစံ ၄။ ၂၀၁၄ မေလအထိ အပစ်အခတ်ရပ်စဲရေး မရှိပဲနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက စစ်ရေးအရ ထိန်းချုပ်ထား၊ ဝင်ရောက်လှုပ်ရှားနေကြသော နယ်မြေများ | | ၁၉၈၀ နှင့် ၉၀ ပြည့်လွန်နှစ်များတွင် အပစ်အခတ်ရပ်စဲရေးစာချုပ်များချုပ်ဆိုခဲ့ခြင်းမရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ သို့မဟုတ် ချုပ်ဆိုခဲ့သော စာချုပ်များပျက်ပျယ်ပြီး သက်ဆိုင်ရာနယ်မြေများကို ဆက်လက် ထိန်းချုပ်ထားနိုင်ဆဲ အဖွဲ့များ | ကေအိုင်အို/ကေအိုင်အေ (၂၀၁၁ နောက်ပိုင်း)၊ ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး/တအောင်းဝ် အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ပီအက်စ်အယ်လ်အက်ဖ်/တီအယ်လ် အင်န်အေ) | သတ်သတ်မှတ်မှတ် ပိုင်းခြားကန့်သတ်ထားသော နယ်နိမိတ်မျဉ်းများမရှိပါ။ ယင်းနယ် မြေများတွင် မိုင်းကွင်းများနှင့် ဝန်းပတ်ထား ပြီး တိုင်းရင်းသားအဖွဲ့များက အပြည့်အဝ ထိန်းချုပ်ထားသော နယ်မြေငယ်များနှင့် ဆက်သွယ်ရေးလမ်းကြောင်းများပါဝင် သလို တိုင်းရင်းသားအဖွဲ့အနေနှင့် ဝင်ထွက်သွားလာလှုပ်ရှားနိုင်ပြီး ဒေသခံပြည်သူများနှင့် ဆက်ဆံရေးကို တည်ထောင်ထိန်းသိမ်း ထားနိုင်သော ဒေသများလည်း ပါဝင်သည်။ |
| ပုံစံ ၅။ အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုထားပြီးသော တိုင်းရင်းသားအဖွဲ့များကစစ်ရေးအရ ထိန်းချုပ် သို့မဟုတ် ဝင်ရောက်လှုပ်ရှားနိုင်သော နယ်မြေများ | | ၁၉၈၀ နှင့် ၉၀ ပြည့်လွန်နှစ်များတွင် အပစ်အခတ်ရပ်စဲရေးလက်မှတ်မထိုးခဲ့ပဲ ၂၀၁၁ နောက်ပိုင်းတွင်မှ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေး ထိုးခဲ့သော်လည်း ပုံစံ ၃ နယ်မြေပိုင်ဆိုင်မှုများ ခွဲခြားသတ်မှတ်ပေးခြင်းမခံရသော အဖွဲ့များ | ကေအင်န်ယူ/ကေအင်န်အယ်လ်အေ၊ ရှမ်းပြည်ပြန်လည်ပေါင်းစည်းရေး ကောင်စီ၊ ကလိုထူးဖောကရင်အဖွဲ့/ ဒီကေဘီအေ၊ ပီအင်န်အယ်အေ/ ပီအင်န်အယ်လ်အေ၊ ခါပလန်-နာဂနယ် အမျိုးသားဆိုရှယ်လစ်ကောင်စီ (အင်န် အက်စ်စီအင်န်-ကေ) | အထက်ပုံစံ ၄ ကဲ့သို့ပင် သီးခြားနယ်မြေခွဲဝေ သတ်မှတ်ထားခြင်း မရှိပါ။ သို့သော်အပစ်ရပ်ရေးနှင့် နောက်ဆက်တွဲ ခြိုးခြံတိုက်ခိုက်ခြင်းနှင့် မြေမြုပ်မိုင်းအသစ်များ ချခြင်းဆိုင်ရာ သဘောတူညီချက်များကြောင့် နယ်နိမိတ် အပိုင်းအခြားများ ပိုမိုမှိန်ပျသွားခဲ့သည်။ အချို့ဒေသများတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကအုပ်ချုပ်မှုကို ဒေသခံ အစိုးရများက အလွတ်သဘောအသိအမှတ်ပြုထားခြင်းမျိုး ရှိသော်လည်း ကျန်ဒေသများတွင်မူနယ်မြေပိုင်ဆိုင်မှု အငြင်းအခုံမှာ ကြီးမားသည်။ |
| ပုံစံ ၆။ လက်နက်ကိုင်ရာဇဝတ်ဂိုဏ်းများ၏ ထိန်းချုပ်မှု အောက်သို့ရောက်ရှိနေ သော လူမျိုးစုငယ်ဒေသများ | | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ကွဲထွက်လာသော အဖွဲ့ငယ်များဖြစ်သည်။ များ သောအားဖြင့် အဖွဲ့ဝင်အနည်းငယ်မျှသာရှိ ကြသည်။ | ရှမ်း၊ မွန်၊ ကရင်နှင့် ချင်းပြည်နယ်များ ရှိ မြစ်ဝှမ်းဒေသများနှင့် တောင်ပေါ်ဒေသ များတွင် လှုပ်ရှား ဆောင်ရွက်ကြပြီး အများစုမှာ သီးခြားအမည် မရှိကြပါ။ | မရှိပါ။ ထိုအဖွဲ့များမှာ နယ်မြေများကို ထိန်းချုပ်ထားလေ့မရှိပါ။ သို့သော် စစ်ဆေးရေး ဂိတ်များကို မြစ်ကြောင်းနှင့် ကုန်းလမ်းတစ် လျှောက်တွင် တည်ထောင်ထားလေ့ရှိပြီး ကျေးလက်လူ နေထိုင်ရာဒေသများသို့ အခွန်အကောက်နှင့် လုပ်အားကို အခါအား လျော်စွာဝင်ကောက်လေ့ရှိသည်။ |

[1] KIO/KIA သည် ပုံစံနှစ်နှင့် လေးနှစ်မျိုးစလုံး အကျုံးဝင်သည်။ ၂၀၁၁ ပဋိပက္ခများပြန်မစခင်အထိ KIO သည် ကချင်ပြည်နယ်အတွင်းရှိ အထူးဒေသသုံးခုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်သလို လိုင်ဇာနှင့် မိုင်ဂျာယန်ရှိ ဒေသခံပြည်သူများနှင့်လည်း ဆက်ဆံရေးကောင်းစွာထူထောင်ထားနိုင်ခဲ့သည်။ ပဋိပက္ခများ ပြန်လည်စတင်သောအခါ တပ်မတော်က ယင်း၏ပိုင်နက်နယ်မြေအများအပြားထဲသို့ ထိုးဖောက်ဝင်ရောက်ခဲ့ပြီး နယ်နိမိတ်မျဉ်းနေရာအများအပြားပျက်ယွင်းသွားခဲ့သည်။ သို့ရာတွင် နောင်တစ်ချိန်တွင်ပြန်လည်အရေးဆိုနိုင်စေမည့် အခြေခံများတော့ ကျန်ရှိနေသေးသည်။

[2] UWSA/UWSP သည် ရှမ်းပြည်မြောက်နှင့်တောင်ပိုင်းရှိ အပစ်ရပ်နယ်မြေနှစ်ခုကို ထိန်းချုပ်ထားနိုင်သည်။ ၎င်း၏ မြောက်ပိုင်းစစ်ဌာနချုပ်မှာ လှုပ်ရှားနေဆဲဖြစ်ပြီး တောင်ပိုင်းဌာနချုပ်မှာမူ လှုပ်ရှားမှုလျော့ကျသွားပြီဖြစ်သည်။

| ပုံစံ အဆက် | | အစိုးရလုံခြုံရေးတပ်ဖွဲ့များ နယ်မြေအတွင်း ဝင်ရောက်လှုပ်ရှားဆောင်ရွက်နိုင်မှုအခြေအနေ | လူမှုဝန်ဆောင်မှုများထောက်ပံ့ပေးရာ တွင် အစိုးရ၏အခန်းကဏ္ဍ | လက်ရှိအုပ်ချုပ်နေသော အဖွဲ့အစည်းများ နှင့် အစိုးရအကြားဖြစ်ပွားသော ဘက်ပြိုင် တင်းမာမှုအခြေအနေ |
|---|---|---|---|---|
| ပုံစံ ၁။ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ အထူးဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း | | မြင့်မားသည်။ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူး ဒေသမှအပ ဒေသအများစုတွင် လွှမ်းမိုးချုပ် ကိုင်ထားနိုင်သည်။ | ပြည်သူ့ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဆိုင် ရာကိစ္စရပ်များကို ဦးစီးအဖွဲ့၏ လုပ်ပိုင် ခွင့်အဖြစ် တရားဝင်အပ်နှင်းထားသည်။ သို့ရာတွင် ဗဟိုအစိုးရ၏ အလားတူ ဌာနများနှင့် လုပ်ပိုင်ခွင့်ခြင်းများစွာ ထပ်နေသည်။ ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ရေးသည်လည်း ဒေသ တွင်းလုံခြုံရေးအခြေအနေများအပေါ် များစွာမီတည်နေရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချင်းချင်း ပြိုင် ဆိုင်မှုများကိုလည်း တွေ့မြင်ရသည်။ | မရှိပါ။ |
| ပုံစံ ၂။ အစိုးရက သီးခြား အမိန့်ထုတ်ပြန်၍ဖွဲ့စည်းပေး ထားသော ဒေသများ (ယခင်ဖွဲ့စည်းထားခဲ့ပြီး လက်ရှိအချိန်၌ အသက်ဝင် ခြင်းမရှိတော့သော အထူး ဒေသများ ပါဝင်သည်) | | မြင့်မားသည်။ နယ်ခြားစောင့်တပ်ဖွဲ့များသည် တပ်မတော်၏ အစိတ်အပိုင်းများပင်ဖြစ်ပြီး အမိန့်ပေးခြင်းနှင့် ထောက်ပံ့ရေးအခန်းကဏ္ဍ များတွင် တပ်မတော်အရာရှိများက တာဝန်ယူ ထားခြင်းဖြစ်သည်။ ပြည်သူ့စစ်နှင့် အခြား လက်နက်ကိုင်အဖွဲ့ငယ်များမှာလည်း တပ်မ တော်ထိန်းချုပ်မှုအောက်တွင် ကောင်းစွာ ရောက်ရှိနေပြီဖြစ်သည်။ | လူမှုဝန်ဆောင်မှုများ အားလုံးသည် တရားဝင် အားဖြင့် ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရ များ၏ တာဝန်ဝတ္တရားများ ဖြစ်ကြသည်။ အချို့သော နယ်ခြားစောင့် တပ်ဖွဲ့များသည် ထိုင်းနယ်စပ်တွင် အခြေစိုက်သော ကျန်းမာရေးစောင့်ရှောက်မှု ကွန်ရက်များမှ တစ်ဆင့် ကျန်းမာရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ပေး သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ဆက်စပ်ထားသော အချို့သော ဝန်ဆောင်မှု အဖွဲ့အစည်း များသည်လည်း အချို့ဒေသများတွင် ဝန်ဆောင်မှု လုပ်ငန်းများ ဝင်ရောက် ဆောင်ရွက်ကြသည်။ | အကြမ်းဖက် နည်းလမ်းများ မပါဝင်သော တင်းမာမှုများသည် နယ်ခြားစောင့်တပ်ဖွဲ့/ ပြည်သူ့ စစ်ခေါင်းဆောင်များနှင့် တပ်မ တော်အကြား ရံဖန်ရံခါ ဖြစ်ပွားတတ် သည်။ |
| ပုံစံ ၃။ အပစ်ရပ် ဒေသများ (ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ အထူး ဒေသများလည်း ပါဝင်သည်) | သက်ဝင်လှုပ်ရှား | အကန့်အသတ်များစွာရှိသည်။ ၁၉၈၉ နှင့် ၉၀ ပြည့်လွန်နှစ်များတွင် ချုပ်ဆိုခဲ့ကြသော စာချုပ် များအရ နှစ်ဘက်အဖွဲ့အစည်းဝင်များသည် နယ်ခြားမျဉ်းကို ဖြတ်ကျော်လိုပါက ခွင့်ပြုချက် တောင်းခံရန်လိုအပ်သည်။ လက်တွေ့အခြေ အနေတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ၏ အာဏာယုတ်လျော့လာသည် နှင့် အမျှတပ်မတော်က ထိုဒေသများသို့ ပိုမို ဝင်ရောက်လှုပ်ရှားဆောင်ရွက်နိုင်လာသည်။ | ကွဲပြားမှု များစွာရှိသည်။ သို့သော် အစိုးရ ဝန်ဆောင်မှုများသည် ကျန်ဆက်စပ် ဒေသများနှင့် နှိုင်းယှဉ်လျှင် လွှမ်းခြုံမှု များစွာနည်းပါးနေသည်။ | တင်းမာမှုပုံစံ အမျိုးမျိုးရှိသည်။ ဒေသအတော်များများတွင် တင်းမာမှုမြင့်မားပြီး မကြာခဏဆိုသလို အကြမ်းဖက်မှုများ လည်း ဖြစ်ပွားလေ့ရှိသည်။ အချို့သော ဒေသများတွင် နယ်နိမိတ်မျဉ်းများကို ချိုးဖောက်ကျော်ဖြတ်ပြီး တိုင်းရင်းသားလက်နက်ကိုင်နှင့် အစိုးရ လုံခြုံရေးတပ်ဖွဲ့ နှစ်ဘက်စလုံးမှ တပ်ရွှေ့ လျားမှုများကို မကြာခဏ ပြုလေ့ရှိသည်။ ထို့ကြောင့် ရံဖန်ရံခါတွင် တိုင်းရင်းသား လက်နက်ကိုင်အ ဖွဲ့များနှင့် တပ်မတော်အကြား တပ်ချင်းဆိုင်ပြီး တင်းမာမှုများလည်း ဖြစ်ပွားတတ်သည်။ |
| | မှေးမှိန်ပျောက်ကွယ် | ဒေသတစ်ခုနှင့် တစ်ခုအကြား ကွဲပြားမှုများစွာ ရှိသည်။ သို့ရာတွင် ဆက်စပ်ဒေသများနှင့် နှိုင်း ယှဉ်ပါက ယင်းဒေသများတွင် အစိုးရဝန်ဆောင် မှုများ လွန်စွာကျဲပါးသည်။ | ကွဲပြားခြားနားမှုများရှိသည်။ ဒေသအများစုတွင် အခန်းကဏ္ဍ မြင့်မားသော်လည်း အချို့သော ဒေသများတွင်မူ အစိုးရ ဝန်ဆောင်မှုများ ဝင်ရောက်ခြင်း မပြုနိုင်စေအောင် သွယ်ဝိုက်ဟန့် တားမှုများရှိနေသည်။ | အထက်က အတိုင်း။ |
| ပုံစံ ၄။ ၂၀၁၄ မေလအထိ အပစ်အခတ်ရပ်စဲရေး မရှိပဲနှင့် တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့များက စစ်ရေးအရ ထိန်းချုပ်ထား၊ ဝင်ရောက်လှုပ်ရှားနေ ကြသော နယ်မြေများ | | အဟန့်အတားများ ကြီးမားစွာရှိနေပြီး အင် အားသုံးဝင်ရောက်ခြင်း တစ်နည်းသာလျှင်ရှိ သည်။ မြေမြှုပ်မိုင်းများနှင့် တိုင်းရင်းသား အဖွဲ့ များ၏ ပျောက်ကျားစစ်ဆင်ရေးများကလည်း အဟန့်အတားကို ပိုမိုကြီးမားစေသည်။ နယ်နိ မိတ်မျဉ်းအပြင်ဘက်တွင် စခန်းချထားသော တပ်မတော်စခန်းများသည်လည်း ဒေသတွင်း လှုပ်ရှားသွားလာမှုအတွက် များစွာကန့်သတ် ခြင်းခံထားရသလို ထောက်ပို့ရေးလမ်းကြောင်း များကို ချိတ်ဆက်ခြင်းမပြုနိုင်ရန်လည်း ဟန့် တားခံထားရသည်။ | အကန့်အသတ်ကြီးမားစွာရှိနေသည်။ ပဋိပက္ခ ဖြစ်ပွား ချိန်များတွင် အစိုးရ ကျောင်းဆရာများ အနေဖြင့် ဆိုင်ရာဒေသများ အတွင်းသို့ မဝင်ရောက်နိုင်သဖြင့် ဝန်ဆောင်မှုများ ယာယီရပ် ဆိုင်းသွားလေ့ရှိသည်။ | ပြင်းထန်သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ အမာခံဒေသများတွင် တပ်မတော်နှင့် လက်နက်ကိုင်ပဋိပက္ခများ မကြာခဏ ဆိုသလိုဖြစ်ပွားနေပြီး ရံဖန်ရံခါတွင် နယ်ခြားစောင့် တပ်များနှင့် ပြည်သူ့စစ်များပါ တိုက်ပွဲအတွင်း ပါဝင်လေ့ရှိသည်။ |
| ပုံစံ ၅။ အပစ်အခတ်ရပ်စဲ ရေးစာချုပ်ချုပ်ဆိုထားပြီး သော တိုင်းရင်းသားအဖွဲ့ များကစစ်ရေးအရ ထိန်းချုပ် သို့မဟုတ် ဝင်ရောက်လှုပ် ရှားနိုင်သော နယ်မြေများ | | အဟန့်အတားကြီးမားစွာရှိသည်။ သို့သော် အပစ်အခတ်ရပ်စဲရေးတည်မြဲနေသော ကာလ များအတွင်းဝင်ရောက်လှုပ်ရှားနိုင်မှုအခြေအနေ တိုးတက်လေ့ရှိသည်။ ထိုဒေသများသည် မြေ မြှုပ်မိုင်းများထူထပ်စွာချထားလေ့ရှိပြီး တိုင်းရင်း သားလက်နက်ကိုင်တပ်ဖွဲ့များက ထိန်းချုပ် ထားသော ဒေသများဖြစ်သည်။ အပစ်ရပ်ကာ လများအတွင်းတွင်မှ ဒေသတွင်းရှိ တပ်မတော် နှင့် နယ်ခြားစောင့်တပ်စခန်းများက ယင်းတို့၏ ဩဇာသက်ရောက်မှုကို ချဲ့ထွင်ပြီး ထောက်ပံ့ ရေးနှင့် ဒေသတွင်း လှုပ်ရှားသွားလာရေးတို့ တွင် ပိုမိုလွတ်လပ်စွာဆောင်ရွက်နိုင်ကြသည်။ | အကန့်အသတ်ကြီးမားစွာရှိသည်။ အထူးသဖြင့် အစိုးရ ဝန်ထမ်းများက သွားရောက်တာ ဝန်ထမ်းဆောင်ရန် ငြင်းဆန်ခြင်းပြုလေ့ရှိသော ဒေသများဖြစ်သည်။ မကြာသေးမီ နှစ်များ အတွင်းကမူ အချို့ဒေသများတွင် လုံခြုံရေး အခြေအနေများ တိုးတက်ကောင်းမွန် လာသည် နှင့်အမျှ ဝန်ဆောင်မှုများ ဝင်ရောက် ဆောင်ရွက်ရန် ပိုမိုတံခါးပွင့် လာခဲ့သည်။ | မြင့်မားသည်။ ပဋိပက္ခဒေသအတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ တပ်ရွှေ့လျားမှုများက တင်းမာမှုများ၏ အမြဲတမ်း အကြောင်းရင်း ဖြစ်သည်။ အပစ်ရပ်ထား သော်လည်း အကြမ်းဖက် ပဋိပက္ခများ မကြာခဏ ဆိုသလို ဖြစ်ပွားဆဲဖြစ်သည်။ အထူးသဖြင့် ကင်းလှည့်ခွင့်နှင့် နယ်မြေ ထိန်းချုပ်ခွင့်ဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်ပြီး တစ်ဘက်နှင့် တစ်ဘက် နားလည်မှုမတူညီသောကြောင့် ဖြစ်သည်။ |
| ပုံစံ ၆။ လက်နက်ကိုင်ရာဇ ဝတ်ဂိုဏ်းများ၏ ထိန်းချုပ်မှု အောက်သို့ရောက်ရှိနေ သော လူမျိုးစုငယ်ဒေသများ | | အကန့်အသတ်ရှိသည်။ အထူးသဖြင့် ယင်း အဖွဲ့အစည်းများသည် ပထဝီအနေအထား ကြောင့်ဖြစ်စေ၊ အခြားလက်နက်ကိုင်အဖွဲ့များ ကြောင့်ဖြစ်စေ အစိုးရက အပြည့်အဝ ထိန်း ချုပ်ခြင်းမပြုနိုင်သော ဒေသများတွင် ရှင်သန် လှုပ်ရှားနေတတ်ကြသည်။ | အကန့်အသတ်ကြီးမားစွာရှိသည်။ နိုင်ငံတော် အုပ်ချုပ်ရေး ယန္တရား ရှိမနေခြင်းမှာ အဓိက အကြောင်း ဖြစ်သည်။ | အနည်းငယ်သာရှိသည်။ ဒေသတွင်း လက်နက်ကိုင် အဖွဲ့ငယ်များနှင့် တပ်မတော်အကြား ဆက်ဆံရေး ပေါ်မူတည် သည်။ |

**အရောင်ခွဲခြားသတ်မှတ်မှုများက လူမှုဝန်ဆောင်မှုများကြောင့် ပဋိပက္ခများဖြစ်နိုင်ချေကို ဖော်ပြထားခြင်းဖြစ်သည်။**

မီးခိုးဖျော့- သိသာထင်ရှားသော အန္တရာယ်မရှိပါ

မီးခိုးအလယ်အလတ်- ပဋိပက္ခဖြစ်နိုင်ချေမြင့်မားသည်

မီးခိုးရင့်- သုံးသပ်ခြင်းမပြုနိုင်ပါ

## ချင်း

ချင်းပြည်နယ်၏ နယ်မြေအများစုကို မြန်မာအစိုးရက ထိန်းချုပ်ထားပြီး ချင်းအမျိုးသားတပ်ပေါင်းစုနှင့် ယင်း၏ စစ်ရေးအဖွဲ့ချင်းအမျိုးသားတပ်မတော်တို့ကသာ စစ်ရေးအရ ဆန့်ကျင်နေမှုများရှိသည်။ ယင်းအဖွဲ့သည် ထန်တလန်၊ မတူပီနှင့် တစ်ဒင်မြို့နယ်များရှိ ပုံစံ ၅ အမျိုးအစား သေးငယ်သောဒေသများအပေါ်တွင် လွှမ်းမိုးမှု အနည်းငယ်ရှိသည်။ စီအင်န်အက်ဖ်အဖွဲ့သည် ယင်းသြဇာလွှမ်းမိုးရာဒေသများအတွင်း ရွေ့လျားဆေးခန်း အနည်းငယ်ဖွင့်လှစ်ပြီး ဝန်ဆောင်မှုပေးနေကြောင်း သိရှိရသည်။ ယခုအခါတွင် ထန်တလန်မြို့နယ်အတွင်းရှိ ဌာနချုပ်အသစ်များအနီးတွင် ပိုမိုအခြေကျသော ကျန်းမာရေးဝန်ဆောင်မှုများကို စတင်ပေးနေပြီဖြစ်ကြောင်း သိရသည်။ အလားတူပင် ဒေသအတွင်း၌ စီအင်န်အက်ဖ်နှင့် တိုက်ရိုက်ပတ်သက်ခြင်းမရှိသော စေတနာ့ဝန်ထမ်း ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများစွာရှိနေသည်။ များသောအားဖြင့် ယင်းအဖွဲ့များကို နိုင်ငံတကာရှိ ခရစ်ယာန်အသင်းအဖွဲ့များက ရန်ပုံငွေထောက်ပံ့ကြခြင်းဖြစ်သည်။ ခရစ်ယာန်ဘုရားကျောင်းအခြေခံ ကယ်ဆယ်ရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ပဋိပက္ခဒဏ်ခံပြည်သူများအား ထောက်ပံ့ကူညီရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် လက်တွဲဆောင်ရွက်လေ့ရှိသော လွတ်လပ်သော မြန်မာပြည်ရိန်ဂျာအဖွဲ့သည်လည်း စီအင်န်အက်ဖ်/ စီအင်န်အေအဖွဲ့နှင့် ပူးပေါင်းပြီး ချင်းအဖွဲ့နှစ်ဖွဲ့ကို ထောက်ပံ့ကူညီမှုများ လုပ်နေသည်ဟုလည်း သိရသည်။[26]

ကျေးရွာများသည် များသောအားဖြင့် ရပ်ရွာအခြေပြု ပညာရေးဝန်ဆောင်မှုများကိုသာ မှီခိုအားထားကြရသည်။ မကြာသေးမီနှစ်များအတွင်းက ပညာရေးဝန်ကြီးဌာနသည် ရပ်ရွာအခြေပြုပညာရေးအဖွဲ့များကို ပံ့ပိုးကူညီမှုများ စတင်ပြုလုပ်ပြီး နေရာအများအပြား၌ ချင်းဘာသာစကားအစား မြန်မာဘာသာဖြင့် အစားထိုးသင်ကြားရန်ဆောင် ရွက်ခဲ့သည်။

## ကချင်

အစိုးရကို ဆက်လက်ဆန့်ကျင်နေသော တစ်ခုတည်းသော ကချင်အဖွဲ့အစည်းမှာ ကေအိုင်အိုဖြစ်သည်။ ယင်း အဖွဲ့သည်ကချင်ပြည်နယ်အတွင်းရှိ ပုံစံ ၃ အမျိုးအစား ပိုင်နက်နယ်မြေလေးခုကို ပုံစံအမျိုးမျိုးဖြင့်အုပ်ချုပ်လျက် ရှိပြီး ၁၉၉၄ အစိုးရနှင့်ချုပ်ဆိုခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်အရ ယင်းနယ်မြေများကို စုပေါင်းပြီး ကချင်အထူးဒေသဟု သတ်မှတ်ပေးထားသည်။ ယခုအချိန်အထိ ယင်းအဖွဲ့အစည်းသည် ရှမ်းပြည်မြောက်ပိုင်း တွင်ရှိနေကြသော ကချင်တိုင်းရင်းသားဒေသခံများအပေါ် ပုံစံ ၂ အမျိုးအစားသြဇာလွှမ်းမိုးမှုများ ရှိနေဆဲဖြစ် သည်။ နယ်ခြားစောင့်တပ် အမှတ် ၁၀၀၁-၁၀၀၃ (ယခင်က ကချင်အမျိုးသားကာကွယ်ရေးတပ်မတော်၊ အင်န်ဒီ အေ-ကေ) သည် ယခင်က ကချင်အထူးဒေသ ၁ အဖြစ်သတ်မှတ်ပေးထားသော ကန်ပိုင်တီနှင့် ပန်ဝါဒေသများ အပေါ် ပုံစံ ၂ အမျိုးအစားသြဇာလွှမ်းမိုးမှု ကြီးကြီးမားမား တည်ဆောက်ထားနိုင်သော်လည်း ယင်းဒေသများတွင် အစိုးရအုပ်ချုပ်ရေးယန္တရားများလည်း ခိုင်ခိုင်မာမာတည်ဆောက်ပြီးဖြစ်နေသည်။ ၂၀၁၁ ခုနှစ်မှစ၍ ကေအိုင်အို သည်မြန်မာ့တပ်မတော်နှင့် စစ်ပွဲများဆင်နွှဲနေခဲ့ပြီး အချို့သော နယ်မြေများ၊ အထူးသဖြင့် ရှမ်းပြည်နယ်မြောက် ပိုင်းရှိနယ်မြေများတွင် ဝင်ရောက်လှုပ်ရှားခွင့်ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့်ယခင်က စစ်ရေးအရထိန်းချုပ်ထားနိုင်ခဲ့ သောဒေသများသည် ပုံစံ ၃ ဒေသများမှ ပုံစံ ၄ ဒေသများအဖြစ်သို့ ပြောင်းလဲသွားရသည်။

ကေအိုင်အိုအဖွဲ့သည် စတင်လက်နက်ကိုင်စွဲပြီး ၃ နှစ်အကြာ ၁၉၆၄ တွင် စာသင်ကျောင်းများကို စတင်တည် ထောင်ပြီး အကျိုးဆက်အနေဖြင့် ၁၉၇၈ တွင် ကေအိုင်အိုပညာရေးဌာနကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။[27] ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ကောက်ယူသော အချက်အလက်များအရ ကေအိုင်အိုပညာရေးဌာနသည် ကေအိုင်အိုအုပ်ချုပ်ရာနယ်မြေနှင့် အနီးတဝိုက်တွင် အထက်တန်းကျောင်းလေးကျောင်း၊ အလယ်တန်းကျောင်း ၃၂ ကျောင်းနှင့် မူလတန်းကျောင်း ၂၄၃ ကျောင်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းကျောင်းသား ၂၃၀၀၀ ကျော်အတွက် ပညာရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။[28] အတိအကျနှိုင်းယှဉ်နိုင်ရန် အတွက် တိကျသေချာသော အချက်အလက်များမရရှိထားသော်လည်း အဆိုပါ ဒေသနှင့် ဆက်စပ်ဒေသများတွင် အစိုးရကျောင်းပေါင်း ၃၁၀ ခန့်ရှိပြီး စုစုပေါင်းကျောင်းသားဦးရေ ၁၃၈၁၁ ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။[29]

၁၉၉၄ ခုနှစ်မှစ၍ ကေအိုင်အိုပညာရေးဌာနမှ ကျောင်းများသည် ပညာရေးဝန်ကြီးဌာနမှသင်ရိုးညွှန်းတမ်းများကို အသုံးပြုသော်လည်း သင်ကြားသောဘာသာစကားမှာ ဂျင်းဖောဘာသာစကားဖြစ်သည်။ ၂၀၁၁ ခုနှစ်မှစ၍ ကချင်ဘာသာစကားနှင့် သမိုင်းကို ပညာရေးဝန်ကြီးဌာနမှ သင်ရိုးအပြင် အပိုသင်ခန်းစာအဖြစ် ထည့်သွင်းသင်ကြားသည်။

၂၀၁၁ ခုနှစ်တွင် လက်နက်ကိုင်ပဋိပက္ခများပြန်လည်ဖြစ်ပွားသောအခါ ကေအိုင်အိုပညာရေးဌာနနှင့် အစိုးရပညာရေးဝန်ကြီးဌာနတို့ပူးတွဲဖွင့်လှစ်သော ကျောင်းပေါင်းဆယ်ကျောင်းကို ပိတ်ပစ်လိုက်ရပြီး ကေအိုင်အိုပညာရေးဌာနလက်အောက်ခံကျောင်းများမှ ကျောင်းသားများကို အစိုးရအခြေခံပညာအထက်တန်းစာမေးပွဲဖြေဆိုနိုင်မည့် အစီအစဉ်လည်း ရပ်ဆိုင်းသွားခဲ့သည်။ အကျိုးဆက်အနေဖြင့် ကေအိုင်အေပညာရေးဌာနမှ ကျောင်းသားများ သည် မြန်မာနိုင်ငံအတွင်းရှိအဆင့်မြင့်ပညာရေးကို ရယူနိုင်ခြင်းမရှိတော့ပဲ ကချင်နှစ်ခြင်းအသင်းတော် (ကချင် ကေဘီစီ) ၏ မြစ်ကြီးနားကျမ်းစာကောလိပ်၊ ကေအိုင်အိုစစ်အရာရှိများလေ့ကျင့်ရေးကျောင်းနှင့် တရုတ်နိုင်ငံရှိ ဆေးဘက်ဆိုင်ရာကောလိပ်များသို့ တက်ရောက်ရန်သာ ရှိတော့သည်။

ကချင်ကေဘီစီအဖွဲ့နှင့်ကရုဏာမြန်မာလူမှုဝန်ဆောင်အဖွဲ့တို့ကလည်း သာသနာပြုကျောင်း ၁၀ ကျောင်းကို တည်ထောင်ဖွင့်လှစ်ထားသည်။ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစင်တာအများအပြားကိုလည်း ကချင်အမျိုးသမီးအသင်း၊ ကချင်ကေဘီစီနှင့် ကရုဏာမြန်မာတို့မှ ဝန်ဆောင်မှုပေးနေသည်။

ကေအိုင်အိုကျန်းမာရေးဌာနသည် ဆေးရုံ ၁၂ ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၆၁ ခုတို့ကို ပုံမှန်နှင့်အလွတ် တမ်း လေ့ကျင့်သင်ကြားမှုအမျိုးမျိုး ရရှိထားကြသော ဝန်ထမ်းပေါင်း ၁၀၀၀ ကျော်နှင့် ဆောင်ရွက်လျက်ရှိသည်။ [30] ယင်းကျန်းမာရေးဌာနအားလုံးမှာ ကချင်ပြည်နယ်အတွင်းတွင်ရှိပြီး ရှမ်းပြည်မြောက်ပိုင်းရှိ ဆေးရုံတစ်ရုံနှင့် ကျေးလက်ဆေးပေးခန်း ၂၁ ခုတို့ကိုမူ ပဋိပက္ခကြောင့် စွန့်ပစ်ထားခဲ့ရသည်။ ကျေးလက်ကျန်းမာရေးဌာနများ သည် အဖြစ်များသော ရောဂါများဖြစ်သည့် ငှက်ဖျား၊ တီဘီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဝန်ဆောင်မှုများ၊ ရေနှင့်သန့်ရှင်းရေးအစီအစဉ်များ၊ ကာကွယ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ပေးခြင်းနှင့် ဆက်လက်ကုသရန်လိုသူများကို ဆေးရုံများသို့ လွှဲပြောင်းပေးခြင်းစသည်တို့ကို ဆောင်ရွက်ကြသည်။ ဆေးရုံများတွင် မူအသေးစားခွဲစိတ်ကုသမှုများနှင့် ဓာတ်မှန်၊ အာထရာဆောင်းနှင့် အဆင့်မြင့်ရောဂါရှာဖွေဖော်ထုတ်ခြင်းများ၊ ခုခံအားကျရောဂါကုသခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းအပါအဝင် ဝန်ဆောင်မှုအများအပြားကို ဆောင်ရွက်သည်။

၂၀၁၁ ခုနှစ်မှစပြီး ပဋိပက္ခများကြောင့် ကေအိုင်အိုပိုင်နယ်နယ်မြေအတွင်းရှိ ဒုက္ခသည်စခန်းပေါင်း ၁၉ ခုတို့တွင် နေထိုင်ကြသော စစ်ရှောင်ဒုက္ခသည် ၈၀၀၀၀ တို့ကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ဆေးရုံနှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၉ ခုတို့ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ကျန်ဒေသများတွင်မူ ကိုယ်ခံအားကျရောဂါနှင့် တီဘီတို့မှအပ ကျန်ကျန်းမာရေးစောင့်ရှောက်မှုများကိုအခမဲ့ရရှိခြင်းမရှိပါ။

အလားတူပင် ကေအိုင်အိုအထူးဒေသ၌ ထိုင်းနိုင်ငံအခြေစိုက် ကချင်အမျိုးသမီးများအသင်း (ကေဒဗျူအေတီ) မှ မြန်မာနိုင်ငံကျန်းမာရေးအသင်း (ဘီအမ်အေ) ၏ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ဆောင်ရွက်သော ဆေးပေးခန်းတစ်ခု လည်းရှိသည်။ [31] ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအသင်း (ဘီပီအိတ်ချ်ဒဗျူတီ) ကလည်း ကချင်ပြည်နယ် အတွင်းတွင် ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့လေးဖွဲ့ကို ထောက်ပံ့ထားပြီး လွတ်လပ်သော မြန်မာပြည် ရိန်ဂျာအဖွဲ့က ကေအိုင်အို/ကေအိုင်အေနှင့် လက်တွဲကာ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ၁၂ ဖွဲ့ကို ပံ့ပိုးပေးထားသည်။[32]

၁၉၉၄ ခုနှစ် အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးနောက်ပိုင်းတွင် ကချင်အဖွဲ့အစည်းများက ဦးဆောင်ပြီး ကေအိုင်အိုဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပဋိပက္ခဒဏ်ခံပြည်သူများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည် (ဂျိုလိဖ်၊ ၂၀၁၄၊ ၁၄-၁၆၊ ဆောက်သ်၊ ၂၀၀၈၊ ၁၉၀-၁၉၄)။ ထင်ရှားသော ဥပမာတစ်ခုမှာ ကေအိုင်အိုကတည်ထောင်သော ကချင်ပြန်လည်တည်ထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (ကေဒီအာစီ) ဖြစ် သည်။

ယင်းကော်မတီသည် စိုက်ပျိုးမွေးမြူ၍ရသော ဒေသများ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအကြီးစားများနှင့် ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး အသေးစားငွေချေးခြင်းနှင့် အခြားလူထုအခြေပြုဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

အလားတူအချိန်အတွင်းမှာပင် ရည်ရွယ်ချက်ကြီးမားသော အရပ်ဘက်အဖွဲ့အစည်းနှစ်ခု (မေတ္တာဖောင်ဒေးရှင်း နှင့် ရှုလုံဖောင်ဒေးရှင်း) ကေအိုင်အိုနှင့် အလွတ်သဘောဆက်ဆံရေးများရှိကြသော ကချင်ခေါင်းဆောင်များက တည်ထောင်ပြီး ပဋိပက္ခဒဏ်ခံဒေသများတွင် လုပ်ငန်းများစတင်ဆောင်ရွက်သည်။ ယင်းအဖွဲ့များသည် အကြီး ဆုံးမြန်မာအန်ဂျီအိုများဖြစ်လာကြပြီး ရန်ကုန်မြို့တွင်ဌာနချုပ်ထားရှိကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး ၌ လုပ်ငန်းများဆောင်ရွက်နေကြသည်။ ဗမာမဟုတ်သော တိုင်းရင်းသားများနေထိုင်သည့် ပဋိပက္ခဒေသများ အတွင်း လူမှုဝန်ဆောင်မှုကဏ္ဍအမျိုးမျိုးကို ကြာမြင့်စွာဆောင်ရွက်လာခဲ့ကြခြင်းကြောင့် ယင်းအဖွဲ့များသည် အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ လူမှုဝန်ဆောင်မှုဌာနများကြားတွင် ဆက်ဆံရေးများ တည်ဆောက်ရာ၌ ကျယ်ပြန့်သောအခန်းကဏ္ဍမှ ပါဝင်ကူညီနိုင်ကြသည်။

ကချင်ကေဘီစီအဖွဲ့သည် ကေအိုင်အိုထိန်းချုပ်ဒေသများနှင့် ကေအိုင်အိုထိန်းချုပ်ဒေသ မဟုတ်သောဒေသများတွင် စစ်ရှောင်ဒုက္ခသည် ကူညီစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်နှင့် အမျိုးသမီးမြှင့်တင်ရေး၊ ခရစ်ယာန်ပညာရေးနှင့် အခြားဘာသာရေးဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကချင်အရပ်ဘက်အဖွဲ့အစည်းအများစုမှာ လက်ရှိ အချိန်တွင် စစ်ရှောင်ဒုက္ခသည်များအတွက် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိကြ သော်လည်း ယင်းတို့၏ ဝန်ထမ်းအများအပြားမှာ ယခင်ကအခြားသော ကဏ္ဍများတွင်လည်း လုပ်ကိုင်ခဲ့ကြဖူးသူ များဖြစ်သဖြင့် လက်ရှိ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အကျပ်အတည်းများလွန်မြောက်သွားပါက ကျန်ကဏ္ဍအသီးသီးတွင် စုံလင်စွာခွဲဝေလုပ်ကိုင်ကြလိမ့်မည်ဖြစ်သည်။ ယင်းအဖွဲ့များတွင် BRIDGE၊ RANIR၊ ကေအမ်အက်အက်စ်၊ ကေဒဗျူအေ၊ ကချင်ဖွံ့ဖြိုးရေးအဖွဲ့နှင့် ဝမ်ပေါင်းနင်တိုအီ (ဒဗျူပီအမ်) အဖွဲ့စသည်တို့ ပါဝင်သည်။

ကချင်အမျိုးသားများထူထောင်သော အဖွဲ့အစည်းအများအပြားကလည်း ဒေသအတွင်းတွင် ဥပဒေကြောင်းဆိုင် ရာရပိုင်ခွင့်များ၊ ဥပဒေနှင့် နိုင်ငံရေးအမြင်ဖွင့်သင်တန်းများနှင့် လူထုထောက်ပံ့ရေးလုပ်ငန်းအမျိုးမျိုးစသည်ဖြင့် လူထုစွမ်းအားမြှင့်တင်ရေးဝန်ဆောင်မှုအမျိုးမျိုးကိုလည်း ဆောင်ရွက်ပေးကြသည်။ ယင်းအဖွဲ့များတွင် ကချင် ဖွံ့ဖြိုးရေးလုပ်သားများကွန်ရက်အဖွဲ့၊ ထိုင်း-နိုင်ငံကချင်အမျိုးသမီးများအစည်းအရုံး၊ ကချင်အမျိုးသမီးများငြိမ်းချမ်း ရေးကွန်ရက်၊ ဆုဗပ်ကင်ဒိုင်ဖောင်ဒေးရှင်း၊ ပေါင်းစည်းသော ကချင်လူငယ်သမဂ္ဂ၊ ကချင်ဥပဒေအကျိုးဆောင်များ အဖွဲ့၊ လူသားချင်းစာနာရေးအင်စတီကျူ၊ ကချင်အမျိုးသမီးများအစည်းအရုံး၊ ကချင်ဥပဒေထောက်ကူကွန်ရက် အဖွဲ့၊ ထွိုင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ ကချင်ကွန်ရက်အဖွဲ့နှင့် နင်ဂမ်လူမှုကွန်ရက်အဖွဲ့စသည်တို့ပါဝင်သည်။

## ကရင် (မြန်မာနိုင်ငံအရှေ့တောင်ပိုင်း)

ကရင်ကျေးလက်ပြည်သူများနေထိုင်သော ကရင်ပြည်နယ်၊ ပဲခူးတိုင်းအရှေ့ခြမ်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးမြောက်ပိုင်းရှိ အစိတ်အပိုင်းများသည် ဆယ်စုနှစ်ခြောက်စုကြာပဋိပက္ခ၏ နောက်ဆက်တွဲအနေနှင့် အငြင်းအခုံပဋိပက္ခအများဆုံးဒေသများဖြစ်လျက် ရှိနေဆဲဖြစ်သည်။ ယင်းဒေသများအတွင်းရှိ အဓိကတိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်းများမှာ ကေအင်န်ယူနှင့် ကလိုထူးဖောကရင်အဖွဲ့ (ကေကေအို) တို့ဖြစ်သည်။ ကေကေအိုကို ယင်း၏ လက်နက်ကိုင်အဖွဲ့ဖြစ်သော ဒီကေဘီအေ (မွန်မြတ်သော ဒီမိုကရက်တစ်ကရင် တပ်မတော်) အမည်ဖြင့် ပိုမိုလူသိများသည်။ ယင်းအဖွဲ့များအုပ်ချုပ်သော နယ်မြေများကို တရားဝင်နယ်နိမိတ် သတ်မှတ်ပေးထားခြင်းမရှိသော်လည်း ဒေသအများအပြားတွင် ဩဇာအခိုင်အမာတည်ထောင်ထားနိုင်ကြသည်။

ဒီကေဘီအေ (ကေကေအို) သည် ကြာအင်းဆိပ်ကြီး၊ လှိုင်းဘွဲ့နှင့် ဖာပွန်မြို့နယ်တောင်ပိုင်းတို့တွင် ပုံစံ ၅ အမျိုးအစားသြဇာလွှမ်းမိုးမှုရှိနေပြီး၊ မြဝတီမြို့နယ်အရှေ့တောင်ပိုင်းတွင်မူ ပုံစံ ၅ အမျိုးအစားအခြေစိုက်နယ်မြေကို အခိုင်အမာတည်ဆောက်ထားနိုင်သည်။ ကေအင်န်ယူ/ကေအင်န်အယ်လ်အေသည် ပဲခူး၊ ကရင်၊ မွန်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အနည်းဆုံးမြို့နယ် ၁၂ မြို့နယ်ကို ပုံစံ ၅ သြဇာလွှမ်းမိုးမှု အတိုင်းအတာအမျိုးမျိုးဖြင့် သက်ရောက်နေသည်။ ထို့အပြင် ထိုင်းနိုင်ငံနှင့် နယ်စပ်တလျှောက်တွင်လည်း အခိုင်အမာအခြေစိုက်ထား သော ဒေသအများအပြားရှိနေသည်။ ယင်းအဖွဲ့၏ အကြီးမားဆုံး ခြေကုပ်နယ်မြေများမှာ ကရင်ပြည်နယ်ဖာပွန်နှင့်သံတောင်မြို့နယ်များတွင်ရှိသည်။ တပြိုင်နက်တည်းမှာပင် ကေအင်န်ယူ/ကေအင်န်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီသည် ကော့ကရိတ်မြို့နယ်အတွင်း၌ အပစ်ရပ်ထားသော ပုံစံ ၂ နယ်မြေအငယ်စားတစ်ခုကို ရယူထား သည်။ မြဝတီ၊ ကော့ကရိတ်နှင့် လှိုင်းဘွဲ့မြို့နယ်များအတွင်း နေရာအများစုကို နယ်ခြားစောင့်တပ်ဖွဲ့ အမှတ် ၁၀၁၁-၁၀၂၃ တို့က ပုံစံ ၃ သြဇာလွှမ်းမိုးမှုမျိုး အခိုင်အမာ တည်ဆောက်ထားနိုင်သည်။

ယင်းဒေသများရှိ လူမှုဝန်ဆောင်မှုများကို ကရင်အမျိုးသားအခြေပြုအဖွဲ့အစည်းအများအပြားက ဝန်ဆောင်ပေးလျက်ရှိသည်။ ယင်းသို့သော ဝန်ဆောင်မှုစနစ်များအတွက် အခြေခံများကို ကေအင်န်ယူအဖွဲ့က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန (ကေအီးဒီ) ကို မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကတည်းက တည်ထောင်ထားခဲ့ခြင်းဖြစ်ပြီး၊ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (ကေဒီအိတ်ချ်ဒဗျူ) ကို ၁၉၅၆ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ စိုက်ပျိုးရေးဌာနတစ်ခုဖြစ်သော ကေအေဒီသည်လည်း အခြေခံအသက်မွေးဝမ်းကျောင်း ထောက်ပံ့မှုအချို့နှင့် ကျွမ်းကျင်မှုအခြေပြုသင်တန်းများနှင့် အခြားဝန်ဆောင်မှုများကို အစိုးရအပြင် ကေအင်န်ယူ ထိန်း၌ပါ မြေယာများမှတ်ပုံတင်ထားသော ကရင်လူမျိုးများအတွက် ဝန်ဆောင်ပေးနေသည်။

မျက်မှောက်ကာလတွင် ကေအီးဒီသည် ကရင်ပြည်နယ်ပညာရေးထောက်ပံ့မှုအဖွဲ့ (ကေအက်စ်အီးအေဂျီ) ကို ပွဲတနာစ်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့အမည်ရှိ နိုင်ငံတကာအန်ဂျီအိုတစ်ခုနှင့် ပူးတွဲတည်ထောင်ထားသူဖြစ်သည်။ ကေအက်စ်အီးအေဂျီကို ကရင်ဆရာများလုပ်ငန်းအဖွဲ့ (ကေတီဒဗျူဂျီ) ဟုလည်းခေါ်သည်။ ယင်းအဖွဲ့ သည် ကေအင်န်ယူပိုင်နက်မဟုတ်သော ဒေသများအပါအဝင် ကရင်ပြည်နယ် အရှေ့တောင်ပိုင်းဒေသများမှ ကလေးများအတွက် ပုံမှန်ကျောင်းသင်ပညာရေးကို တန်းတူလက်လှမ်းမီစေရန် ရည်ရွယ်၍ တည်ထောင်ထားခြင်းဖြစ်သည်။ ခြုံငုံပြီးဆိုရလျှင် ကေအက်စ်အီးအေဂျီသည် ဒေသတွင်း ကရင်လူမျိုးအများစုအခြေချရာနေရာများ ရှိ ကျောင်းသားပေါင်း ၁၄၁၆၂၃ ဦးတို့အတွက် စာသင်ကျောင်းပေါင်း ၁၂၉၄ ကျောင်းဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ [33] ကျောင်းသားစုစုပေါင်း ၁၂၃၂၁၂ (၈၇%) သည်ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ကရင်အခြေစိုက်ဒေသများတွင် မှတ်ပုံတင်စာရင်းသွင်းထားကြသည်။ အကြမ်းဖျဉ်းနှိုင်းယှဉ်ရလျှင် အစိုးရ ပညာရေးဝန်ကြီးဌာနက ယင်းဒေသအတွင်း စာသင်ကျောင်းပေါင်း ၁၈၆၀ နှင့် ကျောင်းသားပေါင်း ၃၁၇၃၈၀ ဦးတို့ကို ဝန်ဆောင်ပေးနေသည်။[34]

ကေအက်စ်အီးအေဂျီ၏ စာသင်ကျောင်းအများစုမှာ သက်ဆိုင်ရာ ရပ်ရွာများမှ တည်ထောင်ထောက်ပံ့ထားကြခြင်းဖြစ်ပြီး ရာပေါင်းများစွာသော ကျောင်းများကို ကေအီးဒီက အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ စီမံအုပ်ချုပ်သည်။ အချို့သော ကေအီးဒီမဟုတ်သည့် ကျောင်းများကိုလည်း အစိုးရက တစ်စိတ်တစ်ပိုင်းအသိအမှတ် ပြုပြီး အစိုးရနှင့် ကေတီဒဗျူဂျီတို့မှ အထောက်အပံ့အချို့ကို လက်ခံရရှိသည်။ ကျောင်းပေါင်း ၅၀ ကျော်တို့မှာ ဒီကေဘီအေနှင့် နယ်ခြားစောင့်တပ်ဖွဲ့တို့၏ ပိုင်နက်များအတွင်းရှိနေကြပြီး ယင်းအဖွဲ့များနှင့် အစိုးရတို့ထံမှ ပုံစံအမျိုးမျိုးနှင့် ထောက်ပံ့မှုများကို လက်ခံရရှိကြသည်။ ကေအင်န်ယူ/ကေအင်န်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီ ၏ အပစ်ရပ်ဒေသအတွင်းတွင် ကရင်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီမှ ကျောင်းပေါင်း ၁၀ ကျောင်းကို ဆောက်လုပ်ခဲ့သည်။

ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနသည် ကေအင်န်ယူ ပုံစံ ၅ ဒေသအတွင်းရှိ လူဦးရေတစ်သိန်းကျော်တို့ကို အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ပေးနေသော ရွှေ့လျားဆေးပေးခန်းပေါင်း ၄၈ ခုကို ဖွင့်လှစ်ဆောင်ရွက်နေသည်။ ယင်းပြည်သူများအတွက် နောက်တစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုများကိုမူ ဒေသတွင်းရှိ

ကရင်လူမျိုးများနေထိုင်ရာဒေသများတွင် ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ငယ်ပေါင်း ၅၀ ကျော်ပါဝင်ဖွဲ့စည်းထားသည့် ကျောပိုးအိတ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများအဖွဲ့က ဆက်လက်တာဝန်ယူဆောင်ရွက်ပေးသည် (ဘီပီအိတ်ချ်ဒဗျူတီ၊ ၂၀၁၃၊ ၃)။ [35] ကေအင်န်ယူပိုင်နက်အတွင်းနေထိုင်ကြသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် နောက်ထပ်ဆေးခန်းလေးခုကိုလည်း မြန်မာနိုင်ငံကျန်းမာရေးအသင်း၏ ထောက်ပံ့မှုဖြင့် ကေအင်န်အယ်လ်အေက ဖွင့်လှစ်ပေးထားသည်။ [36] ဒီကေဘီအေဒေသအတွင်း၌ မြန်မာနိုင်ငံကျန်းမာရေးအသင်းမှ ထောက်ပံ့ပေးထားသော ဆေးခန်းခြောက်ခုရှိသည်။ ယင်းတို့အနက်မှ ခြောက်ခုကိုဒီကေဘီအေက တိုက်ရိုက်စီမံခန့်ခွဲပြီး ကျန်လေးခုကိုမူ ကေအင်န်ယူမှ ခွဲထွက်ခဲ့သော၁၉၉၅ မတိုင်ခင်ကတည်း က အဖွဲ့နှင့်ဆက်စပ်နေသော ကွန်ရက်များမှ တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ အလားတူခွဲထွက်အဖွဲ့ဖြစ်သော ကချင်ငြိမ်းချမ်းရေးတပ်ဖွဲ့ကလည်း ဆေးခန်းနှစ်ခုကို တာဝန်ယူဆောင်ရွက်သည်။ ယင်းအဖွဲ့မှာ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းပြီးဖြစ်သည်။ ဒီကေဘီအေခွဲထွက်အဖွဲ့တစ်ဖြစ်လဲ အခြားနယ်ခြားစောင့်တပ်ဖွဲ့တစ်ခုကလည်း ကရင်ပြည်နယ်အလယ်ပိုင်းတွင် ဆေးခန်းတစ်ခုဖွင့်လှစ်ထားသည်။ အခြားဆေးခန်းငါးခုကို မြန်မာနိုင်ငံကျန်းမာရေးအသင်း၏ အကူအညီဖြင့် ကေအင်န်ယူ/ကေအင်န်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီက ယင်း၏ အပစ်ရပ်နယ်မြေအတွင်း တည်ထောင်ဖွင့်လှစ်ထားသည်။ [37] ကေအင်န်ယူ/ကေအင်န်အယ်လ်အေနှင့် ပူးပေါင်းပြီး ပဋိပက္ခဒဏ်ခံပြည်သူများအတွက် ကျန်းမာရေးနှင့် အခြေခံကယ်ဆယ်စောင့်ရှောက်ရေးဝန်ဆောင်မှု များကို လွတ်လပ်သောမြန်မာနိုင်ငံရိန်ဂျာအဖွဲ့ ၂၈ ဖွဲ့ကဆောင်ရွက်လျက်ရှိသည်။[38]

အလားတူပင် ကေအင်န်ယူပိုင်နက်အတွင်း လုပ်ငန်းဆောင်ရွက်နေပြီး ကေအင်န်ယူနှင့် နီးကပ်သော ဆက်ဆံရေးတည်ဆောက်ထားသော်လည်း အတိုင်းအတာအမျိုးမျိုးဖြင့် သီးခြားလွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နေ သော အဖွဲ့များလည်းရှိသေးသည်။ ယင်းတို့မှာ-

- နိုင်ငံတွင်းစစ်ရှောင်ကရင်လူမျိုးများဆိုင်ရာကော်မတီ (စီအိုင်ဒီကေပီ) - စစ်ရှောင်သူများအတွက် စားနပ်ရိက္ခာ၊ ကယ်ဆယ်ထောက်ပံ့ရေးနှင့် အခြေခံပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ၊ မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများကို ထောက်ပံ့ကူညီခြင်းများ
- ကယ်ဆယ်ထောက်ပံ့ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကရင်အဖွဲ့ (ကေအိုအာဒီ) - ရေနှင့် အညစ်အကြေးစွန့်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ ကယ်ဆယ်ထောက်ပံ့ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး
- ကရင်အမျိုးသမီးများအဖွဲ့ (ကေဒဗျူအို) - မွေးကင်းစကလေးထောက်ကူပစ္စည်းများဖြန့်ချိခြင်းနှင့် ကျေးလက်သားဖွားဆရာမသင်တန်းများပေးခြင်းမှတစ်ဆင့် မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ နေ့ကလေထိန်းကျောင်းများ၊ အမျိုးသမီးများအတွက် အရေးပေါ်ထောက်ပံ့ကူညီမှုများ နှင့် သက်ကြီးစစ်ရှောင်ပုဂ္ဂိုလ်များကို စောင့်ရှောက်မှုပေးခြင်း
- ကရင်လူငယ်များအဖွဲ့ (ကေဝိုင်အို) - ဆယ်ကျော်သက်မျိုးဆက်ပွားပညာရေးနှင့် အိတ်ချ်အိုင်ဗီပညာပေး လုပ်ငန်းများ၊ ကယ်ဆယ်ရေး၊ စစ်ရှောင်ပြည်သူများနေထိုင်ရာဒေသအတွင်း စာသင်ကျောင်းများနှင့် လူငယ်အဆောင်များဆောက်လုပ်ပေးခြင်း၊ အစိုးရထိန်းချုပ်ဒေသအတွင်းရှိ လူငယ်များအတွက် အားကစားနှင့်ကာယပညာအစီအစဉ်များ၊ လူငယ်ခေါင်း ဆောင်မှုစွမ်းရည်သင်တန်းများ၊ လူငယ် စွမ်းအားမြှင့်အစီအစဉ်များ (လူထုစကားပြောခြင်း၊ နိုင်ငံရေးနှင့် ရပိုင်ခွင့်များဆိုင်ရာ အမြင်ဖွင့် သင်တန်း များဆောင်ရွက်ပေးခြင်း
- ကရင်ကျောင်းသားများကွန်ရက်အဖွဲ့ (ကေအက်စ်အင်န်ဂျီ) - အသက်မွေးပညာသင်တန်းများ၊ စစ်ရှောင် ဒေသစာသင်ကျောင်းများအတွက် သင်တန်းများ
- ကရင် သဘာဝပတ်ဝန်းကျင်ရေးရာ လူမှုကွန်ရက် (ကေအီးအက်စ်အေအင်န်) - စိုက်ပျိုးရေးနှင့် သက်မွေးပညာထောက်ပံ့ခြင်းများ၊ သဘာဝပတ်ဝန်းကျင်ပညာပေး၊ မြေယာပိုင်ဆိုင်ခွင့် အထောက်အကူ များ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တရားဝင်အလုပ်သဘောဆက်ဆံရေးများမရှိပဲ အစိုးရဒေသများ အတွင်း လွတ်လပ်စွာလုပ်ငန်းများ ဆောင်ရွက်နေကြသော ကရင်အမျိုးသားအဖွဲ့အစည်းများသည်လည်း ယခုနှစ်များအတွင်း ပဋိပက္ခဒေသများသို့ ဝင်ရောက်လှုပ်ရှားဆောင်ရွက်ခွင့်များ သိသိသာသာတိုးတက်ရရှိလာသည်။ ယင်းတို့ထဲမှ

အကြီးဆုံးအဖွဲ့အစည်းမှာ ယခင်က ကရင်ဖွံ့ဖြိုးရေးကွန်ရက်ဟု အသိများသော Knowledge Dedication for Nation-building (ကေဒီအမ်) အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့သည် စစ်ရှောင်ပြည်သူများအတွက် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေသည်။ အခြားသော အဖွဲ့အစည်းများမှာ ကေဒီအမ်၏ မိခင်အဖွဲ့ဖြစ်သော ကရင်ဖွံ့ဖြိုးရေးကော်မတီ (ကေဒီစီ)၊ ကရင်အမျိုးသမီးများစွမ်းအားမြှင့်အဖွဲ့ (ကေဒဗျူအီးဂျီ)၊ ကရင်နစ်ခြင်းအသင်းတော် (ကရင် ကေဘီစီ)၊ ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း (ကေအယ်လ်စီအေ)၊ ကရင်လူငယ်ကွန်ရက် (ကေဝိုင်အင်န်)၊ ကရင်ဘုန်းတော်ကြီးများအသင်းနှင့် ကရင် သဘာဝပတ်ဝန်းကျင်ကွန်ရက် (ကေအီးအင်န်) တို့ဖြစ်ကြသည်။

## ကရင်နီနှင့် ကယန်း

ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ပါဝင်နေသော ကယားပြည်နယ်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှစ်ခုမှာ ကေအင်န်ပီပီနှင့် ကယန်းပြည်သစ်ပါတီ (ကေအင်န်အယ်လ်ပီ) တို့ဖြစ်သည်။ ယင်းအဖွဲ့နှစ်ခုစလုံးသည် လက်ရှိအပစ်အခတ်ရပ်စဲရေး ရယူထားသော အဖွဲ့များဖြစ်သည်။ ဒေသအတွင်း၌ ကေအင်န်ပီပီမှ ခွဲထွက်အဖွဲ့အများစုပါဝင်သော အခြားလက်နက်ကိုင်အဖွဲ့အစည်းခြောက်ခုလည်းရှိသေးသည်။ ကေအင်န်ပီပီ သည် ဖာဆောင်၊ ဖရူးဆိုးနှင့် ရှာတော်မြို့နယ်များ၊ လွိုင်ကော်မြို့နယ်မြောက်ပိုင်းရှိ ဒေသငယ်တစ်ခုတို့တွင် ပုံစံ ၅ ဩဇာလွှမ်းမိုးမှုများ တည်ထောင်ထားသည်။ ကေအင်န်အယ်လ်ပီသည် ကယားပြည်နယ်မြောက်ပိုင်းရှိ အသက်ဝင်မှုအားနည်းလာသော အထူးဒေသတွင် ပုံစံ ၃ နှင့် ရှမ်းပြည်တောင်ပိုင်းဆက်စပ်ဒေသများတွင် ပုံစံ ၅ ပုံစံ ဩဇာလွှမ်းမိုးမှုများရှိသည်။ ယခင်က ကရင်နီလူမျိုးများပြည်သူ့လွတ်မြောက်ရေးတပ်ဦးကို ပြောင်းလဲဖွဲ့စည်းထား သော နယ်ခြားစောင့်တပ်ဖွဲ့ ၁၀၀၄ နှင့် ၁၀၀၅ တို့သည် ယခင်က အထူးဒေသများဖြစ်ခဲ့သော ပုံစံ ၂ ဒေသများ ကို ထိန်းချုပ်ထားသည်။ ထို့အပြင် ပြည်သူ့စစ်အဖွဲ့သုံးဖွဲ့၊ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပါတီ၊ ကယန်းအမျိုးသားအစောင့်တပ်ဖွဲ့နှင့် ကရင်နီအမျိုးသားသွေးစည်းညီညွတ်ရေးအဖွဲ့တို့လည်း ရှိနေကြ သည်။[39]

ကေအင်န်ပီပီ၏ ကရင်နီအမျိုးသားပညာရေးဌာန (ကေအင်န်အီးဒီ) သည် အခြေခံပညာကျောင်း ၄၆၀၊ အလယ်တန်းကျောင်း ၃၃ ကျောင်းနှင့် အထက်တန်းကျောင်း ၁၂ ကျောင်းကို ကယားပြည်နယ်အတွင်း၌ ဆောင်ရွက်လျက်ရှိသည်။ စုစုပေါင်း ဆရာ၊ဆရာမ ၁၆၇၇ နှင့် ကျောင်းသား ၅၀၃၅၁ ဦးရှိသည်။[40] အစိုးရပညာရေးဝန်ကြီး ဌာနက ကျောင်းပေါင်း ၃၈၈ နှင့် ကျောင်းသားဦးရေး ၅၅၆၀၆ ဦးတို့အတွက် ဝန်ဆောင်မှုများပေးနေသည်။ [41] ကယန်းမျိုးဆက်သစ်လူငယ်များအဖွဲ့ (ကေအင်န်ဂျီဝိုင်) ကလည်း အရေးပါသော ပညာရေးဝန်ဆောင်မှုအချို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းအဖွဲ့သည် ကေအင်န်အယ်လ်ပီနှင့် အလွတ်တန်းဆက်ဆံရေးများတည်ဆောက်ထားသော်လည်း သတင်းအချက်အလက်အတိအကျကို မသိရှိရပေ။

ကျန်းမာရေးစောင့်ရှောက်မှုကိုမူ ပြည်သူ့ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက် (စီအိတ်ချ်ဒီအင်န်) အမည်ရှိသော ကရင်နီနှင့် ကယန်းအဖွဲ့များကို ပူးပေါင်းထားသည့် အဖွဲ့အစည်းကဆောင်ရွက်သည်။ ယင်းအဖွဲ့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများအပြားနှင့် ချိတ်ဆက်လျက်ရှိသည်။ ယင်းကွန်ရက်အတွက် စွမ်းဆောင်ရည်နှင့် အရင်းအမြစ်ဆိုင်ရာထောက်ပံ့မှုအများစုကို ကရင်နီအမျိုးသားရွှေ့လျားကျန်းမာရေးကော်မတီ (ကေအင်န်အမ်အိတ်ချ်စီ) ကဆောင်ရွက်ပေးသည်။ ယင်းအဖွဲ့မှာ ထိုင်းနိုင်ငံဒုက္ခသည်စခန်းတွင်အခြေစိုက်သော ကရင်နီအမျိုးသားကျန်းမာရေးဌာန၏ မြန်မာနိုင်ငံအတွင်းလုပ်ငန်းဆောင်ရွက်သော အဖွဲ့ခွဲဖြစ်သည်။ ကေအင်န်အမ်အိတ်ချ်စီသည် ဖာဆွမ်၊ ဖရူးဆိုးနှင့် ရှာဒိုမြို့နယ်များအတွင်း ဆေးခန်း ၇ ခုနှင့် ရွှေ့လျားအဖွဲ့ ၂၀ ကို လေ့ကျင့်သင်တန်းပေးပြီးသား ဝန်ထမ်း ၁၀၇ ဦးဖြင့်ဆောင်ရွက်လျက်ရှိသည်။ အခြားအဖွဲ့များမှာ ကေအင်န် အယ်လ်ပီ၊ ကေအင်န်ပီဒီပီ၊ ကေအင်န်အက်စ်အို၊ ကေအင်န်ဂျီတို့၏ကျန်းမာရေးဆိုင်ရာ အဖွဲ့ခွဲများနှင့် မြန်မာနိုင်ငံကျန်းမာရေးအသင်း၏ထောက်ပံ့မှုဖြင့် ဆောင်ရွက်သော ကေအင်န်ပီအယ်လ်အက်ဖ် (နယ်ခြားစောင့်တပ်အမှတ် ၁၀၀၄-၁၀၀၅) ၏ ကျန်းမာရေးအဖွဲ့တို့၏ ဖြစ်သည်။ အခြားကျန်းမာရေးနှင့် ကယ်ဆယ်ထောက်ပံ့ရေးဝန်ဆောင်မှုများကို လွတ်လပ်သော မြန်မာနိုင်ငံရိန်ဂျားအဖွဲ့များ (ကရင်နီငါးဖွဲ့နှင့် ကယန်းတစ်ဖွဲ့) ကဆောင်ရွက်နေသည်။[42]

ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအဖွဲ့ကလည်း ကယား ၇ ဖွဲ့နှင့် ကယန်း ၄ ဖွဲ့ကို ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့များအဖြစ် ထောက်ပံ့ကူညီပေးထားသည် (ဘီပီအိတ်ချ်ဒဗျူတီ ၂၀၁၃၊ ၃)။

ကေအင်န်ပီပီနှင့် ဆက်စပ်မှုရှိပြီး ယင်း၏နယ်မြေအတွင်း လုပ်ငန်းများဆောင်ရွက်နေသော အောက်ပါအဖွဲ့အစည်းများလည်း ရှိသေးသည်။

- *ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (ကေအက်စ်ဒဗျူဒီစီ)*- စစ်ရှောင်သူများနှင့် အခြားပဋိပက္ခဒဏ်ခံပြည်သူလူထုအတွက် ကယ်ဆယ်ထောက်ပံ့ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ
- *ကရင်နီပြည်နယ်အမျိုးသမီးအဖွဲ့ (ကေအင်န်ဒဗျူအို)*- မွေးကင်းစကလေးထောက်ကူပစ္စည်းများ ဖြန့်ချိခြင်းနှင့် ကျေးလက်သားဖွားဆရာမသင်တန်းများ ပေးခြင်းမှ တစ်ဆင့် မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ နေ့ကလေးထိန်းကျောင်းများ၊ အမျိုးသမီးများအတွက် အရေးပေါ်ထောက်ပံ့ကူညီမှုများနှင့် သက်ကြီးစစ်ရှောင်ပုဂ္ဂိုလ်များကို စောင့်ရှောက်မှုပေးခြင်း

ကေအင်န်ဂျီပိုင်သည် ကယန်းလူမျိုးများအတွက် ရပ်ရွာဖွံ့ဖြိုးရေး အခြေခံအထောက်အပံ့များအပြင် ရပိုင်ခွင့်နှင့် နိုင်ငံရေးအသိပညာဆိုင်ရာ အမြင်ဖွင့်သင်တန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးသည်။

## မွန်

မွန်ပြည်သစ်ပါတီသည် ကရင်ပြည်နယ်တောင်ပိုင်းနှင့် မွန်ပြည်နယ်နှင့် ထိုင်းနယ်စပ်တွင်ရှိသော ပုံစံ ၂ အမျိုး အစားအပစ်ရပ်နယ်မြေနှစ်ခုကို အုပ်ချုပ်သည်။ ဒုတိယနယ်မြေတွင် ကရင်ပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းမြောက်ပိုင်းရှိ အစိတ်အပိုင်းအချို့လည်းပါဝင်သည်။

မွန်ပြည်သစ်ပါတီနှင့်ဆက်စပ်နေသော ဝန်ဆောင်မှုအဖွဲ့အစည်းများသည် မွန်ပြည်သစ်ပါတီအုပ်ချုပ်သောဒေသ နှင့် အစိုးရအုပ်ချုပ်သော ဒေသနှစ်ခုစလုံးတွင် လူမှုဝန်ဆောင်မှုများပေးနေကြသည်။ ယင်းအဖွဲ့အစည်းများ၏ ပါတီနှင့်သီးခြားကင်းလွတ်စွာ ဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းမှာမူ ပုံစံအမျိုးမျိုးကွဲပြားနေသည်။ ယင်းအဖွဲ့များမှာ-

- *မွန်အမျိုးသားပညာရေးကော်မတီ/မွန်အမျိုးသားပညာရေးဌာန (အမ်အင်န်အီးစီ/အမ်အင်န်အီးဒီ)* - မွန်ပြည်သစ်ပါတီနှင့် အစိုးရအုပ်ချုပ်သော ဒေသနှစ်ခုစလုံးမှ ကျောင်းသားပေါင်း ၁၃၀၀၀ ကျော်တို့အတွက် မွန်အမျိုးကျောင်း ၁၄၂ ကျောင်းဖွင့်လှစ်သင်ကြားပေးသည်။ ထို့အပြင် အစိုးရကျောင်း ၁၀၅ ကျောင်းရှိ ကျောင်းသား ၁၇၀၀၀ ကျော်တို့အတွက်လည်း မွန်ဆရာများကို ထောက်ပံ့ပေးထားသည်။ [43] ကျောင်းအများစုမှာ မွန်ပြည်နယ်အတွင်းတွင်ရှိပြီး ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင်လည်း ကျောင်းအချို့ရှိသည်။ မွန်ပြည်နယ်တစ်ခုထဲတွင် အစိုးရက ကျောင်းသားပေါင်း ၃၄၀၀၀ ကျော်အတွက် စာသင်ကျောင်းစုစုပေါင်း ၁၃၆၅ ဖွင့်လှစ်သင်ကြားပေးနေသည်။[44]
- *မွန်အမျိုးသားကျန်းမာရေးကော်မတီ (အမ်အင်န်အိတ်ချ်စီ)* - မွန်ပြည်သစ်ပါတီအတွင်းရှိ စစ်ရှောင်ဒုက္ခသည်စခန်းများအတွက် အဓိကရည်ရွယ်ပြီး မွန်ပြည်သစ်ပါတီနယ်မြေအတွင်းတွင် ဆေးပေးခန်းကိုးခန်း နှင့် အသေးစားကျန်းမာရေးဌာနနှစ်ခုဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ [45] မွန်ပြည်သစ်ပါတီဒေသ အတွင်း၌ အစိုးရ၏ ကျန်းမာရေးဝန်ဆောင်မှုများ လုံးဝရှိမနေသော်လည်း မွန်ပြည်နယ်တစ်ဝှမ်းလုံးတွင် အထွေထွေရောဂါကုဆေးရုံတစ်ရုံ၊ ဒေသန္တရဆေးရုံ ၂၁ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၆၂ ခုနှင့် ကျန်းမာရေးဌာနခွဲ ၂၉၅ ခုဖွင့်လှစ်ပြီးဝန်ဆောင်မှုများပေးနေသည်။
- *မွန်အမျိုးသမီးများအဖွဲ့ (အမ်ဒဗျူအို)*- အမျိုးသမီးများအတွက် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြှင့် အစီအစဉ်များ၊ မွန်စာပေ၊ သမိုင်းနှင့် ဗုဒ္ဓဘာသာမြှင့်တင်အားပေးရေး
- *မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (အမ်အာဒီစီ)* - မွန်ပြည်သစ်ပါတီနယ်မြေအတွင်းရှိ ရွှေ့ပြောင်းဒုက္ခသည် ၉၀၀၀ ကျော်တို့အတွက် စားနပ်ရိက္ခာနှင့် ယာယီနေရာထိုင်ခင်း အကန့်အသတ်နှင့်

ထောက်ပံ့ပေးသည့် အစီအစဉ်၊ ယင်းတို့အတွက် ကျန်းမာရေး၊ ပညာရေးနှင့် ရပ်ရွာအရေးများတွင် ပေါင်းစပ်ညှိနှိုင်းကူညီပေးခြင်း

- *မွန်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (အမ်ဝိုင်ပီဒီဂျီ)* - လူငယ်စွမ်းရည်မြှင့်တင်ရေး၊ စည်းရုံးရေးနှင့် ကွန်ရက်ချိတ်ဆက်ရေး (အကန့်အသတ်ဖြင့်)
- *ရာမညငြိမ်းချမ်းရေးဖောင်ဒေးရှင်း* - ရွှေ့ပြောင်းဒုက္ခသည်များအတွက် ရပ်ရွာဖွံ့ဖြိုးရေး၊ ရေနှင့်သန့်ရှင်း ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

မွန်ပြည်သစ်ပါတီနှင့် တရားဝင်ချိတ်ဆက်ထားခြင်း မရှိသော်လည်း ယင်းနယ်မြေနှင့် အခြားပဋိပက္ခဒဏ်ခံဒေသများတွင် လုပ်ငန်းများလုပ်ကိုင်နေသော အဓိကကျသည့် အဖွဲ့အစည်းများမှာ-

- *အရပ်ဘက်အဖွဲ့အစည်းဖွံ့ဖြိုးအစီအစဉ် (စီအက်စ်ဒီပီ)* - နိုင်ငံသားပညာရေး၊ အိမ်တွင်းမှုနှင့် မိသားစုစီမံခန့်ခွဲရေးစွမ်းရည်များ၊ အမျိုးသမီးစွမ်းအားမြှင့်တင်ရေး၊ ဥပဒေရေးရာ၊ ရပိုင်ခွင့်များနှင့် နိုင်ငံရေးအမြင်ဖွင့်ခြင်းများ၊ ရပ်ရွာစည်းရုံးလှုံ့ဆော်ရေး
- *မာဂဒူဖွံ့ဖြိုးရေးဖောင်ဒေးရှင်း* - မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာ ထောက်ကူလုပ်ငန်းများ၊ လယ်သမားများ အတွက် မြေယာမှတ်ပုံတင်ထောက်ပံ့ခြင်း၊ ရပ်ရွာရေနှင့်သန့်ရှင်းရေးလုပ်ငန်းများ၊ ကျောင်းဆောက်လုပ် ရေး၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုနှင့် သင်တန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ဥပဒေနှင့် မြေယာရပိုင်ခွင့်ဆိုင်ရာ အမြင်ဖွင့်ခြင်း
- *မွန်စေတနာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (အမ်စီဒီအက်ဖ်)* - အမျိုးသမီးများအတွက် အသေးစားချေးငွေနှင့် ဝင်ငွေတိုးလုပ်ငန်းများ၊ စိုက်ပျိုးရေးသင်တန်း၊ အိုင်စီတီသင်တန်း၊ အရပ်ဘက်အဖွဲ့အစည်းဖွံ့ဖြိုးရေး၊ ခေါင်းဆောင်မှုသင်တန်းများ
- *မွန်ဒေသလုံးဆိုင်ရာ လူမှုဖွံ့ဖြိုးတိုးတက်ရေးကွန်ရက် (အမ်အက်စ်အင်န်)*- ရပ်ရွာရေနှင့်သန့်ရှင်းရေးလုပ်ငန်းများ၊ ကျောင်းဆောက်လုပ်ရေး၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုနှင့် သင်တန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရွှေ့ပြောင်းဒုက္ခသည်များအတွက် ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

မွန်ပြည်နယ်အတွင်းရှိ ရပ်ရွာဒေသများတွင် မိရိုးဖလာအားဖြင့် ဘာသာရေး၊ လူငယ်၊ စာပေယဉ်ကျေးမှုစသည် ဖြင့် ကော်မတီများရှိပြီး ယင်းအဖွဲ့များထဲမှ အချို့သည်နှစ်ပေါင်းများစွာကတည်းက ဖွဲ့စည်းတည်ထောင်ထားခဲ့ ခြင်းဖြစ်ကာ၊ မွန်အမျိုးသားအရပ်ဘက်အဖွဲ့အစည်းများထံမှ ထောက်ပံ့ကူညီမှုများကို ရရှိကြသည်။

## ရှမ်း

အစိုးရနှင့် အတိုက်အခံအနေအထားတွင်ရှိနေသော အဓိကကျသည့် ရှမ်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှစ်ခုမှာ အာစီအက်စ်အက်စ်နှင့် အက်စ်အက်စ်ပီပီ/အက်စ်အက်စ်အေ တို့ဖြစ်သည်။[46] ၁၉၈၉ နှင့် ၂၀၁၀ အကြားတွင် အက်စ်အက်စ်ပီပီသည် သန္တီ၊ မိုင်းရှူး၊ မိုင်းယန်း၊ တန့်ယန်း၊ သီပေါမြို့နယ်များအတွင်းရှိ နေရာများစွာပါဝင်သော အထူးဒေသကို စီမံအုပ်ချုပ်ခဲ့သည်။ အာစီအက်စ်အက်စ်/အက်စ်အက်စ်အေသည်ယင်းကာလများအတွင်းပျောက်ကျားစစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲနေခဲ့ပြီး ရှမ်းပြည်တောင်ပိုင်းနေရာအများစုကို သြဇာလွှမ်းမိုးထားနိုင်ခဲ့သည်အပြင် တရုတ်နယ်စပ်အထိကျယ်ပြန့်သော ရှမ်းပြည်နယ်တပြင်တခွင်တွင်လည်း ဇရိယာကျဉ်းမြောင်းသော ပြန့်ကျဲနေသည့်နယ်မြေကလေးများကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ ၂၀၁၀ အရောက်တွင် ယင်းအဖွဲ့ ၏ အင်အားအကြီးမားဆုံးဖြစ်သော တပ်မဟာ ၁ က နယ်ခြားစောင့်တပ်ဖွဲ့အဖြစ်ပြောင်းလဲဖွဲ့စည်းရန် ငြင်းဆန် ပြီး အစိုးရနှင့် အက်စ်အက်စ်ပီပီ/အက်စ်အက်စ်အေတို့အကြား စစ်ရေးပဋိပက္ခများပြန်လည်ပေါ်ပေါက်လာခဲ့ သည်။ အခြားတပ်မဟာများဖြစ်သော တပ်မဟာ ၃ နှင့် ၇ တို့မှာမူ နယ်ခြားစောင့်တပ်အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းရန်ဆုံးဖြတ်ချက်ကို လိုက်လျောခဲ့ကြသည်။

ထို့နောက် ၂၀၁၁ တွင်အဖွဲ့နှစ်ဖွဲ့စလုံးနှင့် အစိုးရအသစ် တို့အကြား အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း စစ်ရေးပဋိပက္ခများကို အပြီးသတ်ချုပ်ငြိမ်းနိုင်စေခြင်းမရှိဘဲ ပြည်နယ်တစ်ခုလုံးတွင် လက်နက်ကိုင်ထိပ်တိုက်တွေ့မှုများ မကြာခဏဆိုသလိုဖြစ်ပွားနေခဲ့သည်။ လောလောဆယ်တွင် သန္တီ၊ မိုင်းရှူး၊ မိုင်းယန်း၊ လားရှိုး၊ ကျောက်မဲ နှင့် တန့်ယန်းမြို့နယ်များတွင် အက်စ်အက်စ်ပီပီက နေရာယူလှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်နေဆဲဖြစ်သည်။ အာစီအက်စ်အက်စ်/ အက်စ်အက်စ်အေ ကလည်း ရှမ်းပြည်နယ်အတွင်းရှိ မိုင်းတုံ၊ မိုင်းပွန်၊ မိုင်းဆတ်၊ လောက်ကိုင်၊ ကွမ်နင်း၊ သီပေါ၊ ကျောက်မဲနှင့် နမ့်ခမ်းမြို့နယ်များအပါအဝင် မြို့နယ် ၁၇ မြို့နယ်ကို ဆက်လက် ထိန်းချုပ်ထားနိုင်ဆဲဖြစ်သည်။[47]

အာစီအက်စ်အက်စ်သည် ၁၉၉၈ ပြည့်လွန်နှစ်များမှစ၍ ထိုင်းနိုင်ငံနယ်စပ်တလျှောက်ရှိ ရွှေ့ပြောင်းဒုက္ခသည် စခန်းငါးခုမှ ရွှေ့ပြောင်းဒုက္ခသည်များကို အဓိကဦးတည်ပြီး အခြေခံလူမှုဝန်ဆောင်မှုများ ထောက်ပံ့ပေးနေခဲ့ သည်။ ၂၀၁၂ ခုနှစ်အထိ ရှမ်းကျန်းမာရေးကော်မတီ၊ ရှမ်းပညာရေးကော်မတီနှင့် ရှမ်းကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုး ရေးဖောင်ဒေးရှင်းဟူသော အဓိကဌာနကြီးသုံးခုရှိခဲ့ပြီး ယင်းတို့ကို ရှမ်းပြည်နယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (အက်စ်အက်စ်ဒီအက်ဖ်) အဖြစ်ပူးပေါင်းဖွဲ့စည်းခဲ့သည်။ အက်စ်အက်စ်ဒီအက်ဖ်သည် ရွှေ့ပြောင်းဒုက္ခသည် စခန်းတစ်ခု စီတွင် ဆေးပေးခန်းတစ်ခုစီ ဖွင့်လှစ်ထားပြီး ကလီမြို့နယ်ခွဲ၊ ကွမ်နင်းမြို့နယ်တွင်လည်း ဆေးပေးခန်းတစ်ခု ဖွင့်လှစ်ပေးထားသည်။ ထို့အပြင် ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအဖွဲ့ကလည်း ထိုဒေသအတွင်း ကျောပိုးအိတ်အဖွဲ့ခြောက်ဖွဲ့ကို ထောက်ပံ့ကူညီပေးနေသည်။[48] ပဋိပက္ခဒဏ်ခံပြည်သူများအတွက် ကျန်းမာရေး နှင့် အခြေခံကယ်ဆယ်ရေးဝန်ဆောင်မှုများကို အာစီအက်စ်အက်စ်/အက်စ်အက်စ်အေနှင့် ညှိနှိုင်းဆောင်ရွက်ပြီး လွတ်လပ်သော မြန်မာနိုင်ငံရိန်ဂျာအဖွဲ့လေးဖွဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။[49]

အာစီအက်စ်အက်စ်၏ ပုံစံ ၅ ဒေသများအတွင်း ကျောင်းပေါင်း ၂၀၀ ကျော်ကို ဆရာများအတွက် ထောက်ပံ့ကြေး များ၊ အခြားအထွေထွေကုန်ကျစရိတ်များနှင့် သင်ထောက်ကူပစ္စည်းများအားဖြင့် အက်စ်အက်စ်ဒီအက်ဖ်က ထောက်ပံ့ပေးနေသည်။ ထိုကျောင်းအများစုမှာ ရပ်ရွာအခြေပြုကျောင်းများဖြစ်ပြီး အချို့က အစိုးရပညာရေး ဝန်ကြီးဌာနမှ ထောက်ပံ့ကူညီမှုအချို့ကိုလည်း ရရှိသည်။ ထိုကျောင်းအများစုသည် ရှမ်းဘာသာစကားဖြင့် အဓိကသင်ကြားသော်လည်း ထိုသို့သင်ကြားခြင်းကို အစိုးရအာဏာပိုင်များမသိအောင် လျှို့ဝှက်စွာဆောင်ရွက် နေကြသည်ဟုလည်း သိရသည်။ ရွှေ့ပြောင်းဒုက္ခသည်စခန်းငါးခုတွင် နေထိုင်ကြသူများအတွက်လည်း အခြေခံ စားနပ်ရိက္ခာနှင့် ကယ်ဆယ်ထောက်ပံ့ရေးများပံ့ပိုးပေးသည်။

အက်စ်အက်စ်ပီပီဧရိယာအတွင်းရှိ လူမှုဝန်ဆောင်မှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များ အကန့် အသတ်ဖြင့်သာရရှိသော်လည်း လက်နက်ကိုင်အဖွဲ့အုပ်ချုပ်သူများသည် မြန်မာနိုင်ငံကျန်းမာရေးအသင်း၏ အထောက်အပံ့ဖြင့် အရပ်သားများအတွက် အနည်းဆုံးဆေးခန်းတစ်ခုကို မဲဆောက်တွင် ဖွင့်လှစ်ပေးထားသည် ဟု သိရှိရသည်။ [50] သို့ရာတွင် ရှမ်းပြည်နယ်အတွင်း၌ ရှမ်းမဟုတ်သော အခြားတိုင်းရင်းသားအများအပြားလည်း မှီတင်းနေထိုင်ကြပြီး အာစီအက်စ်အက်စ်နှင့် အက်စ်အက်စ်ပီပီ/အက်စ်အက်စ်အေတို့မဟုတ်သော အခြားတိုင်း ရင်းသားအဖွဲ့အစည်းများလည်း ရှိနေသည်။ ယင်းအဖွဲ့များသည် ပုံစံ ၃၊ ၄ နှင့် ၅ အမျိုးအစား နယ်မြေများကို ထိန်းချုပ်ထားကြသဖြင့် ယခုလေ့လာမှုတွင် ခွဲခြားဖော်ပြထားချက်များနှင့် အကျုံးဝင်ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများနှင့် အစိုးရနယ်မြေနှစ်ခုစလုံးတွင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိဘဲ ကျောင်းပြင်ပ ပညာရေးဝန်ဆောင်မှု များနှင့် ဥပဒေနှင့် ရပိုင်ခွင့်များဆိုင်ရာ အမြင်ဖွင့် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြသော အဖွဲ့အစည်းအများအပြားလည်းရှိနေသည်။ ယင်းတို့အထဲတွင် မျိုးဆက်သစ်ရှမ်းပြည်အဖွဲ့၊ ကမ္ဘောဇလူငယ်စာကြည့်တိုက်နှင့် စာဖတ်အသင်း၊ ရှမ်းအမျိုးသမီးများလှုပ်ရှားမှု ကွန်ရက်၊ ရှမ်းလူငယ်အင်အားအဖွဲ့နှင့် ရှမ်းလယ်သမားအဖွဲ့စသည်တို့ပါဝင်ကြသည်။

## အပိုင်း ၄။ ။ နိုင်ငံတကာအကူအညီများသည် ပဋိပက္ခ သို့မဟုတ် ငြိမ်းချမ်းရေးအတွက် မောင်းနှင်အား

မေရီ ဘီ၊ အန်ဒါဆန်၏ အလွန်ရေးပါသော စာအုပ်တစ်ခုဖြစ်သော 'ဘေးထွက်ဆိုးကျိုးမဖြစ်စေရ' စာအုပ် (အန်ဒါဆန် ၁၉၉၉) ကို ၁၉၉၉ တွင် ပုံနှိပ်ထုတ်ဝေပြီးကတည်းက ထောက်ပံ့ကူညီရေးများသည် ပဋိပက္ခ ဖြစ်ပွားရခြင်းကွင်းဆက်အကြောင်းများပေါ် သက်ရောက်မှုရှိသည်ကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံလာခဲ့ကြသည်။ ထို့ကြောင့် တာဝန်ယူမှုအပြည့်ရှိသော ထောက်ပံ့ကူညီရေးအစီအစဉ်များသည် မည်သည့်အချိန်၌မဆို ပဋိပက္ခကို ပိုဆိုးသွားစေခြင်းမရှိစေရန် ရှောင်ရှားကြရမည်ဖြစ်ပြီး ဖြစ်နိုင်ပါက ငြိမ်းချမ်းရေးကို အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခန်းတွင် မြန်မာနိုင်ငံအတွင်း ထောက်ပံ့ကူညီရေးများ သိသိသာသာ မြင့်မားတိုးတက်လာခြင်း၏ သက်ရောက်မှုများကို အဓိကထားဆွေးနွေးသွားမည်ဖြစ်ပါသည်။ ပထမဦးဆုံး တိုင်းပြည်အတွင်းသို့စီးဝင်လာသော အထောက်အပံ့များအကြောင်းကို ခြုံငုံသုံးသပ်သွားမည်ဖြစ်ပြီး၊ ဆက်လက်၍ အထောက်အပံ့များက ပဋိပက္ခအပေါ် အကျိုးသက်ရောက်စေသော အဓိကပုံစံနှစ်မျိုးအကြောင်းကို ဆွေးနွေးသွားမည်ဖြစ်သည်။ ယင်းပုံစံနှစ်မျိုးမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုတိုးတက်မြင့်မားစေခြင်းနှင့် ငြိမ်းချမ်းရေးကို အထောက်အပံ့ဖြစ်စေမည့် အင်စတီကျူးရှင်းအဖွဲ့အစည်းများတည်ထောင်ရေးကို ကူညီပံ့ပိုးပေးနိုင်ခြင်းတို့ဖြစ်သည်။ ထို့နောက် မြန်မာနိုင်ငံအတွင်း ပဋိပက္ခဒေသများတွင် လူမှုကူညီပံ့ပိုးရေးအတွက်ရည်ရွယ်သောအထောက်အပံ့အချို့သည် ယင်းဖြစ်စဉ်များကို မည်သို့ဆိုးကျိုးသက်ရောက်စေသည်ကို ရှင်းလင်းဆွေးနွေးသွားပါမည်။ နောက်ဆုံးအနေနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အထောက်အကူ ဖြစ်စေရန်ရည်ရွယ်ပြီး အထောက်အပံ့များမည်သို့ပိုကောင်းအောင်စီစဉ်ဆောင်ရွက်နိုင်သည်ကို ဖော်ထုတ်သုံးသပ်ထားပါသည်။

### ၄.၁ မြန်မာနိုင်ငံ၏ နိုင်ငံတကာထောက်ပံ့ရေးမြင်ကွင်းသစ်

ဆယ်စုနှစ်ပေါင်းများစွာ သက်တမ်းကြာသော စစ်အုပ်ချုပ်ရေးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဖယ်ကြဉ်ခံရခြင်း ကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာအကူအညီများ မဆိုစလောက်သော လက်ခံရရှိခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ လက်ခံရရှိသော နိုင်ငံတကာအကူအညီများသည် ယင်း၏အိမ်နီးချင်းနိုင်ငံအများစုရရှိသော ပမာဏ အောက် ၁၅ ဆမှ အဆ ၂၀ ခန့်လျော့နည်းသည် (အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးကော်မတီ ၂၀၀၇၊ ၁၆)။ ဥရောပ သမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် ဩစတေးလျနိုင်ငံတို့၏ ပိတ်ဆို့အရေးယူမှုများသည် အစိုးရသို့ ပေးမည့်အထောက်အပံ့အားလုံးနီးပါးကို ပိတ်ပင်ကန့်သတ်ထားသလို နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများ နှင့်ဆက်သွယ်၍ မရစေရန်လည်း ပိတ်ပင်တားဆီးထားသည်။ ကုလသမဂ္ဂအေဂျင်စီများသည်ပင်လျှင် အလွန် တင်းကျပ်စွာကန့်သတ်ထားသော လုပ်ပိုင်ခွင့်ဘောင်များအတွင်းမှသာ လုပ်ငန်းများဆောင်ရွက်နေရသည် (အိုင်စီဂျီ ၂၀၀၈၊ ၁၂)။ ယင်းကာလများအတွင်းက ပဋိပက္ခဒေသများသို့ပေးပို့သော အကူအညီအနည်းငယ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်သော ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် ယင်းတို့၏ အကာ အကွယ်အောက်တွင် လုပ်ငန်းများဆောင်ရွက်နေသော အခြားအဖွဲ့အစည်းများမှ တစ်ဆင့်အဓိကအားဖြင့် ပေးလေ့ရှိသည်။ ရန်ပုံငွေများကိုလည်း ထိုင်းနိုင်ငံမှတစ်ဆင့် အဓိကပေးပို့ခြင်းဖြစ်သည်။ [51] ယင်းအဖွဲ့များသို့ ပေးအပ်သော ရန်ပုံငွေအများစုကို အမေရိကန်၊ ဗြိတိန်၊ ကနေဒါနှင့် နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်ကဲ့သို့သော နိုင်ငံ များက အဓိကပံ့ပိုးပေးခြင်းဖြစ်ပြီး ယင်းတို့နောက်တွင် ဥရောပသမဂ္ဂက အနည်းငယ်ပံ့ပိုးကူညီသည်။

၂၀၁၁ ခုနှစ်တွင်စတင်သော ပြည်တွင်းပြုပြင်ပြောင်းလဲရေးများကြောင့် မြန်မာနိုင်ငံအတွက်ပေးသော နိုင်ငံ တကာအကူအညီများမှာ တမုဟုတ်ခြင်းတိုးတက်များပြားလာခဲ့သည်။ ၂၀၁၁ နှင့် ၂၀၁၂ ကြားတွင် OECD-DAC အဖွဲ့ဝင်နိုင်ငံများမှပေးသော နိုင်ငံတကာဖွံ့ဖြိုးရေးအကူအညီများမှာ အမေရိကန်ဒေါ်လာ ၃၇၄ သန်းမှ ၅၀၄ သန်းသို့ ၂၅% ကျော် တိုးတက်များပြားလာခဲ့သည်။ တိကျသော သတင်းအချက်အလက်များမရှိသော်လည်း ယင်းကိန်းဂဏန်းများသည် ထိုအချိန်မှစ၍ သိသိသာသာ ဆက်လက်တိုးတက်လာခဲ့သည်။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ်တွင် ဥရောပသမဂ္ဂတစ်ခုတည်းက နောက်ခြောက်နှစ်တာကာလအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၂၄

သန်းခန့် (ယူရိုသန်း ၉၀) နှစ်စဉ်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ [52] ၂၀၁၄ ခုနှစ် ပထမ ကွာတားအတွင်း၌ ဂျပန်နိုင်ငံက စုစုပေါင်းထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၇၄.၅ သန်းပေးအပ်ရန် သဘော တူခဲ့ပြီး ၂၀၁၃ ခုနှစ်က စုစုပေါင်းချေးငွေအမေရိကန်ဒေါ်လာသန်း ၄၉၀ ချေးငှားရန်သဘောတူခဲ့ပြီးနောက် ဆက် လက်ကူညီခြင်းဖြစ်သည်။ [53] တပြိုင်နက်တည်းမှာပင် OECD-DAC အဖွဲ့ဝင်အခြားနိုင်ငံများမှ မြန်မာနိုင်ငံအတွက် ထောက်ပံ့ငွေလျာထားမှုများဆက်လက်မြင့်မားလျက်ရှိပြီး ယင်းတို့ထဲမှ ပမာဏကြီးမားသော ထောက်ပံ့ငွေများကို ပဋိပက္ခဒေသများအတွက်ရည်ရွယ်ထားသည်။ ယင်းနိုင်ငံတကာအကူအညီများသည် ငြိမ်းချမ်းရေးတည်ဆောက် မှုကို ပံ့ပိုးရန်အတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ရည်ရွယ်ချက်များပါဝင်နေကြသည်။

နိုင်ငံတကာထောက်ပံ့ငွေအများအပြားကို ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မတည်ရန်ပုံငွေအဖြစ် သတ်မှတ်ထူ ထောင်ထားသည်။ ယင်းရန်ပုံငွေများသည် အစိုးရ၏လက်ထဲတွင်ရှိမနေပဲ အလှူရှင်များပူးပေါင်းဖွဲ့စည်းထား သော ပူးပေါင်းအဖွဲ့အစည်းများ၏ လက်တွင်း၌ရှိနေသည်။ ထိုရန်ပုံငွေများကို နေပြည်တော်ကြေညာချက်ထဲမှ အသေးစိတ်စီမံကိန်းများကဲ့သို့သော အစိုးရ၏ဖွံ့ဖြိုးရေးမဟာဗျူဟာလုပ်ငန်းစဉ်များတွင် ကျခံသုံးစွဲရန်အတွက် ရည်စူးထားကြောင်း သိသာထင်ရှားလှသည်။ လူမှုဝန်ဆောင်မှုများအပေါ် ကြီးကြီးမားမားသက်ရောက်မှုရှိနိုင် သော အဓိကကျသည့်ရန်ပုံငွေများမှာ အောက်ပါတို့ဖြစ်သည်။

- ငါးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ သန်းသုံးရာပတ်ဝန်းကျင်ရှိသော ထောင်စုနှစ်ရည်မှန်း ချက်ပန်းတိုင်သုံးခု ရန်ပုံငွေ (3MDG) သည် က) ကိုယ်ဝန်ဆောင်နှင့် မွေးကင်းစမိခင်၊ ရင်သွေးငယ်နှင့် ကလေးသူငယ်ကျန်းမာရေး၊ ခ) အိတ်ချ်အိုင်ဗီ၊ တီဘီနှင့် ငှက်ဖျား၊ ဂ) ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်း မာရေးစောင့်ရှောက်မှုစနစ်စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းရပ်သုံးခုအတွက်ရည်ရွယ်သည်။[54]
- အမေရိကန်ဒေါ်လာ ၄၃၂.၉ သန်းကို UNOPS၊ UNDP နှင့် Save the Children တို့မှတစ်ဆင့် ကိုယ်ခံ အားကျရောဂါ၊ တီဘီနှင့် ငှက်ဖျားတိုက်ဖျက်ရေးတို့အတွက် ဆောင်ရွက်မည့် Global Fund[55]
- UNICEF မှစီမံခန့်ခွဲသော Multi-donor Education Fund (MDEF)။ ယင်းရန်ပုံငွေသည် လက်ရှိအချိန် တွင် လေးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၈၆ သန်းလျာထားသော 'အရည်အသွေးမြင့် အခြေခံပညာရေးစီမံကိန်း' ကို စီမံချက်အဆင့်- ၂ အဖြစ်ဆောင်ရွက်လျက်ရှိပြီး မွေးကင်းစမှ ၁၇ နှစ် အရွယ်အထိ အကျုံးဝင်သော ကျောင်းပြင်ပနှင့် ကျောင်းသင်ပညာရေးထောက်ပံ့မှုများကို ဆောင်ရွက် လျက်ရှိသည်။[56]
- လေးနှစ်တာကာလအတွက် ရန်ပုံငွေအမေရိကန်ဒေါ်လာ သန်းငါးဆယ်သုံးစွဲရန်လျာထားပြီး ကလေး များ၏ ပညာရေးလက်လှမ်းမီမှုကို မြှင့်တင်ရန်အတွက် အစိုးရမဟုတ်သော ပညာရေးအဖွဲ့အစည်းများ ကိုထောက်ပံ့ရန်ရည်ရွယ်သည့် Myanmar Education Consortium (MEC)။[57]
- အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးကို ရည်ရွယ်သည့် အမေရိကန်ဒေါ်လာသန်းရာပေါင်း များစွာလျာထားသော Livelihoods and Food Security Trust Fund (LIFT)။[58]

၂၀၁၂ နှင့် ၂၀၁၄ အတွင်း ကမ္ဘာ့ဘဏ်သည် အစိုးရဌာနအသီးသီးအတွက် ချေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၆၂၀ ကို ထုတ်ချေးရန်သဘောတူခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်တစ်ခုတည်းက အမေရိကန် ဒေါ်လာ ၆၄၂ သန်းထုတ်ချေးရန်သဘောတူညီခဲ့သည်။ [59] ယင်းရန်ပုံငွေများထဲမှ အနည်းငယ်သောပမာဏကို လူမှုဝန်ဆောင်မှု ကဏ္ဍအတွက် လျာထားသည်။ ကမ္ဘာ့ဘဏ်က ကတိပြုထားသော ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးရန်ပုံ ငွေ၏ ၃၀% ခန့်ကို ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများအတွက် သုံးစွဲမည်ဖြစ်ရာ ယင်းပမာဏ သည် ကမ္ဘာ့ဘဏ်မှပင် ပညာရေးဝန်ကြီးဌာနသို့ ပညာရေးတွင် ဗဟိုချုပ်ကိုင်မှုလျော့ချရေးအတွက် ရည်ရွယ်ပံ့ပိုး ထားသည့် အမေရိကန်ဒေါ်လာသန်း ၈၀ ကိုထပ်မံပေါင်းဖြည့်ပေးမည့် ပမာဏဖြစ်နေသည်။[60]

ယင်းဖြစ်ပေါ်တိုးတက်မှုများသည် နိုင်ငံတကာထောက်ပံ့ကူညီမှုများမြင့်မားလာခြင်းကို ညွှန်းဆိုရုံသာမက နိုင်ငံ တကာအကူအညီများထောက်ပံ့ပေးသည့်ပုံစံပြောင်းလဲလာခြင်းနှင့် နိုင်ငံတကာအကူအညီများကို မည်သို့သုံးစွဲ

သည်ဆိုသော ပုံစံပြောင်းလဲလာခြင်းများကိုပါ ကိုယ်စားပြုဖော်ပြနေကြသည်။ ယင်းသို့ပမာဏများပြားစွာပေးအပ် သော အဓိကျသည့်အကူအညီများမှာ OECD အဖွဲ့ဝင်နိုင်ငံများအကြားတွင် ဘုံတူညီနေသော မဟာဗျူဟာ အကျိုးစီးပွားများ၏ မောင်းနှင်အားကြောင့် ဖြစ်ပေါ်လာခြင်းလည်းဖြစ်သည်။ ထိုသို့ဆိုသဖြင့် အကူအညီများသည် သက်ဆိုင်ရာနိုင်ငံတစ်ခုချင်း၏ အကျိုးစီးပွားများကို ဦးတည်ပြီးပေးအပ်လာခြင်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ယင်းအစား ထောက်ပံ့ကူညီမှုများကို နိုင်ငံတကာစံနှုန်းနှင့် ရည်မှန်းချက်များနှင့် အညီဖြစ်သော 'အစိုးရစွမ်းအားမဲ့ နေမှု' ကိုလျော့ချရန်၊ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီစေရန်၊ ဒေသတွင်းဦးစားပေးပန်းတိုင်များ ဖြစ်သော စီးပွားရေးအရပေါင်းစည်းခြင်းနှင့် လူအများရွှေ့ပြောင်းအခြေချနေထိုင်ခြင်းကို ထိန်းချုပ်စီမံရန်စသည့် ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်လာကြခြင်းကိုသာ ရည်ရွယ်ခြင်းဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အစိုးရကို လည်း ဖွံ့ဖြိုးရေးမဟာဗျူဟာများအတွက် အဓိကအကျဆုံး ဦးဆောင်သူအဖြစ် ကူညီအားပေးရန် အတိအလင်း ရည်ရွယ်ဆောင်ရွက်လာခြင်းကိုလည်း တွေ့မြင်လာရသည်။[61]

ယင်းအခြေအနေများကြောင့် နိုင်ငံတကာအကူအညီအများစုသည် နိုင်ငံတော်အစိုးရစီမံခန့်ခွဲသော အေဂျင်စီများ ဆီသို့ ပိုမိုစီးဝင်လာနေပြီး များသောအားဖြင့် အစိုးရဌာနများ၏ စီမံချက်များအတွက် အဓိကဦးတည်ပံ့ပိုးခြင်းများ ပိုများလာသည်။ အခြားတစ်ဖက်တွင် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် ရန်ပုံငွေလွှဲပြောင်းပေးရသော အဖွဲ့များ အတွက်ရန်ပုံငွေများမှာ သိသိသာသာလျော့နည်းကျဆင်းလာသည်။ အကျိုးဆက်အနေဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံ မှ အခြေခံအဆောက်အဦနှင့် ဘဏ်စာရင်းများအထူးသဖြင့် မီခိုအားထားနေရသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုအဖွဲ့အစည်းများအတွက် ရန်ပုံငွေများမှာ သိသိသာသာလျော့ နည်းကျဆင်းလာခဲ့သည်။

အစိုးရ၏ မဟာဗျူဟာများနှင့် ချိတ်ဆက်ဆောင်ရွက်ရခြင်းသည် အလှူရှင်များ၏ ပဋိပက္ခအပေါ်ထည့်သွင်းစဉ်း စားသည့် ဆောင်ရွက်ချက်များအပေါ် အကန့်အသတ်ဖြစ်လာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရဘက်မှ ချမှတ်သည့် ဦးစားပေးအစီအစဉ်များကို ပံ့ပိုးကူညီပါမည်ဟု ရှင်းလင်းပြတ်သားစွာ ကြိုတင်ကတိပြုထားရခြင်း ကြောင့်လည်းဖြစ်သည်။ နိုင်ငံတကာအလှူရှင်များအတွက် ဖွံ့ဖြိုးရေးအကူအညီများကို ပုံမှန်လမ်းကြောင်းမှ ပြန်လည်ပေးအပ်နိုင်လာခြင်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ကြီးစွာဖြစ်စေမည့် ဖြစ်ပေါ်တိုး တက်မှုတစ်ခုအဖြစ် ရှုမြင်ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှမူ ထိုအချက်သည် မြန်မာအစိုးရ၏ ကိုယ်ပိုင်နိုင်ငံတော်တည်ဆောက်ရေးရည်မှန်းချက်ကို တိုင်းရင်းသားအဖွဲ့များ၏ ရည်မှန်းချက် များထက်ပိုမိုဦးစားပေးကာ အားပေးမြှင့်တင်ရန် နိုင်ငံတကာအသိုင်းအဝိုင်းက မဟာဗျူဟာမြောက် ရွေးချယ် လိုက်ခြင်းဖြစ်သည်ဟု ရှုမြင်ကြသည်။

ထို့အပြင် အလှူရှင်များသည် အစိုးရ မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်းများ မပြုလုပ်ရန်အခိုင်အမာကန့်ကွက်မှုများ ကို ကြုံလာရသဖြင့် တိုင်းရင်းသားဒေသများတွင်ဖြစ်ပွားသော ပဋိပက္ခ များကို ချည်းကပ်ဆောင်ရွက်ရာ၌ ကန့်သတ်မှုများစွာရှိလာခဲ့သည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် နိုင်ငံတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်သော နိုင်ငံတကာမူဝါဒလမ်းညွှန်ချက်များတွင် အစိုးရ မဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏အခန်းကဏ္ဍမှာ မဆိုသလောက်သာပါဝင်နေသည်။ ယင်းတို့၏အခန်း ကဏ္ဍပါဝင်သည်ဆိုရာ၌လည်း ယင်းအဖွဲ့များအား အစိုးရ၏နိုင်ငံတော်တည်ဆောက်ရေးလမ်းစဉ်ကို လက်ခံပြီး ပူးပေါင်းဆောင်ရွက်ရန် ဖိအားပေးခြင်းနှင့် အကျပ်ကိုင်ခြင်းများပြုနိုင်ရန်အတွက် ထည့်သွင်းထားခြင်းသာဖြစ်ပြီး၊ ယင်းတို့၏တက်ကြွသောအခန်းကဏ္ဍကို ပံ့ပိုးကူညီပေးရန်အတွက် မဆိုသလောက်သာ ရည်ရွယ်ထားလေ့ရှိသည်။[62] မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ထောက်ပံ့နေခြင်းများကို ဆန့်ကျင်ကန့်ကွက်မှုသည် ၂၀၀၀ ပြည့်လွန်နှစ်များနှောင်းပိုင်းကတည်းက နိုင်ငံတကာအလှူရှင်များကြားတွင် စတင်သိသာထင်ရှားလာခဲ့သည်။ အထူးသဖြင့် ထိုင်းနိုင်ငံအတွင်းရှိ မြန်မာဒုက္ခသည်စခန်းများတွင် ကေအင်န်ယူ နှင့် ကေအင်န်ပီပီတို့၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး ဝေဖန်ပြစ်တင်ချက်များ ပေါ်ထွက်လာပြီးနောက်ပိုင်းတွင် အလှူရှင်များက အထောက်အပံ့များကို စတင်ရုပ်သိမ်းလာခဲ့ကြခြင်းဖြစ်သည်။[63]

## ၄.၂ ပဋိပက္ခထောက်ပံ့မှုလော၊ ငြိမ်းချမ်းရေးထောက်ပံ့မှုလော

ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အရေးပါသော လမ်းညွှန်ပေါ်လစီတစ်ခုဖြစ်သည့် ကမ္ဘာ့ဘဏ်၏ *ကမ္ဘာ့ဖွံ့ဖြိုး တိုးတက်မှုအစီရင်ခံစာ ၂၀၁၁* ကိုအခြေခံ၍ အာရှဖောင်ဒေးရှင်းသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသ များရှိ ပြည်တွင်းလူမျိုးရေးဆိုင်ရာ ပဋိပက္ခများကို ငြိမ်းချမ်းစွာကူးပြောင်းရာ၌ နိုင်ငံတကာအကူအညီများက မည်သို့အထောက်အပံ့ဖြစ်စေသည် သို့မဟုတ် မည်သို့ထိခိုက်ပျက်စီးစေနိုင်သည်ကို လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပါသည်။ ယခုလေ့လာဆန်းစစ်မှုမှတစ်ဆင့် အဓိကကျသော အပြောင်းအလဲဖြစ်ပွားသည့်နေရာနှစ်ခုပေါ် ထွက်လာခဲ့သည်။ ယင်းတို့မှာ ၁) ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ ကူးပြောင်းရာတွင် သက်ဆိုင်သူအဖွဲ့အစည်းများ အားလုံး၌ရှိနေသော ယုံကြည်မှုရေချိန်အနိမ့်အမြင့်၊ ၂) ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ရေရှည်ပံ့ပိုးကူညီပေးနိုင် မည့် တရားဝင်ပြီးတည်ငြိမ်မှုရှိသော အင်စတီကျူးရှင်းများတည်ထောင်နိုင်ခြင်းတို့ဖြစ်သည်။ ယင်းအင်စတီကျူး ရှင်းများသည် ဥပမာအားဖြင့် သြဇာ/အာဏာလက်ဝယ်ရှိသူများအချင်းချင်းကြားတွင်ဖြစ်သည့် ပြိုင်ဆိုင်မှုများကို ထိန်းသိမ်းကန့်သတ်ပေးခြင်း၊ ပဋိပက္ခ၏ အဓိကအကြောင်းရင်းခံဖြစ်သော ထိခိုက်နာကျင်မှုများကို တိုက်ရိုက် ကိုင်တွယ်ဆောင်ရွက်ပေးခြင်းစသည်တို့ကို ဆောင်ရွက်ကြမည်ဖြစ်သည် (ပါခ် နှင့် အခြား ၂၀၁၃၊ ၅၂-၅၅)။

အာရှဖောင်ဒေးရှင်း၏ အဓိကအခြေခံမှုမှာ လက်ရှိမြန်မာနိုင်ငံကဲ့သို့သော အလွန်ထိရှလွယ်သည့် အသွင်ကူး ပြောင်းရေးများတွင် နိုင်ငံတကာအကူအညီများကို ပေးအပ်ရာ၌ 'အသွင်ကူးပြောင်းရေးဖြစ်စဉ်အပေါ် ယုံကြည်မှု များမြင့်တက်လာစေရန်' အချက်ကို အဓိကဦးစားပေးအဖြစ်ထည့်သွင်းစဉ်းစားခြင်းနှင့် 'အသွင်ကူးပြောင်းရေး ဖြစ်စဉ်အတွင်း အဓိကကျသော အဖွဲ့အစည်းများဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်များ၊ ပဋိပက္ခဒဏ်ခံ ပြည်သူလူထုစသည်တို့ကို ထောက်ပံ့ကူညီရန် အတိအလင်း ကတိကဝတ်ပြုခြင်း' ဟူသောအချက်များအပေါ် အခြေခံသည်။ ယင်းတို့အပြင် 'အသွင်ကူးပြောင်းရေးဆိုင်ရာ အင်စတီကျူးရှင်းများကို တည်ထောင်အားပေးခြင်း' နှင့် 'အစိုးရ၏ အဓိကကျသော ပြုပြင်ပြောင်းလဲရေးများကို ပံ့ပိုးကူညီခြင်းအားဖြင့် (အချင်းချင်းဘက်ပြိုင်မှုနှင့် ပတ်သက်ပြီး) အင်စတီကျူးရှင်းဆိုင်ရာ ပြောင်းလဲတိုးတက်မှုများကို ပံ့ပိုးကူညီခြင်း' နှင့်ဆိုင်သော ကြိုးပမ်းအား ထုတ်မှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည် (ပါခ် နှင့် အခြား ၂၀၁၃၊ ၅၄)။ ဥပမာငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ကဲ့သို့ ကျယ်ပြန့်သောအသွင်ကူးပြောင်းရေးများ ပိုမိုတည်ငြိမ်လာသည်နှင့်အမျှ လူထု၏ အဓိကနာကျင်ခံစား ရမှုများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် အမြဲတမ်းအင်စတီကျူးရှင်းများ တည်ထောင်ခြင်းနှင့် ခိုင်မာအောင် အားပေးကူညီခြင်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည် (ပါခ် နှင့် အခြား ၂၀၁၃၊ ၅၄)။

ယင်းအခြေခံမှုဘောင်ကို မြန်မာနိုင်ငံအတွင်း အငြင်းပွားရာဒေသများအတွင်း၌ဆောင်ရွက်ပေးနေသော လူမှု ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း ကိုင်စွဲကျင့်သုံးနိုင်သည်။ ရေတိုကာလအတွက်ဆိုရလျှင် နိုင်ငံတကာ ထောက်ပံ့ကူညီမှုများသည် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် ယုံကြည်မှုများတိုးတက်ကောင်းမွန်လာ အောင် ပံ့ပိုးကူညီပေးရန်လိုအပ်ပြီး ယင်းသို့ခက်ခက်ခဲခဲဖြစ်ပေါ်တိုးတက်လာမှုများအပေါ် ထိခိုက်စေမည့်အချက် များကို ရှောင်လျားရမည်ဖြစ်သည်။ ထို့အပြင် ပဋိပက္ခဖြစ်နေကြသောဘက်များအကြားတွင် ဆက်ဆံရေးများပိုမို ကောင်းမွန်လာအောင် လူမှုဝန်ဆောင်မှုအဖွဲ့အစည်းများကို တဖြည်းဖြည်းချင်းပြုပြင်ပြောင်းလဲသွားအောင် ဆောင်ရွက်ပေးနိုင်မည့် အလားအလာလည်းရှိနေသည်။ ထို့နောက် ပုံမှန်လူမှုဝန်ဆောင်မှုစနစ်များအဖြစ်သို့ ပြောင်းလဲတိုးတက်သွားနိုင်ရန်အတွက်လည်း အခြေခံကောင်းများကို ဖန်တီးနိုင်မည်ဖြစ်သည်။ အကောင်းဆုံး အခြေအနေတွင် ယင်းအမြဲတမ်း ဝန်ဆောင်မှုစနစ်များသည် ယခင် ဝန်ဆောင်မှုအဖွဲ့အစည်း အသီးသီးထံမှ အတွေ့အကြုံနှင့် စွမ်းဆောင်ရည်များကို ရယူနိုင်မည်ဖြစ်ပြီး အငြင်းအခုံဘက်ပြိုင်မှုများဖြစ်နိုင်မည့် အလား အလာများကို ထိန်းကျောင်းကာ ပဋိပက္ခ၏ အဓိကမောင်းနှင်အားဖြစ်သော ထိခိုက်နာကျင်ခံစားရမှုများကို တိုက် ရိုက်ကိုင်တွယ်ဖြေရှင်းပေးသွားနိုင်မည်ဖြစ်သည်။

## ၄.၃ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည်မှုကို ခြိမ်းခြောက်နေသည့်အကြောင်းများ

နိုင်ငံတကာအကူအညီများသည် တစ်ဖက်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အကျိုးပြုနိုင်သလို အခြားတစ်ဖက်တွင်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်အဆင့်တိုင်းတွင် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် အင်စတီကျူးရှင်းများဖွံ့ဖြိုးခြင်း ကို ထိခိုက်အောင်ဆောင်ရွက်နိုင်သည့် အလားအလာများလည်းရှိသည်။ နိုင်ငံတကာအကူအညီများက ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်ပံ့ပိုးနိုင်သည့်အချက်များကို မသုံးသပ်မီ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည်မှုကို ထိခိုက်ပျက်ပြားစေခဲ့သော အချို့သော နိုင်ငံတကာအကူအညီများ၏ အကျိုးဆက်များအကြောင်းကို အရင်လေ့လာသုံးသပ်သွားမည်ဖြစ်ပါသည်။

*စီမံချက်အသစ်များက ဒေသတွင်းတင်းမာမှုကို ဖြစ်ပွားစေခြင်း*

အငြင်းပွားရာဒေသများတွင် ဘက်တစ်ဘက်မှ အာဏာပိုင်များထံ ထောက်ပံ့ရေးပစ္စည်းများနှင့်ဝန်ဆောင်မှုများ တောင်းခံခြင်း (သို့မဟုတ်) ကူညီပံ့ပိုးရေးနှင့် အကျိုးခံစားခွင့်များပေးရန်ကမ်းလှမ်းခြင်းများသည် ကျန်တစ်ဘက်၏ဆန့်ကျင်ကန့်ကွက်မှုများနှင့် ရင်ဆိုင်ရနိုင်ပြီး ရပ်ရွာလူထုအတွင်း၊ အာဏာပိုင်အဖွဲ့အစည်းများအချင်းချင်းနှင့် လူထုခေါင်းဆောင်များနှင့် အာဏာပိုင်များကြားတွင် တင်းမာမှုများစတင်ပေါက်ဖွားလာနိုင်သည်။ ပဋိပက္ခဒေသများတွင် စီမံချက်များကို မည်သို့စီမံဆောင်ရွက်သင့်ကြောင်း ရှင်းလင်းသည့် လမ်းညွှန်ချက်များမပါရှိဘဲ ဒေသတွင်းသို့အသစ်ဝင်ရောက်လာသော နိုင်ငံတကာအကူအညီအသစ်များသည် ထိုကဲ့သို့ရှုပ်ထွေးမှုများနှင့် စိုးရိမ်မကင်းဖြစ်မှုများကို ပိုမိုမြင့်မားသွားစေသည်။ အကူအညီများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ရည်ရွယ်ပံ့ပိုး ရန်အတိအကျရည်မှန်းသတ်မှတ်ထားသော အခြေအနေမျိုး၌ပင် ယင်းအဖြစ်အပျက်များဖြစ်ပွားတတ်သည်။[64]

များသောအားဖြင့် ထောက်ပံ့ရေးစီမံချက်အသစ်များဝင်ရောက်လာတိုင်း ဒေသခံပြည်သူများကဆောင်ရွက်လေ့ ရှိသော ကိစ္စတပ်ခုမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့် ယင်းနှင့်ဆက်စပ်ပတ်သက်နေသူများထံမှ ကြိုတင်ခွင့်ပြုချက်တောင်းခံရခြင်းဖြစ်သည်။ နောက်ပုံစံတစ်မျိုးမှာ ရပ်ရွာခေါင်းဆောင်များက စီမံချက်ဆောင်ရွက်ရန်ဆုံးဖြတ်ချက်ကို ခေတ္တဆိုင်းငံ့ထားပြီး အကောင်အထည်ဖော်မည့်အဖွဲ့အစည်းကို ၎င်းတို့ဖာသာ ချဉ်းကပ်ဆက်သွယ်ခြင်းဖြစ်သည်။[65] ဒေသတွင်းဝန်ဆောင်မှုအဖွဲ့အစည်းများကလည်း ၎င်းတို့တွင် သက်ဆိုင်ရာ ဒေသ တွင်း၌ ကာလရှည်တည်ဆောက်ထားခဲ့သည့် ဆက်ဆံရေးများရှိနေသေ့ည့်တိုင် နိုင်ငံတကာအဖွဲ့အစည်းများ သည် ယင်းတို့ကို ဆွေးနွေးတိုင်ပင်ရန်အတွက်ပျက်ကွက်လေ့ရှိကြခြင်းအပေါ် စိတ်ပျက်လက်ပျက်ဖြစ်နေကြ ကြောင်း ထုတ်ဖော်ပြောကြားလေ့ရှိသည်။[66]

၂၀၁၃ ဖွန်လအတွင်းက တွေ့ဆုံဆွေးနွေးခဲ့သော ကေအင်န်အယ်လ်အေတပ်မှူးများ၏အဆိုအရ အစိုးရစာသင်ကျောင်းများဆောက်လုပ်ခြင်းသည် မကြာခဏထိပ်တိုက်အငြင်းအခုံဖြစ်ရခြင်း၏ အကြောင်းရင်းဖြစ်သည်ဟု သိရသည်။ သက်ဆိုင်ရာဒေသခံပြည်သူများက လက်ခံကြသည့်တိုင်အောင် ယင်းတို့အနေဖြင့် အစိုးရ၏ထိုကြိုးပမ်းအားထုတ်မှုများကို မကြာခဏဆန့်ကျင်ငြင်းဆန်လေ့ရှိကြကြောင်း ၎င်းတို့ကဝန်ခံသည်။ ယင်းတပ်မှူးများက ငြိမ်းချမ်းရေးဖြစ်စဉ်ကာလအတွင်း၌ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခြင်းများအတွက် အခြေအနေဖန်တီးပေး နိုင်ရန် ဒေသဖွံ့ဖြိုးရေးများကို အရှိန်လျှော့ချ၍ ဆောင်ရွက်သင့်ကြောင်း ထောက်ပြသည်။ အဘယ့်ကြောင့်ဆိုသော် ဖွံ့ဖြိုးရေးလုပ်ငန်းများကလည်း ပါဝါချိန်ခွင်လျှာကို တိမ်းစောင်းသွားစေနိုင်သောကြောင့်ဖြစ်သည်။ တပ်မှူးတစ်ဦးကထောက်ပြသည်မှာ ယင်းစီမံချက်များအတွက် ရှင်းလင်းသော ကြိုတင်ဆွေးနွေးမှုများရှိရမည်ဖြစ်ပြီး ဒေသခံပြည်သူများနှင့် လက်နက်ကိုင်အဖွဲ့အစည်းကိုယ်စားလှယ်များ ယင်းဆွေးနွေးညှိနှိုင်းမှုတွင် ပါဝင်ရမည်ဟူ၍ဖြစ် သည်။

**ဘုရားသုံးဆူ ပြည်သူ့ဆေးရုံကိစ္စ**

ကော့ကရိတ်မြို့နယ်၊ ဘုရားသုံးဆူမြို့နယ်ခွဲအတွင်း ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတကာအကူအညီဖြင့် ဆောက်လုပ်မည့် ဆေးရုံတစ်ရုံနှင့်ပတ်သက်ပြီး ဆန့်ကျင်ဘက်ဖြစ်နေသော ရှုမြင်သုံးသပ်မှုများပေါ်ထွက်လာခဲ့ သည်။ ယင်းဒေသသည် ဗုဒ္ဓဘာသာဝင်များအများဆုံးနေထိုင်သော ဒေသဖြစ်ပြီး ကေအင်န်ယူ၊ ကေကေအို (ဒီကေဘီအေ)၊ နယ်ခြားစောင့်တပ်များနှင့် အစိုးရအာဏာပိုင်တို့အကြားတွင် အငြင်းအခုံတင်းမာမှုများ ဆယ်စုနှစ်ပေါင်းများစွာဖြစ်ပွားခဲ့သော ဒေသဖြစ်သည်။ ၂၀၁၁ ခုနှစ်က နောက်ဆုံးလက်နက်ကိုင်ပဋိပက္ခကို တွေ့ကြုံခဲ့ရသောဒေသလည်းဖြစ်သည်။

ဆေးရုံဆောက်လုပ်မည့်အစီအစဉ်ကို အစိုးရအာဏာပိုင်များနှင့် ဒေသတွင်းရှိ ဗုဒ္ဓဘာသာသံဃာအဖွဲ့အစည်းများအကြားကနဦးဆွေးနွေးမှုများရှိခဲ့သည်။ များမကြာမီ ကေအင်န်ယူအပါအဝင် ဒေသခံအဖွဲ့အစည်းအချို့က ကန့်ကွက်မှုများပြုလုပ်လာပြီး နောက်ဆုံးတွင်မူ အစိုးရအာဏာပိုင်များက ဒေသခံလူထု၏သဘောတူညီချက်ကို ရရှိပြီးဖြစ်သောကြောင့် ဆေးရုံဆောက်လုပ်ရေးစီမံချက်ကို ရှေ့ဆက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ သည်။

ကေအင်န်ယူနှင့်နီးစပ်သော သတင်းရင်းမြစ်များ၏အဆိုအရ ဒေသတွင်းရပ်မိရပ်ဖများ၏ စီမံချက်ဆိုင်းငံ့ထားရန် တောင်းဆိုမှုကို လျစ်လျူရှုနိုင်ရန်အတွက် အစိုးရသည်ဒေသတွင်းလုပ်ပိုင်ခွင့်အမြင့်ဆုံးဖြစ်သော ဆရာတော်ကို ကျော်ပြီး ပိုမိုငယ်ရွယ်ကာ လုပ်ချင်ကိုင်ချင်စိတ်များသော သံဃာငယ်များနှင့် ပူးပေါင်းဆောင်ရွက်သွားခြင်းသာ ဖြစ်သည်ဟု သိရသည်။ စီမံချက်အကောင်အထည်ဖော်ရန်သဘောတူညီချက်ကိုလည်း စိတ်ကြိုက်ရွေးချယ်ဖိတ်ကြားထားသော 'လက်ညှိုးထောင်ခေါင်းငြိမ့်' ပုံစံဆန္ဒခံယူပွဲနည်းဖြင့် ရယူသွားခြင်းဖြစ်သည်ဟု ဆိုသည်။

အစိုးရနှင့်နီးစပ်စွာလက်တွဲလုပ်ကိုင်နေသော အန်ဂျီအိုတစ်ခုမှသိရသော အချက်အလက်များမှာမူ အထက်ပါအဆိုနှင့်ကွဲပြားနေသည်။ ဆရာတော်မှာ စီမံချက်ကို သဘောတူသော်လည်း ကေအင်န်ယူကဆန့်ကျင်ပယ်ချ သဖြင့် ဒေသခံပြည်သူများမှာ ကေအင်န်ယူကို မလွန်ဆန်နိုင်ပဲဖြစ်ရသည်ဟုဆိုသည်။ ယင်းအရင်းအမြစ်ကပင် ဆရာတော်က ကေအင်န်ယူအဖွဲ့ကို လူသိရှင်ကြားဝေဖန်ကန့်ကွက်သည့်အခါမှသာ ကေအင်န်ယူကလက်ခံပြီး စီမံချက်လည်းအမှန်တကယ်စတင်နိုင်ခဲ့သည်ဟု ပြောကြားခဲ့သည်။

အလားတူဖြစ်ရပ်မျိုးကို ကရင်ပြည်နယ်အတွင်းအများအပြားတွေ့ရှိရသည်။ မွန်ပြည်သစ်ပါတီက ဒေသန္တရအုပ်ချုပ်ရေးအခန်းကဏ္ဍများရှိနေသော မွန်ပြည်နယ်အတွင်းတွင်လည်း အစိုးရစီမံချက်များကို မွန်ပြည်သစ်ပါတီက တရားဝင်လက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ငြင်းဆန်သော ဖြစ်ရပ်နှစ်ခုရှိခဲ့သည်။[67]

ယင်းဖြစ်ရပ်များကိုကြည့်၍ သက်ဆိုင်ရာဒေသများအတွင်း၌ဆောင်ရွက်မည့်အကူအညီများသည် မည်သည့်အတိုင်းအတာအထိနိုင်ငံရေးအမြင်များအရ အကဲဖြတ်ခြင်းကိုခံကြရပြီး မတူညီသော အဖွဲ့အစည်းများက ဒေသအတွင်းရှိ ရှုပ်ထွေးနက်နဲသော နိုင်ငံရေးဆက်နွှယ်ချက်များအပေါ် မည်သို့ကွဲပြားစွာရှုမြင်ကြသည်ကို ရှင်းလင်းထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ ဒေသတွင်းနိုင်ငံရေးအဖွဲ့အစည်းများနှင့် ယင်းတို့၏နိုင်ငံရေးရည်မှန်းချက်များသည်မည်သည့်အတိုင်းအတာအထိ တရားဝင်မှုရှိကြောင်း ပြင်ပမှနေ၍သုံးသပ်ရန်အလွန်ခက်ခဲသည်။ ထို့ကြောင့် အလှူရှင်များနှင့် နိုင်ငံတကာအန်ဂျီအိုများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်သည့်ဖြစ်စဉ်ကို ပါဝင်သင့်သူများအားလုံး ပါဝင်နိုင်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် တွန်းအားပေးဆောင်ရွက်ရန်သာရှိသည်။ ပို၍ကျယ်ပြန့်စွာဆိုရလျှင် အစီအစဉ်တစ်ခုချင်းစီသည် ဆုံးဖြတ်ချက်ချမှတ်မှု၌ ဘက်ပြိုင်နေသောအဖွဲ့အစည်းများအားလုံးပူးပေါင်းပါဝင် သည့် ပူးပေါင်းဖြစ်စဉ်တစ်ခုဖြစ်ရေးအတွက် ကူညီပံ့ပိုးပေးရန်လိုအပ်ပါသည်။

*အစိုးရ၏ နယ်မြေတိုးချဲ့မှုအပေါ် ကြောက်ရွံ့ခြင်း*

အစိုးရ၏ပံ့ပိုးကူညီမှုများ ရုတ်ချည်းမြင့်မားလာခြင်းအပေါ် ဒေသအတွင်းရှိ သံသယဖြင့် ဝေဖန်ကန့်ကွက်သူများက ယင်းသည် 'တစ်ဖက်လှည့်ဖြင့်' ဒေသအပေါ်လွှမ်းမိုးကြီးစိုးရန်ကြိုးစားသော မဟာဗျူဟာပင်ဖြစ်သည်ဟု ရှုမြင်ကြ

သည်။[68] ကရင်၊ မွန်၊ ရှမ်းနှင့် ကချင်ဒေသများရှိ အရပ်ဘက်အဖွဲ့အစည်းများကို မေးမြန်းရာတွင် ဒေသခံပြည်သူများသည် အစိုးရ၏ ညွှန်ကြားချက်ကိုခံရသော နိုင်ငံတကာအန်ဂျီအိုများကို စိုးရိမ်ပူပန်နေကြသည်ဟု တသမတ်တည်းထုတ်ဖော်ပြောကြားကြသည်။[69] Myanmar Peace Support Initiative (MPSI) က ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့သော သင်ခန်းစာများကို 'ပြန်လည်လေ့လာသုံးသပ်ခြင်း' တွင် ပဋိပက္ခဒေသများ၌ ထောက်ပံ့ကူညီမှုများပေးခြင်းသည် အစိုးရ၏ ဒေသတွင်းစီးပွားရေးနှင့် နိုင်ငံရေးရည်မှန်းချက်များကို အားပေးကူညီခြင်းသာဖြစ်သည်ဟူသော ယူဆချက်များကျယ်ကျယ်ပြန့်ပြန့်ပေါ်ထွက်နေသည်ဟု ဖော်ပြထားသည်။

ခြုံငုံသုံးသပ်ရလျှင် ယင်းကဲ့သို့သောအခြေအနေများသည် အထူးသဖြင့် ပုံစံ ၅ ဒေသများရှိ ဗမာမဟုတ်သော တိုင်းရင်းသားအဖွဲ့အစည်းများအကြား ယုံကြည်မှုကိုကျဆင်းစေပြီး၊ အောက်ဖော်ပြပါ အဆင့်နှစ်ဆင့်တွင် ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ခြင်းခံနေရသည်ဟု ဆိုနိုင်သည်။

၁။ လတ်တလော - ရေတိုကာလတွင် အပစ်ရပ်ရေးများမှာ အလွယ်တကူပျက်စီးသွားနိုင်ပြီး အစိုးရ၏ နိုင်ငံရေးအရ တရားဝင်မှုသည်လည်း အပြည့်အဝမရှိသေးသည့်အချိန်၌ အစိုးရအား ယခင်ကအာဏာစက်မသက်ရောက်ရာဒေသများနှင့် ပြည်သူများအပေါ် ပိုမိုထိန်းချုပ်ပြီး နိုင်ငံရေးရည်မှန်းချက်များ အကောင်အထည်ဖော်လာနိုင်ရန်အတွက် အားပေးကူညီခြင်းများဖြစ်နေသည်။ အခြားတစ်ဖက်တွင်မူ တည်ဆဲဒေသခံလူထုနှင့် တိုင်းရင်းသားအဖွဲ့များ၏စနစ်များကို အားနည်းသွားအောင်ဆောင်ရွက်ခြင်းလည်းဖြစ်နေသည်။

၂။ ရေရှည်နှင့်စနစ်ဆိုင်ရာ - ရေရှည်တွင်မူ အစိုးရက ဒေသခံလူထုနှင့် ဒေသခံခေါင်းဆောင်များနှင့် လက်တွဲခြင်းမပြုဘဲ ဒေသဖွံ့ဖြိုးရေးကဏ္ဍကို လက်ဝါးကြီးအုပ်လွှမ်းမိုးသွားနိုင်ခြင်းသည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာ မျှော်မှန်းချက်များကို မှေးမှိန်ဝေဝါးသွားစေမည်ဖြစ် သည်။

ထို့သို့သော စိုးရိမ်ပူပန်ခြင်းများသည် အထူးသဖြင့် ပုံစံ ၅ ကရင်ဒေသများတွင် အတွေ့ရများသည်။ နှစ်ပေါင်း ၆၀ အတွင်းပထမဦးဆုံးသော အပစ်အခတ်ရပ်စဲရေးက ဒေသတွင်းလုံခြုံရေးအခြေအနေများကို သိသိသာသာပြောင်းလဲသွားစေခဲ့သည်။ အစိုးရကလည်း နိုင်ငံတကာအကူအညီများကိုသုံးပြီး ဒေသနှင့် ဒေသခံပြည်သူများအပေါ် ခိုင်မာစွာထိန်းချုပ်ထားနိုင်ရန် စတင်ကြိုးပမ်းလာသည်။ အစိုးရအုပ်ချုပ်ရေးဒေသများ၊ ရောနှောအုပ်ချုပ်ရေးဒေသများနှင့် ကေအင်န်ယူ/အုပ်ချုပ်သော ဒေသများတွင်ပြုလုပ်သော ဆွေးနွေးမှုများတွင် အရပ်ဘက်အဖွဲ့အစည်း များ၊ ရပ်ရွာအခြေပြုအဖွဲ့ခေါင်းဆောင်များ၊ ကေအင်န်ယူအရာရှိများ၊ ကေအင်န်အယ်လ်အေတပ်မှူးများနှင့် ၎င်းတို့၏ ပညာရေးနှင့်ကျန်းမာရေးဌာနမှ ဝန်ထမ်းများအပြင် နိုင်ငံတာအန်ဂျီအိုများမှ ပြည်တွင်းဝန်ထမ်းများ ကိုယ်တိုင် အထက်ပါပြဿနာရပ်များကို အမြဲတမ်းထုတ်ဖော်ပြောကြားလေ့ရှိသည်။[70] ထိုအဖြစ်အပျက်များ ကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည်မှုများကို ထိခိုက်စေပြီး လက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်းနှင့် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ဒေသခံပြည်သူများအကြားတွင်ပါ အငြင်းအခုံများကို ဖြစ်ပွားစေပါသည်။

ကျယ်ပြန့်သော ဒေသဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ရန် လျာထားသတ်မှတ်ထားသော မြို့နယ်ခွဲကိုးခုသည် အန်ဂျီအိုအများအပြားကိုဆွဲဆောင်နိုင်ပြီး၊ ဒုက္ခသည်များပြန်လည်ခေါ်ယူရေးနှင့်ပတ်သက်သော ဖြစ်နိုင်ဖွယ်ရှိသည့်အစီအစဉ်များနှင့်လည်း ချိတ်ဆက်မှုရှိနေသည်။ ထို့ကြောင့် နောက်ကွယ်တွင်ရှိနေမည့် မဟာဗျူဟာရည်မှန်းချက်များနှင့်ပတ်သက်ပြီး ဒေသတွင်းစိုးရိမ်ပူပန်မှုများကို မြင့်တက်စေသည်။[71] တပြိုင်နက်တည်းမှာပင် အစိုးရအုပ်ချုပ်သောနယ်မြေအတွင်း လုပ်ငန်းများဆောင်ရွက်နေကြသည့် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများက လည်း သက်ဆိုင်ရာဒေသများတွင် လုပ်ပိုင်ခွင့်များက အစိုးရကခွင့်ပြုပေးခြင်းမရှိတော့ကြောင်းဆိုကြသည်။[72]

မြို့နယ်ပေါင်းရှစ်မြို့နယ်တွင် အစိုးရကိုယ်တိုင်၏ စီမံချက်များအကောင်အထည်ဖော်ရန် အုပ်ချုပ်ရေးယန္တယားများအဆင်သင့်ရှိမနေသေးချိန်၌ပင် အဆိုပါအငြင်းပွားရာဒေသများ၌ နိုင်ငံတကာအန်ဂျီအိုများဝင်ရောက်လုပ် ကိုင်ရန် တိုက်တွန်းအားပေးမှုများရှိနေသည်ဟု တွေ့ဆုံမေးမြန်းမှုများမှတစ်ဆင့် သိရသည်။[73] ယင်းစီမံချက်များတွင်ပါဝင်ဆောင်ရွက်ကြသော နိုင်ငံတကာအန်ဂျီအိုဝန်ထမ်းများနှင့် ပြည်တွင်းအရပ်ဘက်အဖွဲ့များက အစိုးရ၏

အဓိကရည်ရွယ်ချက်မှာ အုပ်ချုပ်ရေးယန္တယားများလုပ်ငန်းစတင်နိုင်အောင် အခြေခံများတည်ဆောက်ခြင်းနှင့် နောက်တစ်ဆင့်တွင် လုံခြုံရေးယန္တယားများ လာရောက်ချထားနိုင်အောင် လမ်းဖွင့်ပေးခြင်းသာဖြစ်သည်ဟု ယုံကြည်ရကြောင်း တွေ့ဆုံမေးမြန်းမှုများတွင်ပြောကြားကြသည်။[74]

ကျန်ကျေးလက်ဒေသအများအပြားကို လျစ်လျူရှုထားပြီး တိုင်းရင်းသားလက်နက်ကိုင်များ၏ အမာခံနယ်မြေများ သို့ ဝင်ရောက်ခွင့်မရချိန်တွင် အချို့သောအငြင်းပွားရာဒေသများကို အစိုးရက မူမှန်မဟုတ်ပဲ အထူးဦးစားပေးလာ ခြင်းဖြစ်ကြောင်း သိသာထင်ရှားသည်။ နိုင်ငံတကာအန်ဂျီအိုတစ်ခုမှ ပြည်တွင်းဝန်ထမ်းတစ်ဦးက ကရင်အစိုးရ အဖွဲ့သည် ၎င်းတို့အဖွဲ့အစည်းအားကရင်ပြည်နယ်အတွင်းနေရာအနည်းငယ်၌သာ လုပ်ပိုင်ခွင့်ပေးထားပြီး ထို ဒေသများအားလုံးသည်လည်း အကြီးအကျယ်အငြင်းပွားရာဒေသများဖြစ်နေသည်ဟု ဆိုသည်။ အခြားနိုင်ငံ တကာအန်ဂျီအိုဝန်ထမ်းတစ်ဦးကလည်း 'အစိုးက မိမိတို့ကို ရောနှောအုပ်ချုပ်ရေးများရှိရာဒေသများသို့စေလွှတ် ကာ ဤနည်းအားဖြင့် အစိုးရအုပ်ချုပ်ရေးယန္တယားတိုးချဲ့ခြင်းနှင့် ဒေသအတွင်းဝင်ရောက်ခွင့်ရစေရန် မိမိတို့က ကူညီပေးရသလိုဖြစ်နေကြောင်း' အင်တာဗျူးတွင်ပြောကြားခဲ့သည်။ [75] အခြားတစ်ဦးကလည်း ၎င်းတို့ဒေသတွင်း ဝင်ထွက်သွားလာရာတွင် နယ်စစ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများပါအတူလိုက်ပါကြသဖြင့် 'မိမိတို့သည် အစိုးရနှင့်လက်တွဲနေကြောင်း လူထုကယူဆသွားပြီး ကြောက်ရွံ့မှုများရှိနေကြောင်း' ရှင်းပြခဲ့သည်။[76]

နိုင်ငံတကာအန်ဂျီအိုတစ်ခုမှ ပြည်တွင်းဝန်ထမ်းတစ်ဦးကလည်း ၎င်းတို့၏စီမံခန့်ခွဲမှုအဖွဲ့က လက်ရှိအချိန်သည် 'အစိုးရနှင့် အဓိကယုံကြည်မှုတည်ဆောက်နေသောအချိန်' ဖြစ်သည်ဟု လမ်းညွှန်ထားသဖြင့် 'ဒေသခံ ပြည်သူများ' ၏လိုလားချက်များသည် ဒုတိယဦးစားပေးသာဖြစ်နေသည်ဟု မှတ်ယူနိုင်ကြောင်းရှင်းပြသည်။[77] အခြားတစ်ဦးကလည်း 'အစိုးရသည် အကြီးအကဲဖြစ်ပြီး မိမိတို့က အစိုးရ၏စွမ်းဆောင်ရည်မြင့်မားအောင် ကူညီနေခြင်းဖြစ်ကြောင်း၊ မိမိတို့လုပ်သမျှကို အစိုးရကကန့်သတ်နိုင်ကြောင်းနှင့် ဒေသတွင်းအဖွဲ့များနှင့် ဆက်သွယ်မှုကိုလည်း သံသယဖြင့် ကြည့်တတ်ကြောင်း' ပြောကြားသည်။[78]

အစိုးရက တည်ငြိမ်စွာပုံမှန်ထိန်းချုပ်ထားနိုင်ခြင်းမရှိသော ပုံစံ ၅ အမျိုးအစားဒေသများတွင် အစိုးဆေးပေးခန်း များကို သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဆက်စပ်သော ဒေသခံကျန်းမာရေးဝန်ဆောင်မှု အဖွဲ့ အစည်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်းမပြုပဲ နိုင်ငံတကာ အန်ဂျီအိုများကတည်ဆောက်ပေးနေကြသည်။ [79] ဒေသ နှစ်ခုတွင် ဒေသခံများ၏ ယုံကြည်ခြင်းကိုမရသောကြောင့် ထိုဆေးခန်းများကို ဒေသခံများက မသုံးသလောက် နည်းပါးသည်ဟုလည်း သိရသည်။ အခြားဒေသနှစ်ခုတွင်မူ တာဝန်ကျအစိုးရဝန်ထမ်းများက လာရောက်တာဝန် ထမ်းဆောင်ရန်ငြင်းဆိုခြင်းကြောင့် ဆေးခန်းမှာအသက်ဝင်လာခြင်းမရှိဘဲ ထောက်ပံ့ရေးပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာတန်ဆာပလာများလည်း ရောက်ရှိလာခြင်းမရှိပေ။ [80] မြဝတီနှင့် လှိုင်းဘွဲ့ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဩဇာကြီးမားပြီး ဆယ်စုနှစ်များစွာကတည်းက ယင်းတို့နှင့်ဆက်စပ် သည့်ဝန်ဆောင်မှုအဖွဲ့အစည်းများရှိနေကြသော မြို့နယ်များတွင် အစိုးရ၏လမ်းညွှန်မှုကြောင့် ရောက်ရှိလာ သော နိုင်ငံတကာအန်ဂျီအိုစီမံကိန်းများဖြင့် လုပ်ငန်းခြင်းထပ်လျက်ရှိသည်။[81] အလားတူအဖြစ်အပျက်မျိုးကို ကေအင်န်ပီပီ၏ ပုံစံ ၅ ဒေသဖြစ်သော ရှာတော်မြို့နယ်တွင်လည်း တွေ့ရှိရသည်။ ယင်းဒေသတွင် နိုင်ငံတကာ အကူအညီဖြင် ့ဆောက်လုပ်သော ကုတင်ငါးဆယ်ဆန့်ဆေးရုံတစ်ခု ရှိနေသော်လည်း ဒေသခံများက အယုံ အကြည်မရှိသဖြင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိပေ။[82]

ထို့အပြင် ၂၀၁၃ ခုနှစ်အတွင်း၌ ကရင်နှင့်မွန်ပညာရေးဌာနများသည် ပိုမြင့်မားသော လစာဖြင့်ဆွဲဆောင်မှု ကြောင့် အစိုးရကျောင်းများသို့ရွှေ့ပြောင်းသွားကြသော ဒါဇင်နှင့်ချီသောကျောင်းဆရာများကို လက်လွှတ်ဆုံးရှုံးခဲ့ ကြရသည်။ ကေအင်န်ယူပုံစံ ၅ နယ်မြေတွင်လည်း အစိုးရပညာရေးဌာနက KSEAG ၏ထောက်ပံ့မှုဖြင့်ဆောင် ရွက်နေသော ရပ်ရွာစာသင်ကျောင်းများသို့ ဝင်ရောက်ပြီး ဆွေးနွေးညှိနှိုင်းခြင်းမရှိဘဲ အစိုးရဆိုင်းဘုတ်များကို တပ်ဆင်သွားခဲ့သည်ဟူသော သတင်းများထွက်ပေါ်ခဲ့သည်။ အချို့သော ကျောင်းများတွင် အစိုးရခန့်ဆရာများ ခေတ္တရောက်ရှိလာသော်လည်း ဘာသာစကားအခက်အခဲနှင့် အခြေချနေထိုင်ရန်ခက်ခဲခြင်းများကြောင့် ကြာမြင့် စွာနေထိုင်နိုင်ခြင်းမရှိကြပေ။ ဒေသနှစ်ခုတွင် ဒေသခံများက အသစ်ရောက်လာသူ (ကျောင်းဆရာ) များအပေါ်

သံသယရှိနေသောကြောင့် ကောင်းစွာလက်ခံကြိုဆိုခြင်းမပြုကြသော်လည်း အခြားဒေသများတွင်မူ ကျောင်းဆရာများနှင့် ရပ်ရွာလူထုအကြား အတူပူးပေါင်းဆောင်ရွက်မှု၏ အကျိုးကျေးဇူးများကြောင့် ဆက်ဆံရေးများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ဟု သိရသည်။[83]

ထိုသို့သင့်လျော်သော တိုင်ပင်ဆွေးနွေးမှုများမရှိပဲ ပြုလုပ်ခဲ့သောအပြောင်းအလဲများကြောင့် ရပ်ရွာလူထုအတွင်း တင်းမာမှုများကို ဖြစ်ပေါ်စေပြီး အစိုးရသည်နိုင်ငံရေးဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ရမည့်အစား အပစ်အခတ်ရပ်စဲရေးကိုသုံးကာ ဒေသတွင်းသြဇာတည်ဆောက်ရန်ကြိုးပမ်းလာမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းများဖြစ်ပေါ်လာခဲ့သည်။[84] မွန်၊ ကရင်နှင့် ရှမ်းပြည်နယ်များအတွင်းမှ တွေ့ဆုံမေးမြန်းခဲ့သူများက အပစ်ရပ်ကာလ အတွင်း ယင်းသို့သော အပြောင်းအလဲများသည် ဒေသတွင်း၌ရှိနေသော အစဉ်အလာဝန်ဆောင်မှုစနစ်များကို အားပျော့ချိနဲ့သွားစေပြီး အပစ်ရပ်ရေးပျက်ပြားသွားသည့်အချိန်တွင် အစိုးရအပေါ်မှီခိုရမှုပိုမိုမြင့်မားသွားစေမည် ဟုဆိုကြသည်။ ကရင်အမျိုးသမီးတစ်ဦးက 'အကယ်၍ ထိုအချက်များအားလုံးသည် အလိမ်အညာများဖြစ်ပြီး လာမည့်နှစ် သို့မဟုတ် (ကေအိုင်အို၏ ၁၉၉၄-၂၀၁၁ အပစ်ရပ်ကာလကို ရည်ညွှန်းပြီး) ၁၇ နှစ်အတွင်းပြန်လည် စစ်ဆင်တိုက်ခိုက်လာခဲ့မည်ဆိုပါက မိမိတို့ပိုမိုအားပျော့နေခဲ့ပြီး ဤတစ်ကြိမ်တွင် ရင်ဆိုင်ခုခံနိုင်တော့မည် မဟုတ်' ဟုပြောကြားခဲ့သည်။[85]

မွန်၊ ကရင်နှင့် ရှမ်းပြည်နယ်များတွင်လည်း အကူအညီပေးရေးအဖွဲ့အစည်းများက အခြားတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ယှဉ်လျှင်အစိုးရနှင့်ဆက်ဆံရေးကို ပိုမိုဦးစားပေးနေကြခြင်းသည် တိုင်းရင်းသားအဖွဲ့အစည်းများ အဓိကထိခိုက်နာကျင်ရသော အချက်ပင်ဖြစ်သည်ဟု ဆိုကြသည်။ အချို့ကဆိုလျှင် ယင်းအချက်သည် အပစ်ရပ်ရေးအခြေအနေတည်မြဲနေမှုကိုပင် ခြိမ်းခြောက်လာနိုင်သည်ဟု ဆိုကြသည်။[86]

အထက်တွင်ဖော်ပြထားသော လေ့လာတွေ့ရှိမှုများက သက်သေပြနေသည့်အတိုင်း မြန်မာနိုင်ငံတွင် ကြုံတွေ့ရ သည့် ပဋိပက္ခ အခြေအနေများ၌ နိုင်ငံတော်အပေါ် ယုံကြည်မှုတိုးတက်လာအောင် အလွန်အမင်းအလေးထား ကြိုးပမ်းနေခြင်းအားဖြင့် 'ယုံကြည်မှုတည်ဆောက်ခြင်း' ဆောင်ရွက်၍ရနိုင်မည် မဟုတ်ပေ။[87]

အလားတူပင် နိုင်ငံတကာအကူအညီများက ပဋိပက္ခကိုဖြစ်ပွားစေသော ဒေသတွင်းအုပ်စုများအကြား မညီမျှမှုကို လည်း (ဥပမာ- နိုင်ငံရေးသြဇာပိုရှိသော လူမျိုးစုကို အခြားလူမျိုးစုထက်ပို၍ ဦးစားပေးခြင်း) ဖြစ်ပွားစေနိုင် ကြောင်း လေ့လာဖော်ထုတ်ထားမှုများ အများအပြားရှိသည်။[88] ယင်းအယူအဆကိုမြန်မာနိုင်ငံအခြေအနေတွင် သုံးစွဲသည့်အခါ မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခများကိုဖြစ်ပွားစေသော အဓိကကျသည့်မညီမျှမှုမှာ မြန်မာလူ့အဖွဲ့ အစည်းအတွင်းရှိ ခေါင်းဆောင်များကြားတွင် အုပ်ချုပ်ခွင့်ရရေးနှင့် လုပ်ပိုင်ခွင့်အာဏာတို့နှင့် ဆက်စပ်သော ရပိုင်ခွင့်များ မညီမျှခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ထားရန်မှာ လွန်စွာအရေးကြီး သည်။ ထို့ကြောင့် အစိုးရသို့ဦးတည်ပြီးပေးအပ်သော နိုင်ငံတကာအထောက်အပံ့များသည် အခြေခံဝန်ဆောင်မှု များကို လက်လှမ်းမီခြင်း၌ရှိနေသော မညီမျှမှုများကို ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်သော်လည်း ယင်းသို့ဆောင် ရွက်ခြင်းကြောင့် ပဋိပက္ခများကို အမှန်တကယ်ဖြစ်ပွားစေသော မညီမျှမှုများကို ပိုမိုဆိုးရွားအောင်လုပ်ပေးသလို ဖြစ်စေမည့် အန္တရာယ်လည်း ရှိနေပါသည်။

## ၄.၄ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း- အပစ်အခတ်ရပ်စဲရေးတွင် ယုံကြည်မှု တည်ဆောက်ခြင်း

နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားကို အလွန်အမင်းချဲ့ထွင်ခြင်းကြောင့် အငြင်းပွားမှုများကို မီးထိုးပေးသလိုဖြစ်စေ စ မည့်အန္တရာယ်ရှိနေသော်လည်း ပဋိပက္ခဒဏ်ခံရပ်ရွာလူထုအတွက် လူမှုလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအကြားပူးပေါင်းဆောင်ရွက်မှုကို ကူညီပံ့ပိုးပေးသည့် နိုင်ငံတကာအကူ အညီများသည် အဓိပ္ပါယ်ပြည့်ဝသော ငြိမ်းချမ်းရေးဖြစ်ထွန်းမှုကို အားပေးနိုင်မည့် အလားအလာများလည်းရှိနေပါ သည်။ ပဋိပက္ခများဖြစ်ပွားချိန်၌ပင် အောက်ခြေ၌ဆောင်ရွက်နေကြသော ဝန်ဆောင်မှုအဖွဲ့အစည်းများအကြား ဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်သည်။ ယင်းအဖွဲ့အစည်းများသည် ပုံမှန်အားဖြင့်လုပ်ငန်းနယ်ပယ်ခြင်းထပ်နေ

လေ့ရှိပြီး တစ်ဘက်၏ ရည်ရွယ်ချက်များကို အခြားတစ်ဘက်က တားဆီးပိတ်ပင်ခြင်းထက်စာလျှင် အကျိုးရှိအောင်အသုံးချရန်သာရည်ရွယ်ကြသည်ကို တွေ့ရသည်။

ထို့အပြင် တရားဝင်ပုံစံမျိုးဖြင့် ကျင်းပသောအစည်းအဝေးများကိုလည်း အစိုးရနှင့် တိုင်းရင်းသားအဖွဲ့များနှင့်ဆက်စပ်သော ဝန်ဆောင်မှုပေးသူများအကြား ပိုမိုတိုးတက်ကျင်းပလာနေကြသည်။ များသောအားဖြင့် အစည်းအဝေးခေါ်ရန် တိုင်းရင်းသားအဖွဲ့အစည်းများဘက်မှ တိုက်တွန်းနှိုးဆော်လေ့ရှိသည်။ အချို့သောနေရာများတွင် 'ပေါင်းစည်းခြင်း' လုပ်ငန်းများဟုခေါ်ကြသော လုပ်ငန်းစဉ်များအတွက် အသေးစိတ်ကျသည့်မဟာဗျူဟာများကိုရေးဆွဲထားကြသည်။ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများအဖို့ ရေတိုအကျိုးရလာဒ်မြင်ရနိုင်သည့် 'ငြိမ်းချမ်းရေးဝေစု' များရအောင်ကူညီပံ့ပိုးပေးနိုင်ပါက ယင်းသို့ဆောင်ရွက်နိုင်ခြင်းသည် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းရလာဒ်များထက် များစွာပိုမိုတန်ဖိုးကြီးမားလေသည်။

ပထမဦးဆုံးအနေဖြင့် ရပ်ရွာအဆင့်တွင် တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ခြင်းက လက်နက်ကိုင်ဆန့်ကျင်ရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအာဏာပိုင်များအကြားဆက်ဆံရေးကို ပိုကောင်းလာအောင် ပံ့ပိုးပေးနိုင် သည်။ ယင်းဖြစ်စဉ်တွင် ရပ်ရွာပြည်သူများလည်း ပါဝင်နိုင်ပြီး အကျိုးကျေးဇူးခံစားရနိုင်သည်။ တပြိုင်နက်တည်းတွင်အာဏာပိုင်အများအပြားကို ဆက်ဆံနေရသော ဒေသခံပြည်သူများသည် တစ်ဖွဲ့နှင့်ဆက်ဆံခြင်းကြောင့်ကျန်တစ်ဖွဲ့စိတ်ဆိုးဒေါသထွက်မည်ကို ကြောက်လန့်နေရသည့် ပူပင်သောကများကိုလည်း ဤနည်းအားဖြင့်လျော့ချပေးနိုင်သည်။ ထို့အပြင် အုပ်ချုပ်သူအဖွဲ့အစည်းများအကြား အငြင်းပွားမှုများကိုဖြေရှင်းနိုင်သည့်စနစ်များကိုလည်းထားရှိနိုင်ရာ ပဋိပက္ခများကို အောက်ခြေအထိမကူးစက်မီ ကြိုတင်ဟန့်တားထားနိုင်မည်ဖြစ်သည်။

MPSI မှ ကနဦးလေ့လာမှုအဖြစ်ဆောင်ရွက်သော စီမံချက်များကို ပြန်လည်သုံးသပ်ရာ၌ အလားတူအဖြစ် အပျက်မျိုးကိုတွေ့ရှိရသည်။ ယင်းအစီရင်ခံစာတွင်ဖော်ပြသည်မှာ နိုင်ငံတော်နှင့် တိုင်းရင်းသားအဖွဲ့များအကြားလူမှုထောက်ပံ့မှုများပေးနိုင်ရန် အချင်းချင်းပံ့ပိုးကူညီပေးခြင်းသည် 'အပစ်အခတ်ရပ်စဲရေး အသက်ဝင်တည်ရှိနေ သည်' ဟူသော အလွန်သိသာထင်ရှားသည့် သင်္ကေတတစ်ခုဖြစ်သည်ဟု ဖော်ပြထားသည် (MPSI ၂၀၁၄း ၁၂-၁၃)။

အထက်အဆင့် အုပ်ချုပ်ရေးကဏ္ဍများတွင်လည်း နှစ်ဘက်အဖွဲ့အစည်းများ (အထူးသဖြင့် နှစ်ဖက်နိုင်ငံရေးနှင့်စစ်ရေးတာဝန်ရှိသူများ) အချင်းချင်းကြားတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် ပဋိပက္ခဖြစ်ဘက်များအား ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည်မှု ပိုမိုတိုးတက်စေနိုင်သည်။ ထို့ကြောင့် အပစ်ရပ်ရေးနှင့် ဝန်ဆောင်မှုအသစ်များဝင်ရောက်လာခြင်းကြောင့် သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်း ၎င်းတို့၏အခန်းကဏ္ဍမှေးမှိန်လျော့ကျသွားမည်ကိုစိုးရိမ်ကြောင့်ကြမှုများရှိသော်လည်း ကျန်တစ်ဘက်တွင် ပူးပေါင်းလက်တွဲဆောင်ရွက်ခြင်းကြောင့် ရလာဒ်ကောင်းများပေါ်ထွက်အောင်လုပ်ဆောင်နိုင်မည့် အလားအလာလည်းရှိသည်။ အထက်အဆင့်များတွင် ပေါင်းစပ်ပူးပေါင်းဆောင်ရွက်နိုင်ခြင်းများသည်လည်း အောက်ခြေအဆင့်တွင်ယုံကြည်မှုများမြင့်မားလာအောင်ဆောင်ရွက်ရာတွင် အဓိကကျပြန်သည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့်အောက်ခြေအဆင့်တွင် အငြင်းအခုံများနှင့် ရှုပ်ထွေးမှုများကို ရှောင်လွှားနိုင်မည်ဖြစ်သည်။

ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းများသည် မူလကပဋိပက္ခကိုဖြစ်ပွားစေခဲ့သော ထိခိုက်နာကျင်မှုများကိုလည်း တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းပေးနိုင်သဖြင့် အပစ်ရပ်ရေးကို ပိုမိုခိုင်မာအားကောင်းစေသည်။ ဥပမာအားဖြင့် ဒေသတွင်းမိခင်ဘာသာစကားဖြင့်သင်ကြားသော ပညာရေးစနစ်ကို ကိုယ့်အားကိုယ်ကိုးထူထောင်လာခဲ့ရသော ရပ်ရွာများ သည်ယင်းတို့၏အစဉ်အလာဝန်ဆောင်မှုစနစ်များကို မှေးမှိန်အောင်လုပ်မည့်အစား အစိုးရထံမှ တရားဝင်အသိအမှတ်ပြုခြင်းနှင့် ထောက်ပံ့ကူညီခြင်းများကို ရလာနိုင်သည်။


တိုင်းရင်းသားဒေသများတွင် အဓိကအကျဆုံး ထိခိုက်နာကျင်ခံစားရမှုဖြစ်သော ၎င်းတို့ကို အုပ်ထိန်းခံများအဖြစ်ဆက်ဆံခြင်းကို အစိုးရနှင့်နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများက ရပ်တန့်စည်းခြားလိုက်ပြီး ဒေသတွင်းရှိနေသော ဝန်ဆောင်မှုစနစ်များအားပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပိုကောင်းအောင်ကူညီခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည်။ သက်ဆိုင်ရာ ရပ်ရွာများနှင့် ရပ်ရွာခေါင်းဆောင်များအနေဖြင့် ဝန်ဆောင်မှုများကို မိမိတို့ဖာသာ

ထောက်ပံ့ပေးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်စွမ်းဆောင်ရည်များရှိနေကြောင်း အသိအမှတ်ပြုလက်ခံပေးခြင်းသည် တိုင်းရင်းသားလူမျိုးများအကြားတန်းတူရှိရေးအတွက် ရည်ရွယ်သည့် စစ်မှန်သော ခြေလှမ်းတစ်ရပ်ပင် ဖြစ်သည်။ ထို့အပြင် ဗမာမဟုတ်သော တိုင်းရင်းသားများသည် ဗမာအုပ်ချုပ်သော အစိုးရထံမှ ဝန်ဆောင်မှုများ ကို အမြဲတမ်းလိုအပ်နေသည့် လက်ဝေခံစားသုံးသူများသာဖြစ်သည်ဟူသော အယူအစွဲများကိုလည်း စတင်တိုက်ဖျက်နိုင်လာမည်ဖြစ်သည်။

ရပ်ရွာအဆင့်တွင် မလိုအပ်ပဲ တင်းမာမှုများနှင့် ရှုပ်ထွေးမှုများကို ရှောင်လျားနိုင်ရန်နှင့် ပဋိပက္ခဖြစ်နိုင်ချေကို နားလည်သဘောပေါက်စေရန်အတွက် သက်ဆိုင်သူအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်နိုင်ခြင်းက အလွန်အရေးကြီးသည်။ နှစ်ပေါင်းများစွာ ပဋိပက္ခများဖြစ်ပွားခဲ့သည့်ဒေသများတွင်မူ ထိုကဲ့သို့နှုန်းစံများပေါ်ပေါက်လာအောင်အချိန်ယူရဦးမည်ဖြစ်သည်။ သို့ရာတွင် ယင်းဖြစ်စဉ်ကို အဓိကဦးစားမပေးပဲ စီမံချက်များကိုဆောင်ရွက်ရန် အတင်းအကျပ်စီစဉ်ခြင်းသည် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်ကြီးစွာသော အန္တရာယ်သက်ရောက်စေနိုင် သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်သော ဒေသတွင်းဝန်ဆောင်မှုပေးသူများ၏ တရားဝင်မှုကို ရှင်းလင်းစွာမသိမြင်နိုင်သည့်တိုင် အလှူရှင်များနှင့် နိုင်ငံတကာအန်ဂျီအိုများအနေဖြင့် အချင်းချင်း ဘက်ပြိုင်နေသော အာဏာပိုင်များရှိနေသောနေရာများတွင် လူမှုဝန်ဆောင်မှုများဆောင်ရွက်ခြင်းသည် အလွန် ထိရှလွယ်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ကို ကောင်းစွာနားလည်သဘောပေါက်ထားသင့်ပါသည်။

## ၄.၅ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း- အင်စတီကျူးရှင်းအရ ပြောင်းလဲဖြစ်ထွန်းခြင်း

ဝန်ဆောင်မှုပေးသူများအကြားတွင် ညှိနှိုင်းလုပ်ကိုင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပိုမိုအားကောင်းလာသည်နှင့်အမျှ အင်စတီကျူးရှင်းများအသွင်ကူးပြောင်းခြင်းဖြစ်စဉ်အတွက် လမ်းဖွင့်ပေးရာလည်းရောက်သည်။ ယင်းအတွက် မူဝါဒဆိုင်ရာအကြံပြုချက်အများအပြားရှိသည့်အနက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ဆောင်ရွက်မှု တစ်ခုဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ငြိမ်းချမ်းရေးအတွက်ပေါင်းကူးတံတားအဖြစ်သုံးခြင်း (HBP) အစီအစဉ်တွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မူဝါဒများက ငြိမ်းချမ်းရေးကိုအထောက်အပံ့ပေးနိုင်သော ဖြစ်နိုင်ချေများကို တင်ပြထားသည်။ အောက်ပါပုံတွင် သရုပ်ဖော်ထားသကဲ့သို့ BHP က ဒေသတွင်းကျန်းမာရေးဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများသည် ပထမအဆင့်တွင် ၎င်းတို့အသီးသီး၏ အခြေခံအကျဆုံးလိုအပ်ချက်များနှင့်ပတ်သက်ပြီးပူးပေါင်းဆောင်ရွက်နိုင်ရေးကို အဓိကအာရုံစိုက်ပြီးဆောင်ရွက်ရမည်ဖြစ်သည်။ နောက်တစ်ဆင့်တွင်မူ ပထမအဆင့်လောက်အရေးမကြီးသော်လည်း ၎င်းတို့အချင်းချင်းကြားတွင် ပူးပေါင်းဆောင်ရွက် စရာဘုံတူညီချက်အချို့ရှိနိုင်သေးသော နယ်ပယ်များသို့ဆက်လက်တိုးမြှင့်သွားမည်ဖြစ်သည်။ တပြိုင်နက်တည်း မှာပင် ပိုမိုကျယ်ပြန့်သော ပြဿနာရပ်များနှင့်ပတ်သက်ပြီး အချင်းချင်းထပ်တူကျမှုလုံးဝမရှိသော ရပ်တည်ချက် များကိုလည်း မိမိတို့ဖာသာဆက်လက်ကိုင်စွဲထားနိုင်ကြသည်။




မူရင်း။ WHO[89]

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးအတွက် အသွင်ကူးပြောင်းနေသော ဖြစ်စဉ်မှာ ထိလွယ်ရှလွယ်ဖြစ်နေသေးသည် မှန်သော်လည်း (မတူညီသောဘက်များမှ) ဝန်ဆောင်မှုပေးသူများကြားရှိ ဆက်ဆံရေးများကိုပိုမိုတိုးတက် ကောင်းမွန်အောင်လုပ်ဆောင်ပေးနိုင်သည့် အသွင်ကူးပြောင်းရေးဆိုင်ရာ မူဘောင်/အဆောက်အဦများဖြစ်ထွန်း လာရေးကိုလည်း ဦးစားပေးဆောင်ရွက်သင့်ပါသည်။ ယင်းမူဘောင်များပေါ်မူတည်ပြီး ပိုမိုတည်ငြိမ်ရင့်ကျက် သော လူမှုအင်စတီကျူးရှင်းများဖြစ်ထွန်းလာရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးတို့အတွက် အခြေခံများကို ဖန်တီးပေးနိုင်သည်။ [90] အထက်တွင်ဖော်ပြထားသောသရုပ်ပြပုံစံကဲ့သို့ပင် တည်ဆဲဝန်ဆောင်မှုစနစ်များကို ပြင်းထန်သောအသွင်ကူးပြောင်းရေးများအား အလျင်အမြန်ဆောင်ရွက်ရန် အတင်းအကျပ်ဖိအားပေးမိမည့် အန္တရာယ်မျိုးကို ရှောင်ရှားရမည်ဖြစ်သည်။ ဥပမာဝန်ဆောင်မှုစနစ်နှစ်ခု အကြွင်းမဲ့ပေါင်းစည်းရေးကို တိုက်တွန်း ခြင်းမျိုးကို ရှောင်ရှားရမည်။ ထို့အပြင် ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းနယ်ပယ်၌ ရရှိသောဖြစ်ပေါ်တိုးတက်မှုများ သည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကျော်လွန်ပြီး ဖြစ်ပေါ်တိုးတက်နေခြင်းများ မဖြစ်ရန်လည်းလိုသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အောင်မြင်မှုများသည် နောက်ဆုံးတနေ့၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များအား နိုင်ငံတော် တည်ဆောက်ရေးဖြစ်စဉ်တွင် တရားဝင်ပြီး တည်ငြိမ်မှုရှိသော အခန်းကဏ္ဍများကို ရယူပါဝင် စေနိုင်ရေးဖြစ်နိုင်ချေများအပေါ် ကြီးကြီးမားမားမှီတည်နေသည်။ ယင်းအချက်နှင့် ဆက်စပ်ပြီး နိုင်ငံတကာ ထောက်ပံ့ကူညီမှုများသည်လည်း အထက်ပါရည်မှန်းချက်များကို ထိခိုက်ပျက်ပြားစေခြင်းမျိုးမရှိသည့် ပုံစံများဖြင့် သာဆောင်ရွက်သင့်သည်။ အကယ်၍တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲများ အမှန်တကယ်ဖြစ်ပေါ်လာရေးကို စောင့်စားနေချိန်၌ ယင်းတို့၏နယ်မြေများတွင် ဩဇာလွှမ်းမိုးမှု များ တနေ့တခြားဆုတ်ယုတ်ကျဆင်းလာသည်ကိုတွေ့မြင်နေရပါလျှင် အဖွဲ့အစည်းအတွင်းမှ သံသယသမားများ၏ သည်းခံနိုင်စွမ်းလည်း ကုန်ခမ်းသွားနိုင်သည်။ လက်နက်ကိုင်လှုပ်ရှားမှုများကို မီနိုအားထားစရာမလိုပဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးတွင် ပါဝင်ခွင့်ရအောင် ဘက် ပေါင်းစုံမှ ညှိနှိုင်းဆွေးနွေးခြင်းများသည် ပဋိပက္ခဖြစ်နိုင်ချေကို သိသိသာသာလျော့ကျသွားစေသည်။

အကယ်၍ ငြိမ်းချမ်းရေးဖြစ်စဉ်မှတစ်ဆင့် နိုင်ငံရေးအရ ဖြစ်ပေါ်တိုးတက်မှုများရရှိခဲ့ပါက ဖောင်ဒေးရှင်းများသည် သင့်လျော်သော လူမှုဝန်ဆောင်မှုများစနစ်များကို တည်ထောင်ရေးရန်အတွက် အဆင်သင့်ရှိနေပြီးဖြစ်ပေလိမ့် မည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်နှစ်မျိုးစလုံးအတွက် ရည်ရွယ်သော နိုင်ငံတကာအကူအညီများသည် တည်ဆဲဝန်ဆောင်မှု အဖွဲ့အစည်းများအားလုံး၏ လက်တွေ့စွမ်းဆောင်နိုင် စွမ်းများနှင့် အတွေ့အကြုံများအားလုံးကို ရယူသုံးစွဲနိုင်ရမည်ဖြစ်သည်။ သို့မှသာ

- ဒေသတိုင်းရှိ လူတိုင်းအတွက် ဝန်ဆောင်မှုများကို တန်းတူညီတူလက်လှမ်းမီသုံးစွဲနိုင်စေရေး
- ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် ယင်းတို့နှင့် ချိတ်ဆက်နေသော လက်နက်ကိုင်အဖွဲ့အစည်းနှင့် နိုင်ငံရေးအဖွဲ့အစည်းများအကြားတွင် ဘက်ပြိုင်မှုနှင့် အားပြိုင်မှုများဖြစ်နိုင်ချေကို တတ်နိုင်သမျှလျော့ချ ပေးရန်နှင့်
- တိုင်းရင်းသားလူမျိုးစုအသီးသီး၏ ခေါင်းဆောင်များအကြားတွင်လည်း တန်းတူညီမျှမှုဆိုင်ရာ တန်ဖိုးများ ထွန်းကားရေးကို ကူညီအားပေးရန်တို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

# အပိုင်း ၅။ ။ လက်တွေ့သင်ခန်းစာများ

အစိုးရဝန်ဆောင်မှုဌာနများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဆက်စပ်သော ဝန်ဆောင်မှုပေးသူများအကြား တွင် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်ခဲ့သည့် ဥပမာအများအပြားရှိသည်။ အောက်ခြေအဆင့်တွင်ရှိနေသော ဝန်ဆောင်မှုလုပ်ငန်းအချင်းချင်း ထပ်နေခြင်းနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားအနှောက်အယှက်မပေးပဲ အပြန်အလှန်အထောက်အပံ့ဖြစ်စေနိုင်ခြင်းတို့ကြောင့် ပဋိပက္ခများဖြစ်ပွားခဲ့သည့်တိုင်အောင် ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံများမပျက်ဆီးပဲ ကျန်နေခဲ့သည်။ ထို့အပြင် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မှုများအားကောင်းလာအောင် ရည်ရွယ်ချက်ရှိရှိ ကြိုးပမ်းအားထုတ်မှုများလည်းရှိခဲ့သဖြင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံများပိုမိုခိုင်မာလာခဲ့သည်။ ယခုအပိုင်းတွင်ဖြစ်ရပ်နှစ်ခုကိုလေ့လာပြီး လက်တွေ့အခြေအနေတွင် ပူးပေါင်းဆောင်ရွက်မှုများမည်သို့ဖြစ်ပွားကြောင်းကို တင်ပြမည်ဖြစ်သည်။ ဖြစ်ရပ်နှစ်ခုမှာ မွန်အမျိုးသားပညာရေးအဖွဲ့နှင့်ကရင်ပြည်နယ်အတွင်း အငြင်းပွားရာဒေသများရှိ ကျန်းမာရေးစောင့်ရှောက်မှုတို့ဖြစ်သည်။

## ၅.၁ ဖြစ်ရပ်တစ်- မွန်အမျိုးသားပညာရေး

မွန်အမျိုးသားပညာရေး (Mon National Education) သည်မွန်အမျိုးသားကျောင်းများမှတစ်ဆင့် ကျောင်းသား ပေါင်း ၁၃၀၀၀ ကျော်ကို ပညာသင်ကြားပေးနေသည်။ မွန်အမျိုးသားပညာရေးတွင် အခြေခံပညာကျောင်း ၁၂၇၊ အလယ်တန်းကျောင်း ၁၂ ကျောင်းနှင့် အလယ်/အထက်တန်းကျောင်း ၃ ကျောင်းရှိကာ ကျောင်းဆရာပေါင်း ၈၀၀ ကျော်ကို ခန့်ထားဆောင်ရွက်လျက်ရှိသည်။ [3] ယင်းကျောင်းများ၏ တစ်ဝက်ကျော်မှာ မြန်မာအစိုးရက တိုက်ရိုက်အုပ်ချုပ်သောဒေသများအတွင်းတွင်ရှိပြီး ကျန်ကျောင်းများမှာ မွန်ပြည်သစ်ပါတီက အုပ်ချုပ်သော ပုံစံ ၃ အပစ်ရပ်ဒေသများအတွင်းတွင်ရှိသည်။ ပညာရေးဝန်ကြီးဌာနနှင့် စီစဉ်ညှိနှိုင်းမှုအရ ၁၉၉၆ ခုနှစ်ကတည်းက မွန်အမျိုးသားကျောင်းများမှ အထက်တန်းကျောင်းသားပေါင်း ၃၁၁ ဦးတို့သည် အစိုးရစစ်အခြေခံပညာအထက်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုအောင်မြင်ပြီး အစိုးရအထက်တန်းအောင်လက်မှတ်များ ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းတို့အထဲမှ အများစုမှာမြန်မာနိုင်ငံတွင်းနှင့် အခြားနိုင်ငံများရှိ တက္ကသိုလ်များသို့ သွားရောက်ပြီး ပညာဆက်လက်သင်ကြားခဲ့ကြသည်။

မူလတန်းအဆင့်တွင် မွန်ဘာသာဖြင့်သင်ကြားပြီး မွန်သင်ရိုးညွှန်းတမ်းကိုသာသုံးသည်။ မြန်မာဘာသာကို ဒုတိယဘာသာစကားအဖြစ်သင်ကြားသည်။ အလယ်တန်းနှင့် အထက်တန်းများတွင်မူ တပြည်လုံးသုံးစွဲသော မြန်မာဘာသာစကားဖြင့်သင်ရိုးညွှန်းတမ်းကို အသုံးပြုသဖြင့် ကျောင်းသားများအနေဖြင့် နိုင်ငံတွင်းရှိ ပညာရေး စနစ်နှင့် အလွယ်တကူချိတ်ဆက်နိုင်ကြသည်။ ယင်းအတန်းများတွင် တခါတရံမွန်ဘာသာကို သင်ကြားသော ဘာသာစကားအဖြစ်လည်း အသုံးပြုတတ်သည်။ အလယ်တန်းကျောင်းများတွင် မွန်စာပေနှင့် မွန်သမိုင်းကို ဘာသာရပ်အသစ်များအဖြစ် ထည့်သွင်းသင်ကြားနေပြီဖြစ်ပြီး အထက်တန်းကျောင်းများတွင်လည်း မကြာမီ စတင်တော့မည်ဖြစ်သည်။

မွန်အမျိုးသားပညာရေးဌာနသည် မွန်နှင့် အစိုးရပူးတွဲဆောင်ရွက်သော ဖက်စပ်ကျောင်းပေါင်း ၁၀၅ ကျောင်းတို့ရှိ ကျောင်းသားပေါင်း ၁၇၀၀၀ ကျော်တို့အတွက် မွန်စာပေနှင့် သမိုင်းကို သင်ကြားပေးမည့် ဆရာ ၁၇၄ ဦးကို လေ့ကျင့်သင်ကြားပေးခြင်း၊ လစာပေးခြင်းနှင့် သင်ရိုးညွှန်းတမ်းများထောက်ပံ့ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိ သည်။

---

[3] ယခုလေ့လာမှုအတွက် အချက်အလက်များကို ၂၀၁၄ ခုနှစ်အတွင်းကကောက်ခံခဲ့ခြင်းဖြစ်သည်။ မွန်အမျိုးသားပညာရေးကော်မတီမှ ဦးဆောင်သူသုံးဦးနှင့် မွန်အမျိုးသားပညာရေးဌာနမှ ခရိုင်အဆင့် တာဝန်ရှိသူငါးဦးကိုမေးမြန်းခဲ့သည်။ ထို့အပြင်မွန်အမျိုးသားအရပ်ဘက်အဖွဲ့အစည်းလေးခု၊ INGO ဝန်ထမ်းငါးဦး၊ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အတိုင်ပင်ခံတစ်ဦးနှင့် အလှူရှင်အဖွဲ့မှ တစ်ဦးကို မေးမြန်းထားသည်။ အခြားနည်းဖြင့်မှတ်ချက်ပေးခြင်းမရှိပါက အချက်အလက်များအားလုံးသည် အင်တာဗျူးများမှ ရရှိသည်ဟု မှတ်ယူနိုင်သည်။

မွန်အမျိုးသားကျောင်းများနှင့် ဖက်စပ်ကျောင်းများတွင် တာဝန်ထမ်းဆောင်ကြသော ကျောင်းဆရာများနှင့် ဝန်ထမ်းများကို များသောအားဖြင့် နွေရာသီ ကျောင်းပိတ်ရက်များတွင် အောက်ပါသင်တန်းများကို သင်ကြားပို့ချပေးလေ့ရှိသည်။

၁) ကလေးဗဟိုပြုသင်ကြားနည်း (စီစီအေ) သင်တန်းများ

၂) ထိုးဖောက်ဆင်ခြင်စဉ်းစားနည်းကို အားပေးသည့် အဖတ်အရေးသင်တန်း

၃) အင်္ဂလိပ်စာ မွမ်းမံသင်တန်း

၄) အင်္ဂလိပ်ဘာသာစကားသင်ကြားနည်း သင်တန်း

၅) ကျောင်းအုပ်ဆရာသင်တန်း

၆) ပညာရေးမူဝါဒသင်တန်း (မြို့နယ်၊ ခရိုင်နှင့် ဗဟိုအဆင့် စီမံအုပ်ချုပ်ရေးတာဝန်ရှိသူများအတွက်)

၇) လေ့လာစောင့်ကြည့်ခြင်းနှင့် အရည်အသွေးအကဲဖြတ်ခြင်းသင်တန်း

၈) အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးသင်တန်း (ရုံးဝန်ထမ်းများအတွက်)

၉) ကလေးသူငယ်ဖွံ့ဖြိုးရေးသင်တန်း

၁၀) ဘာသာရပ်သင်ကြားရေးအသေးစိတ်များ (UNICEF)

မွန်အမျိုးသားပညာရေးကောင်စီသည် CCA နှင့် RWCT တို့အတွက် သင်တန်းနည်းပြဆရာသင်တန်း (ToT) နှစ်ခုကိုလည်း ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ကျောင်းဆရာများကို ပညာသင်နှစ်အတွင်း တစ်လလျှင် ကျပ်နှစ်သောင်းလစာအဖြစ်ပေးပြီး အများစုမှာ သက်ဆိုင်ရာရပ်ရွာအတွင်းမှ လှူဒါန်းထောက်ပံ့ငွေအဖြစ် တစ်လလျှင်အနည်းဆုံး ကျပ်တစ်ထောင်အောက်မှ အများဆုံး ကျပ်နှစ်သောင်းအထိကိုလည်း လက်ခံရရှိကြသည်။ အစိုးရဝန်ထမ်းများ၏ လစာကို ၂၀၁၁၊ ၂၀၁၃ နှင့် ၂၀၁၄ တို့တွင် တိုးမြှင့်ပေးခဲ့ခြင်းကို အကြောင်းပြု၍ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် အလုပ်လုပ်ကိုင်နေသော ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျောင်းဆရာများ၏ လစာကိုလည်း ကျပ်တစ်သိန်းကျော်အထိ တိုးမြှင့်ပေးအပ်ခဲ့သည်။ ထိုလစာမှာ စာသင်လများအတွက်သာ မဟုတ်ပဲ တစ်နှစ်ပတ်လုံးအတွက် အကျုံးဝင်သည်။[91]

မွန်အမျိုးသားပညာရေးအကြောင်း အသေးစိတ်လေ့လာသုံးသပ်ထားမှုများကို Lall and South (2012) နှင့် Lall and South (2013) တွင်လေ့လာနိုင်ပါသည်။ ယင်းစာတမ်းများတွင် မွန်အမျိုးသားပညာရေးနှင့် ပညာရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တစ်စိတ်တစ်ပိုင်းဖော်ပြထားသည်။

## နောက်ခံအကြောင်း

မွန်ပြည်သစ်ပါတီသည် မွန်လူမျိုးများကိုကိုယ်စားပြုသော အဓိကအကျဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဖြစ်ပြီး ၁၉၅၈ ခုနှစ်တွင်စတင်ဖွဲ့စည်းတည်ထောင်သည်။ ထိုအချိန်ကတည်းကရှိနေခဲ့သော မွန်အမျိုးသားရေးဝါဒီ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များက ပူးပေါင်းပြီး တည်ထောင်ခဲ့ကြခြင်းလည်းဖြစ်သည်။ ၁၉၇၂ တွင် ထိုစဉ်က ဆိုရှယ်လစ်စစ်အစိုးရကို လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်နေစဉ်မှာပင် မွန်အမျိုးသား ပညာရေးဌာနကို ဖွဲ့စည်းနိုင်ခဲ့သည်။ အဖွဲ့၏ နိုင်ငံတော်တည်ထောင်ရေးရည်မှန်းချက်များနှင့် အံဝင်ခွင်ကျဖြစ် စေရန်အတွက် မွန်ပြည်သစ်ပါတီက အုပ်ချုပ်နေသော ဒေသများအတွင်းရှိ ကလေးငယ်များအတွက် ပညာရေး ရရှိစေရန်နှင့် မွန်စာပေ၊

သမိုင်းနှင့် ယဉ်ကျေးမှုများကို မြှင့်တင်ရန်အတွက် ပညာရေးဌာနကို တည်ထောင်ခဲ့ခြင်း လည်းဖြစ်သည်။ အစိုးရကျောင်းများနှင့် တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်ဖူးသည့် အတွေ့အကြုံရှိသော မွန်အမျိုးသားပညာရေးကျွမ်းကျင်သူအချို့ကိုခေါ်ယူပြီး လက်ရှိ ရှိနေသော ဗုဒ္ဓသာသာဘုန်းတော်ကြီးကျောင်း များနှင့် ရပ်ရွာအခြေပြုပညာရေးစနစ်များကိုသုံးကာ မွန်ပညာရေးဌာန၏ စွမ်းဆောင်ရည်နှင့် စနစ်များကို တည်ဆောက်နိုင်ခဲ့သည်။

၁၉၉၂ ခုနှစ် ပထမဦးဆုံးအထက်တန်းကျောင်းကို မတည်ဆောက်နိုင်မီအချိန်အထိ ဌာနသည် အခြေခံပညာမူလတန်းနှင့် အလယ်တန်းကျောင်းများကိုသာ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။ ထိုနှစ်မှာပင် မွန်အမျိုးသားပညာရေးကောင်စီကိုဖွဲ့စည်းပြီး မူဝါဒရေးရာဖွံ့ဖြိုးရေး၊ အလှူရှင်များနှင့် ဒေသတွင်းအခြားပညာရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတို့ကို တာဝန်ယူဆောင်ရွက်စေသည်။ ၁၉၉၅ ခုနှစ်တွင် မွန်ပြည်သစ်ပါတီသည် ထိုစဉ်ကမြန်မာစစ်အစိုးရနှင့်အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီး အပစ်အခတ်ရပ်စဲရေးမှာ အနည်းနှင့်အများဆိုသလို တည်မြဲမြံနေခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးစာချုပ်သစ်ကို သမ္မတဦးသိန်းစိန်အစိုးရနှင့် ထပ်မံချုပ်ဆိုနိုင်ခဲ့သည်။

## စစ်ကာလနှင့် ငြိမ်းချမ်းရေးကာလအတွင်း

မွန်အမျိုးသားပညာရေးကောင်စီ/ဌာနနှင့် အစိုးရပညာရေးဝန်ကြီးဌာနတို့အကြား ဆက်ဆံရေးအတွက် အခြေခံ များမှာ လွတ်လပ်ရေးမရခင် ကိုလိုနီခေတ်ကတည်းကရှိခဲ့သည်။ မွန်ကျောင်းဆရာများသည် ဗြိတိသျှအစိုးရကတည်ထောင်ထားသော မြန်မာဘာသာဖြင့်သင်ကြားသည့် သင်ရိုးညွှန်းတမ်းများအပြင် မွန်စာပေနှင့် သမိုင်းတို့ကိုလည်းသင်ကြားခွင့်ရှိသည်။ ထိုအစဉ်အလာသည် လွတ်လပ်ရေးရပြီးနောက်ပိုင်အထိ ဆက်လက်တည်ရှိနေခဲ့ သလိုပဋိပက္ခဖြစ်ပွားသည့်ကာလများတွင်လည်း တည်မြဲနေခဲ့သည်။

၁၉၈၀ နှောင်းပိုင်းနှင့် ၉၀ ပြည့်လွန်နှစ်အစောပိုင်းများတွင် တပ်မတော်က မွန်ပြည်သစ်ပါတီကို အကြီးအကျယ်ထိုးစစ်ဆင်နွှဲနေချိန်၌ပင် မွန်အမျိုးသားပညာရေးဌာနသည် အစိုးရကျောင်းများအတွက် မွန်ဘာသာဆရာများကိုဆက်လက်ထောက်ပံ့ခဲ့ပြီး အစိုးရထိန်းချုပ်ထားသော ဒေသများအတွင်းရှိ မွန်အမျိုးသားကျောင်းများနှင့်လည်းညှိနှိုင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်နိုင်ခဲ့သည်။ ထိုကျောင်းများ၏ ဆရာများသည် သင်တန်းတက်ရန်နှင့်အထောက်အပံ့များရယူရန်အတွက် မွန်ပြည်သစ်ပါတီပိုင်နက်အတွင်းသို့ အန္တရာယ်ကြီးစွာဖြင့် လျှို့ဝှက်ဝင်ရောက်ကြရသည်။

အငြင်းအခုံဒေသများတွင် မွန်ဘာသာသင်ကြားသည့် ဆရာများကို ဖမ်းဆီးခြင်း၊ မွန်ဘာသာသင်ကြားနေခြင်းကိုအကြောင်းပြု၍ ထိပါးနောက်ယှက်ခြင်းများကို ကြုံတွေ့ကြရသည်။ တပ်မတော်ကလည်း မွန်အမျိုးသားကျောင်း များကို မကြာခဏဆိုသလို ဝင်ရောက်စီးနင်းလေ့ရှိသည်။ ထိုကဲ့သို့ လုံခြုံရေးဆိုင်ရာ အဟန့်အတားများရှိနေ သည့်ကြားမှအချို့သောမြို့နယ်များတွင် အစိုးရပညာရေးအာဏာပိုင်များနှင့် မွန်ပညာရေးဌာနတို့အကြားတွင် အကန့်အသတ်ဖြင့်ဆက်ဆံရေးများရှိနေခဲ့သည်။ အစိုးရကျောင်းများအတွင်း မွန်ပညာရေးကို ပေါင်းစပ်ထည့် သွင်းရန်နှင့်စနစ်ဘောင်များအတွင်းသွင်းနိုင်ရန်အတွက် အခြေခံအချို့ရှိနေခဲ့သည်။

၁၉၉၅ တွင်လက်မှတ်ရေးထိုးခဲ့သော အပစ်အခတ်ရပ်စဲရေးသည် မွန်ပညာရေးအတွက် အကျိုးကျေးဇူးများစွာကိုဆောင်ကြဉ်းလာသည်။ ယင်းအပစ်အခတ်ရပ်စဲရေးအရ အစိုးရက မွန်ပြည်သစ်ပါတီကို တပ်မတော်ဝင်ရောက်လှုပ်ရှား၍မရသော ပုံစံ ၃ အမျိုးအစား အပစ်ရပ်နယ်မြေသတ်မှတ်ပေးခဲ့သည်။ ထို့အပြင် မွန်အမျိုးသား ပညာရေးကောင်စီနှင့် အစိုးရပညာရေးတာဝန်ရှိသူတို့အကြား ဆက်ဆံရေးများမှာလည်း တိုးတက်လာနိုင်ခဲ့သည်။ အပစ်အခတ်ရပ်စဲပြီးနောက် အဓိက ဖြစ်ပေါ်တိုးတက်မှုများမှာ-

- မွန်ကျောင်းဆရာများအတွက် ဒေသများအားလုံးတွင် အထွေထွေလုံခြုံရေးနှင့် ဘေးကင်းရေး၊ လွတ်လပ်စွာသွားလာနိုင်ခြင်းများ တိုးတက်ကောင်းမွန်လာသည်။ အစိုးရစစ်ဆေးရေးစခန်းများ၌ပင်

မည်သည့်အဖွဲ့အစည်းအတွက် အလုပ်လုပ်သည်နှင့် မည်သည့်နေရာသို့ သွားမည်ကို ထုတ်ဖော်ပြောဆို၍ရလာသည်။ သို့ရာတွင် မွန်ဆရာများကို ထိပါးနှောက်ယှက်ခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်းအချို့ ကျန်ရှိနေသေးသည်။

- အစိုးရထိန်းချုပ်ထားသော ဒေသအချို့တွင် မွန်အမျိုးသားကျောင်းများကို တရားဝင်တည်ထောင်နိုင်ခြင်း
- မွန်ပြည်သစ်ပါတီ၏ အပစ်ရပ်ဒေသအတွင်း တည်ငြိမ်သော၊ ရွှေ့ပြောင်းစရာမလိုသော၊ လုံခြုံစိတ်ချရ သော မွန်အမျိုးသားကျောင်းများကို တည်ထောင်နိုင်ခြင်း
- အစိုးရနှင့် ဖက်စပ်ဖွင့်လှစ်သော ကျောင်းများတွင် မွန်ဘာသာဆရာများ၏အခန်းကဏ္ဍကို တဖြည်းဖြည်းခြင်းတရားဝင်ခိုင်မာလာအောင် ပြုလုပ်နိုင်ခြင်း
- အစိုးရတက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မွန်အမျိုးသားကျောင်းများမှ ကျောင်းသားများဝင်ရောက်ဖြေဆိုနိုင်ခြင်း
- မွန်ဗုဒ္ဓဘာသာဘုန်းတော်ကြီးသင်ပညာရေးအဖွဲ့အစည်းများမှ သင်ရိုးပြင်ပမွန်စာပေတတ်မြောက်ရေး သင်ကြားမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်လာခြင်း (လောလ် နှင့် ဆောက်သ် ၂၀၁၂၊ ၁၃)
- မွန်အမျိုးသားပညာရေးကောင်စီ/ဌာနမှ တာဝန်ရှိသူများအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာသွားလာနိုင်ပြီး အခြားအရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအန်ဂျီအိုများနှင့် အလှူရှင်များနှင့် ဆက်ဆံရေးများတည်ထောင်နိုင်ခြင်း
- နိုင်ငံတကာမှ ရန်ပုံငွေထောက်ပံ့သော သင်တန်းများကို ပိုမိုတက်ရောက်နိုင်ခြင်း
- အလှူရှင်များအနေနှင့်လည်း မွန်ပြည်သစ်ပါတီဒေသများနှင့် အစိုးရထိန်းချုပ်သော ဒေသအချို့သို့ဝင်ရောက်ပြီး မွန်ပညာရေးစီမံချက်များကို လေ့လာခြင်းနှင့် စစ်ဆေးအတည်ပြုနိုင်ခြင်း

ထို့ကြောင့် အပစ်အခတ်ရပ်စဲရေးသည် မွန်ပညာရေးပိုမိုအားကောင်းလာစေရေးတွင် သီးခြားကိုယ်ပိုင်ပညာရေးစနစ်တစ်ခုအနေနှင့်လည်းကောင်း၊ အစိုးရပညာရေးစနစ်အတွင်း ပိုမိုပေါင်းစပ်ဝင်ရောက်နိုင်သော အစိတ်အပိုင်းတစ်ခုအဖြစ်လည်းကောင်း နည်းလမ်းနှစ်မျိုးဖြင့် ပံ့ပိုးကူညီပေးသည်။ သို့ရာတွင် ယခုကဲ့သို့သော ပြောင်းလဲတိုးတက်မှုများမှာ အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းကြောင့် ရရှိလာခြင်းတော့မဟုတ်ပါ။ ဒေသတွင်းပညာရေးမြှင့်တင်နိုင်ရေးအတွက် ရပ်ရွာအဆင့်တွင် အာဏာပိုင်အမျိုးမျိုး၊ ဘာသာရေးနှင့် နိုင်ငံရေးတာဝန်ရှိသူအမျိုးမျိုး ကြား၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသော အစဉ်အလာကောင်းများ ရှိခဲ့သောကြောင့်လည်းဖြစ်ပါသည်။

## ၂၀၁၂ မှ လက်ရှိအချိန်အထိ- အခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုအသစ်များ

၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးစာချုပ်သစ်ကို မွန်ပြည်သစ်ပါတီနှင့် အစိုးရတို့အကြားထပ်မံချုပ်ဆိုနိုင်ခဲ့ရာ အခြေအနေများပိုမိုကောင်းမွန်လာခဲ့သည်။ မွန်အမျိုးသားပညာရေးကောင်စီ၏ ပထမဦးဆုံးသော တရားဝင်ရုံးကို မော်လမြိုင်မြို့တွင် ဖွင့်လှစ်လာနိုင်သည်။ မကြာသေးမီနှစ်များအတွင်း ယခင်က တရားဝင်စာရင်းမှတ်တမ်း မရှိသော မွန်ကလေးများအတွက် နိုင်ငံသားလက်မှတ်များ ထုတ်ပေးခဲ့သည်။ အစိုးရနှင့် မွန်ပညာရေးဌာနတို့အကြား ဆက်ဆံရေးများကောင်းမွန်သော မြို့နယ်များတွင် အစိုးရက မွန်အမျိုးသားကျောင်းဆရာများအတွက် မိုဘိုင်းဖုန်းဆင်းမ်ကတ်များကို ထုတ်ပေးခဲ့သည်။

ဖက်စပ်ကျောင်းများရှိ ကျောင်းဆရာများအချင်းချင်းကြား ဆက်ဆံရေးလည်း ပိုမိုတိုးတက်ကောင်းမွန်လာသည်။ သို့ရာတွင် မွန်အမျိုးသားဆရာများကို အစိုးရကျောင်းဆင်း၊ အစိုးရခန့်ဆရာများက ၎င်းတို့ထက် အတွေ့အကြုံနနယ်သည်ဟု သတ်မှတ်ကြလေ့ရှိသော်လည်း လေးစားမှုပိုမြင့်မားလာခြင်းကြောင့် ယုံကြည်မှုနှင့် တန်ဖိုးထားမှုများတိုးတက်လာခဲ့သည်။ အခြားတိုးတက်မှုတစ်ခုမှာ အစိုးရကျောင်းအတော်များများတွင် တနင်္လာနေ့နှင့် သောကြာနေ့များကို ဆရာများနှင့် ကျောင်းသားများအားလုံးအတွက် မွန်ရိုးရာဝတ်စုံများဝတ်ဆင်ရမည်ဟု သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ အစိုးရက အချို့သောမွန်အမျိုးသားကျောင်းများကို တစ်နှစ်လျှင်ထောက်ပံ့ကြေး ကျပ်သုံးသိန်းပေးအပ်ရန် ကမ်းလှမ်းသော်လည်း မည်သည့်အတွက်ကြောင့် ကမ်းလှမ်းခြင်းဖြစ်သည်ကိုမူ မသိရ ပေ။

ပုံမှန်ကျင်းပခြင်းမဟုတ်သော်လည်း မွန်ပညာရေးကောင်စီနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်တို့အကြား တရားဝင်တွေ့ဆုံဆွေးနွေးမှုများလည်း ရှိလာခဲ့သည်။ မြို့နယ်အဆင့်တွင်လည်း အစိုးရဝန်ထမ်းများနှင့် မွန်ပညာရေးဌာနတို့အကြား ခိုင်မာသောဆက်ဆံရေးများဆက်လက်တည်ရှိခဲ့သည်။ သို့ရာတွင် မြို့နယ်အတွင်း၌ သက်ဆိုင်ရာဌာနများက တရားဝင်စီစဉ်သော ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးများမရှိဘဲ တွေ့ဆုံမေးမြန်းခဲ့သော မွန်အမျိုးသားပညာရေးအရာရှိတစ်ဦး၏အဆိုအရ ၎င်းတို့ဘက်မှသာ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးများနှင့် ဒေသန္တရအာဏာပိုင်များနှင့် ဆက်ဆံရေးတည်ဆောက်ရန် စတင်ကြိုးစားခဲ့ရခြင်းဖြစ်သည်ဟု သိရသည်။ ၎င်း၏အဆိုအရ အကယ်၍ဆက်ဆံရေးတည်ဆောက်ရမည့် အစိုးရဝန်ထမ်းများမှာ မွန်လူမျိုးများဖြစ်လျှင် ပိုမိုဖြစ်နိုင်ချေရှိပြီး ဗမာဝန်ထမ်းများမှာ ယေဘုယျအားဖြင့် မွန်အမျိုးသားပညာရေးအပေါ် စိတ်ပါဝင်စားခြင်းနည်းပါးသောကြောင့် ခိုင်မာ သောဆက်ဆံရေးများတည်ဆောက်ရန် ခက်ခဲသည်ဟု ဆိုသည်။

ယေဘုယျအားဖြင့် ပြောရလျှင် မွန်ပြည်နယ်အစိုးရနှင့် မွန်ပြည်သစ်ပါတီနှင့် ဆက်နွှယ်နေသော ဝန်ဆောင်မှုအဖွဲ့အစည်းများ၊ အခြားမွန်အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးမှာ ခိုင်မာသည်ဟု ဆိုနိုင်သည်။ တွေ့ဆုံမေးမြန်းခဲ့သူအများစု၏အဆိုအရ ယင်းသို့ဖြစ်ပေါ်တိုးတက်ခြင်းမှာ မွန်ပြည်နယ်ဝန်ကြီးချုပ်၏ ဒေသအတွင်းဖွံ့ဖြိုးရေးအပေါ် စိတ်အားထက်သန်မှုနှင့် ထိုသို့ဆောင်ရွက်ရာတွင် အခြားအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုသောကြောင့် ဖြစ်သည်ဟု သိရသည်။ အချို့ကလည်း ထိုသို့ဝန်ကြီးချုပ်၏ စိတ်ပါဝင်စားမှုမှာ ၎င်းကိုယ်တိုင်မွန်အမျိုးသားဖြစ်ခြင်းကြောင့်ဟု ဆိုကြသည်။ [92]

ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် အခြေခံများတိုးတက်ကောင်းမွန်လာသော်လည်း မွန်ပညာရေးဌာနအတွက် စိန်ခေါ်မှုများစွာလည်းရှိနေသည်။ အဆိုးဝါးဆုံးစိန်ခေါ်မှုမှာ အလှူရှင်များ၏ မူဝါဒအပြောင်းအလဲကြောင့် ရန်ပုံငွေများလျော့ကျလာခြင်းပင်ဖြစ်သည်။ လက်ရှိအချိန်တွင် မွန်အမျိုးသားပညာရေးကောင်စီ/မွန်အမျိုးသားပညာရေးဌာနတို့ ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများမှာ အောက်ပါအတိုင်းဖြစ် သည်။

- မွန်အမျိုးသားပညာရေးဌာနအတွက် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာအကူအညီအခြေခံရန်ပုံငွေများ သည် ကျောင်းဆရာများနှင့် စီမံအုပ်ချုပ်ရေးဝန်ထမ်းလစာများအတွက် နည်းပါးသော ရန်ပုံငွေကိုသာ ချထားပေးပြီး ပညာရေးဝန်ကြီးဌာနမှပေးသော လစာများမှာ သိသိသာသာမြင့်မားလာခဲ့သည်။ အကျိုး ဆက်အနေဖြင့် မွန်အမျိုးသားပညာရေးဌာနသည် အပြည့်အဝလေ့ကျင့်သင်ကြားပေးပြီးသား မွန်ကျောင်းဆရာ အနည်းဆုံး ၂၃ ဦးကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ထိုသို့နှုတ်ထွက်သွားရခြင်း မှာ မွန်ကျောင်းဆရာများကို အစိုးရက တရားဝင်အသိအမှတ်ပြုမှုမရှိသောကြောင့်ဖြစ်သည်ဟုလည်း မွန်ပညာရေးဌာနမှ တာဝန်ရှိသူများက အပြစ်တင်ကြသည်။
- မြန်မာအစိုးရနှင့် လက်တွဲလုပ်ကိုင်နေသော နိုင်ငံတကာအလှူရှင်များနှင့် အန်ဂျီအိုများသည် မွန်အမျိုးသားကျောင်းများကို ထောက်ပံ့ရန်မကြာခဏကြိုးစားခဲ့သော်လည်း အစိုးရ၏ ပိတ်ပင်တားမြစ်မှုများကို ကြုံတွေ့ခဲ့ရသည်။ အချို့သောဒေသများတွင် နိုင်ငံတကာအန်ဂျီအိုများသည် အစိုးရကျောင်းများကိုသာ ပြင်ဆင်မွမ်းမံခြင်းနှင့် အသစ်တည်ဆောက်ခြင်းများပြုလုပ်ပြီး မွန်အမျိုးသားကျောင်းများကို ထောက်ပံ့ခြင်းမပြုလုပ်ကြပါ။
- အစိုးရက မွန်အမျိုးသားကျောင်းများကို ပြင်ဆင်မွမ်းမံပေးရန် ကမ်းလှမ်းသောအဖြစ်အပျက်ခြောက်ခု တွင် အစိုးရသည် ဒေသခံပြည်သူများနှင့် မွန်ပညာရေးကောင်စီတို့နှင့် တိုင်ပင်ဆွေးနွေးခြင်းအလျှင်းမရှိ ပဲ ယင်းကျောင်းများကို အစိုးရအထောက်အပံ့ခံကျောင်းများအဖြစ်ပြောင်းလဲရန် ကြိုးပမ်းခဲ့သည်။ အဖြစ်အပျက်တစ်ခုမှာ မွန်ပြည်သစ်ပါတီ၏ အပစ်ရပ်ဒေသအတွင်းဖြစ်ပွားခဲ့သဖြင့် အငြင်းပွားမှုအကြီးအကျယ်ဖြစ်ခဲ့ပြီးပြေလည်မှုမရရှိသေးပေ။ နောက်ထပ်အလားတူဖြစ်ရပ်တစ်ခုတွင်လည်း အငြင်းအခုံဖြစ်ပွား သောအခါ အစိုးရနှင့် ယင်းကိုကျောထောက်နောက်ခံပြုသည့် အန်ဂျီအိုက ထိုကျေးရွာအုပ်စုအတွင်း၌ ပင်ကျောင်းအသစ်တစ်ကျောင်းကို ဆောက်လုပ်ခဲ့သဖြင့် ရပ်ရွာအတွင်းတင်းမာမှုများနှင့် ရှုပ်ထွေးမှုများကိုပေါ်ပေါက်စေခဲ့သည်။

## သီးခြားလွတ်လပ်သော ပညာရေးစနစ်များဆက်လက်ဆောင်ရွက်နိုင်ရေး

လက်ရှိအချိန်အထိ မွန်အမျိုးသားပညာရေးတာဝန်ရှိသူများက သီးခြားလွတ်လပ်သော ပညာရေးစနစ်တစ်ခုကို ဆက်လက်ကျင့်သုံးရန် အခိုင်အမာဆုံးဖြတ်ထားကြသည်။ ယင်းအချက်သည် ပညာရေးလက်လှမ်းမီမှုကို မြှင့်တင်ရေးနှင့် အခြားသော အရေးကြီးသည့်အကျိုးကျေးဇူးများရရှိရေးတွင် နှစ်ဦးနှစ်ဖက်အပြန်အလှန်အကျိုးရှိစေသော ကိစ္စဖြစ်သည်ဟု ယူဆရသည်။ လက်ရှိအပြောင်းအလဲများဖြစ်ပွားနေဆဲဖြစ်သော်လည်း မွန်အမျိုးသားပညာရေးဌာနနှင့် အစိုးရကြားတွင် ညှိနှိုင်းဆောင်ရွက်မှုများနှင့် ယုံကြည်မှုတည်ဆောက်ခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုကို အထောက်အပံ့ဖြစ်စေမည့် အလားအလာများ အခိုင်အမာရှိနေပါသည်။

ရှေ့ဆက်ကြုံတွေ့ရမည့် အဓိကစိန်ခေါ်မှုမှာ လက်ရှိရထားပြီးသားအောင်မြင်မှုများကို အင်စတီကျူးရှင်းမှုဘောင်အတွင်းရောက်ရှိအောင် မည်သို့ သွတ်သွင်းမည်နည်းဟူသော မေးခွန်းဖြစ်သည်။ အစိုးရနှင့် မွန်ပညာရေးတာဝန်ရှိသူများအကြားဆက်ဆံရေးတိုးတက်မှုကို ဟန့်တားနေသောအချက်မှာ အုပ်ချုပ်ရေးအဆင့်ဆင့်တွင် တရားဝင်ပုံမှန်ဆက်ဆံရေးအခြေအနေများမရှိသောကြောင့်ဖြစ်သည်။ ထို့အပြင် မွန်ပညာရေးဝန်ထမ်းများနှင့် ကျောင်းဆရာများကို တရားဝင်အသိအမှတ်ပြုမှုမရှိသောကြောင့်လည်းဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ပါက မွန်အမျိုးသားပညာရေးဆရာများအတွက် လုံခြုံရေးပြဿနာများကို သိသိသာသာဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး၊ ဝန်ထမ်းကိစ္စနှင့်ပတ်သက်သည့် အပြင်းအခုံများ၊ ကျောင်းသစ်ဆောက်လုပ်ရေးနှင့် ကျောင်းဟောင်းပြင်ဆင်မွမ်းမံရေးကိစ္စများ တွင် ညှိနှိုင်းဆောင်ရွက်နိုင်မည့်အခင်းအကျင်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

ပေါင်းစပ်ညှိနှိုင်းမှုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို မြှင့်တင်ခြင်းအားဖြင့် နှစ်ဖက်စလုံးမှာ တာဝန်ရှိသူများ အနေဖြင့် ပူးပေါင်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများကို ပိုမိုသိမြင်လာစေနိုင်သည်။ မွန်အမျိုးသားပညာရေး ဌာနမှ ခရိုင်အဆင့်တာဝန်ရှိသူတစ်ဦးကို တွေ့ဆုံမေးမြန်းရာတွင် ပညာရေးဝန်ကြီးဌာနဖက်မှ အလားတူတာဝန်ရှိ သူများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးခွင့်ရခြင်းသည် ရေတိုရေရှည်ပေါင်းစပ်ညှိနှိုင်းရေးအတွက် ခြေလှမ်းကောင်းများ ဖြစ်နိုင်သည်ဟု ဆိုသည်။ 'ဤကဲ့သို့ဖြစ်နိုင်ပါက မိမိတို့နှစ်ဦးနှစ်ဖက်အကြားတွင် စိန်ခေါ်မှုများကို မျှဝေဆွေးနွေး ခြင်း၊ ပြဿနာများပူးပေါင်းဖြေရှင်းခြင်းနှင့် တစ်ဖက်နှင့်တစ်ဖက်ပိုမိုနားလည်ရေးကို သင်ယူနိုင်လိမ့်မည်' ဟုမွန်အမျိုးသားပညာရေးတာဝန်ရှိသူတစ်ဦးကဆိုသည်။

၂၀၁၄ ခုနှစ်ဧပြီလတွင် မွန်ပြည်နယ်အစိုးရက ပညာရေးဝန်ကြီးဌာနလက်အောက်ရှိကျောင်းများတွင် ပထမတန်း မှ စတုတ္ထတန်းအထိကျောင်းသားများအား မွန်ဘာသာစကားနှင့်စာပေကို တရားဝင်ထည့်သွင်းသင်ကြားစေမည့် ဥပဒေတစ်ခုကို ပြဌာန်းလိုက်သည်။ သင်ကြားရာတွင်မူ မြန်မာဘာသာစကားဖြင့် သင်ကြားမည်ဖြစ်သည်။ ထို့ ကြောင့် မွန်ပညာရေးဌာနအနေနှင့် မွန်ပြည်နယ်အတွင်းရှိ နိုင်ငံတော်ပညာရေးစနစ်အတွင်း ပိုမိုတရားဝင်သော အခန်းကဏ္ဍကို ရရှိလာမည်ဖြစ်သည်။ တစ်ဖက်တွင် အစိုးရပညာရေးဌာနအနေနှင့်လည်း မွန်ပညာရေးဌာနမှ အတွေ့အကြုံများနှင့် ကြွယ်ဝသော မွန်ဘာသာသင်ရိုးညွှန်းတမ်းမှ အကျိုးအမြတ်များရရှိနိုင်သည်။ သို့ရာတွင် မွန်ဘာသာစကားကို သင်ရိုးပြင်ပသင်ခန်းစာအဖြစ်သင်ကြားသော အစိုးရကျောင်းများတွင် ပညာရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုသေချာစွာ မရရှိသည့်အပြင် မွန်ပညာရေးဌာန၏ အတွေ့အကြုံများနှင့် လမ်းညွှန်မှုများကို ရယူရန်လည်း စိတ်အားထက်သန်ခြင်းမရှိ ပါ။

မွန်အမျိုးသားပညာရေးကော်မတီနှင့် ပညာရေးဌာနတို့တွင်လည်း မွန်ပြည်နယ်အစိုးရနှင့်မည်သို့မည်ပုံဆက်ဆံရေးတည်ဆောက်သင့်သည်နှင့်ပတ်သက်ပြီး သဘောကွဲလွဲမှုများရှိနေသည်။ ပဋိပက္ခသက်တမ်းကြာမြင့်ခဲ့သည့်အားလျော်စွာထိုသို့ စိတ်အားထက်သန်မှုနှင့် ယုံကြည်မှုအတိုင်းအတာကွဲပြားနေခြင်းမှာလည်း မလွဲမသွေကြုံတွေ့ရမည့် အချင်းအရာသာဖြစ်သည်။ ယင်းဖြစ်ရပ်ကိုကြည့်ခြင်းအားဖြင့် ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှာ အလွန်အရေးကြီးသော်လည်း ပဋိပက္ခများကိုရှောင်လျားနိုင်ရန်အတွက်မူ အလွန်အမင်းအဆောတလျင်ဆောင်ရွက်ခြင်းကို ရှောင်ရှားရမည်ဖြစ်သည်။

## ၅.၂ အငြင်းပွားမှုဖြစ်ပွားနေသော ကရင်လူမျိုးများနေထိုင်ရာဒေသတွင်း ကျန်းမာရေးစောင့် ရှောက်မှု

အငြင်းပွားဒေသဖြစ်သော ကရင်ပြည်နယ်အတွင်း အခြေခံနှင့် တစ်ဆင့်မြင့်ကျန်းမာရေးစောင့်ရှောက်မှုများကို ကေအင်န်ယူကျန်းမာရေးဌာန၊ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန၊ ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများ အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးအသင်း၊ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များနှင့် အခြားသူ များအတွက် ကျန်းမာရေးဝန်ဆောင်မှုများပေးနေသော မဲဆောက်အခြေစိုက် မယ်တော်ဆေးခန်း စသည်တို့ ပူးပေါင်းပါဝင်သော ရပ်ရွာအခြေပြုကျန်းမာရေးဝန်ဆောင်မှုကွန်ရက်များမှတစ်ဆင့် ဝန်ဆောင်ပေးနေခြင်းဖြစ် သည်။[4]

ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနကို ကေအင်န်ယူက မြန်မာအစိုးရကို လက်နက်စွဲကိုင်တော်လှန်ပြီး ကိုးနှစ်အကြာ ၁၉၅၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံကျန်းမာရေးအသင်းကို ပြည်ထောင်စုမြန်မာ နိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ၏လက်အောက်တွင် ၁၉၉၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး၊ ကျောပိုးအိတ် ကျန်းမာရေးလုပ်သားများအသင်းကို မယ်တော်ဆေးခန်း၏ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို အမြဲတမ်းပုံမှန်ပြုလုပ်နိုင်ရန် ရည်ရွယ်ပြီး ၁၉၉၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ထိုကွန်ရက်အတွက်ထောက်ပံ့ ရေးရုံးများကို ထိုင်းနိုင်ငံတွင်အခြေစိုက်ပြီး ထိုရုံးများမှတစ်ဆင့် ရန်ပုံငွေအများစုကိုခွဲဝေပေးပို့ခြင်းနှင့် သင်တန်း ပေးမှုအချို့ကို စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခန်းတွင် ထိုဝန်ဆောင်မှုအဖွဲ့များအားလုံးကို ခြုံငုံပြီး ကရင်ကျန်းမာရေး ဝန်ဆောင်မှု (Karen Health Sevices) ဟုခေါ် ဆိုသွားပါမည်။

အကြီးဆုံးကျန်းမာရေးဝန်ဆောင်မှုအဖွဲ့မှာ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနဖြစ်ပြီး ကေအင်န်ယူ၏ ပုံစံ ၅ အမျိုးအစားနယ်မြေအတွင်း ကျန်းမာရေးလုပ်သားပေါင်းတစ်ထောင်ကျော်ဖြင့် ကျေးရွာအုပ်စုကျန်းမာရေးဌာန (VTHC) ၄၉ ခုကို စီမံဆောင်ရွက်နေသည်။[93] ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအဖွဲ့က ဒေသတွင်းရှိ ကရင်လူမျိုးများ ၏နေရာများတွင် ဝန်ထမ်းပေါင်း ၃၆ဝ ကျော်ပါဝင်သော ရွှေ့လျားကျောပိုးအိတ်အဖွဲ့ပေါင်း ၅ဝ ကျော်တို့ဖြင့် ဝန်ဆောင်ပေးနေသည်။ [94] မကြာသေးမီကာလအထိ ကျေးရွာအုပ်စုကျန်းမာရေးဌာနများကို ရွှေ့လျားကျန်းမာရေး ဆေးပေးခန်းများအနေဖြင့် ထိရှလွယ်သောဒေသများနှင့် ဖွံ့ဖြိုးမှုနောက်ကျသော ဒေသများတွင် ကွင်းဆင်းကျန်း မာရေးဝန်ဆောင်မှုများပေးနေခဲ့သည်။ အထူးသဖြင့် ကျေးရွာများ ရွှေ့ပြောင်းရသောအခါ လိုအပ်သလိုရွှေ့ပြောင်း ဝန်ဆောင်မှုပေးနိုင်ရန်အတွက်ဖြစ်သည်။ ကျေးရွာအုပ်စု ကျန်းမာရေးဌာနများသည် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့လည်း ကွင်းဆင်းဝန်ဆောင်မှုများ ပေးနေသည်။ အလားတူပုံစံမျိုးဖြင့် ကေအင်န်အယ်လ်အေ၏ ကျန်းမာရေးဌာနသည် ထိုင်းမြန်မာနယ်စပ်အနီးတွင် အရပ်သားများအတွက်ရည်ရွယ်သည့် ဆေးပေးခန်းလေးခုကို ဖွင့်လှစ် ဝန်ဆောင်မှုပေးနေသည်။

မြန်မာနိုင်ငံကျန်းမာရေးအသင်းက ထောက်ပံ့ထားသည့် ဆေးခန်းခြောက်ခုကို ဒီကေဘီအေ ပုံစံ ၅ နယ်မြေ အတွင်းတွင်ဖွင့်လှစ်ထားသည်။ ၎င်းတို့အထဲမှ ဆေးခန်းနှစ်ခုကို ဒီကေဘီအေက တိုက်ရိုက်စီမံခန့်ခွဲနေပြီး ကျန် လေးခုကိုမူ စုပေါင်းဖွဲ့စည်းထားသော ကွန်ရက်များက ၁၉၉၅ ကေအင်န်ယူမှ ဒီကေဘီအေခွဲထွက်ချိန်မတိုင်ခင် ကတည်းက စီမံဆောင်ရွက်နေခြင်းဖြစ်သည်။ အလားတူဆေးခန်းနှစ်ခုကိုလည်း ယခင်က ကရင်ငြိမ်းချမ်းရေး တပ်မတော်၊ ယခု ပုံစံ ၂ အမျိုးအစားနယ်မြေကို ထိန်းချုပ်ထားသော နယ်ခြားစောင့်တပ်ဖြစ်နေသည့် ခွဲထွက် အဖွဲ့တစ်ခုက စီမံဆောင်ရွက်နေသည်။ ဒီကေဘီအေမှ ခွဲထွက်သောအခြားနယ်ခြားစောင့်တပ်တစ်ခုကလည်း ကရင်ပြည်နယ်အလယ်ပိုင်းတွင် ဆေးခန်းတစ်ခုဖွင့်လှစ်ထားသည်။ နောက်ထပ်ဆေးခန်းငါးခုကို ကေအင်န်ယူ/ ကေအင်န်အယ်လ်အေငြိမ်းချမ်းရေးကော်မတီက မြန်မာနိုင်ငံကျန်းမာရေးအသင်း၏ အထောက်အပံ့ဖြင့် ၎င်းပိုင် ပုံစံ ၃ အမျိုးအစား အပစ်ရပ်ဒေသတွင် ဖွင့်လှစ်ထားသည်။ ယခုလေ့လာမှုတွင် အဆိုပါအဖွဲ့အစည်းများအကြောင်း

[4] အသေးစိတ်အင်တာဗျူးများကို ဂန်ဆောင်မှုအဖွဲ့အစည်းများမှ မန်နေဂျာများ၊ ပြည်တွင်းအန်ဂျီအိုဂန်ထမ်းတစ်ဦး၊ INGO ဂန်ထမ်းလေးဦးနှင့် အလှူရှင်အဖွဲ့အစည်းမှ တစ်ဦးကိုမေးမြန်းထားခြင်းဖြစ်သည်။ ထိုအချက်များကို စာရေးသူ၏ကိုယ်ပိုင်အတွေ့အကြုံများ၊ ကေအင်န်ယူနှင့် ဒီကေဘီအေဒေသများရှိ ကျန်းမာရေးဂန်ဆောင်မှုများမှ အချက်အလက်ကောက်ယူခဲ့ခြင်းများ၊ ကေအင်န်ယူခေါင်းဆောင်များနှင့် ကျန်းမာရေး ဂန်ထမ်းများနှင့် အထောက်အပံ့ပြုထားခြင်းဖြစ်သည်။ အခြားနည်း ဖြင့်မှတ်ချက်ပေးခြင်းမရှိပါက အချက်အလက်များအားလုံးသည် အင်တာဗျူး များမှရရှိသည်ဟု မှတ်ယူနိုင်သည်။

အသေးစိတ်လေ့လာသုံးသပ်မှုများကို ပြုလုပ်မထားသော်လည်း ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့များ အချင်းချင်း ပိုမိုကျယ်ပြန့်စွာ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့၏ အကျိုးများသည် ယင်း အဖွဲ့အစည်းများနှင့်လည်း အကျုံးဝင်ပါသည်။

၂၀၁၂ ကေအင်န်ယူအဖွဲ့အပစ်အခတ်ရပ်စဲရေးမယူခင်က ကရင်ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ဝန်ထမ်းများ သည်အလွန်ဆိုးဝါးသော လုံခြုံရေးအခြေအနေများအောက်တွင် လုပ်ကိုင်ခဲ့ကြရသည်။ ပဋိပက္ခများရှိနေခြင်း ကြောင့်အပြင် အစိုးရက ၎င်းတို့ကို တရားမဝင်ကျန်းမာရေးလုပ်ငန်းလုပ်သူများအဖြစ် သတ်မှတ်ထားခြင်းကြောင့် လည်းဖြစ်သည်။ ၂၀၁၁ နိုဝင်ဘာလအတွင်းကပင် ကျောပိုးအိတ်ကျန်းမာရေးလုပ်သားနှစ်ဦးကို ကရင်ပြည်နယ် မြောက်ပိုင်းရှိ လူနာတစ်ဦးအားတွေ့ဆုံနေစဉ် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အပစ်အခတ်ရပ်ရေးလက်မှတ်ရေးထိုးပြီးမှ သာ ၎င်းတို့ကိုပြန်လွှတ်ပေးခဲ့သည်။ ထို့အပြင် ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့၏ အစီရင်ခံစာအရ ၁၉၉၈ နှင့် ၂၀၁၀ အတွင်း စုစုပေါင်းကျောပိုးအိတ်ကျန်းမာရေးလုပ်သားကိုးဦးနှင့် သားဖွားဆရာမတစ်ဦးတို့သည် သေနတ်ထိမှန်ခြင်း (သို့မဟုတ်) မိုင်းနင်းမိခြင်းကြောင့် သေဆုံးခဲ့ရသည်ဟု သိရသည်။ [95] ထိုအခြေအနေများ ကြောင့် ကရင်ကျန်းမာရေးဝန်ဆောင်မှုနှင့် အစိုးရကျန်းမာရေးဝန်ကြီးဌာနအကြားတွင် မကြာသေးခင်ကအထိ ပူးပေါင်းဆောင်ရွက်မှုလုံးဝမရှိခဲ့ပေ။

## ပေါင်းစပ်ညှိနှိုင်းမှုပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ

ကရင်ကျန်းမာရေးဝန်ဆောင်မှုနှင့် အခြားအဖွဲ့အစည်းများအကြားပေါင်းစည်းနိုင်မည့် အခြေခံတစ်ခုဖြစ်သည့် ကျန်းမာရေးသတင်းအချက်အလက်စနစ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ (HISWG) ကို ၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့ သည်။ ယင်းလုပ်ငန်းအဖွဲ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကျန်းမာရေးဌာနများနှင့် ၎င်းတို့ နှင့်ဆက်စပ်လုပ်ကိုင်နေသော သီးခြားလွတ်လပ်သည့် ပြည်တွင်းအန်ဂျီအိုများပါဝင်ပြီး လုပ်ငန်းများပေါင်းစပ် ညှိနှိုင်းခြင်းနှင့် လူဦးရေအခြေခံစစ်တမ်းများ၊ ကျန်းမာရေးသတင်းအချက်အလက်များကို စာရင်းပြုစုခြင်း၊ ဝေါဟာရများ၊ ကျန်းမာရေးမှတ်တမ်းပြုစုသည့် ပုံစံများနှင့် အညွှန်းကိန်းများကို စံသတ်မှတ်ခြင်းစသည်တို့ကို စတင်လုပ်ဆောင်ခဲ့ကြသည်။ အဖွဲ့ဝင်များက ထိုသို့ဖွဲ့စည်းနိုင်ခြင်းသည် 'ပြည်ထောင်စုကျန်းမာရေးစနစ်' တစ်ခု အကောင်အထည်ဖော်နိုင်ရေးတွင် အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု သတ်မှတ်ယူဆကြသည်။[96]

သမ္မတဦးသိန်းစိန်အစိုးရတက်လာပြီးနောက် ၂၀၁၁ နှင့် ၂၀၁၂ အပစ်အခတ်ရပ်စဲရေးစာချုပ်များချုပ်ဆိုသည့် ကာလ နောက်ပိုင်းတွင် HISWG အဖွဲ့ဝင်များသည် အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို စတင် ဆွေးနွေးလာကြသည်။ ကရင်ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့ကလည်း အပစ်အခတ်ရပ်စဲရေးမှ ဆောင် ကျဉ်းပေးလာသော အခွင့်အလမ်းသစ်များကိုသုံးပြီး ဒေသတွင်းအလျင်အမြန်ဖွံ့ဖြိုးလာနေသော ကျန်းမာရေး ကဏ္ဍတွင် တက်ကြွစွာရှေ့ဆောင်ပါဝင်နိုင်ရေးအတွက် ထိတွေ့ဆက်ဆံရေးများမဖြစ်မနေလိုအပ်သည်ဟု ယုံကြည်ထားသည်။

ကနဦးတွင် အပြောင်းအလဲများမှာ တုန့်နှေးနေခဲ့သည်။ ကေအင်န်ယူအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများမစမီနှင့် ပဋိပက္ခများကို ချုပ်ငြိမ်းစေနိုင်မည့် နိုင်ငံရေးဆွေးနွေးပွဲများလက်တစ်ကမ်းသို့မရောက်မချင်း ဖွံ့ဖြိုးရေးနှင့် ကူညီ ထောက်ပံ့ရေးဆိုင်ရာ မဟာဗျူဟာသစ်များချမှတ်ခြင်းမပြုဟု ကန့်သတ်ထားခြင်းကြောင့်လည်း ဖြစ်သည်။ သို့ရာတွင် မြန်မာအစိုးရက နိုင်ငံတော်နှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများကို ရှေ့တန်းတင် ဆောင်ရွက်လာသောအခါ အဖွဲ့အစည်းများအနေနှင့် လက်တွေ့တွင် ကေအင်န်ယူ၏မဟာဗျူဟာကို လိုက်နာ ဆောင်ရွက်နိုင်ခြင်းမရှိတော့ပေ။ ကရင်ကျန်းမာရေးဝန်ဆောင်မှုမှ တာဝန်ရှိသူများကိုယ်တိုင်ပင် ဒေသတွင်း ကျန်းမာရေးဝန်ဆောင်မှုများတိုးချဲ့ခြင်းဖြစ်စဉ်တွင်ပါဝင်ခွင့်ရပြီး တရားဝင်အသိအမှတ်ပြုမှုကိုလည်း ရယူလိုပါက ကျန်းမာရေးဝန်ကြီးဌာနနှင့် မဖြစ်မနေထိတွေ့ဆက်ဆံရမည်ကို လက်ခံလာကြသည်။

၂၀၁၂ ခုနှစ်တွင် ကရင်ကျန်းမာရေးဝန်ဆောင်မှုမှ တိုင်းရင်းသားကျန်းမာရေးအဖွဲ့လေးဖွဲ့နှင့် ပြည်တွင်းအန်ဂျီအို လေးဖွဲ့တို့ကိုပူးပေါင်းပါဝင်စေပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို မြှင့်

တင်မည့် မဟာဗျူဟာများရေးဆွဲရန်ရည်ရွယ်သည့် ကျန်းမာရေးစနစ်များပေါင်းစည်းရေးပင်မအဖွဲ့ (HCCG) ကိုဖွဲ့စည်းခဲ့သည်။ [97] ယင်းအဖွဲ့သည် 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တလျှောက် တိုင်းရင်းသားပြည်သူများ၏ ဖက်ဒရယ်မျှော်မှန်းချက်များကို ထောက်ခံပံ့ပိုးပေးနိုင်မည့် ကျန်းမာရေးဆိုင်ရာ စီမံကိန်းများနှင့် မူဝါဒများချမှတ်ရန်' ကျန်းမာရေးဝန်ကြီးဌာနနှင့် ထိတွေ့ဆက်ဆံနိုင်မည့် အခြေခံများကို ရေးဆွဲခဲ့ကြသည်။[98]

၂၀၁၄ မေလအထိ ကရင်ကျန်းမာရေးဝန်ဆောင်မှုတာဝန်ရှိသူများသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်နယ်အဆင့်တွေ့ဆုံမှုကိုးကြိမ်နှင့် ပြည်ထောင်စုအဆင့်တွေ့ဆုံမှုတစ်ကြိမ်ဆောင်ရွက်ပြီးပြီဖြစ်ပါသည်။ ထိုကြိုးပမ်းဆောင်ရွက်မှုများကို ကရင်ကျန်းမာရေးဝန်ဆောင်မှု တာဝန်ရှိသူများကဦးဆောင်ခဲ့ခြင်းဖြစ်သော်လည်း နိုင်ငံတကာအန်ဂျီအိုတစ်ခုဖြစ်သော Interantional Rescue Committee (IRC) ကအတိုင်းအတာတစ်ခုအထိ ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။[99]

ထိုသို့ထိတွေ့ဆောင်ရွက်မှုများကို ပိုမိုကောင်းမွန်လာစေရန်အတွက် ကရင်ကျန်းမာရေးဝန်ဆောင်မှုက ထိုင်းနိုင်ငံတွင်ကျင်းပသော ကျန်းမာရေးဆွေးနွေးပွဲ (ဆီမီနာ) များကပံ့ပိုးပေးနိုင်သည်။ ၂၀၁၂ နှင့် ၂၀၁၃ တွင် အသီးသီးကျင်းပခဲ့သော ဆီမီနာများတွင် တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ၊ ၎င်းတို့နှင့်ဆက်စပ်သည့်ပြည်တွင်းအန်ဂျီအို များနှင့် မြန်မာနိုင်ငံမြို့ပြဒေသများတွင် အခြေစိုက်သော အန်ဂျီအိုများပါ တက်ရောက်ခဲ့ကြပြီး ကျန်းမာရေးစနစ် များ 'ပေါင်းစည်းခြင်း'နှင့်ပတ်သက်သည့် ဆွေးနွေးမှုများကို စတင်လမ်းဖွင့်ပေးနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဧပြီလ ၃၀ ရက်မှ မေလ ၁ ရက်နေ့အထိ ကျင်းပသောဆီမီနာတွင် 'ကျန်းမာရေးသည် ငြိမ်းချမ်းရေး၏ပေါင်းကူးတံတား' ဆိုသောနဖူးစည်းခေါင်းစည်ကို ကိုင်စွဲခဲ့သည်။ ယင်းကို ကရင်ကျန်းမာရေးဝန်ဆောင်မှုနှင့် ထိုင်း-မြန်မာနယ်စပ်တွင်အခြေစိုက်သော ၎င်းတို့နှင့်နည်းပညာပူးပေါင်းဆောင်ရွက်နေသည့် မဟာမိတ်များက ပူးတွဲကျင်းပပေးခြင်းဖြစ် သည်။ ယင်းအခမ်းအနားသို့ ကရင်ပြည်နယ်ကျန်းမာရေးဌာနတာဝန်ရှိသူများအပြင် မြန်မာနိုင်ငံပြည်မမှလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကျန်းမာရေးကွန်ရက်၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံလက်ထောက်ကျန်းမာရေးမှူးများအသင်းစသည့် အဖွဲ့အစည်းများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။[100]

ယခုလေ့လာမှုတွင်တွေ့ဆုံမေးမြန်းခဲ့သူများက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုအဆင့်တွေ့ဆုံခွင့်ရခြင်းသည် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများတိုးတက်ရေးအတွက် ကြီးမားသောအောင်မြင်မှုတစ်ခုဖြစ်သည်ဟု ယူဆကြသည်။ ဝန်ကြီးဌာန၏ ဗဟိုချုပ်ကိုင်မှုကြီးမားလွန်းသောသဘာဝ ကြောင့် အစည်းအဝေးအတွင်း အဓိကကျသောဆုံးဖြတ်ချက်များကို မချမှတ်နိုင်ခဲ့သော်လည်း ပြည်ထောင်စုဒုတိယဝန်ကြီးထောက်ခံအသိအမှတ်ပြုပေးမှုသည် ပြည်နယ်အဆင့်ပေါင်းစပ်ညှိနှိုင်းရေးအတွက် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးခြင်းလည်းဖြစ်သည်။ ယင်းအချက်ကြောင့်ပင် နိုင်ငံတကာအန်ဂျီအိုများနှင့် အလှူရှင်များကလည်း တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များနှင့် အစိုးရဝန်ကြီးဌာနတို့အကြားတွင် ပေါင်းစပ်ညှိနှိုင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အတိအလင်းထောက်ပံ့ကူညီရန်အတွက် ယုံကြည်မှုများရှိလာကြသည်။

HCCG သည်လက်ရှိအချိန်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် သီးခြားကင်းလွတ်သည့် ကိုယ်ပိုင်ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ်အခြေခံပြီး အစိုးရနှင့်ထိတွေ့ဆက်ဆံရေးမူဝါဒကို ရေးဆွဲထားသည်။ နိုင်ငံရေးအရဖြစ်ပေါ်တိုးတက်မှုများဖြစ်ထွန်းလာမှသာ စနစ်နှစ်ခုပေါင်းစည်းရေးကို တစ်ဆင့်ခြင်းဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် လက်တွေ့လိုအပ်ချက်ဖြစ်သလို နိုင်ငံရေးလိုအပ်ချက်လည်းဖြစ်နေ သည်။ အပစ်ရပ်ဒေသများသည် လက်ရှိအချိန်တွင်ပြင်ပမှအဖွဲ့အစည်းများဝင်ရောက်လုပ်ကိုင်ရန် အဆင်မသင့် သေးသောဒေသများဖြစ်သည်။ လမ်းများမရှိခြင်း၊ မြေမြှုပ်မိုင်းများရှိနေခြင်းနှင့် ရှုပ်ထွေးသောအုပ်ချုပ်မှုစနစ်များ ကြောင့်ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးဝန်ဆောင်မှုပေးမည့်အဖွဲ့အစည်းများသည် ဒေသအကြောင်းသိနား လည်ခြင်း၊ အဆက်အသွယ်၊ ဘာသာစကား၊ သင့်လျော်သောအတွေ့အကြုံနှင့် အလုပ်တွင်နစ်မြှုပ်လုပ်ကိုင်နိုင်မှု များလိုအပ်သည်။ ထို့ကြောင့် ကရင်ကျန်းမာရေးဝန်ဆောင်မှုသည် ဒေသတွင်းမှာရွေးချယ်လေ့ကျင့်ပေးထား သော ကျန်းမာရေးလုပ်သားများနှင့်လည်ပတ်ဆောင်ရွက်နေသည့် လက်ရှိဝန်ဆောင်မှုစနစ်ကိုပင်ဆက်လက် ထားရှိပြီး ပိုမိုအားကောင်းလာအောင်နှင့် ကျယ်ပြန့်လာအောင်ဆောင်ရွက်ရန်သာ ဆုံးဖြတ်ထားသည်။ ထို့အပြင် လက်ရှိအပစ်အခတ်ရပ်စဲရေးသည်

ထိရှကျိုးပေါက်လွယ်နေသေးသ၍ အချိန်မရွေး ပဋိပက္ခများ ပြန်ဖြစ်နိုင်သောကြောင့် အစိုးရအပေါ် အမှီအခိုပြုနေရခြင်းသည် အလွန်အန္တရာယ်ကြီးသည်ဟု နားလည်ထားသည်။

ပို၍ကျယ်ပြန့်စွာဆိုရလျှင် ကရင်ကျန်းမာရေးဝန်ဆောင်မှုအာဏာပိုင်များသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ် တွင် ဗဟိုချုပ်ကိုင်မှုကို အကြီးအကျယ်လျှော့ချပြီး ဖက်ဒရယ်အသွင် ဆောင်လာသောအခါမှသာ ကျန်းမာရေး ဝန်ကြီးဌာနနှင့် အပြည့်အဝပေါင်းစည်းခြင်း ပြုလိုသည်။ ထိုအချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မူဝါဒများ၊ စီမံခန့်ခွဲမှုနှင့် အကောင်အထည်ဖော်မှုတို့သည် ဒေသန္တရအစိုးရများလက်ထဲတွင် အပြည့်အဝရှိနေမည်ဖြစ် သည်။ ၎င်းတို့၏ သက်ဆိုင်ရာဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့ခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ တိုးတက်အောင်ဆောင်ရွက်ရာတွင် အစိုးရက အဟန့်အတားသဖွယ် ဖြစ်နေလေ့ရှိခြင်းတို့ကြောင့် နိုင်ငံတွင်းတွင် တစ်ခုတည်းသော ကျန်းမာရေးစနစ် အကောင်အထည်ပေါ်လာရေးသည် ရှည်ကြာသော ယုံကြည်မှုတည်ဆောက်ရေးဖြစ်စဉ်ပြီးမှ ပေါ်ပေါက်လာနိုင်မည်ဖြစ်သည်။

အောက်တွင်ဖော်ပြထားသော HCCG ၏ပေါင်းစည်းရေးသရုပ်ဖော်ပုံတွင် တစ်ပြည်လုံးအတိုင်းအတာနှင့် အပစ် အခတ်ရပ်စဲရေးသဘောတူညီမှုကို လက်မှတ်ရေးထိုးမပြီးမချင်း အဖွဲ့အနေဖြင့် အစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းကို အခြေခံကျန်းမာရေး စောင့်ရှောက်မှုအဆင့်၌သာ ကန့်သတ်ဆောင်ရွက်ရန် ရည်ရွယ်ထားသည်။ ယင်းအဆင့်၌ သတင်းအချက်အလက်မျှဝေခြင်းနှင့် စီမံကိန်းလိုအပ်ချက်များကို ဆွေးနွေးခြင်းတို့ကိုသာအဓိကဆောင်ရွက်မည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် HCCG အဖွဲ့ဝင်များအကြားတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကျယ် ပြန့်သော လမ်းညွှန်မဟာဗျူဟာကို ရရှိလာစေပြီး၊ အခြားတစ်ဖက်တွင်လည်း သက်ဆိုင်ရာအဖွဲ့အစည်း တစ်ခုခြင်းစီက မိမိတို့လိုအပ်ချက်နှင့် ဦးစားပေးအစီအစဉ်များအပေါ် မူတည်ပြီး အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရေးကို သီးခြားစီဆောင်ရွက်နိုင်ကြသည်။

# ကျန်းမာရေးစနစ်များပေါင်းစည်းရေးပင်မအဖွဲ့ (HCCG)

## မြန်မာနိုင်ငံအတွင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ပေါင်းစည်းရေး

## ပုံစံမူကြမ်း- ၂၀၁၄ မတ်လ

### ပေါင်းစည်းရေးအဆင့်များ

အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပေါင်းစည်းခြင်း

စီမံကိန်းများ၊ စနစ်များနှင့် မူဝါဒများ

### နိုင်ငံရေးအဆင့်များ

ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး

အခြေခံကျန်းမာရေးစနစ်များ
အချင်းချင်းချိတ်ဆက်ခြင်း

အစီအစဥ်များနှင့် မူဝါဒများ

တစ်ပြည်လုံးအတိုင်းအတာနှင့်
ငြိမ်းချမ်းရေးသဘောတူစာချုပ်

အခြေခံကျန်းမာရေးစောင့်ရှောက်မှု
တွင် ပူးပေါင်းဆောင်ရွက်ခြင်း

အစီအစဥ်များ

တစ်ပြည်လုံးအတိုင်းအတာနှင့်(အမြဲတမ်း)
အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်

ယာယီအပစ်အခတ်ရပ်စဲရေး
သဘောတူစာချုပ်များ

**ဗဟိုချုပ်ကိုင်သော အမျိုးသားအဆင့်
အခြေခံကျန်းမာရေးစောင့်ရှောက်မှုစနစ်**

*(ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအခြေစိုက်
ပြည်တွင်းနှင့် နိုင်ငံတကာအန်ဂျီအိုများ)*

- စနစ်တစ်ခုတည်းအပေါ် အခြေခံ
- အခြေခံ၊ ဒုတိယအဆင့်နှင့် တတိယအဆင့် ကျန်းမာရေးစောင့်ရှောက်မှုများ
- ဆေးရုံများ၊ အခြေစိုက်ဆေးပေးခန်းများနှင့် ကွင်းဆင်းစီမံချက်များ
- မြို့ကြီးမြို့ငယ်များ
- ပုဂ္ဂလိကစိုက်ထုတ်ငွေများနှင့်
- ပြည်ထောင်စု ရန်ပုံငွေ

အပစ်အခတ်ရပ်စဲမှု
မတိုင်မီ အခြေအနေ

**ရပ်ရွာအခြေပြုဒေသန္တရ
အခြေခံကျန်းမာရေးစောင့်ရှောက်မှုစနစ်**

*(တိုင်းရင်းသား ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့်
ရပ်ရွာအခြေပြုအဖွဲ့များ)*

- ဗဟိုချုပ်ကိုင်မှုမရှိ
- အခြေခံကျန်းမာရေးစောင့်ရှောက်မှု
- အခြေစိုက်ဆေးပေးခန်းများနှင့် ရွေ့လျား ဆေးပေးခန်းများ
- ယေဘုယျအားဖြင့် ကျေးလက်အခြေခံ
- အလှူရှင်ရန်ပုံငွေအများစု

လက်ရှိအချိန်အထိ ပူးပေါင်းဆောင်ရွက်နိုင်သော အဓိကနယ်ပယ်ခုနစ်ခုရှိသည်။ -

၁။ ဖားအံမြို့တွင် ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန၏ ပေါင်းစပ်ညှိနှိုင်းရေးရုံးဖွင့်လှစ်ခြင်း

၂။ ကရင်ကျန်းမာရေးဝန်ဆောင်မှုများကို အစိုးရထိန်းချုပ်သောနယ်မြေနှင့် ရောနှောအုပ်ချုပ်ရေးများရှိသော နယ်မြေများတွင် ပိုမိုလွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်ရရှိစေရန်

၃။ ငှက်ဖျားထိန်းချုပ်ရေးကဲ့သို့သော ဘုံအကျိုးစီးပွားများရှိနေသည့်နယ်ပယ်အများအပြားတွင် သတင်းအချက်အလက်များကို မျှဝေရေး

၄။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် ကြိုတင်ကာကွယ်ဆေးအစီအစဉ်အတွက် စီမံချက်ဒီဇိုင်းနှင့် စီမံချက်အဆိုပြုလွှာတင်သွင်းခြင်း

၅။ ကရင်ကျန်းမာရေးဝန်ဆောင်မှုအောက်ရှိ မိခင်နှင့် ရင်သွေးငယ်စောင့်ရှောက်ရေးအစီအစဉ်များကို တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်ခြင်းတို့အတွက် ဆွေးနွေးရန်

၆။ ကျန်းမာရေး သတင်းအချက်အလက်စနစ်များကို စံသတ်မှတ်ရေးအတွက် ဆွေးနွေးရန်

၇။ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ထမ်းများ၊ ကျောပိုးအိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများကိုတရားဝင်အသိအမှတ်ပြုစေရန်နှင့် နောက်ပိုင်းတွင် အသိအမှတ်ပြုလက်မှတ်များနှင့် အရည်အချင်းအာမခံစနစ်များအတွက် တစ်ဆင့်ချင်းဆွေးနွေးသွားရန်

ကျန်းမာရေးဝန်ထမ်းများ၏ လုံခြုံရေးခြိမ်းခြောက်မှုများကို လျော့ချနိုင်ရုံသာမက ကရင်ကျန်းမာရေးဝန်ဆောင်မှုဝန်ထမ်းများကို တရားဝင်အသိအမှတ်ပြုခြင်းနှင့် အရည်အသွေးအာမခံချက်ပေးခြင်းစသည်တို့မှာ အလွန်အရေးပါသော လက်တွေ့နယ်ပယ်မှ အောင်မြင်မှုများပင်ဖြစ်သည်။ ကရင်ကျန်းမာရေးဝန်ဆောင်မှုတာဝန်ရှိသူများအနေဖြင့် ထိုသို့ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့်ဝန်ထမ်းများ ဖမ်းဆီးခံရနိုင်သည့် အန္တရာယ်မရှိတော့သည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနဝန်ထမ်းများနှင့် တန်းတူအသိအမှတ်ပြုခံလာရသဖြင့် ယင်းကို အရေးပါသည်ဟု ရှုမြင်ကြသည်။ ယခုပြောင်းလဲတိုးတက်မှုများကို စနစ်ပေါင်းစည်းခြင်းအတွက် ကနဦးခြေလှမ်းများအဖြစ်ရှုမြင်ကြပြီး ကရင်ဒေသအတွင်းကျန်းမာရေးစောင့်ရှောက်မှုများတိုးတက်ရေးအတွက် ပူးပေါင်းချဉ်းကပ်ဆောင်ရွက်ခြင်းဟုလည်းရှုမြင်သည်။ ကရင်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနဉက္ကဋ္ဌ အယ်ကလူရှေဦးက-

> '(အသိအမှတ်ပြုမှုရရှိခြင်းသည်) မိမိတို့လည်းတန်းတူဖြစ်သည်ဟု ခံစားရစေသည်။ တစ်ဘက်နှင့်တစ်ဘက်လည်း အပြန်အလှန်အသိအမှတ်ပြုကြဖို့လိုသည်။ အကယ်၍ အဖွဲ့အစည်းနှစ်ခုမှ ဝန်ထမ်းများသည် ဒေသတစ်ခုထဲတွင် အတူတူအလုပ်လုပ်နေကြပါက အားလုံးတန်းတူ ဖြစ်သည်ဟူသော ခံစားချက်များရှိဖို့ လိုသလို တန်းတူဖြစ်ကြောင်းလည်း ရှုမြင်တတ်ရမည်' ဟုပြောခဲ့သည်။

ထိုသို့သောဆောင်ရွက်မှုများကို နိုင်ငံတကာအန်ဂျီအိုအဖွဲ့အစည်းတစ်ခုဖြစ်သော အိုင်အာစီ၏ ထောက်ပံ့မှုဖြင့်ဆောင်ရွက်ခြင်းဖြစ်သည်။ အိုင်အာစီသည် တိုင်းရင်းသားကျန်းမာရေးဝန်ဆောင်မှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကျေးလက်ကျန်းမာရေးတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ သမ်မာဆက်တက္ကသိုလ်တို့အကြား မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်နိုင်ရန် ကူညီထောက်ပံ့ပေးနေသည်။ ထိုပူးပေါင်းဆောင်ရွက်မှုအရ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနနှင့် ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအဖွဲ့မှ ကျေးလက်ကျန်းမာရေးလုပ်သားများသည် များမကြာမီကျေးလက်ကျန်းမာရေးတက္ကသိုလ်မှ ဖွင့်လှစ်သောသင်တန်းများကိုတက်ရောက်ပြီး သမ်မာဆက်တက္ကသိုလ်ပြည်သူ့ကျန်းမာရေးသင်တန်းဆင်းလက်မှတ်ကို ရရှိနိုင်တော့မည်ဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားကျန်းမာ

ရေးအဖွဲ့အစည်းဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ထမ်းများကို ဖားအံမြို့တွင်အတူတကွသင်တန်းပေး နိုင်မည့်အစီအစဉ်ကိုလည်း ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

အချို့သော ကရင်ကျန်းမာရေးဝန်ဆောင်မှုလုပ်သားများ၏ အဆိုအရ ကျေးလက်ကျန်းမာရေးတက္ကသိုလ်မှ သင်ရိုးများသည် ဆေးဝါးကုသခြင်းကို အဓိကဦးစားပေးထားပြီး ဇီဝသိပ္ပံနှင့် လူနာများကို တစ်ဦးချင်းစီချဉ်းကပ် ကုသသော နည်းများကို ပိုမိုအသားပေးသည်ဟု ဆိုသည်။ ကရင်ကျန်းမာရေးဝန်ဆောင်မှုမှာ ပဋိပက္ခဒေသများ တွင်ကိုင်စွဲသောနည်းဗျူဟာမှာ လက်တွေ့အတွေ့အကြုံများကို ပိုမိုဦးစားပေးပြီး တိုက်ရိုက်ပိုကျသည်ဟုလည်း ဆိုသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုလက်မှတ်ရယူရေးမှာ ရေရှည်စနစ်ပေါင်းစည်းရေး ကိုအဓိကထားပြီး လတ်တလောအသုံးတည့်နိုင်မည့်အချက်များကို ဒုတိယဦးစားပေးထားမှသာ ဆုံးဖြတ်နိုင်မည် ဟုလည်း ဆိုကြသည်။

သို့ရာတွင် ကရင်ကျန်းမာရေးဝန်ဆောင်မှုတာဝန်ရှိသူများက ယခင်ကလည်း အစိုးရကလေ့ကျင့်ပေးထားသော ကျန်းမာရေးဝန်ထမ်းများကို ငှားရမ်းအသုံးပြုခဲ့ဖူးသဖြင့် ယခုပြဿနာမှာ ကျော်လွှား၍မရသော ပြဿနာတော့ မဟုတ်ဟု ဆိုသည်။ ထိုသို့ဆောင်ရွက်ရေးအတွက် စမ်းသပ်စီမံချက်အနေဖြင့် ကျောပိုးအိတ်ကျန်းမာရေး လုပ်သားများအဖွဲ့မှ အကူသားဖွားဆရာမများကို သင်တန်းပြန်တက်စရာမလိုပဲ ၎င်းတို့၏အတွေ့အကြုံ၊ လေ့ကျင့်သင်ကြားခဲ့မှုများကို အခြေခံပြီး အစိုးရအသိအမှတ်ပြုလက်မှတ်များထုတ်ပေးရေးကို ဆောင်ရွက်သွား ရန်ရှိသည်။

အလားတူ အသေးစိတ်စဉ်းစားဆောင်ရွက်မှုများကို ကျယ်ပြန့်သော ကျန်းမာရေးစနစ်အခြေခံဖွဲ့စည်းပုံလုပ်ကိုင်ပုံ များအပေါ်အခြေခံ၍ လုပ်ဆောင်နေကြသည်။ တပြိုင်နက်တည်းမှာပင် ပြောင်းလဲလာနေသော နိုင်ငံတကာအကူ အညီပေးရေးဝန်းကျင်နှင့်လည်း ဆက်စပ်နိုင်ရန်ဆောင်ရွက်ကြသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှု အတွက် ကရင်ကျန်းမာရေးဝန်ဆောင်မှုမှ သုံးသောနည်းမှာ ရပ်ရွာလူထုမှလိုအပ်သော ကျန်းမာရေးစောင့်ရှောက် မှုအမျိုးအစားများပေါ်မူတည်ပြီး အလျားလိုက်အစီအစဉ်ရေးဆွဲသောနည်း (လိုအပ်ချက်အမျိုးမျိုးကို လိုအပ်သော ဒေသများတွင် လိုက်လံဖြည့်ဆည်းပေးသောနည်း-ဘာသာပြန်သူ) ဖြစ်သည်။ နိုင်ငံတကာအကူအညီများကမူ ရောဂါအမျိုးအစားအလိုက် သတ်သတ်မှတ်မှတ်ဆောင်ရွက်သော ဒေါင်လိုက်အစီအစဉ်ရေးဆွဲနည်းကိုသာ ထောက်ပံ့နေကြသဖြင့် ကရင်ကျန်းမာရေးဝန်ဆောင်မှုသည် လက်ရှိစနစ်များ၊ လုပ်ထုံးလုပ်နည်းများအပြည့်အဝ အံမဝင်နိုင်ဖြစ်နေရသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးပိုမိုတိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ခြင်းသည် အရေးကြီးသည်ဟု လက်ခံ ထားကြသော်လည်း ကရင်ကျန်းမာရေးဝန်ဆောင်မှုတာဝန်ရှိသူများအနေနှင့် ယင်း၏ရလာဒ်သည် 'ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးကို တိုးတက်ကောင်းမွန်စေရေး' သာလျင်အဓိကဖြစ် သည်ဟု လက်ခံယုံကြည်ထားကြသည်။[101]

## ဆက်ဆံရေးများတိုးတက်ကောင်းမွန်စေရေးတွင် ကြုံနေရသည့် စိန်ခေါ်မှုများ

ကရင်ကျန်းမာရေးဝန်ဆောင်မှုနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့အကြားတွင် ဆက်ဆံရေးများပုံမှန်တိုးတက်ကောင်း မွန်နေသော်လည်း ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတကာအလှူရှင်များနှင့်နိုင်ငံတကာအန်ဂျီအိုများ၏ ကျော ထောက်နောက်ခံပြုမှုဖြင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးရေးမဟာဗျူဟာများကို ဆောင်ရွက်ရာတွင် ရှေ့တန်းရောက် လျက်ရှိပြီး ကရင်ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ပူးပေါင်းထည့်ဝင်မှုများပြုလုပ်ရန် အခန်းကဏ္ဍမရှိသလောက် နီးပါးဖြစ်နေသည်။ ကရင်ကျန်းမာရေးဝန်ဆောင်မှုကို ထည့်သွင်းဆွေးနွေးခြင်းမရှိဘဲ အထက်မှအောက်သို့ဆင်း သက်သော ကျန်းမာရေးမဟာဗျူဟာများကို ချမှတ်ထားပြီးဖြစ်သည်။ အောက်ခြေတွင် တင်းမာမှုများကို ဖြစ်ပေါ် နေစေသော်လည်း ကျန်းမာရေးဝန်ကြီးဌာနသည် အငြင်းပွား ရာဒေသအများအပြားသို့ အစီအစဉ်များတိုးချဲ့ ဆောင်ရွက်လျက်ရှိသည် (အပိုင်း ၄.၃ တွင်ကြည့်)။ စနစ်များပူးပေါင်းနိုင်ရေးအတွက် ဆောင်ရွက်နေသော ခြေလှမ်းများမှာ အရေးပါသော်လည်း လက်ရှိနိုင်ငံရေးနောက်ခံအခြေအနေများကြောင့် နိုင်ငံတော်က ဝန်ဆောင်

မှုချဲ့ထွင်ခြင်းများကို အလျင်အမြန်ဆက်လက်ဆောင်ရွက်နေခြင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အန္တရာယ် အမျိုးမျိုးကို သက်ရောက်စေမည်ဖြစ်သည်။

ကရင်ကျန်းမာရေးဝန်ဆောင်မှုမှ တာဝန်ရှိသူများက စနစ်များပေါင်းစည်းရေးအပါအဝင် ၎င်းတို့ဒေသ၏ကျန်းမာ ရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာများနှင့် ပတ်သက်သည့် အစည်းအဝေးများကို ၎င်းတို့အားဖိတ်ကြားခြင်းအလျဉ်း မရှိဘဲနိုင်ငံတကာအန်ဂျီအိုများက ဦးဆောင်ကျင်းပနေကြသည်ဟု ဆိုသည်။ ထိုသို့ဆောင်ရွက်နေခြင်းသည် မိမိတို့အားအရေးမပါသလို ဆက်ဆံနေခြင်းဖြစ်သည်ဟု ခံစားရစေသည်ဟုဆိုသည်။ အစိုးရကိုယ်စားလှယ်များနှင့် တွေ့ဆုံရာတွင်လည်း ကရင်ကျန်းမာရေးဝန်ဆောင်မှုမှ တာဝန်ရှိသူများကအထက်ပါကိစ္စကို ဖော်ထုတ်ပြောဆိုခဲ့ ကြသော်လည်း အဖြေထွက်အောင်ဆောင်ရွက်ပေးခြင်းမရှိသေးသောကြောင့် တိုးတက်ဖို့လိုနေသေးသည့် အရေး ကြီးသည့်နယ်ပယ်တစ်ခုဖြစ်သည်ဟု ဆိုသည်။ ကျန်နေရာများတွင် တိုးတက်မှုများရှိသည်မှန်သော်လည်း အထက်ပါကိစ္စရပ်များသည် ကရင်ကျန်းမာရေးဝန်ဆောင်မှုမှ တာဝန်ရှိသူများ၏ အသွင်ကူးပြောင်းရေးအပေါ် ယုံကြည်မှုကို လျော့ကျစေသည်ဟုဆိုသည်။

<u>ကယားပြည်နယ်အတွင်းရှိ ကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အခြေအနေ</u>

ပြီးပြည့်စုံသည့် ဖြစ်ရပ်လေ့လာမှုကိုဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသော်လည်း ကယားပြည်နယ်အတွင်းရှိ တိုင်းရင်း သားကျန်းမာရေးဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် အစိုးရတို့အကြားပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းကြောင့် ရရှိ လာခဲ့သည့် ဘုံအကျိုးအမြတ်များမှာ အပြုသဘောဆောင်သောသင်ခန်းစာများအဖြစ် လေ့လာရန်သင့်လျော် ပါသည်။ ၂၀၁၃ နိုဝင်ဘာလကတည်းကစတင်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်စပ်သည့် တိုင်းရင်းသားကျန်းမာရေး ဝန်ဆောင်မှုအဖွဲ့အစည်း ခြောက်ခုတို့ပူးပေါင်းဖွဲ့စည်းထားသော အရပ်ဘက် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက် (CHDN) နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့အကြား ပူးတွဲစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံချက်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် CHDN မှ ဝန်ထမ်းဆယ်ယောက်နှင့် ဆယ်ယောက်အထက်ပါဝင်သော အဖွဲ့ကို ကျေးရွာခုနစ်ရွာတွင် ကာကွယ်ဆေးပေးခြင်းနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ပံ့ပိုး ကူညီပေးခြင်းဖြစ်ပါသည်။ စီမံချက်မှာ တစ်လလျင်ကွင်းဆင်းခရီးတစ်ခုထွက်ရသည့် စီမံချက်ဖြစ်ပြီး ရွာတစ်ရွာ နှင့်တစ်ရွာကြားတွင် နှစ်ရက်မှလေးရက်အထိ ခြေလျင်ခရီးသွားရခြင်းများပါဝင်သည်။ CHDN သည်ကျေးရွာ လူထုကို စည်းရုံးစုစည်းရန်နှင့် ရေမြေတောတောင်အကြောင်း အကောင်းဆုံးသိပြီး၊ ကျန်းမာရေးဝန်ကြီးဌာနမှာမူ ဝေးလံခေါင်ဖျားဒေသတွင်းရှိပြည်သူများ လက်လှမ်းမီရန်အလွန်ခက်ခဲသော အရည်အသွေးမြင့်မားသည့် ကျန်းမာ ရေးစောင့်ရှောက်မှုများကို ပေးနိုင်သည်။ စုစုပေါင်း ကျေးရွာခုနစ်ရွာအနက် ခြောက်ရွာတွင် အိုင်အာစီက ထောက်ပံ့ကူညီပေးထားပြီး ထိုစီမံချက်ကို ထပ်မံတိုးချဲ့ဆောင်ရွက်သွားတော့မည်ဟု သိရသည်။

အိုင်အာစီ၏အဆိုအရ နှစ်ဘက်စလုံးမှာ တာဝန်ရှိသူများနှင့် ရွာသားများ၊ ဝန်ထမ်းများတို့သည် စီမံချက်၏ အကျိုးဆက်အားဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ပိုမိုသက်ဝင်ယုံကြည်လာကြသည်ဟု ဆိုသည်။ စီမံချက်ကြောင့် ကာကွယ်ဆေးပေးပြီးကလေးငယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိသည့် လူဦးရေနှစ်ဆအထိတိုးတက်လာ သည်ဟုလည်း သိရသည်။ အထူးသဖြင့်ရွာသူရွာသားများသည် ယခင်ကကဲ့သို့ အစိုးရဝန်ထမ်းများနှင့်ချဉ်းကပ် ဆက်ဆံရန် ကြောက်ရွံ့စိုးရိမ်စိတ်များ မရှိကြတော့ကြောင်း ပြောကြားကြသည်။

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားကျန်းမာရေး ဝန်ဆောင်မှုအဖွဲ့အစည်းများမှဝန်ထမ်းများကို အစိုးရအသိ အမှတ်ပြုလက်မှတ်များ ထုတ်ပေးရေးတွင်လည်း တိုးတက်မှုအများအပြားရှိပြီး လွိုင်ကော်မြို့တွင် ကျန်းမာရေး ဝန်ကြီးဌာန အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးအစီအစဉ်တစ်ခု ဆောင်ရွက်ထားခြင်းလည်း အပါအဝင်ဖြစ် သည်။

ထိုသို့ အလွန်အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများရှိနေသော်လည်း CHDN သည်သီးခြားလွတ်လပ် သောကျန်းမာရေးဌာနတစ်ခုအဖြစ် ဆက်လက်တည်ရှိနေရန်ဆုံးဖြတ်ထားပြီး ၂၀၁၅ ကျော်လွန်သည့်ကာလများ အထိရည်စူးကာ ရန်ပုံငွေများ ရှာဖွေလျက်ရှိသည်။ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများမှာ ကြီးမားပြီး

အသွင်ကူးပြောင်းရေးရှေ့ဆက်ဖြစ်ပေါ်တိုးတက်သည်နှင့်အညီ ပိုမိုပေါင်းစပ်နိုင်ရေးအတွက် အခြေခံ ကောင်းများကို ချမှတ်ထားနိုင်ခဲ့သည်။ ထိုသို့သောအကျိုးကျေးဇူးများကို မိမိတို့အဖွဲ့အစည်းများအား နောင်တစ်ချိန်ပြန်ပြင်၍မရနိုင်လောက်သည့် အဖွဲ့အစည်းဆိုင်ရာပြောင်းလဲမှုများလုပ်စရာမလိုပဲ ရရှိခံစားနိုင်ခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်မှု၏ အရှိန်အဟုန်ကို ထိန်းသိမ်းပြီးရှေ့ဆက်နိုင်ရေးတွင် အသက်တမျှအရေးကြီးသော အချက်ဖြစ်ပါသည်။

## အပိုင်း ၆။ ။ သင်ခန်းစာများနှင့် လက်တွေ့အသုံးချစရာများ

ယခုအခန်းတွင် အခန်းငါး၌ အသေးစိတ်ဖော်ပြထားသော တွေ့ရှိချက်များနှင့်ပတ်သက်ပြီး လက်တွေ့အကျိုးသက်ရောက်နိုင်မည့်အချက်များကို ရှာဖွေဖော်ထုတ်မည်ဖြစ်ပါသည်။ ပထမဦးဆုံးဝန်ဆောင်မှုအဖွဲ့အစည်းများအနေနှင့် ဝန်ဆောင်မှုများကို မြှင့်တင်ရန်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အထောက်အကူပြုနိုင်ရန်အတွက် ခိုင်မာသောဆက်ဆံရေးများကို မည်သို့တည်ဆောက်နိုင်မည်ကို အကြံဉာဏ်များပေးထားပါသည်။ ထို့အပြင် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် အင်စတီကျူးရှင်းများ အသွင်ကူးပြောင်းခြင်းဖြစ်စဉ်များအတွက် အထောက်အပံ့ဖြစ်စေရန် ဝန်ဆောင်မှုအဖွဲ့အစည်းများအချင်းချင်း ဆက်ဆံရေးကို မည်သို့မည်ပုံတည်ဆောက်ရမည်နှင့် ပတ်သက်သည့် ကျယ်ပြန့်သော အကြံဉာဏ်များကိုလည်း ပေးထားပါသည်။ ထို့နောက် နိုင်ငံတကာကူညီထောက်ပံ့ရေးအဖွဲ့များအနေနှင့် ထိုဖြစ်စဉ်ကိုအထောက်အကူဖြစ်စေရန် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို သုံးသပ်တင်ပြထားပါ သည်။

## ၆.၁ ပြည်တွင်းဝန်ဆောင်မှုအဖွဲ့များ ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

*ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် အခြေခံများကိုတည်ဆောက်ခြင်း*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်နေသော ကာလကြာရှည်တည်မြဲခဲ့သည့် ဝန်ဆောင်မှုစနစ်များသည် မြင်သာသည့် အနာဂတ်ကာလတွင်လည်း သီးခြားလွတ်လပ်စွာဆက်လက်တည်ရှိနေဦးမည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းအဖွဲ့အစည်းများနှင့် အစိုးရတို့၏ ရေရှည်ရည်မှန်းချက်ပန်းတိုင်များ၊ အဖွဲ့အစည်းဆိုင်ရာဝိသေသများနှင့် ဦးစားပေးမှုများသည် အံဝင်ခွင်ကျဖြစ်ခြင်း မရှိသေးသောကြောင့်ဖြစ်သည်။ သို့ရာတွင် အစိုးရနှင့် တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့အစည်းများ၏ ဘုံရည်မှန်းချက်ပန်းတိုင်များကြောင့် ရပ်ရွာအဆင့်နှင့် အဖွဲ့အစည်းအဆင့်တို့တွင် ဘုံဦးတည်ချက်များချမှတ်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ကြမည်ဟူသော ဘုံစိတ်ဆန္ဒရှိနေခြင်းကြောင့်လည်း ဆက်ဆံရေးများ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များနှင့် အစိုးရဝန်ဆောင်မှုအေဂျင်စီများအကြားတွင် ရေရှည်ရည်မှန်းချက်ပန်းတိုင်များသိသိသာသာကွဲပြားခြားနားသည်။ ဥပမာဆိုရလျှင် ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အစိုးရကကတိပြုရပြီး တိုင်းရင်းသားအဖွဲ့အစည်းများကမူ ဗဟိုချုပ်ကိုင်မှုမရှိသော ဝန်ဆောင်မှုအဖွဲ့အစည်းများပေါ်ထွက်လာရေးကို လိုလားသည်။ ယင်းမတူညီမှုများကို အနှောင့်အယှက်အဟန့်အတားအဖြစ်မြင်စရာမလိုသလို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲနေရန်လဲ မဖြစ်နိုင်ပါ။

ရေတိုကာလတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံများကိုရှာဖွေရန်လုပ်ဆောင်နေချိန်၌ ဆက်ဆံရေးတည်ဆောက်ခြင်းကြောင့် လတ်တလောအကျိုးပေါ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများအနေနှင့် ဆက်ဆံရေးတည်ဆောက်မှုအပေါ် ပိုမိုယုံကြည်လာကြမည်ဖြစ်သည်။ တပြိုင်နက်တည်းမှာပင် မိမိတို့အဖွဲ့အစည်းများ၏ ရေရှည်ရည်မှန်းချက်ပန်းတိုင်များအတွက်လည်း ဆက်လက်ဦးတည်ဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်းများကိုရရှိနေမည်ဖြစ်ပါသည်။

အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား နိုင်ငံရေးအငြင်းအခုံများ ဆက်လက်ဖြစ်ပွားနေစဉ်တွင် နှစ်ဖက်စလုံးမှ ဝန်ဆောင်မှုအဖွဲ့အစည်းများအနေနှင့် မိမိတို့၏လုပ်ငန်းများကို ငြိမ်းချမ်းရေးဖြစ်စဉ်၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ချိန်သားကိုက်ပြီး ဟန်ချက်ညီအောင်လုပ်ဆောင်နိုင်ပါက အကျိုးကျေးဇူးများနိုင်မည်ဖြစ်သည်။ ဥပမာ စစ်တပ်များလိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်နှင့်ပတ်သက်ပြီး နှစ်ဦးနှစ်ဖက်သဘောတူညီမှု တည်ဆောက်ပြီးပါက နှစ်ဘက်ဝန်ဆောင်မှုအဖွဲ့အစည်းများ အောက်ခြေတွင်လက်တွဲလုပ်ဆောင်ရန် အခြေအနေပိုပေးလာမည်

ဖြစ်သည်။ အလားတူပင် တစ်ပြည်လုံးအတိုင်းအတာဖြင့် နိုင်ငံရေးဆွေးနွေးမှုများစတင်လာချိန်၌ လူမှုဝန်ဆောင် မှုအင်စတီကျူးရှင်းများကို မည်သို့မည်ပုံပြုပြင်ပြောင်းလဲသင့်ကြောင်းကို နှစ်ဖက်ဝန်ဆောင်မှုအဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်သူအားလုံးပါဝင်သော ဆွေးနွေးပွဲများဖြင့် ဆွေးနွေးဖော်ထုတ်နိုင်သည်။ ထိုကဲ့သို့သော လုပ်ငန်းရပ်များကို မသင့်လျော်သောအချိန်တွင် ဆောင်ရွက်မိပါက ဆွေးနွေးပွဲအောင်မြင်မှုအတွက် အဟန့်အတား ဖြစ်စေရုံသာမက ငြိမ်းချမ်းရေးဆွေးနွေးမှုများကိုပင် ထိခိုက်ပျက်ပြားစေနိုင်သည်။

ထို့အပြင် ဝန်ဆောင်မှုအဖွဲ့အစည်းများအနေနှင့် ၎င်းတို့၏မိခင်အဖွဲ့အစည်းကိုင်စွဲနေသောနိုင်ငံရေးလမ်းစဉ်များ နှင့်သွေဖီနေသည်ဟု ခေါင်းဆောင်များက ရှုမြင်လာပါက ၎င်းတို့၏ဆောင်ရွက်ချက်များအပေါ် တားမြစ်ကန့်သတ် မှုများကြုံလာရနိုင်သည်။ ထို့ကြောင့်အဖွဲ့အစည်းများသည် မိမိတို့ဖွံ့ဖြိုးမည့်လမ်းကြောင်းနှင့် အချိန်အတိုင်းအဆကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့် ချိန်သားကိုက် ထားနိုင်ရေးမှာ အလွန်အရေးကြီးပြီး၊ အနာဂတ်တွင်ပြောင်းလဲလာနိုင်သည့် အုပ်ချုပ်ရေးစနစ်ပုံစံများနှင့်ပါ အံဝင်အောင် ကြိုတင်စီစဉ်ထားရမည် ဖြစ်သည်။ ဝန်ဆောင်မှုနယ်ပယ်အတွင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းများ၏ ရေရှည်အောင်မြင်မှုမှာ အခြားနိုင်ငံ ရေးပြဿနာများအတွက် အဖြေများကိုရှာဖွေရာတွင် အောင်မြင်မှုအတိုင်းအတာနှင့် ဟန်ချက်ညီအောင်ဆောင် ရွက်ထားနိုင်မှသာ အာမခံနိုင်သော အချင်းအရာ ဖြစ်သည်။

HCCG နှင့် ကရင်၊ ကရင်နီပညာရေးအဖွဲ့အစည်းများ [102] ကဲ့သို့အဖွဲ့များကအစဆိုပြုထားသော ရှင်းလင်းပြီး ပွင့်လင်းမြင်သာမှုအပြည့်ရှိသည့် မဟာဗျူဟာများသည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများ အချင်းချင်းကြား ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်မှုကို ချိန်သားကိုက်နိုင်ရေးအတွက် အထောက်အပံ့များပေးနိုင်သော အခြေခံကောင်းများပင် ဖြစ်သည်။ အစိုးရနှင့် တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များအချင်းချင်းကြားတွင် ငြိမ်းချမ်း ရေးဖြစ်စဉ်၏ အဆင့်အသီးသီး၌ မည်သည့်အခြေခံများဖြင့် အချင်းချင်းပူးပေါင်းဆောင်ရွက်ကြမည်ကို ကြိုတင် သဘောတူညီချက်ရယူထားနိုင်လျှင်လည်း နှစ်ဖက်အကျိုးများနိုင်ပါသည်။

ပူးပေါင်းဆောင်ရွက်ရေးအတွက် ခြေလှမ်းများချမှတ်ရာတွင် လက်ရှိရှိပြီးသားစွမ်းဆောင်ရည်များနှင့် လုပ်ငန်းစဉ် များအပေါ် အခြေခံ၍ဆောင်ရွက်ရန်အလွန်အရေးကြီးသည်။ ဥပမာအားဖြင့် နှစ်ဘက်အဖွဲ့အစည်းများအကြား တွင် ပုံမှန်သတင်းဆက်သွယ်မှုရှိနေသည့်နေရာများနှင့် အောက်ခြေအဆင့်တွင် လုပ်ငန်းများပူးတွဲအကောင် အထည်ဖော်နေကြသည့် နေရာများကို အရင်ရှာဖွေရမည်ဖြစ်သည်။ ဥပမာ ယခင်ကတည်း တိုင်းရင်းသား ဝန်ဆောင်မှုအဖွဲ့များနှင့် ပညာရေးဝန်ကြီးဌာနတို့အကြား ဆက်ဆံရေးရှိပြီးဖြစ်နေသော ဒေသအများစုတွင် ထိုဆက်ဆံရေးကို တရားဝင်ဖြစ်အောင်ပြုလုပ်ပြီး ပိုမိုစနစ်တကျတည်ဆောက်လာနိုင်အောင် လုပ်ဆောင်နိုင် မည်ဖြစ်ပါသည်။

*ယုံကြည်မှုတည်ဆောက်ခြင်း - နှစ်ဘက်ဝန်ဆောင်မှုအဖွဲ့အစည်းများအကြားတွင်ရှိနေသော တင်းမာမှုများ ကို လျော့ပါးအောင်ပြုလုပ်ခြင်း*

ရေတိုကာလတွင် ယုံကြည်မှုတည်ဆောက်ရေးအတွက် အကြီးအကျယ်အဟန့်အတားဖြစ်စေသော အကြောင်း အရာများစွာကျန်ရှိနေပါသည်။ ယင်းတို့ကို ဝန်ဆောင်မှုပေးသူများအချင်းချင်းနှင့် ၎င်းတို့၏သက်ဆိုင်ရာအာဏာ ပိုင်များအကြားတွင် စေ့စပ်ညှိနှိုင်းခြင်းနည်းများဖြင့် ဖြေရှင်း၍ရတန်ရာရှိသည်။ အကယ်၍ကောင်းမွန်စွာစီမံခန့်ခွဲ နိုင်ပါက အောက်တွင်ဖော်ပြထားသော အဟန့်အတားများကို ကျော်လွှားပြီး အဓိပ္ပါယ်ရှိသော အပြောင်းအလဲများ နှင့် ယုံကြည်မှုတည်ဆောက်ခြင်းကို ပံ့ပိုးခြင်းများကို သက်ဆိုင်ရာ ရပ်ရွာလူထုများအကြားတွင်ဖြစ်စေ၊ အာဏာ ပိုင်အချင်းချင်းကြားတွင်ဖြစ်စေ ဆောင်ရွက်နိုင်မည့် အလားအလာများရှိသည်။

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ဆက်စပ်သော ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် သီးခြားလွတ် လပ်စွာဆောင်ရွက်သော အရပ်ဘက်အဖွဲ့အစည်းများမှဝန်ထမ်းများသည် အချို့သောဒေသများတွင်

လုံခြုံရေးအရ ခြိမ်းခြောက်မှုများကို ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ အစိုးရလုံခြုံရေးတပ်ဖွဲ့များက ၎င်းတို့ကိုစောင့်ကြည့်ထောက်လှမ်းနေခြင်း၊ ထိပါးနှောင့်ယှက်ခြင်းနှင့် လာဘ်ငွေတောင်းခံခြင်းများကို အဓိက ကြုံတွေ့ကြရသည်။

- အချို့သောဒေသများတွင် တစ်ခါတစ်ရံ အလှူရှင်များနှင့် နိုင်ငံတကာအန်ဂျီအိုများ၏ ကျောထောက်နောက်ခံပြုမှုဖြင့် ဖွံ့ဖြိုးရေးမဟာဗျူဟာများကို အစိုးရက အကောင်အထည် ဖော်ဆောင်ရွက်သည်။ သို့ရာတွင် ထိုမဟာဗျူဟာများသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်စပ်နေသော လက်ရှိဝန်ဆောင်မှု ပေးနေသည့် စနစ်များကို လျစ်လျူရှုထားခဲ့သည်။ ထိုသို့ဘေးဖယ်ထားခြင်းကြောင့် တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့များ အုပ်ချုပ်သည့် ဒေသများအတွက်ဖွံ့ဖြိုးရေးကို နှောင့်နှေးစေမည့်အပြင် တိုင်းရင်းသား အဖွဲ့အစည်းများ အတွက် ထိခိုက်နာကျင်စရာလည်းဖြစ်နေသည့်အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိခိုက် စေနိုင်သည်။
- အငြင်းပွားရာဒေသများတွင် စီမံချက်များကို အကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာအဖွဲ့အစည်းအား လုံး၏ သဘောတူအသိအမှတ်ပြုမှုကို ရယူထားခြင်းမရှိသဖြင့် အငြင်းအခုံများကို ပေါက်ဖွားစေမည်ဖြစ်သည်။ ထိုသို့သောဆုံးဖြတ်ချက်များကို မည်သူချမှတ်သင့်သည် ဆိုသောအချက်မှာ အမြဲထာဝရအငြင်း အခုံဖြစ်စေနိုင်သော အချက်ဖြစ်သည်မှန်သော်လည်း ရေတိုတွင်မူ ပဋိပက္ခနှင့် ရှုပ်ထွေးမှုများကိုရှောင် လျားနိုင်ရန်အတွက် ဆုံးဖြတ်ချက်ပူးတွဲချမှတ်သည့် စနစ်များကိုတည်ထောင်ကျင့်သုံးသင့်သည်။
- ထို့အပြင် အငြင်းအခုံများနှင့် ပိုမိုကျယ်ပြန့်သော တင်းမာမှုများဖြစ်ပွားရာအကြောင်းရင်းများရှိနေသဖြင့် ယင်းတို့ကိုကိုင်တွယ်ဖြေရှင်းနိုင်ရန် စနစ်တစ်ခုကိုတည်ထောင်ထားသင့်သည်။ ဥပမာ တိုင်းရင်းသား ဝန်ဆောင်မှုအဖွဲ့များမှ ကျောင်းဆရာများ လစာပိုကောင်းသော ပညာရေးဝန်ကြီးဌာနဘက်သို့ အလုံး အရင်းနှင့်ပြောင်းရွှေ့သွား ခြင်းကဲ့သို့သော ကိစ္စရပ်များကို ပဋိပက္ခသစ်များအတွက် မီးပွားတစ်ခုအဖြစ် ရောက်မလာမီ နှစ်ဦးနှစ်ဖက်တွေ့ဆုံပြီး ဆွေးနွေးဖြေရှင်းထားသင့်သည်။

*အဖွဲ့အစည်းဆိုင်ရာ ဆက်ဆံရေးများ*

ရေရှည်တွင် ဝန်ဆောင်မှုအဖွဲ့အစည်းအားလုံးအတွက် ဆက်ဆံရေးများကို တရားဝင်ပုံမှန်ပြုလုပ်နိုင်ရန်နှင့် စနစ် ဘောင်တစ်ခုအသွင်ဖြစ်ထွန်းလာစေရန်နှင့် ဖိုရမ်များကျင်းပနိုင်ရန်အတွက် လိုအပ်ချက်များကို တစ်ဆင့်ချင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။ အလွတ်တမ်းတွေ့ဆုံမှုများသည် ကနဦးအဆင့်များတွင် လုပ်ရိုးလုပ်စဉ်ဖြစ်ပြီး အရေးပါသော်လည်း တစ်ဦးနှင့်တစ်ဦးကြားအပေါ်ယံနားလည်ထားခြင်းသည် ရေရှည်တည်တံ့နိုင်မည်မဟုတ်ပါ။ ပုံမှန်တွေ့ဆုံဆွေးနွေးခြင်းများသည်သာ ယုံကြည်မှုတည်ဆောက်ရာတွင် အဓိကကျပြီး သဘောတူညီမှုများကို လည်းတရားဝင်အောင်စာဖြင့် ရေးသားမှတ်တမ်းတင်ထားနိုင်ရန် လိုအပ်သည်။

အစိုးရဝန်ကြီးဌာနများသည် ဗဟိုချုပ်ကိုင်သည့်ဌာနများဖြစ်နေသည့်တိုင်အောင် တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့ အစည်းများနှင့်ပြည်ထောင်စုအဆင့်တာဝန်ရှိသူများအကြား ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ဒေသတွင်းအခြေ အနေတွင် အဓိပ္ပါယ်ရှိသော ပေါင်းစပ်ညှိနှိုင်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။ ပြည်ထောင်စုအဆင့်တာဝန်ရှိသူများက အသိအမှတ်ပြုမှုသာ အောက်ခြေပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ တာဝန်ရှိသူများအနေနှင့် တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန် ယုံကြည်မှုရှိလာ မည် ဖြစ်သည်။ တဖန် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုသည်လည်း အောက်ခြေအဆင့်ပူးပေါင်းဆောင်ရွက်မှု များကြောင့် ပိုမိုအားကောင်းလာနိုင်သေးသည်။ ဥပမာ နှစ်ဘက်ကျောင်းဆရာများအချင်းချင်း ဆက်ဆံရေး ကောင်းမွန်လာစေရန်အတွက် အသိပညာပေးသင်တန်းများဖွင့်လှစ်ခြင်းကဲ့သို့သော ကိစ္စများသည် ဒေသတွင်းအဆင့် တွင်ယုံကြည်မှုကို မြင့်မားစေရုံသာမက ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက်လည်း ယုံကြည်မှုနှင့် အခြေခံကောင်းများကို တည်ဆောက်ပေးနိုင်သည်။

ဆက်ဆံရေးများဖြစ်ထွန်းလာပြီး နီးနီးကပ်ကပ်ညှိနှိုင်းဆောင်ရွက်နိုင်မည့်အခြေခံကောင်းများပေါ် ပေါက်နေသည့် နည်းတူ ပေါင်းစပ်ညှိနှိုင်းမှုများဆက်လုပ်နိုင်မည့်နယ်ပယ်များမှာ အောက်ပါတို့ဖြစ်ကြသည်။

- **ပူးပေါင်းမူဝါဒရေးဆွဲရေးအတွက် အခြေခံများတည်ဆောက်ခြင်း။** မူဝါဒများမှာကဏ္ဍတစ်ခုနှင့် တစ်ခုကွာခြားနိုင်သည်။ ဥပမာများမှာ အခြေခံပညာမူလတန်းအဆင့်တွင် ကလေးဗဟိုပြုသင်ယူမှုများ ဖြစ်လာစေမည့် ပူးတွဲမူဝါဒများနှင့် ငှက်ဖျားရောဂါကိုင်တွယ်ဖြေရှင်းရေး (ဥပမာ တိုက်ဖျက်ရေးလား၊ ထိန်းချုပ်ရေးလား) နည်းဗျူဟာများစသည်တို့ဖြစ်သည်။
- **တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့အစည်းများမှာ ဝန်ထမ်းများကိုတရားဝင်အသိအမှတ်ပြုနိုင်မည့် စနစ်တည်ထောင်ခြင်း။** အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းနှင့် အရည်အသွေး အာမခံချက်ပေးခြင်းတို့အတွက် စံသတ်မှတ်ခြင်းတို့သည် မြင်သာသော ရည်မှန်းချက်များဖြစ်သော်လည်း လက်တွေ့ အခက်အခဲများ ကျန်နေဦးမည်ဖြစ်သောကြောင့် အခြားနည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားထား ရမည်။ တိုင်းရင်းသားအဖွဲ့အစည်းများမှ ဝန်ထမ်းများကို အရည်အသွေးအသိအမှတ်ပြုရာတွင် ၎င်းတို့ကို သင်တန်းအသစ်များ အချိန်များပြားစွာတက်ခိုင်းခြင်းမပြုပဲ ၎င်းတို့တွင်ရှိထားပြီးသော အတွေ့ အကြုံနှင့် လေ့ကျင့်သင်ကြားခဲ့မှုများကို အသိအမှတ်ပြုပေးမည့်စနစ်မျိုး တည်ထောင်နိုင်ရန် လိုအပ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ယုံကြည်မှုတည်ဆောက်ခြင်းကို ပံ့ပိုးပေးနိုင်ပြီး အချိန်နှင့် အရင်းအမြစ်များ ကိုလည်း ချွေတာရာရောက်ပါသည်။
- **နှစ်ဘက်ပူးတွဲစမ်းသပ်စီမံချက်များဆောင်ရွက်နိုင်ရန်အတွက် ဘုံရည်မှန်းချက်များကို အမြဲတမ်းတက်ကြွစွာရှာဖွေနေခြင်း။** အချို့သောအခြေအနေများတွင် ကွင်းဆင်းဝန်ထမ်းများကြား၌ ဘုံရည်မှန်းချက်များ ပိုမိုထပ်တူကျနေတတ်သည်။ ကွင်းဆင်းပြီး စီမံချက်များပူးတွဲလုပ်ဆောင်ခြင်းသည် ရပ်ရွာပြည်သူများ အကြားတွင် ယုံကြည်မှုကို တိုးတက်စေပါသည်။ ထို့အပြင် သက်ဆိုင်ရာဝန်ဆောင်မှုနယ် ပယ်နှင့် တိုက်ရိုက်ဆက်စပ်ခြင်းမရှိသော အခြားဘုံရည်ရွယ်ချက်များ (ဥပမာ- နိုင်ငံသားစိစစ်ရေးကတ် ပြားများဝေငှခြင်း) လည်းရှိနိုင်သည်။
- **ဝေါဟာရများနှင့် စနစ်များကို စံသတ်မှတ်ခြင်းနှင့် ဒေသတွင်းသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်း။** ယင်းသည် မူဝါဒနှင့် အကောင်အထည်ဖော်ခြင်းနယ်ပယ်၌ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အရေးအကြီးဆုံးသော ပထမခြေလှမ်းဖြစ်လာနိုင်သည်။
- **ပူးတွဲလေ့ကျင့် သင်တန်းပေးမှုအစီအစဉ်များ ရေးဆွဲသတ်မှတ်ရာတွင် တစ်ဖက်၏အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို အခြားတစ်ဖက်မှ သင်ကြားနားလည်နိုင်ရန်ရည်ရွယ်၍ဆောင်ရွက်ခြင်း။**[103]

ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်သည် ထိရှလွယ်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများမှာလည်း ကနဦးအဆင့် တွင်သာရှိနေချိန်၌ သီးခြားလုပ်ပိုင်ခွင့်များရှိထားပြီးသော အသွင်ကူးပြောင်းရေးဆိုင်ရာအဖွဲ့အစည်းများအနေနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြင့်မားလာရေးအတွက် စောင့်ကြည့်လေ့လာပေးပြီး ရှိပြီးသားဖွံ့ဖြိုးမှုများကို ပိုမို တိုးတက်လာအောင် ဆောင်ရွက်ပေးဖို့လိုအပ်သည်။ HCCG သည် အလားတူ တိုင်းရင်းသား ဝန်ဆောင်မှုအဖွဲ့အစည်းများကြားရှိ ဥပမာကောင်းတစ်ခုဖြစ်သည်။ ယင်းသည်ဝန်ဆောင်မှုအဖွဲ့အစည်း အများအပြားရှိနေသော ဒေသများတွင် အလုပ်ဖြစ်နိုင်သော ရေရှည်ဝန်ဆောင်မှုမဟာဗျူဟာများကို ရေးဆွဲရန်အတွက် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။

ပါဝင်ပတ်သက်သော အဖွဲ့အစည်းများကြားတွင် စိတ်အားထက်သန်မှုများရှိနေပါက အစိုးရနှင့် တိုင်းရင်းသား ဝန်ဆောင်မှုအဖွဲ့များအနေနှင့် ပုံမှန်တွေ့ဆုံကျင်းပသွားရန်ရှိသည့် တရားဝင်ကော်မတီများ (နှစ်ဘက်အဖွဲ့ အစည်းများပါသောကော်မတီများနှင့် အဖွဲ့ပေါင်းစုံကော်မတီများ) ကိုဖွဲ့စည်းတည်ထောင်နိုင်သည်။ ယင်းကော် မတီများသည် ပူးတွဲရပ်တည်ချက်များနှင့် မူဝါဒများကိုရေးဆွဲသတ်မှတ်နိုင်ပြီး ဖြစ်ပေါ်တိုးတက်မှုကိုလည်းစောင့် ကြည့်လေ့လာနိုင်ပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များအားလုံးတွင် ကျန်းမာရေးမဟာဗျူဟာများအကောင်အထည်ဖော်ရေးအတွက် တစ်လတစ်ကြိမ်ပုံမှန်တွေ့ဆုံသော ကျန်းမာရေးကော်မတီများဖွဲ့စည်းထားရှိပြီး၊ အခြားလူမှုဝန်ဆောင်မှုကဏ္ဍများအတွက်လည်း အလားတူကော်မတီမျိုးများရှိနိုင်သည်။ ယင်းအစည်းအဝေးများသို့ တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့အစည်းများလည်း ပါဝင်တက်ရောက်နိုင်မည့် အလားအလာများကို ရှာဖွေရမည်။ တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များ၏ ဝန်ဆောင်မှုများကိုအသုံးပြုနေသူသိန်းပေါင်းများစွာရှိသောဒေသများတွင် ပြီးပြည့်စုံပြီးရေရှည်တည်တံ့နိုင်သောဖွံ့ဖြိုးရေးမဟာဗျူဟာများရေးဆွဲရာတွင် တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များ ၏ အကြံပြုဆွေးနွေးချက်များက အလွန်တန်ဖိုးရှိမည်ဖြစ်သည်။ အခြားအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေပြီးသော အစိုးရဌာနများကိုလည်း ဤနေရာတွင်ထည့်သွင်းစဉ်းစားနိုင်သည်။

ထိုသို့အဖွဲ့အစည်းအဆင့်တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်သည့် ယေဘုယျသင်ခန်းစာများကို တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့အစည်းများအကြားပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများဖြစ်ပေါ်လာစေရန် အတွက် လက်ရှိကြိုးပမ်းအားထုတ်မှုများမှ ရယူနိုင်ပါသည်။ HISWG နှင့် မြန်မာနိုင်ငံအရှေ့ပိုင်းရပ်ရွာအခြေပြုစာသင်ကျောင်းစီမံချက် (EBCSP) နှင့် မြန်မာနိုင်ငံအတွင်းဌာနေတိုင်းရင်းသားများ၏ ပညာရေးကွန်ရက် (MINE) တို့ကဲ့သို့အဖွဲ့များတွင် မတူကွဲပြားသောအခါအခေါ်များကို စံသတ်မှတ်ထားသော ဝေါဟာရများဖြစ်လာစေရန် ဆောင်ရွက်ခြင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ဝန်ဆောင်မှုပေးသည့်အတွေ့အကြုံများကို လေ့လာသင်ယူခြင်း၊ မူဝါဒနှင့်လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းများထပ်နေခြင်းနှင့် အချင်းချင်းပြိုင်ဆိုင်မှုများကို လျှော့ချနိုင်ရေးစသည်တို့အတွက် ပူးပေါင်းဆောင်ရွက်ခဲ့သော အတွေ့အကြုံများရှိနေသည်။

*အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲရေးကို မျှော်ရည်ကြည့်ခြင်း*

နစ်ဘက်အပစ်အခတ်ရပ်စဲရေးကြောင့် သက်ဆိုင်ရာဝန်ဆောင်မှုအဖွဲ့အစည်းနစ်ခုကြားတွင် အပြန်အလှန်တွေ့ဆုံဆွေးနွေးမှုများပေါ်ပေါက်လာနိုင်အောင် လမ်းဖွင့်ပေးသလို တစ်ပြည်လုံးအတိုင်းအတာနှင့်အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ပြီးပါက တစ်နိုင်ငံလုံးရှိ ဝန်ဆောင်မှုအဖွဲ့အစည်းများအားလုံးပါဝင်သော အဖွဲ့ပေါင်းစုံဆွေးနွေးပွဲမျိုးပေါ်ပေါက်လာနိုင်သည်။ အကယ်၍နိုင်ငံရေးနယ်ပယ်တွင် ပိုမိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲရေးများအတွက် ဖြစ်ပေါ်တိုးတက်မှုများရှိလာပါက အမျိုးသားအဆင့် လူမှု မူဝါဒဆိုင်ရာပြဿနာများဖြေရှင်းနိုင်ရေးအတွက် သော့ချက်များဖြစ်လာနိုင်သည်။ ယင်းသည် လူမှုဝန်ဆောင်မှုများကို အမြဲတမ်းဆောင်ရွက်ပေးမည့် အောက်ပါအချက်များနှင့်ပြည့်စုံသော အဖွဲ့အစည်းများဖြစ်ထွန်းလာရေးအတွက် အခြေခံကောင်းများကို ချမှတ်ပေးသည်။

- ဒေသတိုင်းရှိနေထိုင်သူများအားလုံးအတွက် ဝန်ဆောင်မှုများကိုတန်းတူလက်လှမ်းမီစေရန် ဆောင်ရွက်ပေးခြင်း
- ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် ၎င်းတို့ကို ကျောထောက်နောက်ခံပေးထားသော လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးအဖွဲ့အစည်းများ အချင်းချင်းကြားတွင် အငြင်းပွားခြင်း၊ ဘက်ပြိုင်ခြင်းများဖြစ်နိုင်ချေများကို လျှော့ချပေးနိုင်ခြင်း
- တိုင်းရင်းသားအဖွဲ့အစည်းအသီးသီး၏ ခေါင်းဆောင်ပိုင်းများအကြားတွင် တန်းတူညီမျှမှုတန်ဖိုးများကို လက်ခံကျင့်သုံးလာစေရန် တည်ဆောက်ပေးခြင်း

ထိုသို့သောအဖွဲ့အစည်းများကိုတည်ထောင်ခြင်းနှင့်အတူ ဝန်ဆောင်မှုများပိုမိုပူးပေါင်းခြင်းများလည်း ဖြစ်ပွားနိုင် သည်။ အကယ်၍ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများက အခွင့်အလမ်းပေးလာပါက ဝန်ဆောင်မှုစနစ်များအချင်းချင်းပေါင်းစပ်ခြင်းမျိုးကိုပင် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ သို့ရာတွင် ထိုသို့ဖြစ်ထွန်းရေးအတွက်မှာ နိုင်ငံရေးအရဖြေရှင်းအောင်မြင်မှုများ၏ သဘောသဘာဝနှင့် ပိုမိုကျယ်ပြန့်သော နိုင်ငံလုံးဆိုင်ရာအသွင်ကူးပြောင်းရေး ဖြစ်စဉ် ၏

မျက်နှာစာများအပေါ် အခြေခံနေသည်။ ထို့ကြောင့် အဖွဲ့အစည်းအသွင်းကူးပြောင်းရေးကို ယင်းဖြစ်စဉ်များ ထက်ရှေ့စောပြီး ကြိုတင်လျာထားသတ်မှတ်ခြင်းများမလုပ်သင့်ပါ။

## ၆.၂ ထောက်ပံ့ကူညီရေးအဖွဲ့အစည်းများအတွက် လမ်းညွှန်

ဝန်ဆောင်မှုဆောင်ရွက်နိုင်သောနယ်ပယ်ဒေသများ ထင်သာမြင်သာတိုးတက်လာခြင်းနှင့် ပဋိပက္ခဖြစ်ပွားနေ သော အဖွဲ့အစည်းများအကြားဆက်ဆံရေးများတိုးတက်ကောင်းမွန်လာခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ အငြင်း ပွားရာဒေသများတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုကို အထောက်အပံ့ပေးနိုင်ပါသည်။ ယခုနောက်ဆုံးအခန်းတွင် ထောက်ပံ့ကူညီရေးအဖွဲ့အစည်းများအနေနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင်သုံးမည့်အရင်းအမြစ်များကို အထက်ပါဖြစ်ပေါ်တိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်မည်သို့သုံးနိုင်မည်ဆိုသည်နှင့် ထိုရည်ရွယ်ချက်များ အောင်မြင်စေရန်အထောက်အပံ့ဖြစ်မည့် ကျယ်ပြန့်သော ဝန်ဆောင်မှုစနစ်များကို မည်သို့ဖွဲ့စည်းတည်ထောင်နိုင် သည်ဟူသော အကြံဉာဏ်များကို ပေးသွားရန်ရည်ရွယ်ပါသည်။

*ပဋိပက္ခသဘာဝကို နားလည်သဘောပေါက်ခြင်း*

အနိမ့်ဆုံးအနေနှင့် ယခုလေ့လာမှုတွင်တင်ပြထားသော ပဋိပက္ခဖြစ်နိုင်သည့်အခြေအနေများကို ထောက်ပံ့ကူညီ ရေးအစီအစဉ်များ၏ ဒီဇိုင်းနှင့် အကောင်အထည်ဖော်ရေးအဆင့်များတွင် အပြည့်အဝထည့်သွင်းစဉ်းစားပေးရန် လိုအပ်သည်။ ယင်းကို ငြိမ်းချမ်းရေးတည်ဆောက်မှုတွင်သာမက ဖွံ့ဖြိုးမှုမြှင့်တင်ခြင်းနှင့် ဝန်ဆောင်မှုများဆောင် ရွက်ခြင်းတို့တွင်လည်း ထည့်သွင်းစဉ်းစားထားရန်လိုအပ်သည်။ အငြင်းပွားနေသော ဒေသများတွင် ထောက်ပံ့ ကူညီရေးများကို မည်သို့ဆောင်ရွက်သင့်သည်နှင့်ပတ်သက်သည့် လမ်းညွှန်နိယာမများကို ဖော်ထုတ်ရေးဆွဲထား ပြီး ထောက်ပံ့ရေးအစီအစဉ်များ ယင်းလမ်းညွှန်ချက်များနှင့်ကိုက်ညီခြင်းရှိမရှိ စစ်ဆေးနေခြင်းသည် အရေးပါသော စမှတ်ဖြစ်ပါသည်။

အငြင်းပွားဒေသအတွင်းဆောင်ရွက်သော လူမှုဝန်ဆောင်မှုအစီအစဉ်များအားလုံးသည် ငြိမ်းချမ်းရေးဖြစ်စဉ် အပေါ် ယုံကြည်မှုအပေါ် အပြုသဘောဖြစ်စေ၊ အဖျက်သဘောဖြစ်စေ သက်ရောက်မှုရှိသည်။ အပစ်အခတ်ရပ်စဲ ရေးက ထောက်ပံ့ရေးအစီအစဉ်များကျယ်ပြန့်စွာဆောင်ရွက်ရန် ခွင့်ပြုသောဒေသများတွင် ထိုအစီအစဉ်များ၏ အကျိုးသက်ရောက်မှုကို အပစ်အခတ်ရပ်စဲရေး၏ တိုက်ရိုက်အကျိုးရလာဒ်အဖြစ် ဒေသခံများက ရှုမြင်ကြမည် ဖြစ်သည်။ ထောက်ပံ့ရေးများက ဝန်ဆောင်မှုများကိုတိုးတက်စေပြီး အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ဒေသခေါင်းဆောင်များအကြားဆက်ဆံရေးကိုတိုးတက်စေပါက ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည်မှု ကိုလည်းတိုးတက်စေမည်ဖြစ်သည်။ ဆန့်ကျင်ဘက်အနေနှင့် ထောက်ပံ့ကူညီရေးများသည် ဒေသအတွင်း တင်းမာမှုနှင့် ရှုပ်ထွေးမှုများကိုဖြစ်စေခြင်းနှင့် အစိုးရတစ်ခုတည်းကိုထောက်ပံ့နေခြင်းဖြစ်ကြောင်း ထင်မြင်ခံရပါ က အပစ်အခတ်ရပ်စဲရေးအပေါ် ယုံကြည်မှုများပျောက်ပျက်သွားနိုင်သည်။ ထို့ကြောင့် ထောက်ပံ့ကူညီရေးများ ကို ပဋိပက္ခအကြောင်း ကောင်းစွာသိနားလည်ထားပြီးသော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းက သော့ချက်ကျ သည်။

အငြင်းပွားရာဒေသအတွင်း စီမံချက်များဆောင်ရွက်နိုင်ပါက ယုံကြည်မှုတည်ဆောက်ရေးအပေါ် သက်ရောက်မှု ကြီးမားစွာရှိစေသည်။ ထို့ကြောင့် နိုင်ငံတကာအန်ဂျီအိုအနေနှင့် အစိုးရကျောင်းသို့မဟုတ် ဆေးပေးခန်းဆောက် လုပ်ရန်အစီအစဉ်ရှိပါက ပထမဦးဆုံးအဆင့်အဖြစ် ဒေသအာဏာပိုင်များနှင့်ရပ်ရွာလူထုအား တိုင်ပင်ဆွေးနွေး ခြင်းပြုရမည်ဖြစ်သည်။ တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့အစည်းများက ဆယ်စုနှစ်ပေါင်းများစွာဝန်ဆောင်မှုများ ပေးခဲ့သောဒေသများဖြစ်ပါက ယင်းတို့နှင့်ပထမဦးဆုံးတိုင်ပင်ဆွေးနွေးသင့်သည်။ စီမံကိန်းများကို သက်ဆိုင်ရာ အာဏာပိုင်အားလုံးကခွင့်ပြုကြောင်း ရပ်ရွာလူထုကိုလည်း အာမခံချက်ပေးရမည်။ အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ကူညီရေး လုပ်ဆောင်နေသူများအနေဖြင့် ပုံစံ ၅ အမျိုးအစား အပစ်အခတ်ရပ်စဲရေး

ယူထားသောဒေသများတွင် ထိုသို့လုပ်ငန်းများလုပ်ဆောင်ရန် အထူးအလေးထားသင့်သည်။ ၎င်းဒေသများတွင် တင်းမာမှုများ မြင့်မားနေဆဲဖြစ်သည့်အပြင် မည်သူက မည်သည့်ဒေသအပိုင်းအခြား၊ မည်သည့်ဒေသခံများအပေါ် လုပ်ပိုင်ခွင့်အာဏာ သက်ရောက်သည်ကို ရှင်းလင်းစွာ မသိရှိနိုင်သောကြောင့်ဖြစ်သည်။ ရည်ရွယ်ချက်မှာ စီမံကိန်း ကွင်းဆင်းအကောင်အထည်ဖော်ပြီး တင်းမာမှုနှင့် ရှုပ်ထွေးမှုများဖြစ်မလာခင်ကတည်းက ဖြစ်လာနိုင်ချေရှိသည့် ပဋိပက္ခများကို ကြိုတင်စီစဉ်ရှောင်လွှဲထားရေးပင်ဖြစ်သည်။

အငြင်းပွားဒေသများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကိုဆွေးနွေးမည့် အစည်းအဝေးများတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုအဖွဲ့များအပါအဝင် သက်ဆိုင်ပတ်သက်သည့် အဖွဲ့များအားလုံး ပါဝင်ဆွေးနွေးနိုင်စေရေး ဆောင်ရွက်ထားရမည်ဖြစ်သည်။ နိုင်ငံတကာအန်ဂျီအိုများနှင့် ဒေသ အစိုးရများအကြား ပဋိပက္ခဒဏ်ခံဒေသများအတွက် ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲရာတွင်လည်း အထက်ပါလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပြီးဖြစ်ကြောင်း နိုင်ငံတကာအန်ဂျီအိုများက အတိုင်းအတာ တစ်ခုအထိ တာဝန်ယူရမည်။ ယင်းသည် သက်ဆိုင်ရာအဖွဲ့အစည်းများအကြားယုံကြည်မှုကို ထိန်းသိမ်းရာတွင် အရေးကြီးသလို ရေရှည်တွင်ငြိမ်းချမ်းရေးကိုအထောက်အပံ့ဖြစ်စေမည့် အဖွဲ့အစည်းဆိုင်ရာအပြုအမူများကို လည်း ကူညီလေ့ကျင့်ပျိုးထောင်နေခြင်းဖြစ်ပါသည်။

ဝန်ဆောင်မှုစနစ်များအားကောင်းစေရေးအတွက် ပံ့ပိုးဆောင်ရွက်မည့် ပမာဏကြီးမားသောနိုင်ငံတကာအကူ အညီများသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အဖွဲ့အစည်းများပြောင်းလဲဖြစ်ထွန်းမှုကို ရှောင်လွှဲမရသော အကျိုးသက်ရောက်မှုဖြစ်စေသည်။ ထို့ကြောင့် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို အနှောက် အယှက်ဖြစ်စေသော နည်းလမ်းများဖြင့်ဖွံ့ဖြိုးလာစေခြင်းမရှိရန် အစောပိုင်းအဆင့်များကတည်းက အကာ အကွယ်များနှင့် အထူးအစီအမံများကို ကြိုတင်ပြင်ဆင်ထားရမည်။ ငြိမ်းချမ်းရေးဖြစ်စဉ်သည် ပဋိပက္ခများဖြေရှင်း နိုင်ရေးအတွက် အုပ်ချုပ်ရေးနှင့် အခြားနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများပါဝင်သော ညှိနှိုင်းသဘောတူညီချက် ပေါ်ထွက်လာရန် အလားအလာရှိနေသည့်အလျောက် လူမှုဝန်ဆောင်မှုအဖွဲ့အစည်းများ တဖြည်းဖြည်းချင်းတိုး တက်ပြောင်းလဲရာတွင်လည်း ယင်းနိုင်ငံရေးအလာအလာများကို ထင်ဟပ်စဉ်းစားထားရမည်ဖြစ်သည်။ ယင်း အဖွဲ့အစည်းများတိုးတက်ပြောင်းလဲရေးကို နိုင်ငံတော်အဆင့်ဝန်ဆောင်မှုယန္တရားကြီးတစ်ခုလုံးကိုလွှမ်းခြုံသော ရှုထောင့်မှကြည့်ပြီး နိုင်ငံရေးညှိနှိုင်းမှုများ၏ ရလာဒ်အဖြစ် သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် ဒေသဆိုင်ရာ လုပ်ပိုင်ခွင့်များပိုပေးလာခဲ့လျှင်လည်း အဖွဲ့အစည်းများဘက်မှ အဆင်သင့်ဖြစ်နေစေရန် ပြင်ဆင်ဆောင်ရွက် ထားရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတကာထောက်ပံ့ရေးအဖွဲ့များအနေနှင့် ပဋိပက္ခဒဏ်ခံဒေသများနှင့် ထိရှဘေးဖြစ်လွယ်သော ဒေသများနှင့်ပတ်သက်ပြီး ၎င်းတို့၏ ကြိုတင်ထင်မြင်ယူဆချက်များကို ပြန်လည်မေးခွန်းထုတ်ထားရန်လိုအပ် သည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးတစ်ခုချင်းစီ၏ လုပ်ပိုင်ခွင့်နှင့် မြန်မာအစိုးရ၏ ဦးစားပေးအစီအစဉ်များ အကြားဟန်ချက်ညှိခြင်းကိုဆိုလိုသည်။ ထို့ကြောင့်အငြင်းပွားဒေသများတွင် အစိုးရ၏လုပ်ပိုင်ခွင့်ဘောင်အပြင် မဟာဗျူဟာများအတွင်း ဒေသတွင်းအနေဖြင့် တရားဝင်မှုရှိနေသော နိုင်ငံရေးအဖွဲ့အစည်းများအားလုံးပါဝင်ရေး၊ ဒေသခံပြည်သူများ၏ ကိုယ်ပိုင်ဦးစားပေးလိုအပ်ချက်များကို လုပ်ရိုးလုပ်စဉ်ထက်ပိုပြီး ဦးစားပေးထည့်သွင်းစဉ်း စားရေးတို့ပါဝင်သည်။

*ရေတိုကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်များနှင့်ဆက်စပ်သောဝန်ဆောင်မှုများအတွက် ထောက်ပံ့ကူညီ မှုများကို တိုးမြှင့်ခြင်း*

ရေတိုတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆက်စပ်သောဝန်ဆောင်မှုများကို နိုင်ငံတကာအကူအညီများက ကျော်လွှားသွားခြင်းသည် တိုင်းရင်းသားခေါင်းဆောင်များနှင့်ပြည်သူလူထုတို့အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ် အပေါ် ယုံကြည်မှုများကို ကျဆင်းစေမည်ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် ယင်းအဖွဲ့အစည်းများသို့လည်း

ထောက်ပံ့ကူညီမှုများပေးခြင်းဖြင့် ယုံကြည်မှုကိုသိသိသာသာတိုးတက်ကောင်းမွန်စေသည်။ တိုင်းရင်းသားလက်နက်ကိုင်များနှင့်ဆက်စပ်သော ဝန်ဆောင်မှုများသည်သာ ပဋိပက္ခဒေသများအတွင်းနေထိုင်သည့် သိန်းပေါင်းများစွာသောပြည်သူများအတွက် ဝန်ဆောင်မှုများပေးနေသည့် တစ်မျိုးတည်းသော အဖွဲ့အစည်းများ ဖြစ်သည်။ ယင်းအဖွဲ့အစည်းများသည် ဝန်ဆောင်မှုများဆက်လက်ဆောင်ရွက်ရန်အတွက် ရန်ပုံငွေရှာဖွေရေး အခက်အခဲများနှင့် ဆက်လက်ရင်ဆိုင်နေရပါက ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းများကို အကြီးအကျယ် ထိခိုက်စေမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွက် ရည်ရွယ်သည့်နိုင်ငံတကာအထောက်အပံ့များက ယင်းတိုင်းရင်းသားဝန်ဆောင်မှုကွန်ရက်များအနေဖြင့် သန်းပေါင်းများစွာသော ပြည်သူများအားဝန်ဆောင်မှုများပေးနိုင်ရန် ဆယ်စုနှစ်ပေါင်းများစွာ ကတည်းက ပံ့ပိုးဆောင်ရွက်ပေးလာခဲ့သည်။ လက်ရှိအချိန်တွင် အလှူရှင်အများအပြားမှာ မြန်မာအစိုးရနှင့် ပုံမှန်ထောက်ပံ့ကူညီရေးလမ်းကြောင်းများ ပြန်ဖွင့်ရန် စိတ်အားထက်သန်နေပြီး ယင်းသို့ဆောင်ရွက်ခြင်းကလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်အကျိုးကျေးဇူးထင်ရှားစွာရစေမည်ဖြစ်သည်။ သို့သော် နိုင်ငံတော်အစိုးရကို ထောက်ပံ့ပြီး တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့အစည်းများကို ထောက်ပံ့မှုဖြတ်တောက်ခြင်းကြောင့် တိုင်းရင်းသားများဘက်မှ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးတစ်ခုလုံးသည် မြန်မာအစိုးရကို ပိုမိုအားကောင်းလာအောင်လုပ်ခြင်းသာဖြစ် ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဗမာမဟုတ်သောဝန်ဆောင်မှုအဖွဲ့များ၏ အခန်းကဏ္ဍကို မေးမှိန်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်ဟူသော စိုးရိမ်ပူပန်မှုများကို ပိုမိုမြင့်တက်လာစေနိုင်သည်။

အထူးသဖြင့်နိုင်ငံတကာအကူအညီများ လျော့နည်းလာသည်နှင့်အမျှ တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များမှ ဝန်ထမ်းများဆုံးရှုံးမှုအများအပြားဖြစ်ပွားလာသည်။ ဖြစ်ရပ်အများအပြားတွင် ဝန်ထမ်းများသည် လစာပိုကောင်းသော အစိုးရဝန်ဆောင်မှုဌာနများသို့ ပြောင်းရွှေ့သွားကြခြင်းဖြစ်သည်။ ဝန်ဆောင်မှုများ ပေးနေခြင်းကို ထိခိုက်စေရုံသာမက ဒေသတွင်းတင်းမာမှုများကို ဖြစ်ပွားစေပြီး ဒေသခံလူထုနှင့် တိုင်းရင်းသားအဖွဲ့များအကြား အပစ်အခတ်ရပ်စဲရေး၏ ရလာဒ်များကို ယုံကြည်မှုပိုမိုကင်းမဲ့လာကြမည်ဖြစ်သည်။

အသွင်ကူးပြောင်းရေးကာလအတွင်း ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ အဓိကလုပ်ငန်းစဉ်များနှင့် စီမံကိန်းများအတွက်ရန်ပုံငွေထောက်ပံ့နိုင်မည့်နည်းလမ်းများကို ရှာဖွေထားရမည်။ ထို့အပြင်အကယ်၍ ပဋိပက္ခများပြန်လည်ဖြစ်ပွားလာပါကလည်း ထောက်ပံ့ရေးများ ရပ်ဆိုင်းသွားခြင်းမရှိစေမည့်နည်းလမ်းများကို ကြိုတင်ရှာဖွေထားရမည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်တိုးတက်နေမှုများအရ နယ်စပ်ဒေသ များသို့ ထိုင်းနိုင်ငံဘက်မှ ထောက်ပံ့ရေးများ ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း ထိုင်းနှင့်မြန်မာအစိုးရတို့ နားလည်မှုများ ပိုမိုမြင့်မားလာ နေသည်ဟု ယူဆရသည်။[104] ထို့ကြောင့် ထိုင်းနှင့်မြန်မာအစိုးရများ၊ တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များ၊ နိုင်ငံတကာအလှူရှင်များစသူတို့ ဘက်ပေါင်းစုံပါဝင်သော ညှိနှိုင်းဆွေးနွေးမှုများ ကျင်းပပြီး ရန်ပုံငွေများ သတ်မှတ်ချထားရေးအတွက် တည်ငြိမ်ပြီး ပွင့်လင်းမြင်သာမှု အပြည့်ရှိသော အခြေခံမူဘောင်များ သတ်မှတ်နိုင်ရေး အလားအလာများကောင်းနေသည်ဟု သိရသည်။

ယေဘုယျအားဖြင့် အလှူရှင်များအချင်းချင်းကြားတွင် တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များနှင့် လက်တွဲလုပ်ကိုင်နိုင်ရေးအတွက် ညီညွတ်မှုတပြီး ဘက်စုံစဉ်းစားထားသောဗျူဟာများချမှတ်နိုင်ရေးအတွက် ဆွေးနွေးအဖြေရှာထားသင့်သည်။ ယင်းတွင် အစီအစဉ်များအချင်းချင်းညီညွတ်သဟဇာတဖြစ်ရေးနှင့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများဖော်ထုတ်နိုင်ရေးရည်မှန်းချက်များပါဝင်ရမည်။ ထိုကဲ့သို့ကိစ္စရပ်များအတွက် အပြည့်ပြည့်ဆိုင်ရာမူဝါဒလမ်းညွှန်များရှိမနေခြင်းကြောင့် အလှူရှင်များနှင့် တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များအကြားဆက်ဆံရေးများ တွင် အန္တရာယ်ဖြစ်နိုင်ချေများလည်း အများအပြားရှိနေသည်။ အဓိကကျသော အလှူရှင်အများ အပြားသည် တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များကို ဆယ်စုနှစ်ပေါင်းများစွာ ထောက်ပံ့ကူညီလာခဲ့ကြသည့်အတွေ့အကြုံများ ရှိခဲ့သည့်တိုင် အန္တရာယ်ဖြစ်နိုင်ချေများရှိနေဆဲဖြစ်သည်။ တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များကို အရေးပါသောအဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုရမည်ဖြစ်သလို တစ်ဖက်တွင်လည်း ၎င်းတို့၏တရားဝင်မှုကို

အလွန်အမင်းမြင့်တင်ခြင်းကြောင့် ကြုံလာနိုင်သည့်ဘေးအန္တရာယ်များ၊ အပြန်အလှန်လုပ်ပိုင်ခွင့် အပ်နှင်းသည့် ကိစ္စရပ်များကိုလည်း သိနားလည်ထားရမည်။ ယင်းတို့ကိုအခြေခံပြီး ဘေးဖြစ်နိုင်ချေများအားလုံးကို ကာကွယ် တားဆီးမည့်အစီအစဉ်များကို ရေးဆွဲရခြင်းဖြစ်သည်။

*အစိုးရနှင့် တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များအကြား ဆက်ဆံရေးကို ကောင်းမွန်လာအောင်ဆောင်ရွက်ခြင်း*

ယခုအစီရင်ခံစာတွင် အချို့သောဒေသများ၌ အစိုးရနှင့်တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များအကြားပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများ ရှိခဲ့ပြီးဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ အစိုးရနှင့်တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များအကြား ပူးပေါင်းညှိနှိုင်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်အောင် ဆက်လက်ထောက်ပံ့ပေးခြင်းဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကြီးကြီးမားမား အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထိုသို့တိုးတက်ခြင်းများကြောင့် ပဋိပက္ခ ဒေသမှ ပြည်သူများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သော 'ငြိမ်းချမ်းရေးဝေစု' ကိုရရှိခဲ့ကြောင်း သက်သေပြနိုင် ခဲ့သည်။ နိုင်ငံရေးခေါင်းဆောင်များအကြား ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည်မှုကို တိုးတက်အောင်ဆောင်ရွက် နိုင်ခြင်း၊ တိုင်းရင်းသားများ၏ ထိခိုက်နာကျင်ခံစားရမှုတစ်ချို့ကို ကိုင်တွယ်ဖြေရှင်းရန်ကြိုးစားနိုင်ခြင်း၊ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်နှင့် အံဝင်ဂွင်ကျဖြစ်မည့် အဖွဲ့အစည်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းအခြေခံများကို ဆောင်ရွက်နိုင် ခြင်းစသည်တို့ကိုလည်း သက်သေပြနိုင်ခဲ့သည်။

ထောက်ပံ့ကူညီရေးအဖွဲ့အစည်းများကလည်း အစိုးရနှင့်ဖြစ်စေ၊ တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့များနှင့်ဖြစ်စေ၊ နှစ်ဘက်စလုံးနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းမှုဆောင်ရွက်ပြီး 'ပူးပေါင်းဆောင်ရွက်ခြင်း' နှင့် 'စနစ်များပေါင်းစည်းခြင်း' တို့အတွက် ရည်ရွယ်သော လုပ်ငန်းစဉ်များပေါ်ထွက်လာရေး ဆောင်ရွက်နိုင်သည်။ ယင်းအစီအစဉ်များသည် ယုံကြည်မှုကိုတည်ဆောက်ပေးပြီး ရေရှည်တွင်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အထောက်အပံ့ပေးနိုင်မည့် အဖွဲ့အစည်းများပေါ်ထွန်းလာရေးကိုလည်း ကူညီဆောင်ရွက်နိုင်သည်။ 'ပူးပေါင်းဆောင်ရွက်ခြင်း' နှင့် 'စနစ်များ ပေါင်းစည်းခြင်း' တို့အတွက် သီးသန့်ရည်ရွယ်သောလုပ်ငန်းစဉ်များကို ထည့်သွင်းပေးထားခြင်းဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်သည့်အစီအစဉ်များအတွင်း ပေါင်းစပ်ထည့်သွင်းနိုင်သည်။ နောက်တစ်နည်းမှာ ထိုရည်ရွယ်ချက် အတွက်သီးသန့်ဆောင်ရွက်မည့် စီမံချက်များကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ 'စနစ်များ ပေါင်းစည်းခြင်း' ဟူသော ဝေါဟာရကို ဤနေရာတွင် မကြာခဏသုံးစွဲသော်လည်း ယင်းကို မတူညီသည့်အဖွဲ့အစည်းများအကြား တွင် အဓိပ္ပါယ်ဖွင့်ဆိုမှုအမျိုးမျိုးနှင့် မည်သည့်တင်ကူးသတ်မှတ်ချက်များရှိနေသည်ကို နားလည်ထားမှုအမျိုးမျိုး ရှိနေနိုင်သည်။ ထို့ကြောင့် အချို့နေရာများတွင် 'ပူးပေါင်းဆောင်ရွက်ခြင်း'ဟူသော ဝေါဟာရကာ ပိုမိုအသုံးတည့် သည်။

မြန်မာနိုင်ငံအတွင်း အပစ်အခတ်ရပ်စဲရေးများသည် ခိုင်မာမှုမရှိဘဲ အလွယ်တကူကျိုးပျက်နိုင်ကာ ပြီးပြည့်စုံသော နိုင်ငံရေးဖြေရှင်းမှုများအတွက် ဖြစ်ပေါ်တိုးတက်မှုများလည်း နှေးကွေးနေဆဲဖြစ်သည်။ ထိုအခြေအနေတွင် နိုင်ငံ တကာထောက်ပံ့ရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်များသည် ဒေသခံပြည်သူများ၊ အငြင်းပွားနေသော အဖွဲ့အစည်းများနှင့် ၎င်းတို့နှင့်ဆက်စပ်သော ဝန်ဆောင်မှုအဖွဲ့အစည်းများအကြားတွင် ယုံကြည်မှုတည်ဆောက် ခြင်းကို ဦးတည်ဆောင်ရွက်သင့်သည်။ ထိုရည်ရွယ်ချက်များထည့်သွင်းထားသော အစီအစဉ်များမှာ ဥပမာအား ဖြင့် ပဋိပက္ခဒေသများတွင် ကာကွယ်ဆေးပေးခြင်းစီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားဝန် ဆောင်မှုအဖွဲ့အစည်းများလုပ်ဖော်ကိုင်ဘက်အနေဖြင့် ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်စေခြင်းပုံစံဖြစ် သည်။ အလားတူရည်ရွယ်ချက်အတွက် သီးခြားဆောင်ရွက်မည့် စီမံချက်များအတွက် ဥပမာမှာ အနာဂတ်တွင် မိခင်ဘာသာစကားဖြင့် သင်ကြားမည့်ပညာရေးနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားဝန် ဆောင်မှုအဖွဲ့များပူးပေါင်းပြီး ဆီမီနာကျင်းပခြင်း၊ ယင်းဆီမီနာတွင် ဒေသတွင်းရှိ ဝန်ဆောင်မှုအဖွဲ့အစည်းများ အားလုံးမှ ဦးဆောင်ဆွေးနွေးသူများအဖြစ်လည်းကောင်း၊ ပါဝင်တက်ရောက်သူများအဖြစ်လည်းကောင်းပါဝင် စေခြင်းစီမံချက်ပင်ဖြစ်သည်။

အဖွဲ့အစည်း (အင်စတီကျူးရှင်း) များဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်ကိုလည်း အထက်ကာပုံစံအတိုင်း ကဏ္ဍအလိုက်ဆောင်ရွက်မည့် စီမံကိန်းများတွင်ပေါင်းစပ်ထည့်သွင်းခြင်းနှင့် သီးခြားစီမံချက်အဖြစ်ဆောင်ရွက်ခြင်း နှစ်မျိုးလုံးကိုဆောင်ရွက်နိုင်သည်။ ပထမအမျိုးအစားဥပမာမှာ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို သင်တန်းများပေးရာတွင် ပညာရေးနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသောအခြားဝန်ဆောင်မှုအဖွဲ့အစည်းများရှိနေသေးကြောင်း သိနားလည်စေရန်နှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးရေးတွင် ထိုအဖွဲ့အစည်းများပါဝင်နိုင်သည့် အခန်းကဏ္ဍများအကြောင်း လွတ်လွတ်လပ်လပ်ဆွေးနွေးစေရန် စီစဉ်ပေးခြင်းစသည်တို့ဖြစ်သည်။ သီးခြားစီမံချက် အတွက်ဥပမာမှာ အစိုးရနှင့်တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့အစည်းများအကြားလက်ရှိဆွေးနွေးနေမှုများတွင် နည်းပညာဆိုင်ရာပံ့ပိုးမှုများနှင့် ရန်ပုံငွေများထောက်ပံ့ပေးခြင်းပင်ဖြစ်သည်။

နိုင်ငံတကာထောက်ပံ့ကူညီရေးအဖွဲ့အစည်းများအနေဖြင့် ပြင်ပရှုထောင့်မှကြည့်လျင် သေးငယ်သောခြေလှမ်းများအဖြစ်ယူဆနိုင်သော တိုးတက်မှုများသည် ဒေသခံအဖွဲ့အစည်းများ၏ရှုထောင့်၌ မဟာခုန်ပျံကျော်လွှားတိုးတက်မှုကြီးများဖြစ်နေတတ်သည်ကိုလည်း သတိထားသင့်သည်။ သမိုင်းကြောင်းရှည်ကြာခဲ့သော ပဋိပက္ခများနှင့်နောက်ဆက်တွဲဖြစ်ထွန်းလာသော အဆိုးမြင်သဘောထားများနှင့် ကြောက်ရွံ့မှုများကြောင့် ဥပမာ သာမန်အလွတ်တမ်းတွေ့ဆုံဆွေးနွေးခွင့်ရရှိခြင်းကပင် ကာယကံရှင်များအဖို့ အလွန်အရေးပါနေတတ်သည်။[105]

| အမျိုးအစား | ဥပမာ | |
|---|---|---|
| | **ယုံကြည်မှုတည်ဆောက်ခြင်း** | **အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး** |
| ‘ပူးပေါင်းဆောင်ရွက် ခြင်း’ နှင့် ‘စနစ်များ ပေါင်းစည်းခြင်း’ တို့အတွက်ရည်ရွယ် သော အစိတ်အပိုင်းများ **ပေါင်းစပ်ခြင်း** | ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသား ကျန်းမာရေး ဝန်ဆောင်မှု အဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်သည့် ကာကွယ်ဆေးပေးရေး အစီအစဉ်ကို ဆောင်ရွက်ပြီး၊ ဆက်ဆံရေးများ မည်သို့တိုးတက်လာသည်ကို လေ့လာခြင်း | ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို ပညာရေးနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသောအခြားဝန်ဆောင်မှု အဖွဲ့အစည်းများ ရှိနေသေးကြောင်း သိနားလည်စေရန်သင်တန်းပေးခြင်းနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးရေးတွင် ထိုအဖွဲ့အစည်းများ ပါဝင်နိုင်သည့် အခန်းကဏ္ဍများအကြောင်း ဆွေးနွေးစေရန်ကူညီပေးခြင်း |
| ‘ပူးပေါင်းဆောင်ရွက် ခြင်း’ နှင့် ‘စနစ်များ ပေါင်းစည်းခြင်း’ တို့ အတွက်ရည်ရွယ် သော **သီးခြားစီမံချက်** အဖြစ်ဆောင်ရွက်ခြင်း | အနာဂတ်တွင် မိခင်ဘာသာ စကား ပညာရေးနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားဝန်ဆောင်မှု အဖွဲ့များ ပူးပေါင်းပြီး ဆီမီနာကျင်းပခြင်း၊ ယင်းဆီမီနာတွင် ဒေသတွင်းနှင့် တစ်နိုင်ငံလုံးရှိ ဝန်ဆောင်မှု အဖွဲ့အစည်းများကို ဦးဆောင်ဆွေးနွေးသူများ၊ တက်ရောက်သူများ အဖြစ်ဖိတ်ခေါ်ခြင်း | ပဋိပက္ခတွင်ပါဝင်သော နှစ်ဘက်အဖွဲ့အစည်းများနှင့် ဆက်စပ်နေသည့် ဝန်ဆောင်မှုအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်သည့် အလေ့အထများ ထွန်းကားစေရန်အတွက် ရန်ပုံငွေနှင့် နည်းပညာပံ့ပိုးပေးသည့် စီမံကိန်းကိုဆောင်ရွက်ခြင်း၊ ပူးတွဲစီမံကိန်းရေးဆွဲခြင်းအတွက် ဖြစ်နိုင်ချေရှိသည့် လမ်းကြောင်းများကို ကူညီရှာဖွေပေးခြင်း |

*ရှေ့ဆက်ဆောင်ရွက်ရန်လိုသည့် လုပ်ငန်းများ*

အထက်ပါလုပ်ငန်းရပ်များအားလုံးသည် အငြင်းပွားရာဒေသများရှိ ပဋိပက္ခများနှင့် ပါဝါဆက်သွယ်ချက်များကို ထဲထဲဝင်ဝင်နားလည်သဘောပေါက်ထားရန်လိုအပ်သည်။ ထို့အပြင်ဝန်ဆောင်မှုများက အထက်ပါအကြောင်း အချက်များကို မည်သို့ပုံဖော်ပေးနိုင်သည်နှင့် ထောက်ပံ့ရေးအစီအစဉ်များသည် ဒေသတွင်းအရှိတရားများနှင့် မည်သို့ဆက်စပ်ပတ်သက်နေသည်ကိုလည်း နားလည်သဘောပေါက်ရမည်ဖြစ်သည်။ ထို့ကြောင့် ဘေးဖြစ်နိုင်ချေများနှင့် အခွင့်အလမ်းများအကြောင်း ပိုမိုနားလည်သဘောပေါက်စေရန်အတွက် နောက်ထပ်ကွင်းဆင်းသုတေသနများနှင့် စောင့်ကြည့်စစ်ဆေးခြင်းများလည်း လိုအပ်သည်။ ထို့အပြင်ဒေသတွင်းရှိနေသော သိနားလည်မှုများ ကို ပိုမိုရယူအသုံးချနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေရန်လိုအပ်သည်။ ထို့ကြောင့် ဒေသတွင်းမှ ဝန်ထမ်းများ ကို ခန့်ထားပြီး ၎င်းတို့နှင့် ကျယ်ကျယ်ပြန့်ပြန့်တိုင်ပင်ဆွေးနွေးခြင်းများမှ အကျိုးများစွာရရှိနိုင်သောကြောင့်ဖြစ် သည်။[106]

ထိရောက်သော စောင့်ကြည့်စစ်ဆေးရေးဖြစ်စဉ်တစ်ခုတွင် အောက်ပါတို့ကို စောင့်ကြည့်တိုင်းတာသည်

- သက်ဆိုင်သူအဖွဲ့အစည်းများ အားလုံးကြားတွင်ရှိနေသော ယုံကြည်မှုအတိုင်းအတာ
- နိုင်ငံရေးအရ မည်သူက အမြတ်ထွက်နေသနည်း
- အဖွဲ့အစည်း (အင်စတီကျူးရှင်း) များမည်သို့ဖွံ့ဖြိုးတိုးတက်နေသနည်း
- သက်ဆိုင်ရာ တည်နေရာများအလိုက် ပဋိပက္ခအခြေအနေ
- အကောင်းအဆိုးနှစ်မျိုးစလုံးအတွက် အထက်ပါအချက်များအချင်းချင်းမည်သို့ အပြန်အလှန်သက်ရောက်မှုဖြစ်နေသနည်း

မြန်မာနိုင်ငံအတွင်းရှိ အငြင်းပွားရာဒေသများအတွင်း ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ အတွက် ကနဦးလေ့လာတွေ့ရှိမှုအချို့ကို ယခုသုတေသနစာတမ်းက ဖော်ပြထားသည်။ ထောက်ပံ့ကူညီရေး အဖွဲ့အစည်းများအနေနှင့် လူမှုထောက်ပံ့ရေးစီမံချက်များကို ရေးဆွဲရာတွင် ငြိမ်းချမ်းရေးကို အထောက်အပံ့ဖြစ်စေရန် မည်သို့ဆောင်ရွက်နိုင်သည်ဟူသော အကြံဉာဏ်အချို့ကိုလည်းပေးထားပါသည်။ လက်တွေ့တွင် ထိုသို့ အကောင်အထည်ဖော်နိုင်ရေးအတွက် သုတေသနများ၊ လေ့လာသုံးသပ်မှုများနှင့် ပြန်လည်သုံးသပ်မှုများ လိုအပ်သည်။ အငြင်းပွားရာဒေသများအတွင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကို ရည်ရွယ်ပြီး ဆောင်ရွက်ပြီးစီးထားသော လုပ်ငန်းစဉ်များနှင့် ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်သည်များကို နားလည်သဘောပေါက်စေရန်အတွက် ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် ရေရှည်လက်တွဲလုပ်ဆောင်နိုင်ရန်လည်း လိုအပ်ပါသည်။

# ကျမ်းကိုးစာရင်း

Anderson, Mary B. (1999), Do No Harm: How Aid Can Support Peace – or War (London: Lynne Reiner)

Backpack Health Worker Team – BPHWT (2013), 'Provision of Primary Healthcare among the Internally Displaced Persons and Vulnerable Populations of Burma: Mid-year report 2013'; available at: http://www.backpackteam.org/wp-content/uploads/2013/12/BPHWT-2013-Mid-Year-Report.pdf

Burma Medical Association – BMA (2012), 'Annual Report – 2012'; available at: http://www.bmahealth.org/2013/06/18/bma-annual-report-2012/

Callahan, M. (2007), 'Political Authority in Burma's Ethnic Minority States: Devolution, Occupation and Coexistence' (Washington DC: East West Center)

Chandler, David (2012), 'Resilience and human security: The post-interventionist paradigm' Security Dialogue June 2012 vol. 43 no. 3 pp. 213-229

Chesterman, Simon; Ignatieff, Michael; and Thakur, Ramesh (July 2004), 'MAKING STATES WORK: From State Failure to State-Building', International Peace Academy of the United Nations University; available at: http://www.ipacademy.org/publication/policy-papers/detail/140-making-states-work-from-state-failure-to- state-building.html

Dudouet, Véronique; Giessmann, Hans J. and Planta, Katrin (2012) 'From Combatants to Peacebuilders', Berghof Foundation; available at: www.berghof-conflictresearch.org/.../Policy_Paper_dudouetetal.pdf

Egreteau, Renaud and Jagan, Larry (2013), 'Soldiers and Diplomacy in Burma: Understanding the Foreign Relations of the Burmese Praetorian State' (Singapore: NUS Press)

Grävingholt, Jörn; Hofmann, Claudia; Klingebiel, Stephan (2007), 'Development Cooperation and Non-State Armed Groups', German Development Institute – DIE; available at: www.die-gdi.de/uploads/media/Studies_29.pdf

Guelke, Adrian (2003), 'Negotiations and Peace Processes', in Darby, John and Macginty, Roger (Eds.) Contemporary Peace Making: Conflict, Violence, and Peace Processes (Gordonsville: Palgrave Macmillan)

Hoffman, Claudia and Schneckener, Ulrich (2011), 'Engaging non-state armed actors in state- and peace- building: options and strategies', International Review of the Red Cross, Vol. 93 No. 883; available at: http://www.icrc.org/eng/assets/files/review/2011/irrc-883-schneckener.pdf

Horstmann, Alexander (2010), 'Confinement and Mobility: Transnational Ties and Religious Networking among Baptist Karen at the Thailand-Burma Border; Max Planck Institute for the Study of Religious and Ethnic Diversity, MMG Working Paper 10-16; available at: http://asiafoundation.org/resources/pdfs/ContestedCornersOfAsia.pdfs
http://www.mmg.mpg.de/fileadmin/user_upload/documents/wp/WP_10-16_Horstmann_Confinement- and-Mobility.pdf

Igboemeka, Adaeze (2005) 'Aid Effectiveness in Burma/Myanmar: Study on Development Agency Perceptions', A study commissioned by the UK Department for International Development; available at: http://webarchive.nationalarchives.gov.uk/+/www.dfid.gov.uk/mdg/aid-effectiveness/newsletters/burma- report.pdf

International Development Committee (2007), 'DFID Assistance to Burmese Internally Displaced People and Refugees on the Thai- Burma Border'; available at: http://www.publications.parliament.uk/pa/cm200607/cmselect/cmintdev/645/645i.pdf

International Crisis Group – ICG (2008), 'Burma/Myanmar after Nargis: Time to Normalise Aid Relations'; available at: http://www.crisisgroup.org/~/media/Files/asia/south-east-asia/burma-myanmar/161_burma_myanmar_after_nargis_time_to_normalise_aid_relations.pdf

Jolliffe, Kim (2011), 'Dilemmas of Burma in Transition'. Forced Migration Review

Jolliffe (2014), 'Ceasefires and durable solutions in Myanmar: a lessons learned review', UNHCR PDES New Issues in Refugee Research, Research Paper #271; available at: http://www.unhcr.org/533927c39.pdf

Karen Human Rights Group – KHRG (2014), 'Truce or Transition: Trends in Human Rights Abuse and Local Response in Southeast Myanmar Since the 2012 Ceasefire'; available at: http://www.khrg.org/2014/05/truce-or-transition-trends-human-rights-abuse-and-local-response

Keenan, Paul (2012), By Force of Arms: Armed Groups in Burma, (Chiang Mai: ENC Press)

Lall, Marie and South, Ashley (2012), 'Education, Conflict and Identity: Non-State Ethnic Education Regimes in Burma'; available at: http://www.ashleysouth.co.uk/files/Non-state_Education_in_Burma-Myanmar_- _full.pdf

Lall, Marie and South, Ashley (2013), 'Comparing Models of Non-state Ethnic Education in Myanmar: The Mon and Karen National Education Regimes', Journal of Contemporary Asia

Lanjouw, Stevel and Aye, New Nwe (2013), 'SDC Health Assessment in Southeast Region of Myanmar', Swiss Agency for Development and Cooperation Office (SDC)

Lim, Andrew George; Stock, Lawrence; Eh Kalu Shwe Oo; Jutte, Douglas P. (2013), 'Trauma and mental health of medics in eastern Myanmar's conflict zones: a cross-sectional and mixed methods investigation', Conflict and Health, Vol. 7 No. 15; available at: http://www.conflictandhealth.com/content/7/1/15

Mallet, David and Slater, Rachel (2012), 'Social protection and basic services in fragile and conflict-affected situations', briefing paper, Secure Livelihoods and Research Consortium of the Overseas Development Institute; available at: http://securelivelihoods.org/publications_details.aspx?resourceid=146

Maung Aung Myoe (2009), Building the Tatmadaw: Myanmar Armed Forces Since 1948, (Singapore: Institute of Southeast Asian Studies)

McConnachie, Kirsten (2012) 'Rethinking the 'Refugee Warrior': The Karen National Union and Refugee Protection on the Thai–Burma Border', Journal of Human Rights Practice Vol 4, No.1 pp. 30–56

Myanmar Ministry for Planning and Economic Development - MMPED (2013), 'Nay Pyi Taw Accord for Effective Development Cooperation'; available at: https://www.mnped.gov.mm/images/stories/pdf_file/FERD/nay%20pyi%20taw%20accord%20for%20effecti ve%20development%20cooperation.pdf

Myanmar Peace Support Initiative – MPSI (2014), 'Lessons Learned from MPSI's work supporting the peace process in Myanmar'; available at: http://www.peacedonorsupportgroup.com/mpsi-lessons-and-reflections.html

Nixon, Hamish; Joelene, Cindy; Kyi Par Chit Saw; Thet Aung Linn; and Arnold, Matthew (2013), 'State and Region Governments in Myanmar', The Asia Foundation; available at: http://asiafoundation.org/resources/pdfs/StateandRegionGovernmentsinMyanmarCESDTAF.PDF

Norwegian Church Aid – NCA (2012), 'Do no Harm: Cross-Border and Thailand Based Assistance to Refugees, IDPs and Migrants from Burma/Myanmar – Report on Findings from Consultancy'; available at: http://www.burmalibrary.org/docs13/NCAMyanmar_consultancy_report-public-ocr-red.pdf

Parks, Thomas; Colletta, Nat and Oppenheim, Ben (2013), 'The Contested Corners of Asia: Subnational Conflict and International Development Assistance', The Asia Foundation; available at: www.asiafoundation.org/publications/pdf/1226

Secure Livelihoods Resource Consortium – SLRC (2012) 'Social protection and basic services in conflict-affected situations: what do we know?' Briefing Paper No. 2; available at: www.odi.org.uk/resources/docs/7860.pdf

Selby, Jan (2008a), 'Peace Processes: A Genealogy and Critique', Presented to the Department of International Relations, University of Sussex on 7 January 2008; available at: https://www.sussex.ac.uk/webteam/gateway/file.php?name=rip-peace-processes&site=12

Selby, Jan (2008b), 'The Political Economy of Peace Processes' in Pugh, Michael; Cooper, Neil and Turner, Mandy (Eds.) 'Whose Peace? Critical Perspectives on the Political Economy of Peacebuilding' (Basingstoke: Palgrave Macmillan)

Selth, Andrew (2001), 'Burma's Armed Forces: Power Without Glory'; (Norwalk: East Bridge)

South, Ashley (2008), 'Ethnic Politics in Burma: States in conflict'; (New York: Routledge)

South, Ashley (2007) 'Karen Nationalist Communities: The 'Problem' of Diversity', Journal of Contemporary Southeast Asia Vol. 29 No.1, pp. 55–76.

South, Ashley (2012) 'The Politics of Protection in Burma', Critical Asian Studies, Vol. 44 No.2, pp. 175–204

Stott, Noel (2007a), 'Negotiating in Practice What is Non-Negotiable in Principle: Development Policy and Armed Non-State Actors'; available at: www.issafrica.org/uploads/negotiatingpracticenstott.pdf

Taydas, Zeynep and Peksen, Dursun (2012) 'Can states buy peace? Social welfare spending and civil conflicts', Journal of Peace Research Vol. 49 No. 4 pp.273-287

Taylor, Robert. H (1987), 'The State in Myanmar' (Singapore: NUS Press); first edition (1987) 'The State in Burma', (London: Hurst)

Thant, Myint-U (2006) 'The River of Lost Footsteps: A Personal History of Burma', (Farrar, Straus and Giroux; New York)

Thawnghmung, A. M. 2008. The Karen Revolution in Burma: Diverse Voices, Uncertain Ends. (Singapore: East-West Center)

The Border Consortium – TBC (2012), 'Changing Realities, Poverty and Displacement in South East Burma/Myanmar'; available at: http://theborderconsortium.org/idps/report-2012-idp-bu.zip

Transnational Institution – TNI (2009), 'Neither War nor Peace: The Future of the Ceasefire Agreements in Burma'; available at: www.idpc.net/publications/2009/07/tni-report-ceasefire-agreements-burma

UN Economic and Social Council (2006), 'Definition of basic concepts and terminologies in governance and public administration;' available at: http://unpan1.un.org/intradoc/groups/public/documents/un/unpan022332.pdf

United Nations High Commissioner for Refugees – UNHCR (2006) 'Analysis of Gaps in Refugee Protection Capacity – Thailand'; available at: http://www.refworld.org/cgi-bin/texis/vtx/rwmain?docid=472897020

United Nations Peace Building Support Office – UNPBSO (2010), 'UN Peace Building: An Orientation'; available at: http://www.un.org/en/peacebuilding/pbso/pdf/peacebuilding_orientation.pdf

United Nations Peace Building Support Office – UNPBSO (2012), 'Peace Dividends and Beyond: Contributions of Administrative and Social Services to Peacebuilding'; available at: http://www.un.org/en/peacebuilding/pbso/pdf/peace_dividends.pdf Vol. 37, pp.15–16.

Walton, Matthew J. (2008), 'Ethnicity, Conflict, and History in Burma: The Myths of Panglong', Asian Survey, Vol. 48 No. 6, pp. 889–910

Winichakul, Thongchai (1994) 'Siam Mapped: The History of the Geo-body of a Nation' (Chiang Mai: Silkworm)

Yawnghwe, Harn (2014), 'Burma - National dialogue: armed groups, contested legitimacy and political transition', Accord, Issue 25, pp. 44–49

## ဖြည့်စွက်ရှင်းလင်းချက်များ

---

[1] လူမှုဝန်ဆောင်မှုများဟူသော စကားရပ်သည် များသောအားဖြင့် အစိုးရ၏ဝန်ဆောင်မှုများကို ရည်ညွှန်းခြင်းဖြစ်သည်။ သို့ရာတွင် အဘိဓါန် ဖွင့်ဆိုချက်ကို အခြေတည်ပြီး အစိုးရမဟုတ်သော အခြားအုပ်ချုပ်ရေးအဖွဲ့အစည်းများလည်း အကျုံးဝင်အောင် အောက်ပါအတိုင်းဖွင့်ဆိုသည်။ 'ပညာရေး၊ ကျန်းမာရေးနှင့် အိုးအိမ်စသော ဒေသခံပြည်သူများ၏ သာယာဝပြောရေးအတွက် မည်သည့်အုပ်ချုပ်ရေးအဖွဲ့အစည်းမှဖြစ်စေ ပေးအပ်သော ဝန်ဆောင်မှုများကိုဆိုသည်'

[2] အုပ်ချုပ်မှု/အုပ်ချုပ်ခွင့်ဟူသောဝေါဟာရကို UNDP ၏ ၁၉၉၇ ခုနှစ် အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်းဖွင့်ဆိုပါသည်။ 'နိုင်ငံတစ်နိုင်ငံ၏ အရေးအရာများကို အဆင့်တိုင်းတွင် စီမံအုပ်ချုပ်နိုင်ရန်အတွက် စီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းဖြစ်သည်။ ယင်းတွင် နိုင်ငံသားများနှင့် အစုအဖွဲ့များအနေဖြင့် ၎င်းတို့၏ အကျိုးစီးပွားများနှင့် ဥပဒေကြောင်းအရ အခွင့်အရေးများကို ရယူကျင့်သုံးရန်၊ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ရန်နှင့် ကွဲပြားခြားနားမှုများကို ညှိနှိုင်းရာတွင် အသုံးပြုကြသည့် စနစ်များ၊ လုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်းများ ပါဝင်သည် (UNESoC 2006:3)' သို့ရာတွင် အုပ်ချုပ်ရေးမှာ တစ်နိုင်ငံလုံး အမြဲပျံ့နှံ့တည်ရှိနေခြင်း မဟုတ်ပဲ နိုင်ငံရေး အခြေအနေများကြောင့် ကျန်တစ်နိုင်ငံလုံးနှင့် အဆက်ဖြတ်ခြင်းခံထားရသော ဒေသများတွင် အကျုံးမဝင်ပါ။ ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအပြင် ဒေသတစ်ခုကို အုပ်ချုပ်နိုင်ရန် လုံလောက်သော စီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးလုပ်ပိုင်ခွင့်များရှိနေသည့် အစိုးရမဟုတ်သောမည်သည့်အဖွဲ့ အစည်းမဆိုလည်း ဖြစ်နိုင်သည်။

[3] အခန်းလေးတွင် အသေးစိတ်ဆွေးနွေးထားသော Paris Declaration for Aid Effectiveness, the Accra Agenda for Action, the New Deal Framework for Fragile States, and the Busan Partnership တို့ကဲ့သို့ နိုင်ငံတကာမူဘောင်များ

[4] ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သော အယူအဆများနှင့် လုပ်ငန်းစဉ်များကို ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဟင်နရီကစ်ဆင်ဂျာက စတင်တီထွင်ဖော်ထုတ်သည်။ အမေရိကန်၏ အိမ်နီးချင်းနိုင်ငံများနှင့်ပတ်သက်သည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် အတွက် ဆိုဗီယက်ပြည်ထောင်စုနှင့် ညှိနှိုင်းရေးတွင် အသုံးပြုရန်ဖြစ်သည် (Selby 2008a: 2)။ ယင်းမတိုင်ခင်က စစ်ပွဲများကို ပြတ်သားသော စစ်ရေးအောင်ပွဲဖြင့် အနိုင်ရခဲ့ခြင်း၊ ပိုင်နက်နယ်မြေနှင့် စစ်အတွင်း လက်ရပစ္စည်းများ စီမံခွဲဝေရေးနှင့်ပတ်သက်သော ရိုးရှင်းသည့်စာချုပ်များဖြင့် အဆုံးသတ်နိုင်ခဲ့ခြင်း တို့သာရှိခဲ့သည်။ နိုင်ငံခြားရေးပေါ်လစီ၏ အဓိကအကျဆုံး ရည်မှန်းချက်မှာ တည်ငြိမ်ရေးဖြစ်လာခဲ့ပြီး ရန်ဘက်များအကြားတွင် ယုံကြည်မှုဆိုသည်မှာ အလိုအလျောက်ရှိမနေနိုင်ကြောင်း နားလည်လာကြပြီးနောက်ပိုင်းတွင် စနစ်တကျစီစဉ်ထားသော၊ ချိန်သားကိုက်ပြီး လိုတိုးပိုလျှော့ လုပ်ဆောင်သော ဖြစ်စဉ်တစ်ခုဖြင့် ရန်လိုမှုများကို အဆုံးသတ်ဖို့လိုအပ်လာသည် (Guelke 2003: 55)။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်ကဲ့သို့ ပြည်ပဩဇာ သက်ရောက်မှုမပါဘဲ ပြည်တွင်းသက်သက် ဖြစ်ပွားသော ဖြစ်စဉ်များလည်းရှိသည် (Selby 2008b: 14)။

[5] May Kha and Lawi Weng, 'Nationwide Ceasefire to Include 'Federal System' Clause: Ethnic Leader', The Irrawaddy, 22 May 2014; http://www.irrawaddy.org/burma/nationwide-ceasefire-include-federal-system-clause-ethnic-leader.html ကိုကြည့်

[6] TBC (2012), p.2; KHRG (2014)

[7] ပေါင်းစည်းရေးဟူသော ဝေါဟာရကို မြန်မာနိုင်ငံအတွင်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ဆက်စပ်သော ဝန်ဆောင်မှုအဖွဲ့ အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကြိုးပမ်းအားထုတ်နေသော နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများက သုံးစွဲခြင်းဖြစ်သည်။ ယင်းဝေါဟာရနှင့် ပတ်သက်ပြီး အားလုံးအကျုံးဝင်သည့် အဓိပ္ပါယ်ဖွင့်ဆိုမှုမျိုးကို ဤသုတေသနအစီရင်ခံစာတွင် သုံးစွဲမည်မဟုတ်ပါ။ အဘယ့်ကြောင့် ဆိုသော်ယင်းဝေါဟာရကို အဖွဲ့အစည်းများက ကိုယ်ပိုင်အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ဆိုသုံးစွဲနေကြသောကြောင့်ဖြစ်သည်။ ယင်းသို့အဓိပ္ပါယ်ကွဲပြားမှုများ ကြောင့်ပင် ပြဿနာဖြစ်နိုင်သည့် ဝေါဟာရတစ်ခုအဖြစ် နားလည်ထားသင့်သည်။ ဥပမာ အချို့က အစိုးရနှင့် တိုင်းရင်းသားဝန်ဆောင်မှုအဖွဲ့အစည်းများ အပြည့်အဝပေါင်းစည်းရေးကို ရည်ညွှန်းပြီး အချို့ကမူ ယုံကြည်မှု တည်ဆောက်ခြင်းလောက်ကိုသာ ဆိုလိုခြင်းဖြစ်သည်။ ထိုသို့ ဝေါဟာရကွဲပြားမှုများသည် အဖွဲ့အစည်းပေါင်းစုံ၏ မတူညီသော ချဉ်းကပ်ပုံများကို လေ့လာရာတွင် အကျိုးရှိနိုင်သော်လည်း ပညာရပ်လိုအပ်ချက်အရ သီးခြားထပ်မံလေ့လာရန်တော့ မလိုအပ်ပါ။

[8] ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် မတူညီပါ။ သို့ရာတွင်ယင်းဖြစ်စဉ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ယှဉ်တွဲ၍ဖြစ် ပေါ်နိုင်ပြီး များသောအားဖြင့်နိုင်ငံတကာ အကူအညီများဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ယခုအစီရင်ခံစာတွင် ကုလသမဂ္ဂ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သော 'ပဋိပက္ခများဖြစ်ပွားခြင်းနှင့်

တကျော့ပြန်လည်ဖြစ်ပွားခြင်းတို့ကို လျော့ချနိုင်ရန်အတွက် ဒေသခံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို ပဋိပက္ခစီမံခန့်ခွဲမှုအဆင့်တိုင်းတွင် တည်ဆောက်ပေးခြင်းဖြစ်ပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် အခြေခံများချမှတ်ပေးခြင်း (UNPBSO 2010: 49)' ဟူသောဖွင့်ဆိုချက်ကို သုံးသည်။

[9] မူရင်းအစီရင်ခံစာတွင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ဆိုင်သော အမည်များအားလုံးကို ၎င်းတို့ခေါ်ဝေါ်သည့်အတိုင်း အင်္ဂလိပ်ဘာသာစကားဖြင့် သုံးစွဲထားသည်။ မြန်မာအစိုးရက သုံးနှုန်းသောအမည်များမှာမူ တိုင်းရင်းသားအဖွဲ့အစည်းများ၏ အမည်များကို ၎င်းတို့၏မိခင်ဘာသာစကားဖြင့် ခေါ်ဝေါ်သောအသုံးအနှုန်းများမှ မြန်မာဘာသာသို့ ဝေါဟာရဖလှယ်ပြန်ဆိုထားခြင်းဖြစ်ပြီး အင်္ဂလိပ်ဘာသာမှ ပြန်ဆိုခြင်းမဟုတ်ပါ။ တိုင်းရင်းသား-အမျိုးသားရေးလှုပ်ရှားမှုကို လေ့လာသော ယခုစာတမ်းတွင် အင်္ဂလိပ်ဘာသာဖြင့်သုံးသော အမည်နာမများကိုအသုံးပြုသွားမည်ဖြစ်ပြီး၊ အုပ်ချုပ်ရေးဆိုင်ရာအမည်များကိုမူ မြန်မာအစိုးရက တရားဝင်သုံးစွဲသော အမည်များကိုသာသုံးသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ဥပမာ ကရင်ပြည်နယ်ဟုသုံး နှုန်းခြင်းသည် အစိုးရကသတ်မှတ်ထားသော အုပ်ချုပ်ရေးနယ်နိမိတ်များဖြင့် ဖွင့်ဆိုသည့် ကရင်ပြည်နယ်ကို ဆိုလိုခြင်းဖြစ်ကြောင်း နားလည်အပ်သည်။ 'မြန်မာနိုင်ငံတောင်ပိုင်းကရင်ဒေသများ' ဟုဆိုရာတွင်မူ ကရင်အမျိုးသားများ အဓိကအခြေချနေထိုင်သော ဒေသအားလုံးကိုဆိုလိုခြင်း ဖြစ်သည်။ တခါတရံတွင် အစိုးရကသတ်မှတ်သော ခရိုင်၊ မြို့နယ်စသည့် အုပ်ချုပ်ရေးနယ်နိမိတ်များသည် ဒေသခံများနားလည်လက်ခံထားသော နယ်နိမိတ်များနှင့် ကွဲလွဲနေတတ်သော်လည်း ရှေ့နောက်ညီခြင်းလိုအပ်ချက်အရ အစိုးရ၏နယ်နိမိတ်သတ်မှတ်မှုများကိုသာ အသုံးပြုသွားမည်ဖြစ်ပါ သည်။

[10] စာရေးသူသည် ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်းက ကေအိုင်အိုခေါင်းဆောင်များနှင့် NMSP ခေါင်းဆောင်များကိုလည်းကောင်း၊ နိုဝင်ဘာလ အတွင်းက RCSS ခေါင်းဆောင်များကိုလည်းကောင်း၊ ဇွန်၊ ဇူလိုင်လများအတွင်းက ကေအန်ယူခေါင်းဆောင်များနှင့် မတ်လအတွင်းက NMSP ၏ ခေါင်းဆောင်ဟောင်းများနှင့်လည်းကောင်းတွေ့ဆုံမေးမြန်းခဲ့ပါသည်။

[11] မွန်နှင့် ကချင်ဒေသများရှိ အလားတူဖြစ်စဉ်များကိုလေ့လာလိုပါက ဂျိုလိဖ် (၂၀၁၄) ကိုကြည့်ပါ

[12] အီဂရီဒူးနှင့်ဂျာဂင် (၂၀၁၃) တို့သည် ခေတ်ပြိုင်မြန်မာနိုင်ငံတွင် စစ်တပ်ကတိုင်းပြည်အပေါ်ခုတုံးလုပ်အသုံးချပုံများကို လေ့လာဆန်းစစ်ထားသည်။

[13] UNPBSO (2012)

[14] Overseas Development Institute သည် Secure Livelihoods Research Consortium မှတစ်ဆင့် ဝန်ဆောင်မှုတိုးတက်ကောင်းမွန်ခြင်းနှင့် ဆိုင်သော နိုင်ငံတော်-လူ့အဖွဲ့အစည်းဆက်ဆံရေးကို လေ့လာခဲ့ပြီး ယင်းမှာဖြစ်နိုင်ချေရှိသည်ဟု ထင်ရသော်လည်း လက်တွေ့တွင်မမှန်ကြောင်း ရှာဖွေဖော်ထုတ်ခဲ့သည်။ Mallet and Slater (2012) နှင့် ယင်းနှင့်ဆက်စပ်သောဆောင်းပါးကို http://www.odi.org.uk/opinion/6884-service-delivery-state-building-conflicted-affected-states တွင်ကြည့်ပါ။ ထိုစီမံချက်သည် ယင်းဆက်စပ်မှုနှင့်ပတ်သက်ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ စစ်တမ်းတစ်ခုကိုလည်း အပြီးသတ်ရန် ဆောင်ရွက်နေသည်။

[15] Chesterman et al ((2004), p. i) တွင် 'နိုင်ငံတော်အင်စတီကျူးရှင်းများ ပြိုကွဲသွားသည့်တိုင်အောင် ဒေသတွင်းသူများအတွက် ရပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးလုံခြုံမှုများ လုံးဝပျောက်ဆုံးသွားခြင်း မရှိဘဲ ဒေသခံပြည်သူများအကြားတွင် နှစ်မြှုပ်ထားသော အစိုးရမဟုတ်သည့်နိုင်ငံရေးအဖွဲ့ အစည်းများဆက်လက်တည်ရှိနေကာ နိုင်ငံရေးဘဝသည်လည်း ဆက်လက်ရှင်သန်နေနိုင်သည်' ဟုဖော်ပြထားသည်။

[16] ကရင်၊ မွန်နှင့် ကချင်ဒေသများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နယ်ခြားစောင့်တပ်များ ထိန်းချုပ်သောဒေသများမှ ပြည်သူများနှင့် ၂၀၁၂-၁၃ ကာလများတွင် တွေ့ဆုံဆွေးနွေးချက်များအပေါ် အခြေခံသည်။

[17] မွန်ပြည်သစ်ပါတီနှင့် အစိုးရထိန်းချုပ်သောဒေသများ (October, November 2013; February 2014)၊ ကေအိုင်အိုနှင့် အစိုးရထိန်းချုပ်ထား သော ကချင်ဒေသများ (September, November, 2013; February 2014)၊ ကေအင်န်ယူ၊ ဒီကေဘီအေနှင့် အစိုးရထိန်းချုပ်ထားသော ကရင် ဒေသများ (August 2012; June, December 2013; February 2014)၊ နှင့် ထိုင်းနိုင်ငံအတွင်း (in March and May 2014) တွင် အရပ်ဘက် အဖွဲ့အစည်းခေါင်းဆောင်များနှင့် ပဋိပက္ခဒဏ်ခံပြည်သူများကိုတွေ့ဆုံမေးမြန်းရာမှ ရရှိသည်။

[18] ကရင်ပညာရေးဌာန ကျောင်းဆရာတစ်ဦးနှင့် အင်တာဗျူး (Kayin State, June 2013)

[19] ကရင်ရွှေ့ပြောင်းဒုက္ခသည်တစ်ဦးနှင့် အင်တာဗျူး (Kayin State, June 2013)

[20] ကရင်ကျန်းမာရေးအရာရှိတစ်ဦးနှင့် အင်တာဗျူး၊ မဲဆောက်၊ ထိုင်း April (2014)

[21] ၁၉၄၃ တွင် မြန်မာသည် တစ်ခုတည်းသောနိုင်ငံတော်အဖြစ်သို့ စတင်ရောက်ရှိချိန်၌ ဂျပန်ကို ကျောထောက်နောက်ခံပြုထားသော မြန်မာအစိုးရက 'တစ်သွေး၊ တစ်သံ၊ တစ်နိုင်ငံ' ဟူသောဆောင်ပုဒ်ကိုသုံးပြီး ကျောင်းများတွင် မြန်မာမဟုတ်သော ဘာသာစကားများသင်ကြားခြင်းကိုတားမြစ်ပိတ် ပင်လိုက်သည် (South 2008: 23) via (Taylor 1987)။ အလားတူပြဌာန်းချက်များကို ၁၉၆၂ နှင့် ၁၉၈၈ အာဏာသိမ်းစဉ်ကာလများတွင် ထပ်မံ အတည်ပြုခဲ့သည်။ ကျောင်းပညာရေးပြင်ပအပါအဝင် တိုင်းရင်းသားဘာသာစကားသင်သောဆရာများကို အရေးယူနှိမ်နင်းခဲ့သည်။

[22] May Kha and Lawi Weng, 'Nationwide Ceasefire to Include 'Federal System' Clause: Ethnic Leader', The Irrawaddy, 22 May 2014; http://www.irrawaddy.org/burma/nationwide-ceasefire-include-federal-system-clause-ethnic-leader.html ကိုကြည့်

[23] တိုင်းရင်းသား ဝန်ဆောင်မှုအဖွဲ့အစည်းများသည် ထိုရည်ရွယ်ချက်အတိုင်း မဟာဗျူဟာများချမှတ်ထားလေ့ရှိသည်။ Health Core Convergence Group (HCCG) policy paper, 'A Federal, Devolved Health System for Burma/Myanmar' ကိုကြည့်ပါ

[24] မွန်နှင့်ကရင်ရပ်ရွာဖွံ့ဖြိုးရေးလုပ်သားများနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများမှ အထွေထွေနိဂုံးဆွဲယူချက် (Mawlamyine, February 2014; Hpa'an, December 2014; Thailand, March-April 2014)

[25] ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ/တပ်မတော်သည် မြို့နယ်ခြောက်ခုရှိသည့်အနက် လေးခုကို မြောက်ပိုင်းစစ်ဌာနချုပ်မှတစ်ဆင့် ကောင်းစွာ ထိန်းချုပ်ထားနိုင်သည်။

[26] ချင်းအရပ်ဘက်အဖွဲ့အစည်း ဆောင်ရွက်သူနှစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း (ထိုင်း၊ မတ် ၂၀၁၄) နှင့် အခြားတစ်ဦးနှင့် အီးမေးလ်ဆက်သွယ်မေး မြန်းခြင်းအားဖြင့် ယခုသတင်းအချက်အလက်များကို စုဆောင်းရရှိခြင်းဖြစ်သည်။

[27] ကေအိုင်အိုထိန်းချုပ်ထားသော ဒေသအတွင်းရှိ ပညာရေးနှင့်ပတ်သက်သည့် အချက်အလက်များအားလုံးကို ပြည်တွင်းအန်ဂျီအိုတစ်ခုမှ တစ်ဆင့် ကေအိုင်အို ပညာရေးဌာနက ပေးအပ်ခြင်းဖြစ်သည်။

[28] ၂၀၁၄ ဖေဖော်ဝါရီလအရောက်တွင် စုစုပေါင်းကျောင်းသားအရေအတွက် သုံးထောင်ခန့်ထပ်တိုးခဲ့သည်ဟုသိရသော်လည်း ထိုကာလအတွက် ပြည့်စုံသော အချက်အလက်များရရှိခြင်းမရှိပါ။

[29] မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ်မှ http://www.themimu.info/sites/themimu.info/files/documents/BaselineData_MIMU_All_State_Region_2011-2012_Jul13.xlsx ဝက်ဘ်ဆိုက်တွင် 'BaselineData_MIMU_All_State_Region_2011-2012_Jul13.xlsx' အမည်ရှိ မှတ်တမ်းကို ရယူပါသည်။

[30] ကေအိုင်အိုကျန်းမာရေးဌာနနှင့်ပတ်သက်သော သတင်းအချက်အလက်များအားလုံးကို အီးမေးလ်ဖြင့် ဝန်ထမ်းတစ်ဦးက ပေးပို့ခြင်းဖြစ်ပါသည်။

[31] မြန်မာနိုင်ငံကျန်းမာရေးအသင်း (ဘီအမ်အေ) မှ သတင်းအချက်အလက်ရရှိပါသည်။

[32] လွတ်လပ်သော မြန်မာနိုင်ငံ ရိန်ဂျားများဝက်ဘ်ဆိုက်၊ အဖွဲ့သတင်း အချက်အလက်များ http://www.freeburmarangers.org/about/teams/teamstatistics/

[33] ၂၀၁၃-၁၄ ပညာသင်နှစ်အတွက် ကိန်းဂဏန်းများကို ကေအက်စ်အီးအေဂျီ၏ ယခုပါဝါပွိုင့်တင်ပြမှုတွင် တွေ့ရှိနိုင်သည်။ ktwg.org/Library/KSEAG_Oct_2013.pps

[34] မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲရေးဌာန၏ 'BaselineData_MIMU_All_State_Region_2011-2012_Jul13.xlsx' ကို http://www.themimu.info/sites/themimu.info/files/documents/BaselineData_MIMU_All_State_Region_2011-2012_Jul13.xlsx မှရယူသည်။ ကျောင်းပေါင်း ၄၃၁ ကျောင်းနှင့် ကျောင်းသားဦးရေစုစုပေါင်း ၇၅၄၃၂ တို့သည် ကေအင်န်ယူတို့အရောက် အပေါက်နည်းသော ဖားအံပြည်နယ်မှဖြစ်သည်။

[35] BPHWT (2013), p.3 တွင် ကရင်ဒေသအတွက် ရေးဆွဲထားသောဇယားမှ အတန်း ၄ မှ ၁၂ အထိကြည့်

[36] မြန်နိုင်ငံကျန်းမာရေးအသင်းမှ အချက်အလက်များ

[37] မြန်နိုင်ငံကျန်းမာရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း (Thailand, April 2014)။ ယင်းကိန်းဂဏန်းများကို BMA (2012) တွင်လည်းတွေ့ နိုင်သည်။

[38] Burma Rangers' website, 'Team Statistics': http://www.freeburmarangers.org/about/teams/team-statistics/ မှ

[39] လက်နက်ကိုင်အဖွဲ့ဝင်များ၊ ကရင်နီအရပ်ဘက်အဖွဲ့များနှင့် အခြားလေ့လာသူများကို နှစ်ပေါင်းများစွာ ချဉ်းကပ်မေးမြန်းပြီး စုဆောင်းထား ခြင်းဖြစ်သည်။ South (2008), TNI (2009), TBC (2012), and Keenan (2012) တို့တွင်လည်း အသုံးဝင်သော (အနည်းငယ်လည်း ခေတ်နောက်ကျနေတတ်သော) လမ်းညွှန်ချက်များကို တွေ့ရသည်။

[40] EBCSP, 'Karenni Education Graguated to 6th 3rd Standard System' (sic), not dated; available at: http://ebcsp11-eng.blogspot.com/2012/07/karenni-education-graguated-to-6th-3rd_26.html တွင်ကြည့်

[41] 'BaselineData_MIMU_All_State_Region_2011-2012_Jul13.xlsx'; available at: http://www.themimu.info/sites/themimu.info/files/documents/BaselineData_MIMU_All_State_Region_2011-2012_Jul13.xlsx တွင်ကြည့်

[42] Free Burma Rangers' website, 'Team Statistics': http://www.freeburmarangers.org/about/teams/team-statistics/ တွင်ကြည့်

[43] MNEC/MNED မှ အချက်အလက်ရရှိသည်

[44] မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲရေးဌာန၏ 'BaselineData_MIMU_All_State_Region_2011-2012_Jul13.xlsx' ကို http://www.themimu.info/sites/themimu.info/files/documents/BaselineData_MIMU_All_State_Region_2011-2012_Jul13.xlsx မှရယူသည်။

[45] MnHC မှ အချက်အလက်ရရှိသည်

[46] မှတ်ချက်၊ အဖွဲ့အစည်းနှစ်ခုစလုံးမှ လက်နက်ကိုင်တပ်ဖွဲ့များကို ရှမ်းပြည်တပ်မတော်ဟု ခေါ်ကြသည်။ အချို့က RCSS/SSA ကို SSA-South ဟုခေါ်ပြီး SSPP/SSA ကို SSA-North ဟုခေါ်သည်။

[47] လက်နက်ကိုင်အဖွဲ့ဝင်များ၊ ရှမ်းအရပ်ဘက်အဖွဲ့များနှင့် အခြားလေ့လာသူများကို နှစ်ပေါင်းများစွာ ချဉ်းကပ်မေးမြန်းပြီး စုဆောင်းထား ခြင်းဖြစ်သည်။ South (2008), TNI (2009), TBC (2012), and Keenan (2012) တို့တွင်လည်း အသုံးဝင်သော (အနည်းငယ်လည်း ခေတ် နောက်ကျနေတတ်သော) လမ်းညွှန်ချက်များကို တွေ့ရသည်။

[48] SDFF တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံအတွင်းတွေ့ဆုံခဲ့ပြီး (Thailand, April 2012) နိုင်ငံတကာလုပ်ဖော်ကိုင်ဘက်အဖွဲ့များနှင့် ဆွေးနွေး အတည်ပြုထားသည်

[49] Free Burma Rangers' website, 'Team Statistics': http://www.freeburmarangers.org/about/teams/team-statistics/ တွင်ကြည့်

[50] မြန်မာနိုင်ငံကျန်းမာရေးအသင်း၏ အချက်အလက်

[51] ထိုင်းနိုင်ငံမှတစ်ဆင့် နယ်ခြားကိုဖြတ်ပြီး မြန်မာနိုင်ငံအတွင်းဝင်ရောက်သော အကူအညီများအကြောင်း အသေးစိတ်သိလိုပါက NCA (2012), pp. 2-3; International Development Committee (UK) (2007) pp. 27-34; and South (2012), pp. 188-191 တွင်ကြည့်

[52] European Commission, 'Commissioner Piebalgs in Myanmar to reinforce development cooperation', 13/11/13; available at: http://europa.eu/rapid/press-release_IP-13-1071_en.htm တွင်ကြည့်

[53] January – တိုင်းရင်းသား လူနည်းစုဒေသများအတွက် ယန်း ၁၀ ဘီလျံ http://online.wsj.com/news/articles/SB10001424052702304887104579305631470920244 နှင့် March – ယန်း ၇.၇၅ ဘီလျံ http://www.mofa.go.jp/press/release/press4e_000244.html

[54] 3MDG homepage: http://www.3mdg.org/index.php/about-3mdg ကိုကြည့်

[55] Global Fund's Myanmar portfolio: http://portfolio.theglobalfund.org/en/Country/Index/MMR ကိုကြည့်

[56] UNICEF, 'What is the UNICEF-Multi-Donor Education Fund (MDEF) partnership?'; http://www.unicef.org/myanmar/overview_20839.html ကိုကြည့်

[57] 'Myanmar Education Consortium' at: https://www.burnet.edu.au/system/asset/file/1292/MEC_brief_note.pdf တွင်ကြည့်

[58] အသေးစိတ်များကို http://lift-fund.org တွင်ကြည့်

[59] World Bank projects နှင့်ပတ်သက်ပြီး http://www.worldbank.org/en/country/myanmar/projects/all ကိုကြည့်။ ADB's commitments from 2013, see ADB-Myanmar Factsheet: http://www.adb.org/sites/default/files/pub/2014/MYA.pdf ကိုကြည့်

[60] Global Fund's Myanmar portfolio: http://portfolio.theglobalfund.org/en/Country/Index/MMR ကိုကြည့်

[61] နိုင်ငံတကာအလှူရှင်များအနေနှင့် သက်ဆိုင်ရာအစိုးရ၏ ဖွံ့ဖြိုးရေးမဟာဗျူဟာများ အတိုင်းသာ ထောက်ပံ့လှူဒါန်းခြင်းပြုရန် 2005 Paris Declaration for Aid Effectiveness နှင့် the 2008 Accra Agenda for Action တို့တွင် အတိအကျသတ်မှတ်ပြဌာန်းထားသည်။ The Paris Declaration for Aid Effectiveness and the Accra Agenda for Action, p.4 တွင် 'အကူအညီလက်ခံနိုင်ငံများ၏ လုပ်ပိုင်ခွင့်' ဆိုရာ၌ နိုင်ငံ တကာအကူအညီများကို လက်ခံမည့်နိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများကို ထောက်ပံ့ရန် ဦးတည်ရမည်ဖြစ်ပြီး ကာယကံရှင် နိုင်ငံများ၏ ဦးစားပေးမှုများ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်းများနှင့် အံဝင်အောင်ဆောင်ရွက်ရမည်ဟုလည်း ဖော်ပြထားသည်။ ၂၀၁၁ ခုနှစ်တွင် New Deal Framework for Fragile States ကိုသဘောတူအတည်ပြုခဲ့ကြပြီး အားနည်းသော အုပ်ချုပ်မှုစနစ်နှင့် ပဋိပက္ခဒဏ်ခံနေရသော နိုင်ငံများကို ထောက်ပံ့ကူညီရာတွင် လိုက်နာရမည့် လမ်းညွှန်များကို ထပ်မံချမှတ်ခဲ့သည်။ ယင်းတွင် 'ဘေးဖြစ်လွယ်မှုမှ လွတ်မြောက်ရန်အတွက် အသွင်းကူးပြောင်းခြင်းကိုဆောင်ရွက်ရာတွင် သက်ဆိုင်ရာနိုင်ငံက ပိုင်ဆိုင်ပြီး ကိုယ်တိုင်ဦးဆောင်အကောင်အထည်ဖော်မည့် မဟာဗျူဟာ' ဖြစ်ရ မည်ဟု ဖော်ပြထားသည်။ Busan Partnership ကို ၂၀၁၂ ခုနှစ်တွင်ကြေညာခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အမျိုးသားအင်စတီကျူးရှင်းများ၏ အခန်း ကဏ္ဍကို ဖေါင်းပေးဖော်ပြထားသည်။

[62] ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် နိုင်ငံတော် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်သော နိုင်ငံတကာ မူဝါဒလမ်းညွှန်ချက်များတွင် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အခန်းကဏ္ဍမှာ မဆိုသလောက်သာ ပါဝင်နေသည်။ ယင်းတို့၏ ကဏ္ဍပါဝင်သည်ဆိုရာ၌လည်း ယင်းအဖွဲ့များအား အစိုးရ၏ နိုင်ငံတော်တည်ဆောက်ရေး လမ်းစဉ်ကို လက်ခံပြီး ပူးပေါင်းဆောင်ရွက်ရန် ဖိအားပေးခြင်းနှင့် အကျပ်ကိုင်ခြင်း များပြုနိုင်ရန်အတွက် ထည့်သွင်းထားခြင်းသာဖြစ်ပြီး၊ ယင်းတို့၏တက်ကြွသောအခန်းကဏ္ဍကို ပံ့ပိုးကူညီပေးရန်အတွက် မဆိုသလောက်သာ ရည်ရွယ်ထားလေ့ရှိသည် (Stott 2007; Grävingholt et al. 2007; Dudouet et al. 2012)။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် လက်တွဲလုပ်ဆောင်ရေး ရှားရှားပါးပါးလမ်းညွှန်ချက်ရှိသော်လည်း အဆုံးတွင် ၎င်းတို့၏အခန်းကဏ္ဍများကို နိုင်ငံတော်လိုအပ်ချက်နှင့် ကိုက်ညီအောင် ပြင်ဆင်ပြောင်းလဲရေးအတွက် ဖိအားပေးခြင်းမျိုးသာဖြစ်သည် (Hoffman and Schneckener 2011)။ ထို့ကြောင့်ကူညီထောက်ပံ့ရေး အဖွဲ့အစည်းများအနေနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် ထိတွေ့ဆောင်ရွက်ရေးအတွက် အားကိုးလောက် သောနိုင်ငံတကာလမ်းညွှန်ချက်များရှိမနေပဲ အန္တရာယ်ပြွမ်းသော အခြေအနေများနှင့်သာ ဆက်ဆံနေကြရသည်။ ထို့အပြင် ရန်ပုံငွေများကို အလွဲသုံးစားလုပ်မှုနှင့် စစ်ရေးရည်ရွယ်ချက်များအတွက် လွှဲပြောင်းအသုံးပြုနိုင်ခြင်းများမှာလည်း စိုးရိမ်စရာများထဲတွင် ပါဝင်သည်။

[63] တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့ကူညီမှုများပေးနေခြင်းကို ဆန့်ကျင်မှုများ ၂၀၀၀ ပြည့်နှစ်နှောင်းပိုင်းတွင် စတင်ပေါ်ထွက်လာသည်။ အထူးသဖြင့် ထိုင်းနိုင်ငံအတွင်းရှိ ကရင်နှင့် ကရင်နီဒုက္ခသည်စခန်းများနှင့်ပတ်သက်ပြီး ကေအင်န်ယူနှင့် ကေအင်န်ပီပီ တို့၏ အခန်းကဏ္ဍများကို ပညာရှင်များက စတင်မေးခွန်းထုတ်လာကြသည်။ ယင်းနှင့်ပတ်သက်သည့် သင့်လျော်ကောင်းမွန်သော လေ့လာသုံးသပ်မှု များကို မက်ကွန်နာချီ (၂၀၁၂) တွင် ကြည့်ရှုနိုင်သည်။ UNHCR 2006: 24; South 2007; Callahan 2007: 37; Thawnghmung 2008: 22; Horstmann 2010 တို့တွင်လည်း အခြားဥပမာများပါဝင်သည်။ အဓိကပြဿနာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဒုက္ခသည်စခန်း ကိုထိန်းချုပ်ပြီး မဟာဗျူဟာ စစ်ရေးရည်မှန်းချက်များအတွက် ခုတုံးလုပ်အသုံးချတတ်ကြသောကြောင့်ပင်ဖြစ်သည်။

[64] အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များနှင့် အင်တာဗျူးခြင်းများ (Thailand, July 2013, March 2014, April 2014; Mawlamyine, November 2013, February 2013; Kayin State June 2013, December 2013, February 2013; Shan State November 2013; Kachin State November 2013)

[65] ယင်း

[66] မွန်အရပ်ဘက်အဖွဲ့အစည်းများ (Mon State, November 2013, February 2014), မွန်ပြည်သစ်ပါတီ တာဝန်ရှိသူများ (September 2013) မော်လမြိုင်တွင် တွေ့ဆုံမေးမြန်းခဲ့သော ကရင်အရပ်ဘက်အဖွဲ့အစည်းများ (February 2014); Thailand (March-April 2014)

[67] အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များနှင့်မော်လမြိုင် (November 2013, February 2013), ကရင်ပြည်နယ် (June 2013), Thailand (March-April 2014) တွင်အင်တာဗျူးခြင်းများ၊ နိုင်ငံတကာအန်ဂျီအိုဝန်ထမ်း (Yangon, April 2014; Thailand April – May 2014)

[68] မွန်အရပ်ဘက်အဖွဲ့အစည်းဝင် (Mon State, February 2014). ကရင်အရပ်ဘက်အဖွဲ့အစည်းများ (interviews in Hpa'an, July 2013 and December 2013); ကရင်လူထု (focus groups in rural Kayin State, June 2013); KNLA တပ်မဟာများမှတပ်မှူးများအားလုံး (focus group in Kayin State, June 2013); ရှမ်းပြည်နယ်ရှိ RCSS အရာရှိများ (November 2013)

[69] အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များနှင့် အင်တာဗျူးခြင်းများ (Thailand, July 2013, March 2014, April 2014; Mawlamyine, November 2013, February 2013; Kayin State June 2013, December 2013, February 2013; Shan State November 2013; and Kachin State November 2013)

[70] ကရင်အရပ်ဘက်အဖွဲ့အစည်း (interviews in Hpa'an, July 2013 and December 2013; and Thailand March-April 2014); ကရင်လူထု (focus groups in rural Kayin State, June 2013); KNLA တပ်မဟာများအားလုံးမှ တပ်မှူးများ (focus group in Kayin State, June 2013). INGO မှ နိုင်ငံတကာဝန်ထမ်းနှင့် ပြည်တွင်းဝန်ထမ်း (Yangon, July 2013; Hpa'an, July 2013, December 2013; and Thailand July 2013)

[71] ယင်းတို့မှာ ကရင်ပြည်နယ်အတွင်းရှိ မြဝတီ၊ လှိုင်းဘွဲ့၊ ဖာပွန်၊ ဘားအံနှင့် သံတောင်မြို့နယ်များမှ မြို့နယ်ခွဲများဖြစ်သော လိပ်သို၊ ဝေါလေး၊ ဆူကာလီ၊ သံတောင်ကြီး၊ ဘောဂလယ်၊ ပိုင်ကြုံ၊ ကမာနိအောင်၊ ဘုရားသုံးဆူနှင့် ရှမ်းရွာသစ်တို့ဖြစ်သည်။ ထိုဒေသများမှာ ကေအင်န်ယူနှင့် ဒီကေဘီအေတို့၏ ပုံစံ ၅ ပိုင်နက်နယ်မြေများဖြစ်ပြီး ၎င်းတို့၏ တပ်များလည်းရှိကာ အပြင်းအထန်အငြင်းပွားရသောနေရာများလည်းဖြစ်သည်။

[72] ဘားအံနှင့် မော်လမြိုင်တို့တွင် ၂၀၁၃ နှောင်းပိုင်းက တွေ့ဆုံဆွေးနွေးမှုများ

[73] ကရင်ပြည်နယ်အတွင်းရှိ မြဝတီ၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်၊ ဘားအံနှင့် သံတောင်မြို့နယ်များ၊ မွန်ပြည်နယ်ဘီးလင်းနှင့် တနင်္သာရီတိုင်း၊ရေဖြူမြို့နယ်တို့ ဖြစ်သည်။ မွန်အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်များနှင့် အင်တာဗျူး၊ FGD (Mon State, November 2013, February 2014), မွန်ပြည်သစ်ပါတီ တာဝန်ရှိသူများ (September 2013) ကရင်အရပ်ဘက်အဖွဲ့အစည်းများ (interviews in Hpa'an, July 2013 and December 2013; and Thailand March-April 2014); ကရင်လူထု (focus groups in rural Kayin State, June 2013); KNLA တပ်မဟာများအားလုံးမှ တပ်မှူးများ (focus group in Kayin State, June 2013)၊ INGO မှ နိုင်ငံတကာဝန်ထမ်းနှင့် ပြည်တွင်းဝန်ထမ်း (Yangon, July 2013; Hpa'an, July 2013, December 2013; Thailand July 2013)

[74] ကရင်အရပ်ဘက်အဖွဲ့အစည်းများ (interviews in Hpa'an, July 2013 and December 2013; and Thailand March-April 2014); ကရင်လူထု (focus groups in rural Kayin State, June 2013); KNLA တပ်မဟာများအားလုံးမှ တပ်မှူးများ (focus group in Kayin State, June 2013)၊ INGO မှ နိုင်ငံတကာဂန်ထမ်းနှင့် ပြည်တွင်းဂန်ထမ်း (Yangon, July 2013; Hpa'an, July 2013, December 2013; Thailand July 2013)

[75] INGO မှမြန်မာနိုင်ငံသား စီမံခန့်ခွဲမှုအဆင့်ဝန်ထမ်း (interviewed Kayin State, July 2013)

[76] INGO မှမြန်မာနိုင်ငံသား စီမံခန့်ခွဲမှုအဆင့်ဝန်ထမ်း (interviewed in Thailand, August 2013)

[77] INGO မှမြန်မာနိုင်ငံသား ကရင်/မြန်မာလူမျိုးဝန်ထမ်း (interviewed Kayin State, July 2013)

[78] INGO မှမြန်မာနိုင်ငံသား စီမံခန့်ခွဲမှုအဆင့်ဝန်ထမ်း (interviewed Kayin State, July 2013)

[79] ကရင်ပြည်နယ်အတွင်းရှိ မြဝတီ၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်နှင့် သံတောင်ကြီးမြို့နယ်များတွင် အလားတူအဖြစ်အပျက်ငါးခုဖြစ် ပွားပြီး သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက အတည်ပြုပေးခဲ့သည်။ ကရင်အရပ်ဘက်အဖွဲ့အစည်း (interviews in Hpa'an, July 2013 and December 2013; and Thailand March-April 2014); INGOs နှစ်ခု (Hpa'an, July 2013; December 2013); ပြည်တွင်းအန်ဂျီအိုဝန်ထမ်း (Thailand, April 2014); KNPP (June 2014)

[80] ကရင်အရပ်ဘက်အဖွဲ့အစည်း (interviews in Hpa'an, July 2013 and December 2013; and Thailand March-April 2014); ကရင်လူထု (focus groups in rural Kayin State, June 2013)

[81] INGOs နှစ်ခု (Hpa'an, July 2013; December 2013); ပြည်တွင်းအန်ဂျီအိုဝန်ထမ်း (Thailand, April 2014)

[82] INGO ဝန်ထမ်း (ဖြစ်ရပ်တွင် မပါဝင်) May 2014; KNPP တာဝန်ရှိသူများ (June 2014)

[83] INGO ဝန်ထမ်းနှစ်ဦး (Thailand, April 2014; May 2014); ကရင်လူထု (focus groups in rural Kayin State, June 2013)

[84] အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များ၊ မော်လမြိုင် (November 2013, February 2013), Kayin State (June 2013), Thailand (March-April 2014); INGO ဝန်ထမ်း (Yangon, April 2014; Thailand April – May 2014)

[85] အသက်အရွယ်အလယ်အလတ် ပညာရေးအာဏာပိုင်တစ်ဦး speaking in a focus group in Northern Kayin State, June 2013

[86] ဒေသလေးခုမှ KNLA အရာရှိများ; KIO အရာရှိများ၊ RCSS အရာရှိများ၊ NMPS အရာရှိများ၊

[87] The Asia Foundation မှ ယခင်ကတည်းက ပြောဆိုထားခဲ့သည်။ South and Southeast Asia in (Parks et al: 53) တွင်ကြည့်

[88] Anderson (1999) ကိုကြည့်

[89] http://www.who.int/hac/techguidance/hbp/about_which/en/ ကိုကြည့်

Parks et al. (2013) ၏လမ်းညွှန်မှုကို ရယူသည်

[91] တရားဝင်အချက်အလက်များမရနိုင်ပါ။ MNEC/MNED (November 2013, February 2013) နှင့်ဆွေးနွေးခြင်းနှင့် ကရင်ပြည်နယ်အတွင်းမှ ရပ်ရွာခေါင်းဆောင်များကို အင်တာဗျူးခြင်းတို့မှ အတည်ပြုချက်ရရှိသည် (June 2013), ထိုင်းနိုင်ငံအတွင်းရှိ အရပ်ဘက်အဖွဲ့အစည်း ဝန်ထမ်း (March-April 2014); INGO ဝန်ထမ်းသုံးဦး (Yangon, April 2014; Thailand April – May 2014)

[92] မွန်အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုနှင့် မွန်ပြည်သစ်ပါတီနှင့် ဆက်စပ်သောအဖွဲ့အစည်းများ (Mawlamyine, November 2013, February 2014)

[93] KDHW မှအချက်အလက်များရရှိသည်

[94] BPHWT (2013), p.3၊ ကရင်စုစုပေါင်းဒေသများမှာ ပေးထားသောဇယား၏ အတန်း ၄ မှ ၁၂ အထိဖြစ်သည်။ ကျောပိုးအိတ်ကျန်းမာရေး လုပ်သားများသည် အခြားတိုင်းရင်းသားဒေသများ အပါအဝင် မြန်မာနိုင်ငံ၏ အခြားဒေသများတွင် လုပ်ငန်းများဆောင်ရွက်နေသော်လည်း ဤနေရာ တွင် အထူးပြုလေ့လာမည်မဟုတ်ပါ။

[95] Physicians for Human Rights, 'Backpack medics released', 23 January 2012 and Karen News, 'Burma Army arrest Health Workers', 11 November 2011 ကိုကြည့်

[96] BMA ဝန်ထမ်းနှင့် အင်တာဗျူး (Thailand, March 2014)

[97] KDHW, MNHC, SSDF-health, KnMHC, BMA, BPHWT, Mae Tao Clinic and the National Health and Education Committee (NHEC) တို့ကိုဖြစ်ကြသည်

[98] Health Convergence Core Group, 'Building Trust and Peace by Working through Ethnic Health Networks towards a Federal Union', March 11th 2013

[99] IRC နှင့်အင်တာဗျူး (Thailand, May 2014)

[100] Heath Information Systems Working Group, 'Statement on the Health System Development Seminar', April 2nd 2014

[101] Eh Kalu Shwe Oo (Thailand, May 2014)

[102] နိုင်ငံတကာအန်ဂျီအို consortium တစ်ခု ပံ့ပိုးမှုဖြင့် KED, KnED, KTWG နှင့် the Karen Refugee Council Education Entity (KRCEE) တို့ပူးတွဲပြုစုသည့် 'Durable Education Solutions for Refugees along the Thailand – Myanmar/Burma Border: Strategic Plan towards Education Convergence', 23 May 2014 နှင့် The Health Core Convergence Group (HCCG) policy paper, 'A Federal, Devolved Health System for Burma/Myanmar' တို့ကို ကြည့်ပါ

[103] ကယားပြည်နယ်အတွင်းတွင် ပညာရေးဝန်ကြီးဌာနအနေနှင့် ဒေသဘာသာစကားဖြင့် သင်ကြားမှုများပြုလုပ်နိုင်ရန် လိုအပ်သောသင်တန်းများကို KNGY ကဆောင်ရွက်ပေးသည်။ INGO ဂန်ထမ်းနှင့် အင်တာဗျူး (Thailand 2014)

[104]

[105] အလှူရှင်များအနေဖြင့် ယင်းသို့ဆုတ်သာတက်သာချဉ်းကပ်ဆောင်ရွက်မှုများကို အားပေးသည့်အနေဖြင့် ၎င်းတို့အတွက် ပမာဏမများပဲ အပြောင်းအလဲလုပ်ရန် လွယ်ကူသည့် ရန်ပုံငွေများချထားပေးနိုင်သည်။ အရည်အသွေး အကဲဖြတ်ခြင်းကို ဆောင်ရွက်ရာတွင်မူ ရှေ့ဆက်ဆောင်ရွက် မည့်စီမံကိန်းများတွင် အခြေခံများ ပြောင်းလဲရေးရည်မှန်းချက်ကို မည့်သို့ထည့်သွင်းနိုင်မည်နည်းဟူသော အမြင်ဖြင့် ဆောင်ရွက်နိုင်သည်။ နောက်တစ်နည်းမှာ အလှူရှင်ကိုယ်တိုင် အဖွဲ့အစည်းများအသွင် ကူးပြောင်းရေးကိုဦးတည်ထားပြီး ရေရှည်ပြောင်းလဲရေးရည်မှန်းချက်များအတွက် အထောက်အပံ့များကို လျာထားပေးခြင်းဖြစ်သည်။ ငါးနှစ်နှင့်အထက်စီမံကိန်းများကို နိုင်ငံတကာအန်ဂျီအိုများ၊ သို့မဟုတ် မဟာမိတ်ညွှန်ပေါင်း များအဖွဲ့များက ဒေသတွင်းဝန်ဆောင်မှုအဖွဲ့အစည်းအများအပြားနှင့် လက်တွဲပြီးဆောင်ရွက်နိုင်သည်။

အငြင်းပွားရာဒေသများအတွင်း လူမှု ဝန်ဆောင်မှုကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက်ဆောင်ရွက်ရာတွင် သက်ဆိုင်သူအဖွဲ့အစည်းအားလုံးကို ပါဝင်စေပြီး၊ ငြိမ်းချမ်းရေးတည်ဆောက်မှု ကိုထောက်ပံ့ကူညီခြင်းအားဖြင့် လက်ရှိဝန်ဆောင်မှုအဖွဲ့အစည်းများ အနေနှင့် အသွင်ကူးပြောင်းရေးတွင် ယုံကြည်မှုများရရှိလာနိုင်ပါသည်။

[106] ပဋိပက္ခနှင့် ဆက်စပ်အကြောင်းရင်းများကို နားလည်နိုင်ရေးတွင် အဓိကအကျဆုံးမှာ ဒေသဆိုင်ရာ အသိဉာဏ်ဖြစ်သည်။ ထောက်ပံ့ရေးအဖွဲ့ အစည်းများအနေဖြင့် ဒေသခံများကိုငှားရမ်းပြီး စီမံကိန်းများကြောင့် ၎င်းတို့၏ ပတ်ဝန်းကျင်တွင် မည်သို့သက်ရောက်မှုများဖြစ်ပေါ်သည်ကို လေ့လာ သုံးသပ်စေရမည်။ ယခုသုတေသနအတွင်း ဒေသခံဝန်ထမ်းများ၏ ထောက်ပြပြောဆိုမှုများကို နိုင်ငံတကာအန်ဂျီအိုများမှ စီမံခန့်ခွဲရေးဝန်ထမ်းများက မျက်ကွယ်ပြုသည့် ဖြစ်ရပ်များကို တွေ့ရှိခဲ့သည် (Interview in Kayin State, July 2013)။ ထောက်ပံ့ရေးအဖွဲ့အစည်းများရှိ နိုင်ငံတကာဝန်ထမ်း များကိုလည်း သက်ဆိုင်ရာဒေသများရှိ ရပ်ရွာလူထုအကြောင်းကောင်းစွာနားလည်စေရန် ဆောင်ရွက်ပေးရမည်။

နိုင်ငံတကာအန်ဂျီအိုများအနေဖြင့် ဒေသတွင်းရှိအရပ်ဘက်အဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးကောင်းများကို တည်ထောင်ထားရမည်။ ဒေသတွင်း ကာလရှည်ကြာစွာ လုပ်ကိုင်လာခဲ့ပြီး ပုဂ္ဂိုလ်ရေး အဆက်အသွယ်ကောင်းများစွာရှိသော နိုင်ငံတကာ သုတေသနပညာရှင်များလည်း ရှိနေပြီး ယင်းတို့၏အမြင်များသည် ဓမ္မဓိဌာန်ကျသော အပြင်လူအမြင်များဖြစ်သည်။

ထောက်ပံ့ကူညီရေးအဖွဲ့များအနေဖြင့် ပဋိပက္ခဒေသများတွင်လူမှုဝန်ဆောင်မှုများ၏ နိုင်ငံရေးဆန်မှုသဘောကို ကောင်းစွာနားလည်ပြီး ဝန်ဆောင်မှု အစီအစဉ်များကြောင့်မည်သူက နိုင်ငံရေးအရ အကျိုးအမြတ်ရရှိနေသည်ကို ကောင်းစွာ နားလည်သဘောပေါက်ရန်လိုသည်။ သို့မှသာ ထောက်ပံ့ကူညီရေးအဖွဲ့များအနေဖြင့် အသွင်ကူးပြောင်းရေးကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး နောက်ယှက်ပျက်စီးစေနိုင်မည့် အစီအစဉ်များကိုရှောင်လျားနိုင်မည် ဖြစ်ပါသည်။

The Asia Foundation

အမှတ် – ၂၁၊ ဘိုးရာဇာလမ်း (အထက်)
၁၄ – ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်၊ မြန်မာ

Photo credit : Nick Freeman